http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတစရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အထူးထုတ်

# တရားတော်များ

စာစုကြီး

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်

## တရားတော်များ

http://www.dhammadownload.com

# "ကြွေးမတင်စေနဲ့"

လောဘ ဒေါသ မောဟ စတဲ့
ကိလေသာတွေ ရှိနေသမျှ ...
ကြွေးယူနေတာ။
ကြွေးတင်နေသမျှ ဒုက္ခမလွတ်ပါ။
ဒါနပြုနေတာ ... လောဘကြွေး ဆပ်နေတာ၊
သီလစောင့်တာ ... ဒေါသကြွေး ဆပ်နေတာ၊
အလုံးစုံကြွေးတွေကျေဖို့က ... ဝိပဿနာဘာဝနာပွားပါ။
ကြွေးမရှိမှ ချမ်းသာမှာ။

ပညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၅၅၃၃၃၀, ၅၅၁၁၇၂

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်တရားတော်များ

"အရင်းအနှီးမပျောက်စေနဲ့"
ကုသိုလ်အရင်းအနှီးရှိလို့
လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန် ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး၊
ကျန်မှကျန်သေးရဲ့လား?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ၊
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ✦ စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၄၉၈၀၈၀၉ |
| ✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၄၄၉၀၉၀၉ |
| ✦ ပထမအကြိမ် | - | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ |
| ✦ အုပ်ရေ | - | ၁၀၀၀ |
| ✦ တန်ဖိုး | - | ၂၅၀၀ ကျပ် |
| ✦ ကွန်ပျူတာစာစီ | - | "ကောင်းမွန်ကွန်ပျူတာ"<br>အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>☎ : ၃၈၉၀၂၃ |
| ✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးစိုးအောင်<br>ကျုံမငေးပုံနှိပ်တိုက် ( မြ - ၀၇၃၄၂ )<br>အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅ |
| ✦ အတွင်းဖလင် | - | ကိုဦး နှင့် ညီများ |
| ✦ ထုတ်ဝေသူ | - | ဦးကျော်ဟင်း ( ယုံကြည်ချက်စာပေ )<br>အမှတ် - ၁၁၁၊ ၃၃-လမ်း၊<br>ကျောက်တံတားမြို့နယ်။ |


"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ပုညာနန္ဒ၊ အရှင် ၂၉၄.၃
အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ/အရှင်ပုညာနန္ဒ - ရန်ကုန်။
ယုံကြည်ချက်စာပေ (ပကြိမ်)၊ ၂၀၀၉။
၂၇၈ - စာ၊ ၁၅.၆၅ × ၂၃.၄၂ စင်တီ။
(၁) အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ (စတုတ္ထတွဲ)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ပြတ်ပုံ




( ဏက်ာဆောင်ပုဒ် )

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ ၊ဥပါဒါန် ၊ကံကြောင့်ရုပ်နာမ်ပေါ် ၊အပင်မှမျိုး ၊မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန် နည်းအလျော်၊ ပြဟ္မာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

~~~~~~~~~~~~~~~

"ကျွဲမဂေးပုံနှိပ်တိုက်" အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃ , : ၀၉ ၅၁၆၀၉၉၄
~~~~~~~~~~~~~~~

http://www.dhammadownload.com

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

### ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**၁ မူလနှစ်ပြာ** - အဝိဇ္ဇာ၊ တဏှာ။

**၂ သစ္စာနှစ်စု** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

**၃ လေးစုအလ္လာ** - အတိတ်အကြောင်းတစ်လ္လာ၊ ပစ္စုပ္ပန်အကျိုးတစ်လ္လာ။
ပစ္စုပ္ပန်အကြောင်းတစ်လ္လာ၊ အနာဂတ်အကျိုးတစ်လ္လာ။

**၄ အင်္ဂါတစ်ဆယ့်နှစ်ပါး** - အဝိဇ္ဇာ, သင်္ခါရ, ဝိဉာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,
ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ။

**၅ သုံးပါးအစပ်** - သင်္ခါရနှင့် ဝိဉာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။

**တစ်နည်း** - အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုး
နှင့် ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
နှင့် အနာဂတ်အကျိုးတစ်စပ်။

**၆ ဝဋ်သုံးဝနှင့်** - ကိလေသဝဋ်သုံးပါး - အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး - သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး - ဝိဉာဏ် နာမ်ရုပ် သဠာယတန ဖဿ
ဝေဒနာ ဇာတိ / ဥပပတ္တိဘဝ ဇရာ မရဏ

**မှတ်ချက်။** (**ဖြစ်စဉ်**-ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ။ **ဟောစဉ်**-ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)

**၇ ကာလသုံးပြာ** - လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

**၈ ခြင်းရာနှစ်ဆယ်** -

အတိတ်အကြောင်းအခြင်းအရာငါးပါး - ( အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ )
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး - ( ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး - ( တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ )
အနာဂတ်အကျိုးအခြင်းအရာငါးပါး - ( ဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )

http://www.dhammadownload.com

**ခန္ဓာ (၅)ပါး**
- ရူပက္ခန္ဓာ - ဖောက်ပြန်မှု သဘောတရားအစု (ရုပ်-၂၈ ပါး)
- ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ - ပြုပြင်မှုသဘောတရားအစု (စေတသိက်-၅၀)
- ဝိညာဏက္ခန္ဓာ - သိမှု သဘောတရားအစု (စိတ်)

**အာယတန (၁၂) ပါး**

**ဓာတ် (၁၈) ပါး**

| **အစ်ဓာတ် (၆) ပါး** | **အတိုက်ဓာတ် (၆) ပါး** | **အပွင့်ဓာတ် (၆) ပါး** |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယားနာကောင်းစိတ် |
| ၆။ စိတ်(ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄)ပါး**
- ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမုဒယသစ္စာ- ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ-လောဘ)ပယ်ရမည့်တရား။
- နိရောဓသစ္စာ - ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ - ဒုက္ခသစ္စာ၏ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

**လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |

**လောကုတ္တရာမဂ္ဂင် (၈) ပါး**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး။ |

**စိတ္တာနုပဿနာရှုပွားနည်း**

**အပြင်ညွှဲသည် စိတ် (၅) ခု**
- ၁။ မြင်စိတ်
- ၂။ ကြားစိတ်
- ၃။ နံစိတ်
- ၄။ စားစိတ်
- ၅။ ယား၊ နာ ကောင်းစိတ်

**အတွင်းညွှဲသည် စိတ် (၆) ခု**
- ၁။ လောဘစိတ်
- ၂။ ဒေါသစိတ်
- ၃။ မောဟစိတ်
- ၄။ အလောဘစိတ်
- ၅။ အဒေါသစိတ်
- ၆။ တွေးတောစိတ်

**၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် အိမ်သည်စိတ် ၂-ခု။**

**ရှုပွားပုံရှုနည်းစနစ်မှာ** - အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

http://www.dhammadownload.com

## ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ညှိသည် ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် ..... မျက်လုံးမှာပေါ်သည်။
၂။ ဥပေက္ခာ ဝေဒနာသည် ..... နားမှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... နှာခေါင်းမှာပေါ်သည်။
၄။ ဥပေက္ခာ ဝေဒနာသည် ..... လျှာမှာပေါ်သည်။
၅။ သုခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။
၆။ ဒုက္ခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အပြင်ညှိသည် (၆) ခု**ဟု ခေါ်သည်။

### အတွင်းညှိသည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၂။ ဒေါမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အတွင်းညှိသည် (၃) ခု**ဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။
အထက်ပါဝေဒနာများကို **အိမ်သည်**ဟု ခေါ်သည်။

ဝေဒနာနုပဿနာရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆)ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿဖြစ်တိုင်းဝေဒနာဖြစ်သည်။ ဝေဒနာကိုရှုရာ၌ နာမှုကျင်မှု ဝေဒနာမဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့်ဝေဒနာလည်း ရှိသည်။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှုဝေဒနာမျိုးလည်းရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။


ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

( ဤကား အကျဉ်းချုပ် သိရုံမျှသာဖြစ်သည်။ )

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ

ကမ္မဋ္ဌာနာစရိယ




http://www.dhammadownload.com

http://www.dhammadownload.com

ခမည်းတော်

# ဘဒ္ဒန္တ ဝိစာရ



http://www.dhammadownload.com

http://www.dhammadownload.com

မယ်တော်

# ဒေါ်ခင်စိုး



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

# ဆရာတော် သီတင်းသုံးရာစံကျောင်း



http://www.dhammadownload.com

http://www.dhammadownload.com



မန္တလေး ချမ်းသာကြီးဆရာတော်

# ဘဒ္ဒန္တဇောတိကာဘိဝံသ

၏

## အမှာစာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ နတ်ညွှန်းဆရာတော်က ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် အရှင်ပုညာနန္ဒ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် (အထူးထုတ်) တရားတော်များကို စက်တင်ရိုက်နှိပ် ဖြန့်ဝေလိုပါသဖြင့် အမှာစာရေးပေးရန် ဤအမှာစာရေးသူအား အကူအညီတောင်းခံလာပါသည်။ ဤအမှာစာ ရေးသူကလည်း ဘဒ္ဒန္တဝိမလ နတ်ညွှန်းကျောင်းဆရာတော်၏ စိတ်စေတနာ နှင့် သဒ္ဓါတရားများကို အားပေးကူညီလိုလှပါသဖြင့် ဝမ်းမြောက်စွာပင် အလွယ်တကူ တာဝန်ယူလိုက်ပါသည်။

တာဝန်ယူစဉ်က အလွယ်တကူ ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်ပါ သော်လည်း အလုပ်ကိစ္စတွေ အလွန်များပြားနေသဖြင့် ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ရေးသားနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ တိုတိုကျဉ်းကျဉ်း ရေးသားနိုင်သည်ကို နားလည်ပေးပါ၊ နှစ်သိမ့်ကျေနပ်ပေးပါလို့ ရှေးဦးစွာ တောင်းပန်စကား ပြောကြားလိုက်ပါသည်။

ဦးစွာပထမ တရားတော် စာမူများကို တရားတစ်ပုဒ်ပြီးတစ်ပုဒ် လေ့လာ ဖတ်ရှုကြည့်ပါသည်။ တရားအပုဒ်ပေါင်း ( ၂၃ ) ပုဒ် ရှိသည်ကို တွေ့ရပါသည်။ တရားတော်တိုင်း တရားတော်တိုင်း ပေးထားသော တရား တော်နာမည်နှင့် ဟောကြားထားသော တရားစာသား၊ တရားစကားများမှာ

http://www.dhammadownload.com



လိုက်လျောညီထွေ ရှိလှပါသည်။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ တကယ်တမ်း ထွက်မြောက် ကျွတ်လွတ်လိုသူတိုင်း မိမိတို့၏ အလိုအဖွာသဿယဓာတ်ခံနှင့် ကိုက်ညီသော တရားတော်များကို ဖတ်ရှုပြီး အားထုတ်သွားကြမည်ဆိုလျှင် ဤတရားစာအုပ်သည် တရားပြပေးသော ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးတစ်ပါး မိမိအနီးမှာ ရှိနေဘိသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့် ဤကဲ့သို့သော တရားစာအုပ်တစ်အုပ် မိမိတို့လက်ဝယ်ထားရှိသင့်ကြောင်း သတင်းကောင်းပါးလိုက်မါသည်။

ဘဒ္ဒန္တဇောတိကာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

http://www.dhammadownload.com



# အား

* ပစ္စည်းကြွယ်ဝ၊ လောကပညာ၊ ခြေထောက်သာ၊ လူမှာအားမပြည့်။

* သတိရှေ့ထား၊ တရားကျင့်ကြံ၊ လူ့တောင်ပံ၊ ကေန်စွမ်းအားပြည့်။

လူသည် (၁) ပစ္စည်းဥစ္စာ၊ (၂) လောကအတတ်ပညာ၊ (၃) တရား သုံးမျိုးဖြင့် အားယူနေကြသည်။ ပစ္စည်းဥစ္စာနှင့် လောကအတတ်ပညာတို့ သည် လောကကပေးသည့် ဒုက္ခအပူအောက်၌သာ နေရသည်ဖြစ်၍ လူ့ခြေထောက်များတည်း။ ကျင့်ကြံအားထုတ်၍ ရထားသည့်တရားကား ဒုက္ခအပူအပေါ် လွှမ်းမိုးအနိုင်ယူရကား အဆိုးကင်းအောင် ပျံသန်းနိုင်သည့် လူ့တောင်ပံတည်း။

ငှက်သည် ခြေထောက်ကိုသာ အားကိုးနေလျှင် နောက်က ဘေးရန် လိုက်လာလျှင် လွတ်အောင်မပြေးနိုင်၍ ဘေးဒုက္ခရောက်မည်။ အဝေးကို သွားလျှင်လည်း ကြာမည်၊ ပင်ပန်းမည်၊ မလုံခြုံ။ ခြေထောက်ဖြင့် အားယူပြီး တောင်ပံဖြင့် ပျံသန်းမှ ဘေးရန်လွတ်မည်၊ မြန်မည်၊ သက်သာမည်၊ လုံခြုံ မည်။ လူသည်လည်း တရားတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်အပူ အဆိုး အားလုံး လွတ်မည်။ ခုရောနောင်ပါ သေရေး ဆင်းရဲလွတ်ရေး စိတ်အေး ရမည် ဖြစ်သည်။

သို့ဖြစ်၍ ရွှေရတုကာလရောက်လာပြီဖြစ်သော ဆရာတော် အရှင်ပုညာနန္ဒတို့သည်လည်း နည်းမှန်လမ်းမှန် လူ့တောင်ပံဖြင့် အဆိုးကင်း အောင် ချမ်းသာပန်းတိုင်ရောက်အောင် ပျံသန်းနိုင်ကြပါစေသတည်း။ လူအများကိုလည်း နည်းမှန်လမ်းမှန် ပျံသန်းတတ်အောင် တောင်ပံတပ်ဆင် အပျံသင်ပေးနိုင်ကြပါစေသတည်း။

အဆိုးကင်းဝေး ငြိမ်းအေးကြပါစေ . . . ။

ဘဒ္ဒန္တသိရိန္ဒ
**တိပိဋကဓရဆရာတော်**
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ကျိုက္ကလော့ဆရာတော်

# ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ

ပထမကျော်၊ သ.စ.အ. ဓမ္မာစရိယ ( Ph.D ) ၏

## အညွှန်းစာလွှာ

လူဟူသည် ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ရေးသော သတ္တဝါ ဖြစ်သည်ဟု ပညာရှင်များက ဆိုကြပါသည်။ ကိုယ့်ဘဝ၏ ကောင်းကျိုး ဆိုးကျိုးကို ကိုယ်ကိုယ်တိုင် ပြုလုပ်နေသည်ဟု အဘိဓမ္မာက ညွှန်ပြပါသည်။ ကိုယ့်ဘဝ၏ မှတ်တိုင်များကို ကိုယ်ကိုယ်တိုင် စိုက်ထူထားခဲ့ခြင်းအားဖြင့် နောင်းခေတ် သမိုင်းသုတေသီများနှင့် နောင်းခေတ် ကမ္မဝါဒီ၊ သုတဂဝေသီ ပုဂ္ဂိုလ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ ရရှိနိုင်ပါသည်။

ဘဝသမိုင်းမှတ်တိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူနေကြသူများတွင် ရွှေရတုသဘင် မွေးနေ့ရှင် အရှင်ပုညာနန္ဒသည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။

အရှင်ပုညာနန္ဒသည် လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် အတိုင်း အတာတစ်ခုအထိ နှံ့စပ်ကျင်လည်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာသနာ့လောင်းရိပ် အောက်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လောကအသိနှင့် ဓမ္မအသိ နှစ်ခု ပေါင်းစပ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသာဝကအဖြစ်ကို ခံယူခဲ့သူ လည်းဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မအသံတော်များ ကမ္ဘာအနှံ့ ပြန့်လွင့်နေချိန်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ပုံရိပ်ကို ကမ္ဘာအနှံ့သို့ လက်ဆင့်ကမ်း သယ်ဆောင်နေသူဖြစ်သည်။ အရှင်ပုညာနန္ဒ၏ ဓမ္မစာပေ

http://www.dhammadownload.com



များကို ဖတ်ရှုကြည့်လျှင် စာရေးသူ၏ အဆိုပြုချက်ကို လက်ခံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မအသိ ဓမ္မကျင့်စဉ် ဓမ္မအင်အား ဓမ္မစေတနာများကို ဤစာအုပ်တွင် လေ့လာသိရှိနိုင်ပါသည်။

ဤအချက်များသည်ပင် မြတ်ဗုဒ္ဓ၏ သာသနာ့မြေပေါ်၌ အရှင်ပုညာနန္ဒ စိုက်ပျိုးနိုင်ခဲ့သော ဓမ္မအသီးအပွင့်များ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရှင်ပုညာနန္ဒ စိုက်ထူခဲ့သော စိုက်ထူနေသော စိုက်ထူလတ္တံ့သော ဓမ္မမှတ်တိုင်များ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မမှတ်တိုင်များကို လေ့လာသုံးသပ်၍ အရှင်ပုညာနန္ဒ၏ ဘဝပုံရိပ်ကို ပုံဖော်ကာ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မေတ္တာဖြင့် ...

ကျိုက္ကလော့ဆရာတော်

http://www.dhammadownload.com



ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြို့မရပ် (၃) လမ်း
ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်ဆရာတော်

# ဘဒ္ဒန္တ ဝိမလ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဗုဒ္ဓသာသနာပြုထေရဝါဒဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
၏

## အမှာစာ

**ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ** – လောက၌ တရားရတနာ ပေါ်ထွန်းလာခြင်းသည် သတ္တဝါအများ ချမ်းသာရန်ဖြစ်ကြောင်း ဗုဒ္ဓမြတ်တရား ဟောကြားတော်မူခဲ့ပေသည်။ တရား (ဓမ္မ) ဟူသည် သတ္တဝါများ အပါယ်မလားအောင် ရှက်ဆောင်ခြင်း၊ အောက်တန်းမကျ အထက်တန်း ရောက်ရလေအောင် ပို့ဆောင်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မမူမီက လူများသည် သတ္တဝါအသက် သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းသည် နတ်ရွာလားကြောင်း ကောင်းမှုကုသိုလ်ဖြစ်၏ဟု မှားယွင်းစွာ ယူဆ၍ ဆောင်ရွက်ခဲ့ကြသည်။ သတ္တဝါများ ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာသောအခါ မြတ်စွာဘုရား၏ ဟောကြားဆုံးမ ဩဝါဒအရ သတ္တဝါအသက် သတ်ဖြတ်ညှင်းဆဲခြင်းများသည် အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်ဖြစ်၏ဟု လူအများ သိရှိလာကြသဖြင့် သတ္တဝါများ ချမ်းသာသုခ ရရှိခဲ့ကြပေသည်။

မြတ်ဗုဒ္ဓ၏ တရားဓမ္မအနှစ်ချုပ်မှာ **သီလ၊ သမာဓိ၊ ပညာ** သိက္ခာသုံးရပ် အကျင့်မြတ်များပင်ဖြစ်ပေ၏။ သို့ရာတွင် လောကီလူမှုရေးနယ်ပယ်၌ လွဲဖယ်၍မရသော အတွေးအမြင် ဒဿနများနှင့်တကွ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော အရေးအရာများကိုလည်း လိုက်နာကျင့်ကြံ

http://www.dhammadownload.com



သူများ ကျန်းမာချမ်းသာ၍ လူကောင်း လူတော်များဖြစ်ရေးအတွက် အများ အပြား ဟောကြားထားပေသည်။

အထူးသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများ သည် တက္ကဆရာ ဝိမံသီဆရာများ စိတ်ကူးဖြင့် တွေးခေါ်ကြံဆ စူးစမ်းမှုအရ ဖြစ်ပေါ်လာသော တရားဓမ္မများမဟုတ်ဘဲ ကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်၍ ထိုးထွင်းသိမြင်မှုအရ ဟောကြား၍ ဖြစ်ပေါ်လာသော တရားဓမ္မ များသာ ဖြစ်ပေသည်။ ထို့ကြောင့် လောကီ လောကုတ္တရာ နယ်ပယ် အသီးသီးအတွက် အကျိုးပြုတရားဓမ္မများ ဖြစ်နေရခြင်းဖြစ်ပေသည်။

ဤသို့ အကျိုးတရား ကြီးမားလှသော တရားဓမ္မများကို ကျင့်ကြံ ပွားများရသူများသည် အကောင်းတကာ့ထိပ်ခေါင် အနှစ်ဆောင်သော သီလ၊ သမာဓိ၊ ပညာ ကောင်းကျိုးချမ်းသာကို အပြည့်အဝ ခံစားနိုင်ကြမည် ဖြစ်ပေသည်။

မိမိတို့၏ဘဝကို မြတ်ဗုဒ္ဓ၏တရားဓမ္မဖြင့် ငြိမ်းချမ်းစွာ တည်ဆောက် နိုင်ကြမည်ဖြစ်ပေသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်ဗုဒ္ဓ၏ တရားဓမ္မဖြင့် အားဆင့်၍ မြှင့်တင်နိုင်ကြမည်ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မစာပေ အသိပညာ ဗဟုသုတဖြင့် လောကရေးရာ လောကုတ္တရာရေးရာ အဖြာဖြာ သော အသိအမြင် ပညာဗဟုသုတများကို မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ် လက်ခံနိုင်ကြမည်ဖြစ်ပေသည်။ နူးညံ့သိမ်မွေ့သော မြတ်ဗုဒ္ဓ၏ တရားဓမ္မ စာပေ အသိပညာဖြင့် ယဉ်ကျေးပြီး စာရိတ္တကောင်းသောဘဝကို ထူထောင် နိုင်ကြမည် ဖြစ်ပေသည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာရိတ္တကောင်းမွန်ခြင်းဖြင့် လူ့ဘောင်လောက အေးချမ်းသာယာမှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို မသိရှိသေးသူများ သိရှိခံစားနိုင် စေရေး သိရှိပြီးသူများလည်း ပို၍သိရှိခံစားနိုင်လာစေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားလောကအတွင်း ပြန့်ပွားအောင် ဆောင်ရွက်သင့်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မအနှစ်ချုပ်သည် **"မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား"** ဟူသော

http://www.dhammadownload.com



အဆုံးအမ တရားတော်များပင်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဓမ္မများကို သင်ကြားပြသခြင်း၊ ဟောပြောပြသ ရေးသားဖြန့်ချိခြင်းသည် သာသနာပြုလုပ်ငန်းအစစ် ဖြစ်ပေသည်။ သာသနာပြုကုသိုလ်သည် ကုသိုလ်တကာတွင် အမြတ်ဆုံးကုသိုလ်ပင်ဖြစ်ပေသည်။ ယင်း သာသနာပြု ကုသိုလ်များတွင် ဗုဒ္ဓတရားဓမ္မကို မှန်ကန်စွာ မသိရှိကြ၍ အယူမှားနေကြသော ကမ္ဘာသူ ကမ္ဘာသား လူသားများ ယဉ်ကျေးသိမ်မွေ့လာအောင် ပြုဆောင်နိုင်သော သာသနာပြုကုသိုလ်လုပ်ငန်းမှာ ယခုခေတ်အခြေအနေ အချိန်အခါ၌ ဝိပဿနာတရား ဟောကြားပြသမှု လုပ်ငန်းသည် အဓိက ပဓာနကျသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဝိပဿနာတရားသည် ကမ္ဘာ၌ပင် တိုးတက်ပြန့်ပွားနေသော လုပ်ငန်းဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ လူသားများအား သာသနာပြုရာတွင် အထက်မြက်ဆုံး လက်နက်တစ်ခုပင် ဖြစ်နေပေသည်။

ဝိပဿနာတရား အားထုတ်ရာတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်အားလုံးကို ကျင့်သုံးဆောက်တည် ပွားများအားထုတ်ရသဖြင့် ထိုသူများသည် ဒုစရိုက် (၁၀) ပါးကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ်အောင် မပယ်ရှားနိုင်သေးစေကာမူ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်ကြသဖြင့် ဒုစရိုက်တရား ခေါင်းပါးအောင် ဆောင်ရွက်နေသူများဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ အရိယာသူတော်ကောင်းများအား စွပ်စွဲသူမဖြစ်တော့သည့်အပြင် ကိုယ်တိုင်အယူမှန်လာပြီး ဗောဓိပဿိက တရားဂုဏ်တော်အရ အခြားသူများအားလည်း လာရောက်ကျင့်ကြံပွားများပါဟု ဆွဲဆောင်တိုက်တွန်းမှု ပြုလာနိုင်ပေသည်။ သရဏဂုံမြဲပြီး သစ္စာတရားလေးပါးကိုလည်း စွဲစွဲမြဲမြဲ သဘောပေါက်နိုင်ကြပြီဖြစ်ပေသည်။

ထို့ကြောင့် ဤသို့သော ဝိပဿနာလုပ်ငန်းဖြင့် သာသနာပြုကြသူများသည် သီလက္ခန် ဒိဗ္ဗစက္ခုအခန်း၌ မြတ်စွာဘုရားက ဒုစရိုက်မှုပြုနေသူများ သူတစ်ပါးကို အယူမှားအောင် ဆွဲဆောင်နေသူများသည် အပါယ်ဒုဂ္ဂတိသို့ လားရောက်နေကြသည်ကို တွေ့မြင်ရပြီး ဒုစရိုက်မှု မပြုသူများ အရိယာသူတော်ကောင်းများကို မစွပ်စွဲသူများ ကိုယ်တိုင်အယူမှန်သူများ သူတစ်ပါး

http://www.dhammadownload.com



အယူမှန်အောင် ဟောပြော ဆွဲဆောင်သူများသည် နတ်ရွာသုဂတိသို့သာ လားရောက်နေကြသည်ကို တွေ့မြင်ရကြောင်း ဟောကြားထားတော်မူ သကဲ့သို့ တိကင်္ဂုတ္တရပါဠိတော် ဗဟုပကာရသုတ်၌လည်း သူတစ်ပါးအား သရဏဂုံ တည်အောင်ပြုသူ သူတစ်ပါးအား သစ္စာ (၄) ပါး သိအောင်ပြုသူ နှင့် သူတစ်ပါးအား ရဟန္တာဖြစ်အောင်ပြုသူ (၃) ဦးသည် လောကတွင် ကျေးဇူးအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားထားတော်မူပေသည်။

ထို့ကြောင့် ယခုဆရာတော် အရှင်ပုညာနန္ဒမထေရ်မြတ်သည် ဝိပဿနာတရားဖြင့် လူသားများတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များတည်အောင် ဆောင်ရွက်လျက် ထိုလူသားများ ဒုစရိုက် တရား ခေါင်းပါးခြင်း၊ အရိယာသူတော်ကောင်းများ မြတ်နိုးခြင်း၊ အယူမှန် ခြင်း၊ အယူမှန်အောင် ဆွဲဆောင်မှုပြုခြင်း၊ သရဏဂုံတည်လာခြင်း၊ သစ္စာ (၄) ပါး သိလာခြင်း အကျိုးများကို ဆောင်ရွက်ပေးနိုင်သူ ပုဂ္ဂိုလ်ထူးဖြစ်သော ကြောင့် သာသနာအတွက် လောကလူသားတို့အတွက် ကျေးဇူးကြီးသော ပုဂ္ဂိုလ်မြတ်ဖြစ်ပါကြောင်း ဆရာတော် ဟောကြားထားသော ဤတရား စာအုပ်ကို လေ့လာဖတ်ရှုသူများသည်လည်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် အကျင့်မြတ်များကို သဘောပေါက်၍ ကျင့်ကြံပွားများလာနိုင်ကြ သဖြင့် ဒုစရိုက်ခေါင်းပါးခြင်း စသော အကျိုးတရားများကို ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ...။

**"တရားရေစင်အေးမြင့် ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ ..."**

**ဘဒ္ဒန္တဝိမလ**

ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်

http://www.dhammadownload.com



# အရှင်စန္ဒရောဘိ

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

၏

## အမှာစာ

ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်သည် တစ်မျိုးတည်းသာရှိသော်လည်း ဟောကြားတော်မူသော ဓမ္မကထိကဆရာတော်များအလိုက် စိုပြေသော တရားဟောနည်းနှင့် ခြောက်သွေ့သော တရားဟောနည်းဟု တရားဟောနည်းမှာမူ နှစ်မျိုးရှိသည်။ စိုပြေသော တရားဟောနည်းဆိုသည်မှာ တရားနာပရိသတ် အပျင်းပြေစေရန် အသံနေအသံထားဖြင့်ဟောခြင်း၊ ပုံတိုပတ်စများဖြင့်ဟောခြင်း၊ သီချင်းသံဖြင့်ဟောခြင်း၊ သီချင်းစသည် ဆိုသင့်တာဆို၍ ဟောခြင်းများဖြစ်သည်။ ထို့ကြောင့် အထက်ပါစိုပြေသော တရားဟောနည်းကို လူတိုင်း နာနိုင်ကြသည်။ လူပြိန်းကြိုက်တရားဟောနည်းဟု ဆိုရမည်။ ခြောက်သွေ့သော တရားဟောနည်းဆိုသည်မှာ ဝိပဿနာ တရားဟောနည်း ဖြစ်သည်။ လူတိုင်း အသိရခက်သော ရုပ်သံ၊ ဓာတ်သံ၊ ပရမတ်သံတို့ အမြဲပါဝင်နေကြသဖြင့် လူတိုင်း စိတ်မဝင်စားကြပေ။ ဝိပဿနာအားထုတ်သော အတွေ့အကြုံရှိသူများသာ စိတ်ဝင်စားကြပြီး အခြားပုဂ္ဂိုလ်များအတွက် ပျင်းစရာကောင်းလှသကဲ့သို့ ငိုက်မြည်းစရာလည်းကောင်းလှသည်။ အတွေ့အကြုံ မရှိပါက တီကောင်ကို ဆားနှင့်တို့သည့်ပမာ နောက်တွန့်သွားနိုင်သည့် တရားခြောက်ကြီးဟု ဆိုရပေမည်။

### တရားခြောက်ကို စိုအောင်ဟောနိုင်သူ

ယင်းတရားခြောက်ကြီးကို စိုပြေသွားအောင် အများနားလည်သွားအောင် ဟောပြောနိုင်သူကား အင်မတန် ရှားပါးလှ၏။ ဟောပြောနိုင်လျှင်မူ

http://www.dhammadownload.com



မတစ်ထောင် တစ်ကောင်ဘွား ဇာနည်ယောက်ျားဟု ဆိုရပေမည်။ ယင်းကဲ့သို့သော ဇာနည်ယောက်ျား ပုဂ္ဂိုလ်ထူးများထဲတွင် ဆရာတော် အရှင်ပုညာနန္ဒသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဆရာတော် အရှင်ပုညာနန္ဒသည် လူတိုင်းက တရားခြောက်ကြီးဟု ထင်မှတ်ကာ နောက်တွန့်နေသော ဝိပဿနာတရားတော်ကို စိုပြေအောင်နှင့် လူတိုင်း သဘောကျနှစ်ခြိုက်အောင် ဟောပြစွမ်းနိုင်သော ပုဂ္ဂိုလ်ထူးကြီးပါပေ။

## ကိုယ်တွေ့ပါမှ သဘောကျ

ဆရာတော် အရှင်ပုညာနန္ဒကဲ့သို့သော ပုဂ္ဂိုလ်ထူးများ၏ စွမ်းဆောင်မှုကြောင့် ဒကာ၊ ဒကာမများလည်း ရှေ့ကနှင့်မတူတော့ဘဲ တရားဗဟုသုတများ ပြည့်ဝလျက်ရှိကြသည်။ ထို့ကြောင့် တရားအရာ၌ ပါးစပ်မှလာသော တရားနှင့် နှလုံးသားမှလာသောတရားကို ခွဲခြားသိတတ်ကြသည်။ ရှင်းပါဦးမည်။ ပါးစပ်မှလာသော တရားဟူသည် ကိုယ်တိုင် ကျင့်ကြံမှုမပါဘဲ စာအုပ်စာပေကိုကြည့်၍ ဟောသောတရားဖြစ်၏။ ယင်းကဲ့သို့သော တရားမျိုးကို နာကြားရလျှင် ဆားမပါသောဟင်းကို စားရသည့်ပမာ ပေါ့ပျက်ပျက်နိုင်လှသည်။

နှလုံးသားမှလာသောတရားဟူသည် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီးမှ မိမိရရှိလာသောတရားကို အခြေခံ၍ အားပါးတရ ဟောကြားသော တရားမျိုးဖြစ်သည်။ ယင်းတရားကို နာကြားရလျှင် ဆားပါသည့်ဟင်းကို စားရသည့်ပမာ လေးလေးပင်ပင် ရှိလှသည်။ နာကြား၍မဝနိုင်အောင် အရသာ ရှိလှသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉပနိဿယကိုခံယူ၍ ကိုယ်တိုင် နှစ်ပေါင်းများစွာ ဝိပဿနာအလုပ် ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့အပြင် ယောဂီသူတော်စင်များအား ဝိပဿနာတရားများ ဟောကြားပြသရင်းပင် ကိုယ်တိုင် ထပ်မံ၍ ကျင့်ကြံအားထုတ်ခဲ့ပြန်

http://www.dhammadownload.com



သည်။ ထို့ကြောင့် ဆရာတော် အရှင်ပုညာနန္ဒ၏ တရားတော်များကို နာကြားရသော ပရိသတ်များမှာ နာ၍မဝ တသသ ဖြစ်ကြရသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် ယခုအခါ မိမိ၏ သက်တော် (၅၀)ပြည့် ရွှေရတုကာလ အခါသမယတွင် ဆရာတော် ဟောကြားတော်မူခဲ့သော တရားတော်များအနက် အချို့တရားတော်များကို ထုတ်နုတ်၍ အထူးထုတ် တရားတော်များအဖြစ် ထုတ်ဝေလိုက်ရာ နှလုံးသားမှလာသော တရားတော်များကို တိုက်ရိုက်နာကြားခွင့်ရရှိကြမည်ဖြစ်သဖြင့် ဖတ်ရှုကြသော ယောဂီသူတော်စင်များမှာ ဖရဏာပီတိ ဂွမ်းဆီထိကာ ကြည့်ရှုနာကြားရ၍ မဝနိုင်သော အရသာထူးများကို ရရှိခံစားရမည်ဆိုလျှင် လွန်အံ့မထင်ပါ။

## အရှင်စန္ဒဇောတိ

( ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင် )

အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများကျမ်းပြု

အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်၊ ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့မုခ်လမ်းမကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ း ၀၁-၃၈၃၄၂၇၊ ၃၈၀၈၇၅

http://www.dhammadownload.com



# မာဓဂါ ( သုတေသီ )

၏

# အမှာစာ

မြတ်စွာဘုရားသည် ကလိယုဂ်အတွင်း မီးပုံအလယ်ရှိ ကြာပန်းပွင့်ကဲ့သို့ ပွင့်တော်မူခဲ့ပါသည်။ ပွင့်ထွန်းရာ မဇ္ဈိမဒေသအတွင်း ရှုပ်ထွေးနေသော အယူဝါဒရှင်များအကြားတွင် ပွင့်ထွန်းတော်မူခဲ့ရပြန်သည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင် မဇ္ဈိမဒေသ၌ အယူဝါဒ (၆၂)ပါး ထွန်းကားပြန့်ပွားလျက် ရှိနေပြီဖြစ်သည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ ရှိရင်းအယူဝါဒ (၆၂)ပါးလုံးသည် အယူဝါဒ အလွဲအမှား မိစ္ဆာအယူများဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

ရှိရင်းအယူဝါဒ (၆၂)ပါးကို အယူဝါဒ အလွဲအမှားအဖြစ် ပယ်ရှားတော်မူပြီး သမ္မာဒိဋ္ဌိအယူမှန် ပြန့်ပွားရေးကို မနေမနား ဒေသစာရီကြွချီ၍ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ကလိယုဂ် ဆုတ်ကပ်ခေတ်အခါဖြစ်၍ လူသားအားလုံးကို အယူမှန်၌တည်စေရန် ဟောပြောနိုင်မှု မရှိခဲ့ပါ။ ပညာရှိသူတော်ကောင်းများ စိတ်ကောင်းရှိသူများကသာ မြတ်စွာဘုရား ဟောကြားသော တရားကို ကျင့်ကြံပွားများ၍ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ဖြာ ရရှိခဲ့ကြသည်။

သစ္စယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၉၀) တရားကျင့်ကြသည်။ ကတယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၇၅) တရားကျင့်ကြသည်။ ဒွါပရခေတ်အခါတွင် လူ (၁၀၀) လျှင် (၅၀) တရားကျင့်ကြသည်။ ကလိယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၂၅) တရားကျင့်သည်ဟု ဆိုသော်လည်း ပုရာဏ်ဆရာတစ်ဦး၏ အမေးနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူရာ –

**ရာဂုမ္မတ္တက** – ရာဂ (လောဘ) ဖြင့် ရူးသွပ်နေသူများ၊ **ဒေါသမ္မတ္တက** – ဒေါသကြောင့် ရူးသွပ်နေသူများ၊ **မောဟုမ္မတ္တက** –

http://www.dhammadownload.com



မသိမိုက်မဲမှုကြောင့် ရှုးသွပ်နေသူများ၊ **မာနုမ္မတ္တက** – မာန်မာန ကြောင့် ရှုးသွပ်နေသူများ၊ **ဒိဋ္ဌုမ္မတ္တက** – အယူအလွဲအမှား အစွဲတရားကြောင့် ရှုးသွပ်နေသူများ၊ **ဗျာသနုမ္မတ္တက** – ဗျသန တရား (၅) ပါးကြောင့် ရှုးသွပ်နေသူများ၊ **သုရုမ္မတ္တက** – အရက် သေစာ မူးယစ်ဆေးဝါးကြောင့် ရှုးသွပ်နေသူများ၊ **ပိတ္တုမ္မတ္တက** – သည်းခြေပျက်၍ ရှုးသွပ်နေသူများ၊ **ယက္ခုမ္မတ္တက** – ဘီလူးဖမ်း၍ ရှုးသွပ်နေသူများကို မြင်တော်မူ၍ လေးအသချေ်နှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ခဲယဉ်းပင်ပန်းစွာ ဖြည့်ကျင့်မှ ရလာခဲ့သော တရားတော်များကို ရာဂ ဒေါသ မောဟတရား ထူပြောသော ကလိယုဂ်ခေတ်အခါ၌ တရားဟောသော်လည်း မောရုံသာ ရှိမည်ဟု စိတ်အကြံ ဖြစ်တော်မူခဲ့ရသည်။

သို့ရာတွင် ကျွတ်ထိုက်သော တရားသိမြင်နိုင်စွမ်းရှိသော ပညာရှိ သူတော်ကောင်း စိတ်ကောင်းရှိသူများ၏ ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ မြင့်မားရေးကို ရှေးရှုလျက် ဒေသစာရီ ကြွချီကာ မနေမနား တရားဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သည်။ တပည့်သားသာဝက အရှင်မြတ်များကလည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန် ပြုတော်မူပြီး အချိန်အခါများ၌လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများကို စဉ်လာမပျက် ဟောကြားပြသ ပို့ချလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူ ခဲ့ကြပါသည်။

သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော အဆုံးအမ တရားတော်များပင် ဖြစ်ပါသည်။ ဤသာသနာ အဆုံးအမ တရားတော်များသည် လောကီအရာ၌ဖြစ်စေ၊ လောကုတ္တရာအရာ၌ဖြစ်စေ တရားတော်က ညွှန်ကြားထားသည့် အတိုင်း လိုက်နာကျင့်ကြံ ပွားများလျှင် မျက်မှောက်ပစ္စုပ္ပန်ဘဝ တွင် လူကောင်းသူကောင်း ဖြစ်လာနိုင်ပြီး သံသရာတွင် အပါယ် ဘေး ကင်းဝေးအောင် ရှက်ဆောင်သောကြောင့် ဓမ္မဟု ခေါ်ဆို

http://www.dhammadownload.com



ရသည်။ သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင် ဖြူစင်အောင် စိတ်ထားရန် လမ်းညွှန် ထားချက်များသာ ဖြစ်သည်။

လူသားသဘာဝသည် အေးချမ်းသာယာ ပြည့်စုံစွာဖြင့် သက်ထက်ဆုံး ဘဝရှင်သန်နေလိုကြသည်။ သို့ရာတွင် တဏှာခေါ်သော လောဘတရား၏ ဆိုးကျိုးကို နားမလည်သော ဝိသမလောဘသမား လူသားများကြောင့် အများမှာ စားဝတ်နေရေး ထိခိုက်နစ်နာလျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရသည်။ ဒုဗ္ဘိက္ခန္တရကပ်ပင် ဆိုက်လျက် ငတ်မွတ်ခေါင်းပါး နေကြရ ရှာသည်။ ဒေါသဆိုးကျိုး နားမလည်သော လူသားများက ဒေါသအမျက် ဖက်တွယ်လျက် ဆောင်ရွက်နေကြမှုကြောင့် မိမိနှင့်တကွ အများမှာ ထိခိုက် နစ်နာ သေကြေပျက်စီး နေကြရသည်။ လူသတ်လက်နက် အပြိုင်အဆိုင် ဖန်တီးလျက် လူသတ်စစ်ပွဲ ဆင်နွှဲနေကြသည့် သတ္ထန္တရကပ် ဆိုက်ရောက် နေရသည်။

အဝိဇ္ဇာခေါ်သော မောဟတရား၏ဆိုးကျိုးကို နားမလည် ဖက်တွယ် နေကြသောကြောင့် လူသားနှင့် လူ့ဘောင်လောကတစ်ခုလုံး ကစင့်ကလျား ပျက်ပြားအောင် ဆောင်ရွက်နေကြ၍ သဘာဝတရားပျက်ပြားပြီး ရောဂါဆိုး အမျိုးမျိုး ဖြစ်ပွား ခံစားနေကြရသည်။ ရောဂန္တရကပ် ဆိုက်ရောက် နေရသည်။ အဝိဇ္ဇာမောဟ ထူပိန်းသော လူသားအချို့မှာ ဒုလ္လဘ လူ့ဘဝ ဖြင့် လူ့လောက ကောင်းကျိုး သည်ပိုးရွက်ဆောင်မှု မပြုရုံမျှမက မိမိနှင့် တကွ အခြားသူများ ဘဝပျက်ပြားအောင်ပင် အသေခံလျက် ဖျက်ဆီး သတ်ဖြတ်နေကြသည်။

မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားဓမ္မ သာသနာ အဆုံးအမများသည် မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားရန် လမ်းညွှန်ထားသော တရားဓမ္မများဖြစ်သောကြောင့် လူသား ဘဝနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေး အားပေးထားသော လူသားအကျိုးပြု တရားဓမ္မများသာဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သီရိလင်္ကာ ဝန်ကြီးချုပ်ဟောင်း မစ္စဘန်ဒရာနိုက်ဘေးက ''နေနှင့်လ

http://www.dhammadownload.com



ရှိနေသမျှ ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေ ဖြစ်တည်နေသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာ ရှိနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဆိုတာ လူသား ဘာသာတရား လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ ဘာသာတရား ဖြစ်နေလို့ပါ'' ဟု ပြောခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ ရိုင်းစ်ဒေးဗစ်ကလည်း ''ဗုဒ္ဓဘာသာဝင်ပဲဆိုဆို၊ ဗုဒ္ဓဘာသာ ဝင် မဟုတ်ဘူးလို့ပဲဆိုဆို ကျွန်ုပ်ဟာ ကမ္ဘာပေါ်မှာ ထင်ရှားနေတဲ့ ဘာသာ တရားကြီးတွေ တစ်ခုချင်းစီရဲ့သဘောကို စိစစ်ခဲ့ပြီး ဖြစ်ပါတယ်၊ ပြေပြေ ပြစ်ပြစ်နှင့် ရှင်းလင်းနားလည်နိုင်စွမ်းရှိတဲ့ ဗုဒ္ဓရဲ့ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ထက် ပိုကောင်းတာ တစ်ခုမှမတွေ့ခဲ့ရပါ၊ အဲဒီ လမ်းစဉ်နှင့်အညီ ကျွန်တော့်ဘဝကို ပုံဖော်နိုင်လို့ ကျေနပ်ပါတယ်'' ဟု ပြောပါသည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ် အကျဉ်းချုပ်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃) ပါး အကျင့်မြတ် လမ်းစဉ်ပင်ဖြစ်သည်။ သီလလမ်းစဉ်သည် ကိုယ်ဖြင့်ပြု လုပ်သော ကာယဒုစရိုက်၊ နှုတ်ဖြင့်ကျူးလွန်သော ဝစီဒုစရိုက် မကောင်းမှု များကို ပယ်ရှားနိုင်သည်။ သမာဓိလမ်းစဉ်သည် စိတ်ဖြင့် ကြံစည်သော မကောင်းမှု မနောဒုစရိုက်များကို ပယ်နိုင်သည်။ ပညာလမ်းစဉ်ကား ရုပ်တရား နာမ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်၍ ရှုသော ဝိပဿနာအလုပ်ဖြစ်သည်။

ပညာစခန်း ဝိပဿနာလမ်း ကျင့်ကြံလိုသူသည် ရှေးဦးစွာ သီလ လုပ်ငန်း၊ သမာဓိလုပ်ငန်းများကို လုပ်ဆောင်၍ သီလလုံခြုံပြီး သမာဓိရ၍ စိတ်ကြည်လင်မှုကို ရရှိပြီးမှ ဝိပဿနာကို ကျင့်ကြံပွားများရသည်။ ဤဝိပဿနာတရား ကျင့်ကြံပွားများသူများသည် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော မဂ်ဖိုလ် ရနိုင်သည်။ မဂ်ဖိုလ်မရသော်မှ မဟာကုသိုလ်ရသည့်အပြင် လူသားနှင့် လူ့ဘောင်လောကကို ဖျက်ဆီးနေသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အကြေးများ ကိန်းနေသော စိတ်ဓာတ် ကို ခေါင်းပါးနည်းပါးသွားစေသော အကျိုးကို ရရှိသည်။ လူ့လောကတွင် သူတော်ကောင်းအဆင့်သို့ ရောက်ရှိနိုင်သည်။

http://www.dhammadownload.com



အထူးသဖြင့် ဝိပဿနာတရားသည် လူသားနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေးကို အားဆင့်ပေးနိုင်သော တရားပင်ဖြစ်သည်။ ကျင့်ကြံပွားများသူများလည်း အထိုက်အလျောက် အေးချမ်းသာယာမှုကို ရရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမတရားတွင် အထွဋ်အထိပ်ကျင့်စဉ် အနှစ်ပင်ဖြစ်ပါသည်။ ကိုယ်တိုင်ကျင့်ကြံမှ ရရှိသော တရားလည်းဖြစ်သည်။ ဤသို့ ကိုယ်တိုင်ကျင့်ကြံပွားများ၍ ရရှိသော အကျိုးခံစားမှုကို အခြားသူများအားလည်း ရရှိခံစားစေလိုမှု ဖြစ်ပေါ်လာသဖြင့် လာလှည့်ရှုလှည့်ပါဟု တိုက်တွန်းပြောဆိုရသည်အထိဖြစ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရားသည် ယခုအချိန်အခါ၌ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတွင် အထက်မြက်ဆုံး လုပ်ရပ်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပ တရားဓမ္မ ဟောပြောပြသနေသော ရဟန်းတော်နှင့် လူပုဂ္ဂိုလ် အများအပြားရှိသည်။ သင်တန်းပေးသော ဆရာတော်များ လူပုဂ္ဂိုလ်များလည်း အများအပြားရှိသည်။ စာသင်တိုက် ကမ္မဋ္ဌာန်းတိုက် ဖွင့်လှစ်၍ တရားဓမ္မ ပို့ချပြသနေသူလည်း အများအပြားရှိသည်။ တရားဓမ္မဆိုင်ရာ စာပေရေးသားနေသူများနှင့် ယင်းရေးသားပြီး စာများကို စာအုပ်အဖြစ် ရိုက်နှိပ်၍ ဖြန့်ချိနေသူများလည်း အများအပြား ရှိသည်။ ဤသို့သောပုဂ္ဂိုလ်များသည် ဓမ္မာနုဂ္ဂဟအရ သာသနာပြုနေသော ပုဂ္ဂိုလ်များပင် ဖြစ်သည်။

သာသနာပြုကုသိုလ်သည် **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** ဒေသနာတော်အရ အမြင့်မြတ်ဆုံး လုပ်ငန်းပင်ဖြစ်သည်။ ဤသာသနာပြုလုပ်ငန်းဖြင့် အယူမှားနေသူများ၊ ဇဝေဇဝါဖြစ်နေသူများ၊ လမ်းမှားနေသူများအား အမှန်သို့ ရောက်အောင် စွမ်းဆောင်နိုင်မှုရှိသော လုပ်ငန်းဖြစ်သောကြောင့် သီလက္ခန် ဒိဗ္ဗစက္ခုခန်း၌ မိမိကိုယ်တိုင် အယူမှန်ပြီး သူတစ်ပါးအယူမှန်အောင် ပြုသူသည် နတ်ရွာသုဂတိလားရသည်ကို မြင်ရကြောင်း မြတ်စွာဘုရား ဟောကြားထားမှုရှိသဖြင့် သံသရာကောင်းကျိုးပြုလုပ်ငန်းလည်း ဖြစ်သည်။ တစ်ဖန် တိကင်္ုတ္တရဗဟုပကာရသုတ်၌ သူတစ်ပါးအား သရဏဂုံတည်အောင် သစ္စာလေးပါးသိအောင် ရဟန္တာဖြစ်အောင် ပြုလုပ်သူ

http://www.dhammadownload.com



သည့် ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြား ထားတော်မူသဖြင့် သာသနာအတွက် အကြီးမားဆုံး သာသနာပြုနေသူများ ဖြစ်သည်။

ကျုံ့မငေးပုံနှိပ်တိုက်နှင့် ကောင်းမွန်ကွန်ပျူတာလုပ်ငန်းပိုင်ရှင်တို့သည် ငယ်ရွယ်သူဖြစ်စေကာမူ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်သောကြောင့် ဆရာတော်အရှင်မြတ်များ ဟောကြားထားသော တရားတော်များကို CD ခွေသွင်း၍လည်းကောင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်၍လည်းကောင်း ဓမ္မဒါန ပြုနေမှု အများအပြားရှိသည်ကို တွေ့ရှိရသည်။ ကိုယ်တိုင်ကလည်း တရားဓမ္မလိုက်စားခြင်း၊ ကျင့်ကြံပွားများခြင်း ပြုနေကြသူများဖြစ်သည်။ ယခု မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပုညာနန္ဒ၏ ဟောစဉ်တရား များကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်လျက် သာသနာပြုကုသိုလ် တိုးပွားရေး ဆောင်ရွက်နေပြန်ပါသည်။

ထိုသူတို့၏ သာသနာပြုကုသိုလ်အတွက် ဆောင်ရွက်နေမှုများသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သော မြတ်စွာဘုရားနှင့်တကွ သာဝကအဆက်ဆက်တို့အားလည်းကောင်း၊ ဗုဒ္ဓသာသနာအဆုံးအမ တရားတော်များကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ ထိန်းသိမ်းစောင့်ရှောက်လာသော မိဘ ဘိုးဘွား ဘီဘင်များအားလည်း ကောင်း ပြန်လည်ကျေးဇူးဆပ်မှု လုပ်ငန်းဖြစ်သောကြောင့် အလွန်ပင် မွန်မြတ်သော လုပ်ငန်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မာမကာ (သုတေသီ)**

http://www.dhammadownload.com



# ထုတ်ဝေသူ၏ အာသီသ

ကျွန်ုပ်တို့၏ မိဘ, ဘိုးဘွား, ဘီဘင်မှ အစပြု၍ နှစ်နှစ်ကာကာ ကိုးကွယ် ယုံကြည်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ပူသည် အေးသည် အယူလွဲမှားနေကြသော လူသားများ၏ ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာ ကောင်းမွန်မြင့်မားရေးအကျိုး အတွက် ဒေသအသီးသီးသို့ ဒေသစာရီကြွချီလျက် ( ၄၅ ) ဝါတို့ကာလပတ်လုံး သာသနာအဆုံးအမ တရားဓမ္မများကို ဟောကြားတော်မူကာ သာသနာ ပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၌လည်း သာဝက အစဉ် အဆက် ဘုရင်မင်းများနှင့် သူတော်စင် ဒါယကာ, ဒါယိကာမများ၊ မိဘ ဘိုးဘွား ဘီဘင်များက သာသနာအဆုံးအမ တရားဓမ္မများကို သင်ကြားခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း စသည်ဖြင့် အစဉ်အဆက် ပြုစု ပျိုးထောင်လာခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်လည်း နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လာသည့် ယနေ့တိုင် အရှည်ခန့်၍ တည်တံ့ ပြန့်ပွား ထွန်းကားနေရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ **"မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား"** ရန် ဖြစ်ပါသည်။ ကောင်းမှု, မကောင်းမှုဆိုရာတွင် မိမိတို့ ဆိုင်ရာ ဝေါဟာရအရ ဆိုခြင်းဖြစ်၍ မြတ်စွာဘုရား၏ သာသနာအဆုံးအမ အတွက် တိကျမှန်ကန်သော ဝေါဟာရဖြစ်သည်ဟု ဆိုရန်မဖြစ်ပေ။ ကောင်း သည် မကောင်းသည်ဟူသော ဝေါဟာရသည် သက်ဆိုင်ရာ လူ့ဝါသနာ လူ့စရိုက် လူမျိုးဓလေ့ ဘာသာဓလေ့အရ အယူအဆ ကွဲပြားမှုရှိနေသော ကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အရက်ကြိုက်သူများသည် အရက်ကောင်းသည်ဟု ဆိုကြသော်လည်း မကြိုက်သူများက မကောင်းဟု ဆိုကြမည်ဖြစ်ပါသည်။

http://www.dhammadownload.com



လူမျိုး တစ်မျိုး ဘာသာတစ်ရပ်က ယဇ်နတ်ပူဇော်မှုမလေ့ကို ကောင်းသည်၊ ကောင်းမှုဖြစ်သည်ဟု ဆိုသော်လည်း အမှန်အားဖြင့် သူတစ်ပါး သတ္တဝါများ ထိခိုက်နစ်နာမှုရှိသောကြောင့် မကောင်းဟု ဆိုရမည့်အပြင် အပြစ်ဟူ၍ပင် ဆိုရမည်ဖြစ်ပါသည်။ အပြစ်ဟူ၍ဆိုရန် ရှိရုံမျှမက ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာ၌ မကောင်းကျိုးကိုပင် ပေးတတ်ပါသည်။ ဗျတိရေကနည်းအားဖြင့် အပြစ်ကင်းပြီး ကောင်းကျိုးကို ပေးတတ်သော လုပ်ရပ်မျိုးသည်သာလျှင် ကောင်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မအကျဉ်းချုပ်ဖြစ်သော **"မကောင်းမှုရှောင် ကောင်းမှုဆောင်"** ဆိုခြင်းသဘောမှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော မကောင်းမှု အကုသိုလ်ကို ရှောင်ရန်နှင့် အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးတတ်သော ကောင်းမှုကုသိုလ်ကို ဆောင်ရန် လိုရင်းအချုပ်ဖြစ်ပါသည်။ ဤသို့ မကောင်းမှု အကုသိုလ်ကိုရှောင်ပြီး ကောင်းမှု ကုသိုလ်ကိုဆောင်၍ ပြုအောင်စိတ်ထားကြပါလျှင် ဤလောက လူ့ဘောင်လည်း အေးချမ်းသာယာပြီး အလွန်နှစ်လိုဖွယ်ရှိသော လောကကြီး ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် ယနေ့ လူ့ဘောင်လောကကြီးမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းပြီး အလွန်ပင် ညစ်နွမ်းလျက်ရှိနေပါသည်၊ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မကို မသိသူပေါများခြင်း၊ မကောင်းမှု အကုသိုလ် လုပ်ရပ်ကိုပင် ကောင်းမှုထင် ပြုလုပ်နေသူ ပေါများခြင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာအဆုံးအမ တရားဓမ္မကို အနှစ်သာရအားဖြင့် မသိသူ ပေါများခြင်း၊ သိသော်လည်း မလိုက်နာ၊ မကျင့်ကြံသူ ပေါများခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော တရားဆိုးများ လွှမ်းမိုးကာ လူ့ဘောင်လောကကြီးလည်း ကပ်ကြီးများ ဆိုက်နေရပါတော့သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများကသာလျှင် ကပ်ဘေးကင်းဝေးပြီး အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများ မြန်မာပြည်အနှံ့ ကမ္ဘာပြန့်၍ လောကလူသားများ သိရှိခံစားနိုင်ကြရေး

http://www.dhammadownload.com



အတွက် ဆောင်ရွက်ရန်ကိစ္စမှာ ယခုအခါ အချိန်ကောင်း အခါကောင်းပင် ဖြစ်နေပါသည်။ ဆောင်ရွက်ရာ၌လည်း စာအုပ်စာပေသည်သာလျှင် အဓိက ပဓာနကျလျက် ရှိနေပါသည်။

ဤသို့ မြန်မာအနှံ့ ကမ္ဘာဖြန့် တရားဓမ္မပြန့်ပွားအောင် ဆောင်ရွက်မှု တွင် ကျွန်ုပ်တို့ကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်အားဖြင့် သာသနာပြု ကုသိုလ်ထူးကိုရည်စူးလျက် သာသနာပြန့်ပွားရေး ဟောပြော ရေးသား ပြသပို့ချနေသော ဆရာများ၏ ဟောပြောရေးသားချက်များကို စာအုပ်၊ စီဒီခွေအဖြစ်သို့ ကူးယူပြီး ဓမ္မဒါနပြုခဲ့ကြပါသည်။

ယခုတစ်ဖန် ကျွန်ုပ်တို့သည် သာကေတမြို့နယ်၊ ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပုညာနန္ဒ ၏ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ဟောပြောခဲ့သော တရားတော်များကို စုစည်း၍ အများသိရှိနိုင်ရေး ကုသိုလ်အသိပေးလိုသောအားဖြင့် ယခုကဲ့သို့ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါသည်။

✦ ဓမ္မဂုဏ်ရောင်၊ အလင်းဆောင်၊ လူ့ဘောင်လောက တည်ပါစေ။

✦ ဓမ္မဂုဏ်ရောင်၊ ထွန်းလင်းပြောင်၊ လူ့ဘောင်အေးချမ်းရှိပါစေ။

ကျုံမငေးပုံနှိပ်တိုက်

http://www.dhammadownload.com



# အထူးပန်ကြားလွှာ

ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များအား မိုင်းရှုံးယောဂီအဖွဲ့က တရားခွေမှ အသံကိုနားထောင်၍ လက်ရေးဖြင့် ကူးယူပြီး "ကောင်းမွန်ကွန်ပျူတာ" မှ စာစီခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ထိုစာမူများအား စာမူကြမ်းထွက်လာသောအခါတွင်လည်း စာမူများမှာ များပြားလွန်း၍ ဆရာတော်ကိုယ်တိုင် ပြန်လည်ဖတ်ကြားနိုင်ချိန် မရှိသဖြင့် နားလည်တတ်ကျွမ်းသော ဆရာသမားများထံသို့ အကူအညီတောင်းခံ၍ အထပ်ထပ် ပြန်လည်ပြင်ဆင်ထားပြီး ဆရာတော်၏မွေးနေ့အမှတ်တရ ထုတ်ဝေလိုပါသဖြင့် အချိန်ကြာမြင့်စွာယူပြီး ပြင်ဆင်နိုင်ခွင့် မရှိပါ၍ စာပြင်ရာတွင် အမှားများကျန်ရှိခြင်း၊ သတ်ပုံအမှားအယွင်းပါရှိခြင်းများ ရှိပါက ခွင့်လွှတ်ပေးနိုင်ကြပါရန်နှင့် ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ကောင်းမွန်ကွန်ပျူတာ

http://www.dhammadownload.com



## ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော်

# အရှင်ပုညာနန္ဒ

၏

# "ထေရုပ္ပတ္တိအကျဉ်းချုပ်"

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇. ၉. ၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော်ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်မူလတန်းပညာကို ရှမ်းကန်ကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း၊ အလယ်တန်းပညာကို ကဝမြို့နယ် မကြက်ကြီးကျေးရွာ အလယ်တန်းကျောင်း၌လည်းကောင်း၊ အထက်တန်းပညာကို ရန်ကုန်မြို့၊ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း ဆည်းပူးသင်ယူခဲ့၍ ၁၉၇၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကို အောင်မြင်ခဲ့ပါသည်။

တပ်မတော် (လေ) ၌ ဝင်ရောက်ခဲ့ပြီး ၁၂-နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းမှတ်တမ်းဝင် ဂုဏ်ပြုလက်မှတ် ချီးမြှင့်မှုကိုလည်း ရရှိခဲ့ပါသည်။ လုပ်သားကောလိပ်၌ တတိယနှစ်အထိ သင်ယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂရရှိပြီး၊ ကျေးဇူး

http://www.dhammadownload.com



တော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော် ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ ၂၇ ၄ ၁၉၉၁၊ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိအလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ မ/ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ ( အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ )၊ မုဒုံမြို့၊ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ( ပဋ္ဌာနိကာယ ပိဋကတ္တယပါဠိပါရဂူ )၊ တောင်စွန်း ဓမ္မဒူတတောရကျောင်း ဘဒ္ဒန္တပညိဿရ ( ဓမ္မာစရိယ )၊ မှော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒရာမကျောင်း ဘဒ္ဒန္တဆေကိန္ဒ ( ဓမ္မာစရိယ ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ အရှင်သူမြတ်သည် သာသနာတော်အတွက် ရပ်ကွက်သံဃနာယကအကျိုးတော်ဆောင်၊ ရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံကြီး၏ ဩဝါဒါစရိယ၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် စသော တာဝန်တို့ကို ဆောင်ရွက်တော်မူရင်း ကျောင်းတိုက်အတွင်း၌ လစဉ် ( ၁၀ ) ရက် တရားစခန်း၊ ဝါတွင်းရက်ရှည် ရက် ( ၁၀၀ ) တရားစခန်းများနှင့် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး တို့နှင့် ပြည်ပနိုင်ငံများသို့လည်း ဝိပဿနာတရား လှည့်လည်ဟောပြောပြသ လျက်ရှိပါသည်။

http://www.dhammadownload.com



# ကျေးဇူးစကား

ရွှေရတုအထူးထုတ် တရားစာအုပ် ဖြစ်မြောက်ရေးအတွက် တိပ်ခွေမှ စာမူအဖြစ်သို့ရောက်အောင် ကူးယူပေးခဲ့သော မိုင်းရှူး ယောဂီအဖွဲ့နှင့် ဆရာလေး ဂေါတမီ ( ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင် ) အားလည်းကောင်း၊ စာမူများကို ကွန်ပျူတာစီပေးခဲ့သော 'ကောင်းမွန်' ကွန်ပျူတာအဖွဲ့ အားလည်းကောင်း၊ စာမူများကို ပုံစံကျအောင် ပြန်လည်စိစစ်ပေးသော နတ်ညွှန်းကျောင်းဆရာတော် ဦးဝိမလအား လည်းကောင်း၊ ပါဠိစာလုံးနှင့် သတ်ပုံအမှားများကို ကူညီ ပြင်ဆင် ဖတ်ရှုပေးသော မာမက ( သုတေသီ ) အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော 'ကျုံမငေး' ပုံနှိပ်တိုက် အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော မ,တည်အလှူရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

အရှင်ဖုညာနန္ဒ

http://www.dhammadownload.com



# ယမကာ ပါဠိဟာရိယ ဘုရားရှိခိုး

ကဏ္ဏမ္ဗမူလေ ပရဟိတကရော ယောမုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သိယံ နယနသုဘဂံ အာကုလန္နဂ္ဂိဇာလံ၊
ဒုဇ္ဇာလဒ္ဓံသံ မုနိဘိဇ, ဟိတံ ပါဋိဟေတံ အကာသိ၊
ဝန္ဒေတံ သေဋ္ဌံ ပရမ ရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

**ပရဟိတကရော** - ဝေနေယျအများ သူတစ်ပါးတို့ စီးပွားဥစ္စာဖြစ် စိမ့်ငှာလျှင် ဝါလေးဆယ့်ငါး ကာလ လျှားအောင် ဘုရားတို့ငြိမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမပယတ်ပြုလုပ်ပြီး ပြေတော်မူစေတတ်ထသော၊

**ယောမုနိန္ဒော** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊

**ကဏ္ဍမ္ဗမူလေ** - ကဏ္ဍာဟူသော လူအမည်ဖြင့် ဂုဏ်ရည်လျှံပြီး သရက်ပင်အနီး၌၊

**နိသိန္နော** - တိတ္ထိအဝေး ရန်အလေးကို ဝေးရပ်ထိုဏ် ပြေးစိမ့်မည်ဟု, မျှညီ ယာပိုက်, နစ်ခြိုက်ရှင်ပြုံး သီတင်းသုံးစံနေတော်မူလျက်၊

**အစ္ဆေရံ** - မကြုံစဖူး မဖြစ်ထူးကို အထူးတွေ့ကြုံ သိုဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းကင်ပြာလျက် ပြဟ္မာမဟုဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ပြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော၊

**သိယံ** - ရေအယဉ်ကို ဖန်ဆင်းသည်က တစ်ကာလ, မီးအလျှံကို ဖန်းဆင်းသည်က တစ်ကာလ, ဤသို့လျှင် ကာလခြားကွဲ ဖြစ်တုံပါလည်း ပြဟ္မာနတ်လူ ဘုံသုံးသူတို့ စွဲယူမှတ်သား တစ်ချိန်တည်း တစ်ခဏတည်း ဖြစ်သည်ဟု အထင်မှားရအောင် လျင်လျားလည်း၊ လျင်လျားစွာထသော၊

**နယနသုဘဂံ** - နတ်လူရှိရှိ ဖူးမြင်သူတို့ မျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းအကြယ် တင့်တယ်သပ္ပါယ်စွာထသော၊

**ဒုဇ္ဇာလဒ္ဓံသံ** - နိယျာနိက သာသနာမှလျှင် ပြင်ပတာဟိ ဝိတဏ္ဍီတို့ ထိုဏ် မြေးယုက် မိစ္ဆာအယူတည်း ဟူသော ကွန်ယက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ စွမ်းနိုင်စွာထသော၊

**မုနိဘိ** - ကဿပမြတ်စွာ အစပြာသား မဟာပရမေ, ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေ တို့သည်၊

**အငဟိတံ** - ဤနေရာ ဤဌာနဝယ် ပြုံမြဲပြုမြဲ မှန်မလွဲသဖြင့် မစွန့်မပယ်အပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော၊

**အာကုလန္နဂ္ဂိဇာလံ** - ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော၊

http://www.dhammadownload.com



**ပါဋိဟောတံ** - တန်ခိုးပြာဋိဟာကို၊

**ဝါ-အာကုလန္တိ** - အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊

**ဇလံ ပါဋိဟောတံ** - အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်, အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
- လက်ျာမျက်လုံးတော်မှ မီးအလျှံ , လက်ဝဲမျက်လုံးတော်မှ ရေအယဉ်
  လက်ဝဲမျက်လုံးတော်မှ မီးအလျှံ , လက်ျာမျက်လုံးတော်မှ ရေအယဉ်
- လက်ျာနားတွင်းတော်မှ မီးအလျှံ , လက်ဝဲနားတွင်းတော်မှ ရေအယဉ်
  လက်ဝဲနားတွင်းတော်မှ မီးအလျှံ , လက်ျာနားတွင်းတော်မှ ရေအယဉ်
- လက်ျာနှာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ဝဲနှာခေါင်းပေါက်တော်မှ ရေအယဉ်
  လက်ဝဲနှာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ျာနှာခေါင်းပေါက်တော်မှ ရေအယဉ်
- လက်ျာပခုံးတော်မှ မီးအလျှံ , လက်ဝဲပခုံးတော်မှ ရေအယဉ်
  လက်ဝဲပခုံးတော်မှ မီးအလျှံ , လက်ျာပခုံးတော်မှ ရေအယဉ်
- လက်ျာလက်တော်မှ မီးအလျှံ , လက်ဝဲလက်တော်မှ ရေအယဉ်
  လက်ဝဲလက်တော်မှ မီးအလျှံ , လက်ျာလက်တော်မှ ရေအယဉ်
- လက်ျာနံပါးတော်မှ မီးအလျှံ , လက်ဝဲနံပါးတော်မှ ရေအယဉ်
  လက်ဝဲနံပါးတော်မှ မီးအလျှံ , လက်ျာနံပါးတော်မှ ရေအယဉ်
- လက်ျာခြေတော်မှ မီးအလျှံ , လက်ဝဲခြေတော်မှ ရေအယဉ်
  လက်ဝဲခြေတော်မှ မီးအလျှံ , လက်ျာခြေတော်မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ်

http://www.dhammadownload.com



- တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအယဉ်
  တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ ရေအယဉ်၊
- တသွင်သွင် ပြောင်းလဲဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော် ခြောက်ပိုနှင့်တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို၊

**အကာသိ** - တိတ္တိတဝန်း တက္ကဒွန်းတို့ ဦးစွန်းပွေရှော့ ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ၊

**သေဌ** - ချီးမွမ်းအပ်သူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊

**ပရမ ရတိင်** - နလုံးအာရုံ စွဲမြဲထုံက၊ ဘုံနန်းသိဝ, နိဗ္ဗူကျအောင် ဗလကျေးဇူး လွန်ပုံ့ပျူးသဖြင့် အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူထသော၊

**ဣဒ္ဓိဝမ္မေဟိ** - ဣဒ္ဓိအစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်၊

**ဥပေတံ** - လောက်ငကုံလုံ ပြည့်စုံတော်မူပေထသော၊

**တံမုနိန္ဒံ** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို၊

**အဟံ** - သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မြော် ဘုရားတပည့်တော်သည်၊

**ဝန္ဒေ ဝန္ဒာမိ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အဿာဒဂုဏ် မဟာဂုဏ်ကို အာရုံမှျော်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား၊

**မယံ** - တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်၊

**ဝန္ဒေ ဝန္ဒာမ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အဿာဒဂုဏ် မဟာဂုဏ်ကို အာရုံမှျော်ကိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ့်ကြပါကုန်၏ မြတ်စွာဘုရား။

( သာဓု သာဓု သာဓု )

http://www.dhammadownload.com



# နမောမြင့်ဘုရားရှိခိုး

( နမောတဿ ယတော မဟိမတော ယဿ တမောန )[၁]

**ယတောမဟိမတော** – အကြောင်ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် ( ဝါ ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း, သမီးသားကိုစွန့်ခြင်း, ဇနီးမယားကိုစွန့်ခြင်း, အင်္ဂါကြီးငယ်ကိုစွန့်ခြင်း, အသက်ကိုစွန့်ခြင်း တည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် ( ဝါ ) သတ္တဝါအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် ( ဝါ ) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု–ဒိ–အာနှင့် ဝိမာက္ကစွေ ဒိဋ္ဌထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် ( ဝါ ) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** – တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

**တမော** – အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မှောင်သည်။

**န** – မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

http://www.dhammadownload.com



**တသာ ဗုဒ္ဓသာ** – တန်ခိုးရှင်သိဒ္ဓိရှင် အပိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိုလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

**မေ** – သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်။

**နမော** – မင်္ဂလာ စရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

**အတ္ထု** – နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

**ဣမိနာ ဗုဒ္ဓ ပဏာမေန** – ဤသို့ဘုရားရှင်အား ရှိခိုးကြောင်းဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

**မေ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

**ဝေါတုမှာကံ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားနာပရိတ်သတ်ပေါင်း သူတော်ကောင်းတို့၏။

**ယထိစ္ဆိတာဧဝ္ဟာ** – အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

**ယထရွှာသယံ** – အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

**သမိဇ္ဈတု** – ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု ... သာဓု ... သာဓု )

http://www.dhammadownload.com

# မာတိကာ




၃ ကုသိုလ်ကိုစင်ကြယ်အောင်လုပ်ပါ

ကံထပ်ရခြင်းအကျိုး ၃၉







၁၁၇ နိဗ္ဗာန်ရမှ အရှုံးပျောက်မယ်

ပုဂ္ဂိုလ်လည်းခင်
နှလုံးသွင်းလည်းမှန်ပါစေ
(ပထမပိုင်း) ၁၈၁





၂၂၇ ပုဂ္ဂိုလ်လည်းခင်
နှလုံးသွင်းလည်းမှန်ပါစေ
(ဒုတိယပိုင်း)

http://www.dhammadownload.com

# ကုသိုလ်ကိုစင်ကြယ်အောင်လုပ်ပါ

## တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# ကုသိုလ်ကိုစင်ကြယ်အောင်လုပ်ပါ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ နတ်တော်လဆန်း (၃) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၁၂)ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးရတနာမြေ၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ခွဲ၊ ဂေါ်ရခါးသစ္စာဓမ္မာရုံမှာ ယနေ့မိမိတို့အားလုံး ပေါင်းစုပြီးတော့ ကိုယ်စွမ်းနိုင်တဲ့ဘက်ကနေပြီး ရန်ကုန်မြို့၊ သာကေတ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးမှာ ဆောက်လုပ်နေတဲ့ ဓမ္မာရုံတော်ကြီးမှာလည်း ကိုယ်စွမ်းနိုင်သမျှ လှူဒါန်းခဲ့တဲ့ အလှူရှင်အသီးသီးရဲ့ကောင်းမှုကုသိုလ်တွေ၊ ဒါတင်မကသေးဘဲနဲ့ မိမိတို့ဆွမ်းလှူခဲ့တဲ့အလှူတွေရော သင်္ကန်းအစရှိတဲ့အလှူတွေရော နဝကမ္မဓမ္မပူဇာလှူကြတဲ့သူတွေရော အသီးသီးကောင်းမှုရှင်များရဲ့ ကုသိုလ်တရားတွေကို ပေါင်းစုပြီးတော့ ရေစက်သွန်းချအမျှဝေတဲ့ အနုမောဒနာ တရားအဖြစ် ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ထေရာပါဠိ အဋ္ဌကထာမှ ထုတ်နုတ်ဟောကြားအပ်သော **"ကုသိုလ်ကိုစင်ကြယ်အောင်လုပ်ပါ တရားတော်"** ။

http://www.dhammadownload.com



ဒီတရားတော်ကို မဟောကြား၊ မနာကြားမီ အသီးသီးသော အလှူရှင်တွေက မိမိတို့ရဲ့ ကွယ်လွန်သွားခဲ့တဲ့ မိဘမောင်ဘွား အစရှိတဲ့ပုဂ္ဂိုလ်တွေကိုလည်း ရည်စူးတာတွေလည်းပါတယ်၊ အသီးသီးသော အလှူရှင်များရဲ့ ကုသိုလ်တရားတွေကို မျှော်လင့်ပြီးတော့ ပေးဝေသော အမျှတွေကိုလည်း သာဓုခေါ်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ပတ်ဝန်းကျင်မှာ အများကြီး၊ တရားနာကြားလိုကြတဲ့ ပရိသတ်တွေကလည်းရှိကြလေတော့ အားလုံးကို ရှေ့ပိုင်းမှာ ဖိတ်ကြားပြီးမှပဲ တရားကို ဟောမှာ နာမှာဖြစ်လို့ အာရုံတစ်ပါးစိတ်မသွားဘဲ လေးလေးစားစား အာရုံပြုထားကြပါ . . .

**သာသန မာမက သဗ္ဗေ သုဏန္တု အတိဒုလ္လဘံ**

**ဘယာတီတာ သုခါ ဟောန္တု မောဒန္တု သဟဉာတိဘိ။**

ဘောန္တော သပ္ပုရိသာ - ကောင်းဆိုးနှစ်တန် ခွဲခြားရန်ကို ကေန်လိုလား အို-သူတော်စင်ပရိသတ်အများတို့၊ သဗ္ဗေ - ဗုဒ္ဓုပ္ပါဒ ခဏဆုံခိုက်ခါကောင်းကြုံကြိုက်ကြုံ အလုံးစုံကုန်သော၊ သာသနမာမက - ဓမ္မ အဓမ္မ နှစ်ဌာနတွင် အဓမ္မပြစ် ဓမ္မချစ်၍ အနှစ်ကိုသာများစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင် သက်ဝင်လိုက်စား သာသနဘက်တော်သားဖြစ်ကြကုန်သော ရဟန်းရှင်ဟူ နတ်လူပြဟ္မာအပေါင်းများစွာတို့သည်၊ အတိဒုလ္လဘံ-သာသနာပခါသမယတွင် တပါဒပင် ကြားနာချင်လည်း အမှန်ပင်ခဲယဉ်း၍ လွန်ကဲကြပ်တည်း အံ့သြဖွယ်အတိပြီးသည့် ဓမ္မောသဓ ဆိုတဲ့ အမြိုက်ရေစင် တရားတော်မြတ်ကြီးကို၊ သုဏန္တု - သူပါမှ ငါသွားမည်ဟု တစ်ပါးကိုမမင်ဘွယ် တရားကိုသာခင်တွယ်ရှန်းပါမှ နင်တကယ်အသုံးကျမည်ဟု ကိုယ့်ကိုကိုယ် ဆုံးမလျှော်ရှန်းထကြွလာ သဒ္ဓါစေတနာ နှစ်ဖြာညီမျှ လေးဝအဓိပတိ လှဲစီညှိပြီး သတိမကွာ နာယူကျင့်သုံးကြပါကုန်လော့၊ တေ သာသနာ့မာမက - ဓမ္မ, အဓမ္မ နှစ်ဌာနတွင် အဓမ္မပြစ် ဓမ္မချစ်၍ အနှစ်ကိုသာ များစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင် သက်ဝင်လိုက်စား သာသနာ့ဘက်တော်သားဖြစ်ကြကုန်သော

http://www.dhammadownload.com



ရဟန်းရှင်ဟူ နတ်လူပြဟ္မာအပေါင်းများစွာတို့သည်၊ ဘယာတီတာ - ပစ္စုပ္ပန် သံသရာ နှစ်ဖြာကြောက်ဖွယ် ဘေးအသွယ်သွယ်မှ ကိုယ်ဝယ်စိတ်ဝယ် ငြိတွယ် မရောက် လွန်မြောက်ကုန်သည် (ဝါ)၊ ဘယာတီတာ - သားရေး၊ သမီးရေး၊ စီးပွားရေးက နေရေးထိုင်ရေး ကျန်းမာရေးဖြင့် မင်းရေး၊ စိုးရေး၊ ထင်းမီးရေး ဟု အရေးအထပ်ထပ် ဘေးအရပ်ရပ်နှင့် အနာဂတ်နောင်ဝယ် အပါယ်ဆောင် ရေး ဒုက္ခဘေးတို့မှ ကင်းဝေးလွန်မြောက်ကုန်သည်၊ သုခါ - ကိုယ်ရောစိတ်ရော နှစ်ရောတည်ငြိမ် ဆီစိမ်ဂွမ်းအလား ပီတိသောမနဿတွေ တဖွားဖွားနှင့် ဘုရားတရားတော်တွေကိုတွေးဆ၊ မတရားအလကားအချော်တွေကို ဘေး ချလျက် အေးမြချမ်းသာကြကုန်သည်၊ ဟောန္တု - ဓမ္မော ဟဝေ ရက္ခတိ ဓမ္မ စာရိံ ဟူသော ဒေသနာတော်နှင့်ကိုက်ညီသဖြင့် ထိုက်သည်စင်စစ် အမှန် အတိုင်း ဖြစ်ကြပါစေကုန်သတည်း၊ တေ သာသနာ့မာမကာ - ဓမ္မ၊ အဓမ္မ နှစ်ဌာနတွင် အဓမ္မပြစ် ဓမ္မချစ်၍ အနှစ်ကိုသာ များစွာမျှော်ကိုး မြတ်နိုးနှစ်သက် စုံမက်ချစ်ခင် သက်ဝင်လိုက်စား သာသနာ့ဘက်တော်သားဖြစ်ကြကုန်သော ရဟန်းရှင်ဟူ နတ်လူပြဟ္မာအပေါင်းများစွာတို့သည်၊ သဟဉာတိဘိ - ကောင်း ဆိုး အထွေထွေ အဘိုးအခကို တောင်းဆုမခြွေဘဲ အချိုးကျကျရသဖြင့် တစ်ကာယ တစ်ကိုယ်ရေမကအောင် အဘိုးအနေဖြင့် မျိုးဆွေဟူသမျှ ညီအစ်ကို မောင်နှမ ဉာတိသာ လောဟိတ မည်လျှင် ဆွေမျိုးပေါက်ဖော် တစ်သင်းနှင့်တကွ၊ မောဒန္တု - ဝမ်းမြောက်တော်မူနိုင်ကြပါစေကုန်သတည်း (ဝါ) မောဒန္တု - ဖြူစင်တဲ့စိတ်နှလုံးကြောင့် ရွှင်ပြုံးတဲ့မျက်နှာဝယ် ဖြူဒန္တာ စိန်သွေးတို့ တဖွေးဖွေး တလက်လက်နှင့် အရောင်တွေ သွယ်ယှက်ပြီး ဘယ်ဘက်က ဘယ်သူ့ကိုကြည့်လိုက်တိုင်း ရှုလိုက်တိုင်း ရွှန်းရွှန်းစိုလျက် အပူဆို တစ်ပေါက်တစ်စက်ကမျှ မေးမခဘဲ အေးမြလျှမ်းတောက် နိဗ္ဗာန်တိုင် စခန်း ပေါက်အောင် ဝမ်းမြောက်ကြည်နူးတော်မူနိုင်ကြပါစေကုန်သတည်း။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



ဖိတ်ကြားသင့် ဖိတ်ကြားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတဲ့နောက်မှာ တရားကို မဟောမီ မနာမီ တရားပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်း နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်။ ဆက်လက်ပြီးတော့ လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံးဟာ ဒါနကုသိုလ်ကိုလည်း စွမ်းနိုင်တဲ့ဘက်က ပြုကြသလို၊ သီလတရားလည်းပဲ ကိုယ့်မှာ တတ်စွမ်းသမျှ စောင့်ထိန်းကြတယ်၊ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ ခန္ဓာဉာဏ်စိုက်တဲ့ ဝိပဿနာအလုပ်ကိုလည်း ကြိုးစားပြီးတော့ နှလုံးသွင်း အားထုတ်နေကြတာဖြစ်တဲ့အတွက် ကိုယ်ပြုတဲ့ ကုသိုလ်ကောင်းမှုအပေါ်မှာ ကုသိုလ်မစင်ကြယ်ရင် ဘယ်တော့မှ နိဗ္ဗာန်မရဘူးလို့ ဆုံးဖြတ်ချက်ချထားပါ'

'မှန်လှပါဘုရား'

'ဘာမစင်ကြယ်ရင်?'

'ကုသိုလ် မစင်ကြယ်ရင်ပါဘုရား'

'ကုသိုလ်စင်ကြယ်အောင်လည်း ဘယ်လိုလုပ်ရမယ် ဆိုတာလေးကိုလည်းပဲ မိမိတို့တစ်တွေ ဒါနတွေကိုပြုကြပြီး သီလတွေကို စောင့်ထိန်းကြ၊ ဘာဝနာတွေကိုပွားကြတဲ့ အလုပ်သမားတွေကလည်း များကြတော့ အလုပ်ခွင်ကို အဓိကထားပြီးတော့ သူတော်စင်များရဲ့ နာကြားမှု အပေါ်မှာ ထပ်လောင်းပြီးတော့ အလျှုရှင်အသီးသီးတွေအတွက် ပံ့ပိုးပြီး ကျေးဇူးပြုသွားတဲ့တရားတစ်ပုဒ်လို့ဆိုရင်လည်း မလွဲပါဘူး'

'မှန်လှပါဘုရား'

'ရေစက်ချတရားသက်သက်မဟုတ်ဘူးနော်၊ သူတော်စင်များအတွက် အမြင်ရှင်း ပြီးတော့မှ အသိတစ်ခုလည်း တိုးသွားအောင်လို့ ကုသိုလ်စင်ကြယ်

http://www.dhammadownload.com



အောင် ဘယ်လိုလုပ်ကြမယ်၊ ကုသိုလ်စင်ကြယ်ရင်လည်းပဲ နိဗ္ဗာန်ကို သေချာပေါက်ရနိုင်ပါလားဆိုတာကို ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဒေသစာရီလှည့်ပြီး တရားတွေကိုလှည့်ဟော အဲဒီလို လိုက်ဟောနေရင်းကနေ တစ်နေရာမှာ ပရိဗိုဇ်တစ်ယောက်နဲ့တွေ့တယ်၊ ဒီပရိဗိုဇ်ကလည်း ဘုရားနဲ့တွေ့တဲ့အခါမှာ ဘုရားဟောတဲ့တရားကိုနာရတဲ့အတွက်ကြောင့် အသိတရားတွေ ကိန်းလာတယ်၊ အဲဒီလို အသိတရားကိန်းတဲ့အချိန်ခါမှာ ဘုရားထံမှာ ကြည်ညိုလွန်းလို့ တရားတောင်းတယ်၊ ဘယ်လိုတောင်းလိုက်လဲဆိုတော့ **သာဓုမေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊** အရှင်ဘုရားတဲ့ တပည့်တော်ကို လိုရင်းတိုရှင်း တရားလေးဟောပေးပါ၊ တရားအရှည်ကြီး မတောင်းဘူးနော်'

'မှန်လှပါဘုရား'

'သူတော်စင်များလို ခဏခဏ တရားဟောမခိုင်းဘူးနော်'

'မှန်လှပါဘုရား'

'မှတ်ထားပေါ့နော်၊ ဟိုကဘာတောင်းလဲ တရားကို လိုရင်းတိုရှင်း ဟောပေးပါ၊ "**သာဓုမေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု ယာမဟံ ဘန္တေ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမာဒေါ အာတာပီ ပဟိတတ္တော ဝိဟရေယျာမီတိ**" လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လျှောက်ထားတယ်၊ ဘုရားရှင်ကိုလျှောက်ထားသွားတာ ဒီပရိဗိုဇ်က ဘာလျှောက်သွားလဲဆိုတော့ အရှင်ဘုရားတဲ့ တပည့်တော်ကို လိုရင်းတိုရှင်း တရားလေးကို ဟောပေးပါဘုရား၊ အဲဒီတရားကို နာပြီးတဲ့အခါမှာ တပည့်တော်က နာပစ်မလုပ်ဘူးဘုရား၊ ဘာမလုပ်ဘူး?'

'နာပစ်မလုပ်ပါဘူးဘုရား'

'တပည့်တော်က နာပစ်မလုပ်ဘူးဘုရား၊ လက်တွေ့ နာကျင့် ကျင့်မှာဘုရား၊ အရှင်ဘုရားဟောပြီးသွားတဲ့တရားကို တပည့်တော် နာပြီးသွားတဲ့အချိန်ကျရင် အဲဒီတရားတွေကို တပည့်တော်သန္တာန်မှာကိန်းအောင် **ဧကော**-တစ်ယောက်ထဲနေပြီး ကျင့်ပါ့မယ်ဘုရား၊ **ဝူပကဋ္ဌော** - ဆိတ်ငြိမ်ရာအရပ်မှာ

http://www.dhammadownload.com



ချဉ်းကပ်ပြီးတော့ ကျင့်ပါ့မယ်ဘုရား၊ အပ္ပမာဒေါ - မမေ့မလျော့နဲ့ ကျင့်ပါ့မယ်ဘုရား၊ အာတာပီ-လုံ့လဝီရိယစိုက်ပြီးတော့လည်း ကျင့်ပါ့မယ်ဘုရား၊ ပဟိတတ္တော - နိဗ္ဗာန်ကိုစေလွှတ်သောစိတ်နဲ့လည်းပဲ တပည့်တော် ကြိုးစားပါ့မယ်လို့ ဘုရားထံမှာ တရားတောင်းတာ အာမခံချက် (၅) ခုနဲ့တောင်းတာ၊ အရှင်ဘုရားတဲ့ အရှင်ဘုရား တပည့်တော်ကို လိုရင်းတိုရှင်းလေးပဲ ဟောပေးပါဘုရား၊ အရှည်ကြီးတောင် မတောင်းဘူးနော်'

'မှန်လှပါဘုရား'

'သူတော်စင်များကတော့ တရားကို နေ့တိုင်းနာနေရရင် ကျေနပ်နေတာ ဟုတ်လား၊ ဟိုက တစ်ပုဒ်ထဲပဲ အကျဉ်းမျှပဲတောင်းတယ်၊ တိုတိုလေးပဲဟောပါဘုရားတဲ့ အရှည်ကြီးလည်းမဟောနဲ့၊ အဲဒီ ဟောတရားကို တပည့်တော်နာပြီးတဲ့အခါ မေ့မေ့ပျောက်ပျောက် မလုပ်ဘူး နာပစ် မလုပ်ဘူး၊ သူတော်စင်တွေမှာက တရားဟောပြီးသွားလို့ ကဲ. . . တရားပွဲလည်းပြီးရော ခေါင်းစဉ်ဘာလဲဆို မသိပါဘုရား၊ အဲလိုဖြစ်ကြတယ်နော်'

'မှန်လှပါဘုရား'

'နာကျင့်လား နာပစ်တွေလား?'

'နာပစ်တွေပါဘုရား'

'ဟောဖို့တောင် မကောင်းတော့ဘူး နာကျင့် ကျင့်ရမှာ'

'မှန်လှပါဘုရား'

'အရှင်ဘုရားဟောတဲ့တရားကို တပည့်တော်နာပြီးတဲ့ အခါမှာ နာပစ် မလုပ်ဘူးဘုရား၊ နာကျင့်ကျင့်မယ်ဘုရား၊ ဘယ်လိုကျင့်မလဲဆိုရင် တပည့်တော် ဒီတရားကို နာပြီးပြီဆိုရင် တစ်ယောက်ထဲနေပြီး ကျင့်မယ်၊ သူတော်စင်များက ရုတ်ရုတ် ရုတ်ရုတ်နဲ့ပြန်မှာ ပြန်တာတောင်မှ အဖော်လေးရှိမှနော်၊ ဟိုက တစ်ယောက်ထဲကျင့်မယ် ဆိတ်ငြိမ်ရာမှာ သွားပြီးကျင့်မယ်၊ မမေ့မလျော့နဲ့ ကျင့်မယ်၊ လုံ့လဝီရိယစိုက်ပြီးကျင့်မယ်၊ နိဗ္ဗာန်ကို စေတသိက်စိတ်နဲ့ ကျင့်မယ်လို့ အာမခံချက် ငါးမျိုးပေးထားတယ်၊ ဘယ်နှစ်မျိုး?'

'ငါးမျိုးပါဘုရား'

http://www.dhammadownload.com



'အဲဒီ ငါးမျိုးပေးနိုင်ရင် သေချာပေါက် တရားရမယ်လို့မှတ်ထားပါ'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့လည်း ဘယ်လိုဆရာတော်တွေလာပြီးတော့ တရားဟော အဲဒီတရားကိုနာပြီးရင် တပည့်တော်တို့လည်း ဒီအတိုင်းကျင့်ပါမယ်လို့ အာမခံရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ကောင်းတာပဲရှိတာ လက်တွေ့ကျင့်ဖို့ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'လက်တွေ့ကျင့်ဖို့ ဘယ်နှစ်ချက်?'

'ငါးချက်ပါဘုရား'

'ဘယ်လိုနေရမယ် တစ်ယောက်ထဲ နေရမယ်၊ အဖော်မလို တစ်ယောက်ထဲ ကျင့်ရမှာ၊ အဲလို တစ်ယောက်ထဲ ကျင့်မယ်ဆိုတော့ တစ်ယောက်ကိုပဲ အနည်းငယ်ပြောပေးပါ့မယ်၊ တစ်ယောက်ဆိုတဲ့ နေရာမှာ ပကတိအဖော်မရှိတာကိုလည်း ဧကော-တစ်ယောက်လို့ ခေါ်တယ်၊ မိမိတို့ ဟောဒီတစ်ယောက်ကနေပြီးတော့ အ ဒုတိယော-နှစ်ယောက်မြောက် မဟုတ်တာ နှစ်ယောက်မရှိတာ တစ်ယောက်ထဲရှိတာကို ဧကော၊ ဒါဖြင့်ရင် ပုဂ္ဂိုလ်အနေနဲ့ အခုလို သွားလာနေတဲ့အခါ တစ်ယောက်ထဲမှာ ဒုတိယမြောက်မရှိရင် ဧကော၊ ဒါတစ်ယောက်ထဲနေမယ်လို့ပြောတာနော်'

'မှန်လှပါဘုရား'

'ဒါက ပကတိအဖော်မရှိတာကိုပြောတာ၊ ဟောဒီ ဓမ္မနယ်ပယ်မှာကျတော့ အဲဒီလို သူတော်စင်များတစ်ယောက်ထဲနေတယ်၊ ဆိတ်ငြိမ်ရာလေးမှာ ကိုယ်ကတစ်ယောက်ထဲနေပြီးတော့ အခန်းထဲမှာပဲဖြစ်ဖြစ် သစ်တစ်ပင်အောက်မှာပဲဖြစ်ဖြစ် တောထဲမှာဖြစ်ဖြစ် နေပြီးတဲ့အခါကျတော့ တွေးချင်ရာတွေး ကြံချင်ရာကြံနေတဲ့ ကိလေသာတွေ ကိုယ့်သန္တာန်မှာကိန်းနေရင် ဒီပုဂ္ဂိုလ် ဧကော မဟုတ်တော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကိလေသာအဖော်ရှိနေလို့ ဘာအဖော်ရှိနေလို့'

'ကိလေသာအဖော်ရှိနေလို့ပါဘုရား'

'ဒါဖြင့် ဧကောဆိုတဲ့နေရာမှာ ကိလေသာအဖော်မရှိအောင်နေ ဘာအဖော်မရှိအောင်နေ'

'ကိလေသာအဖော်မရှိအောင်နေရမှာပါဘုရား'

'အခုလို သူငယ်ချင်းအပေါင်းသင်းတွေနဲ့ အများကြီးဝိုင်းဖွဲ့နေလည်းပဲ အဲဒီဝိုင်းဖွဲ့တဲ့နေရာမှာ ကိုယ့်ခန္ဓာမှာ အသိတရားလေးကိန်းပြီး ကိလေသာ မဖြစ်အောင် စောင့်ရှောက်ရင် အများနဲ့နေလည်း ဧကောပဲ၊ သဘောပေါက်ပြီ လား?'

'ပေါက်ပါတယ်ဘုရား'

'တစ်ယောက်ထဲဆိုပြီး ခွဲနေပြီးတော့မှ ကိလေသာတွေ သောင်းကျန်းနေ ရင် ဒီပုဂ္ဂိုလ်အဖော်ရနေပြီနော်၊ အများနဲ့တွဲနေပြီးတော့ ကိလေသာမဖြစ်အောင် နေရင် တစ်ယောက်ထဲနေတာ၊ ဒါဖြင့် တစ်ယောက်ထဲနေတတ်ပြီလား?'

'နေတတ်ပါတယ်ဘုရား'

'ဘာမရှိရမှာ?'

'ကိလေသာမရှိရမှာပါဘုရား'

'အဲဒီ ကိလေသာ အဖော်မရှိဘဲနဲ့နေတတ်ရင် ဧကော-တစ်ယောက်ထဲ နေတတ်သွားပြီ၊ ဒါတရားကျင့်တဲ့နေရာမှာ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'ဝူပကဋ္ဌော-ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်ပြီးတော့နေမယ်၊ ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်ပြီးနေမယ်ဆိုတော့ ပကတိအသံ ဆိတ်ငြိမ်တာလည်းရှိတယ်၊ ကိလေ သာအသံဆိတ်ငြိမ်တာလည်းရှိတယ်လို့ နှစ်ခုမှတ်လိုက်ပေါ့'

'မှန်လှပါဘုရား'

'မိမိတို့တောထဲတောင်ထဲမှာသွားနေတယ်၊ ပကတိအသံတွေမရှိဘူးပေါ့ ဆိတ်ငြိမ်တယ်ပေါ့၊ သို့သော်လည်းပဲ ပကတိအသံမရှိဘူးဆိုပေမယ့် ငှက်သံ လေးတွေတော့ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအာရုံတွေကို ကြောက်တာက သမထပါ၊ ဝိပဿနာက ဒါတွေကို ဂရုမစိုက်ဘူးနော်'

'မှန်လှပါဘုရား'

'ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ ဆိတ်ငြိမ်တဲ့နေရာဆိုတာသည် မိမိသန္တာန်မှာ ပတ်ဝန်းကျင်က ဘယ်လောက်ပဲဆူညံနေပါစေ၊ အဲဒီအသံလေး တွေပေါ်မှာ အသိကပ်ပြီးတော့ ကိလေသာမဖြစ်အောင် ကိုယ့်သန္တာန်မှာ စောင့်ရှောက်ပြီနေနိုင်ရင် ဒီပုဂ္ဂိုလ်သည် ကိလေသာမှ ဆိတ်တယ်၊ ဒါဖြင့် ဆိတ်ငြိမ်တဲ့အရပ်ဆိုတာ ဘာဆိတ်ငြိမ်ရမှာ?'

'ကိလေသာဆိတ်ငြိမ်ရမှာပါဘုရား'

'ဒါလည်းမမေ့နဲ့နော်'

'မှန်လှပါဘုရား'

'တစ်ယောက်ထဲလည်း နေတတ်အောင်၊ ကိလေသာအဖော်လည်းပဲ မရှိအောင် ဆိတ်ငြိမ်တဲ့အရပ်ဆိုတာလည်းပဲ ကိလေသာတွေ ကင်းဆိတ်ပြီး တော့ နေတတ်အောင် ဒါနှစ်ချက် ပြသွားပြီ'

'မှန်လှပါဘုရား'

'အပ္ပမာဒေါ-မမေ့မလျော့နေပါ့မယ်ဘုရား၊ ဘယ်လိုနေမှာ'

'မမေ့မလျော့နေရမှာပါဘုရား'

'မမေ့မလျော့နေရမယ်ဆိုတော့ သူတော်စင်များရဲ့သန္တာန်မှာ အခုလို တရားနာတဲ့အချိန် တရားထိုင်တဲ့အချိန်ပဲ အရှိန်နဲ့အသိကိုက်အောင် ကြိုးစားပြီး ကျန်တဲ့အချိန်လွှတ်ထားရင် ဒီပုဂ္ဂိုလ် မေ့လျော့တဲ့ပုဂ္ဂိုလ်ပဲနော်'

'မှန်လှပါဘုရား'

'မမေ့မလျော့ဆိုတာက ဣရိယာ ပုထ်တိုင်း၊ အချိန်တိုင်း နေရာတိုင်းမှာ အသိတရားလေးကိန်းပြီးတော့ သတိထား ဆင်ခြင်နိုင်ရင် တတ်စွမ်းသမျှ ကိလေသာမပယ်နိုင်ဘူးလား?'

'ပယ်နိုင်ပါတယ်ဘုရား'

'မမေ့တဲ့ပုဂ္ဂိုလ် ကိလေသာပယ်နိုင်မှာပဲ၊ အဲဒါလေးကိုရှင်းအောင် လို့ ဗုဒ္ဓဘာသာမှာ ရဟန်းတော်နှစ်ပါးရဲ့ ဥပမာလေးပြသွားတာကို သူတော်စင်

http://www.dhammadownload.com



များ အာရုံပြုပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီရဟန်းတော်နှစ်ပါးက တစ်နေ့ ခရီးရှည်ထွက်ကြတယ်၊ ခရီးရှည်ထွက်ပြီးပြန်အလာမှာ သူတို့ တောရဆောက်တည်တဲ့ကျောင်းကို ပြန်လာကြတယ်၊ လမ်းခုလတ်မှာ ချောင်းကြီးတစ်ခုက ခံနေတော့ ရေကလည်းစီးပါတယ်၊ တိမ်တယ် နက်တယ်ဆိုတာကို ခန့်မှန်းလို့ မရရှာဘူး၊ အဲဒီချိန်ခါမှာ သူတို့ရဲ့ မလှမ်းမကမ်းမှာ ငိုသံကြားတော့ ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက် ထိုင်ငိုနေတယ်၊ မေးကြည့်တဲ့အခါမှာ ဒီရေကို မကူးရဲလို့ ဟိုဘက်ကမ်းသွားချင်လို့ သူ့မှာ အခက်အခဲတွေ့နေတယ်လို့ ပြောတော့ အဲဒီရဟန်းနှစ်ပါးထဲက တစ်ပါးက အဲဒီအမျိုးသမီးကို ကောက်ပွေ့လိုက်တယ်၊ ပွေ့ပြီးတဲ့အခါကျတော့ ဟိုဘက်ကမ်းကိုရောက်အောင်ပို့ ပေးလိုက်တယ်၊ ဒါဖြင့်ရင် ရဟန်းတော်နှစ်ပါးသည် ဒီချောင်းရဲ့အတိမ်အနက်ကို သူတို့က သိထားတဲ့အတွက် တစ်ပါးကတော့ အဲဒီအမျိုးသမီးရဲ့ ဒုက္ခရောက်မှုကို မကယ်လိုက်ဘူးလား?'

'ကယ်လိုက်ပါတယ်ဘုရား'

'အမျိုးသမီးကို ပွေ့သွားပြီးတော့ ဟိုဘက်ကမ်းကိုချပြီးတော့ ဆက်လက်ပြီး သူတို့ရဲ့ တောရကျောင်းကို ကြွသွားပြီ၊ တောရကျောင်းကို ရောက်တဲ့အခါမှာ ပွေ့သွားတဲ့ရဟန်းတော်ကို မပွေ့တဲ့ရဟန်းတော်က ပြောတယ်၊ ငါ့ရှင် သင်ဟာ ဒါယိကာမကို ပွေ့ပိုက်ပြီးတော့ ဟိုဘက်ကမ်းကို ချခဲ့တယ်၊ သင့်မှာ အသိတရားတွေ ဒီလောက်ပဲ လွတ်ရသလားလို့ သူကပြောတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီကျတော့ ငါက ပွေ့ရုံပွေ့ပြီး ဟိုဘက်ကမ်းမှာထားခဲ့ပြီးပြီ အသင်ကတော့ ဟောဒီကျောင်းရောက်အောင် ပွေ့ခဲ့ပြီ ပြောတဲ့စကားလေးနော်'

'မှန်လှပါဘုရား'

'ကိုယ်တိုင်ပွေ့တဲ့ ရဟန်းတော်က ဒီဘက်ကမ်းကပွေ့ပြီး ဟိုဘက်ကမ်းကိုထားခဲ့ပြီ၊ သူ့ရဲ့သန္တာန်မှာ အဲဒီအမူအရာတွေမရှိတော့ဘူး၊ ဟိုကိုယ်တော်ကတော့ ဘယ်အထိပွေ့လား?'

'ကျောင်းအထိပွေ့လာပါတယ်ဘုရား'

http://www.dhammadownload.com



'တစ်လမ်းလုံး သူသတိရနေတာကိုး၊ ဒါဖြင့် မေ့တဲ့ပုဂ္ဂိုလ်နဲ့ မမေ့တဲ့ပုဂ္ဂိုလ် ပေါ်သွားပြီပေါ့နော်'

'မှန်လှပါဘုရား'

'အခု တရားနာနေကြတဲ့သူတော်စင်များလည်း အသိတရားလေး ကိန်းတုန်းကတော့ ကိုယ့်ရဲ့သန္တာန်မှာ အကုသိုလ်မဖြစ်အောင် စောင့်ရှောက်နိုင်ပေမယ့် သွားရင်းလာရင်းနဲ့ အာရုံတွေအပေါ်မှာ အသိမကပ်ရင် ဒီကိုယ်တော်လိုပဲ ကျောင်းရောက်အောင် ချီလာမှာပဲနော်'

'မှန်လှပါဘုရား'

'တချို့တွေများ ဖြစ်နေလိုက်တာ အာရုံတစ်ခုမြင်ခဲ့ဖူးတာ ကြားခဲ့ဖူးတာ၊ အဲဒီအာရုံတွေကို အိပ်လည်းပဲ ပုံဖော်နေကြတာ'

'မှန်လှပါဘုရား'

'တစ်ဖက်ကိုလှည့်ပြီး ပြုံးတာ မဲ့တာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်သည် တခြားလား မေ့လျော့တာလား?'

'မေ့လျော့တာပါဘုရား'

'ဩော်-မမေ့အောင်လို့ တရားကို အားထုတ်မှနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် အချက်ဘယ်နှစ်ချက်ရှိသွား'

'သုံးချက်ရှိသွားပါပြီဘုရား'

'တစ်ယောက်ထဲရော နေတတ်ပြီလား?'

'နေတတ်ပါတယ်ဘုရား'

'ဆိတ်ငြိမ်ရာကော ချဉ်းကပ်တတ်ပြီလား?'

'ချဉ်းကပ်တတ်ပါပြီဘုရား'

'မမေ့မလျော့ကောနေတတ်ပြီလား?'

'နေတတ်ပါတယ်ဘုရား'

'ဒါနေတတ်အောင် သင်သွားတာပါ'

http://www.dhammadownload.com



'မှန်လှပါဘုရား'

'အာတာပီ-လုံ့လ ဝီရိယမှာ တစ်နာရီပဲ အားထုတ် အားထုတ်၊ နှစ်နာရီပဲ အားထုတ် အားထုတ်၊ ငါးနာရီပဲ အားထုတ် အားထုတ်တဲ့ အပိုင်းအခြားမှာ လုံ့လစိုက်မှု ဝီရိယသည် ကိလေသာပယ်နိုင်တဲ့ ဝီရိယ၊ ကိုယ်ကြိုးစားနေတဲ့ ဝီရိယမှာ လုံ့လစိုက်ပြီးတော့ ကြိုးစား အားထုတ်ပါတယ်၊ အဲဒီအချိန်တွေကို မနည်းအောင့်အီးပြီးတော့များ ကုန်ဆုံးအောင်လို့ ကြိုးစားသွားတဲ့ပုဂ္ဂိုလ်တွေ သည် သူ့ရဲ့သန္တာန်မှာ ဉာဏ်လား ကိလေသာလား?'

'ကိလေသာပါဘုရား'

'ဒါဆိုရင် ဒီပုဂ္ဂိုလ်သည် ဝီရိယတော့ စိုက်တယ် ဘုရားအလိုမကျဘူး'

'မှန်လှပါဘုရား'

'အာတာပီဆိုတဲ့ လုံ့လ ဝီရိယမျိုးမရဘူး၊ အဲလိုဆိုရင် ကိုယ့်သန္တာန်မှာ လုံ့လစိုက်ပြီး ကြိုးစားအားထုတ်တိုင်းမှာ အရှိနဲ့အသိကိုက်အောင်လို့ ထင်ရှား ရှိတဲ့တရားပေါ်မှာ ဉာဏ်အသိလေးကိန်းပြီး စိုက်သမျှဝီရိယမှာ အရှိအသိကိုက် နေရင် ကိလေသာလာမလား?'

'မလာပါဘူးဘုရား'

'အဲဒီ ကိလေသာမလာတဲ့ဝီရိယသည် အာတာပီ၊ ဒီလို ဝီရိယနဲ့ကြိုးစား ရင် သေချာပေါက်နိဗ္ဗာန်ရမယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် မိမိတို့ လုံ့လဝီရိယရော ရှိလား မရှိလားမေးရင်?'

'ရှိပါတယ်ဘုရား'

'အဲဒီ ဝီရိယကို ချို့ယွင်းချက်မရှိအောင် ကိလေသာပယ်နိုင်တဲ့ ဝီရိယမျိုး ကြိုးစားကြပါ'

'မှန်လှပါဘုရား'

'လေးချက်တော့ရသွားပြီ၊ ပဟိတတ္တော-နိဗ္ဗာန်ကို စေလွှတ်တဲ့စိတ်မျိုး တပည့်တော်ထားပြီး ကြိုးစားမယ်ဘုရား၊ ယနေ့ သူတော်စင်များက နိဗ္ဗာန်ကို စေလွှတ်တဲ့စိတ်မျိုးကို ထားနိုင်ဖို့က နိဗ္ဗာန်ဆိုတာ ဘာမှန်းမသိတော့ ရပ့်မလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ဒီနေရာမှာ အာရုံပြုပါ တည် ကြည်မှု သမာဓိကို အခြေခံထားတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'မိမိတို့မှာ အာရုံတစ်ခုကို ပြတိုင်း ပြတိုင်းမှာ အဲဒီအာရုံကို စိုက်စိုက်စူးစူးနဲ့ အသိဉာဏ်လေးက ညွတ်ပြီးတော့များ နှလုံးသွင်းနိုင်ရန် ဒီအာရုံနဲ့ အရှိကိုက်ရင် တစ်ပါးတခြား အာရုံဝင်အုံးမလား?'

'မဝင်ပါဘူးဘုရား'

'ဒါဖြင့်ရင် ကိုယ်သည် အာရုံကို ရှေ့ရှုသိနိုင်တဲ့အသိမျိုး ကိုယ့်သန္တာန်ကိန်းရင် ဒီပုဂ္ဂိုလ် သမာဓိရလွယ်တယ်'

'မှန်လှပါဘုရား'

'သမာဓိရပြီဆိုရင် စိတ်စင်ကြယ်တာနဲ့ ကြိုးစားလိုက်ရင် အရှိနဲ့အသိကိုက်ရင် ဖြစ်ပျက်ကော မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'သူတော်စင်များအတွက်ကျတော့ ပေါ်တဲ့အာရုံလေးပေါ်မှာ ညွတ်မိတဲ့စိတ်ကလေး ကိုယ့်သန္တာန်ကိန်းဖို့အတွက် အရေးကြီးပါတယ်၊ ဒါ နိဗ္ဗာန်စေလွှတ်တဲ့ စိတ်ဆိုတဲ့အပေါ်မှာ သူတော်စင်များအတွက်ကျတော့ သမာဓိကို အခြေခံထားပြီးတော့ အာရုံပြုဖို့အပိုင်းမှာ မလွတ်အောင်လို့ ဒါသတိထားပါ'

'မှန်လှပါဘုရား'

'အရှုခံပေါ်တိုင်း ပေါ်တိုင်းမှာ အသိဉာဏ်လိုက်အောင်လို့ ကြိုးစားပါလို့ ဒါ တိုက်တွန်းလိုက်တာနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် အာမခံချက် ဘယ်နှစ်ချက်?'

'ငါးချက်ပါဘုရား'

'ရှင်းသွားပြီလား၊ တရားနာတိုင်း နာတိုင်း အားထုတ်တိုင်း အားထုတ်တိုင်းမှာ လိုလားပန်ဆင်အပ်တဲ့ နိဗ္ဗာန်ကို မည်သူမဆို လိုချင်ရင် ခြော-

http://www.dhammadownload.com



ငါတို့တွေသည် ကောင်းမှုကုသိုလ်ကိုပြုပြီး နာလိုက်ရတဲ့ တရားတစ်ပုဒ်သည် တကယ့်ကို အံကြီးအကျယ် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပါလားဆိုရင် လွဲလား?'

'မလွဲပါဘူးဘုရား'

'ဒီလိုဆိုရင် တန်ဖိုးရှိတဲ့တရားကို နာရပြီးတော့ ပေါ့ပေါ့လေးတော့ မလုပ်ကြနဲ့နော်'

'မှန်လှပါဘုရား'

'အာမခံချက် ဘယ်နှစ်ချက်ပါလိမ့်?'

'ငါးချက်ပါဘုရား'

'နံပါတ်တစ်က တစ်ယောက်ထဲနေရမယ်နော်'

'မှန်လှပါဘုရား'

'တစ်ယောက်ထဲနေရတဲ့အခါမှာ ကိလေသာအဖော် မရှိအောင်နေပါ'

'မှန်လှပါဘုရား'

'ဒါ တစ်ယောက်ထဲနေတာကိုပြောတာ မိမိရဲ့သန္တာန်မှာ ဝူပကဋ္ဌ-ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီးနေဆိုတာလည်းပဲ ပကတိအသိတွေ ဆိတ်ငြိမ်တာထက် ကိလေသာအသံဆိတ်ငြိမ်ဖို့ အရေးကြီးတယ်၊ အာရုံလေး ပြတိုင်း ပြတိုင်း အသံပဲကြားကြား ဒီအသံပဲကြားပြီးတော့ စိတ်ဆိုး စိတ်ပျက်ရင်ကို စိတ်မငြိမ်တော့ဘူး ငြိမ်ပါ့မလား၊ ပကတိအသံတော့ ငြိမ်ကောင်းငြိမ်ပါ့မယ်၊ တိတ်ဆိတ်တဲ့နေရာမှာ လေကလေးတရွှီးရွှီး၊ ငှက်ကလေး အော်သံလောက်ပဲ ကြားမယ်၊ ကိုယ်က တရားအားထုတ်ရတဲ့နေရာမှာ အဆင်ပြေတယ်လို့ ထင်ပေမယ့် အဲဒီပုဂ္ဂိုလ်မှာ အဲဒါကို သာယာနေရင် ကိလေသာ မငြိမ်တော့ဘူး၊ ဒါကြောင့် ကိလေသာတွေက ငြိမ်တဲ့အရပ်မျိုးကို နှလုံးသွင်းနိုင်တယ်ဆိုရင် ကိုယ့်စိတ်မှာ စင်ကြယ်သွားပြီ၊ တရားရဖို့အတွက် အားကောင်းတဲ့အချက်တွေလို့ မမေ့နဲ့နော်၊ ဘယ်တရားကိုပဲ အားထုတ် အားထုတ် ဒီအချက်တွေညီရင် သေချာပေါက် တရားအားထုတ်လို့ရသွားပြီ မမေ့ဖို့တော့ အထူးအရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တစ်ခါ အပ္ပမာဒေါ-မမေ့မလျော့၊ ဒါဖြင့် မမေ့မလျော့ဆိုတာက တရားအားထုတ်တဲ့ အချိန်ပဲ မမေ့မလျော့ရမှာလားဆိုတော့ မဟုတ်ဘူး၊ ဘယ်အချိန်ပဲ ဘယ်အမူအရာနဲ့နေနေ အသိကပ်နေရင် မေ့လျော့မှုအားနည်းသွားပြီ၊ အမြဲတမ်း အသိရှိဖို့ပြောနေတာပေါ့နော်'

'မှန်လှပါဘုရား'

'စားလည်း သိရမယ်၊ သွားလည်း သိရမယ်၊ ထိုင်လည်း သိရမယ်၊ လျောင်းလည်း သိရမယ်၊ အမူအရာမရွေး အချိန်မရွေး သိရမယ်ဆိုရင် ဒီပုဂ္ဂိုလ် မမေ့တော့ဘူး'

'မှန်လှပါဘုရား'

'ဒီလိုကျင့်မယ်လို့ အာမခံနေတာ အာတာပီ-လုံ့လဝီရိယစိုက်ပြီးကျင့်မယ်၊ ဘယ်လိုလုံ့လဝီရိယလဲမေးတော့ ကိလေသာပယ်နိုင်တဲ့ ဝီရိယ၊ ဘယ်လိုဝီရိယ?'

'ကိလေသာပယ်နိုင်တဲ့ ဝီရိယပါဘုရား'

'ကိလေသာပယ်နိုင်တဲ့ ဝီရိယမျိုးနဲ့ကျင့်မယ်၊ ဟော. . . နိဗ္ဗာန်ကို စေလွှတ်တဲ့စိတ်ဆိုတော့ ကိုယ်က နိဗ္ဗာန်ကိုမမြင်ဖူးသေးရင် စေလွှတ်တဲ့စိတ်မရသေးဘူး၊ ပေါ်တဲ့အရှုခံအာရုံကိုမလွှတ်အောင် စေလွှတ်တတ်တဲ့ တရားလေးကိန်းအောင် ကြိုးစားပါ၊ ပေါ်ရာဌာနလေးတွေရဲ့အပေါ် ပေါ်ရာ အရှုခံလေးမှာ အာရုံလေးကိုပြတိုင်းပြတိုင်း အသိကပ်နေရင် တစ်ပါးတခြား အာရုံရောက်ဦးမလား?'

'မရောက်ပါဘူးဘုရား'

'ဒါဖြင့် အရှုခံလေးပေါ်မှာ စေလွှတ်တတ်တဲ့အသိတရား ကိုယ့်သန္တာန်မှာ စွဲအောင် မြဲအောင် ကြိုးစားရင် တစ်နေ့တခြား ဒီအသိက အားကောင်းသွားတာနဲ့ အရှိန်နဲ့အသိကိုက်ရင် သူ့သဘောအမှန်ကို ဖြစ်ပျက်လည်းမြင်ပြီးသားပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် ဒီပုဂ္ဂိုလ် တရားရဖို့သေချာပြီလို့ ဆုံးဖြတ်ချက်ချလိုက်ပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တရားမလိုချင်ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

'ကဲ. . . သူကတော့ အာမခံချက် ပေးပြီးတော့ အရှင်ဘုရားတဲ့ အရှင်ဘုရားဟောတဲ့ အကျဉ်းမျှ ဒီတရားတွေကို တပည့်တော်နာပြီးသွားတဲ့ အချိန်ကျရင် ဒီအာမခံချက်ငါးပါးနဲ့ ကျင့်ပါ့မယ်လို့ ဘုရားကိုလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **"တေနဟိ ဥတ္တိယ ကုသလာနံ ဓမ္မာနံ အာဒိမေဝ ဝိသောဓေဟိ"** ဒီစကားလေး မိန့်လိုက်တယ်၊ သူက ဘာဟောခိုင်းတာလဲ၊ သူကအကျဉ်းလေးပဲ ဟောခိုင်းတာ၊ ဘုရားရှင်ကလည်း အကျဉ်းလေးပဲ ဟောပေးလိုက်တာ၊ **"တေနဟိ ဥတ္တိယ"** ဒီလိုဆိုရင် **"ကုသလာနံ ဓမ္မာနံ အာဒိမေဝ ဝိသောဓေဟိ"** ဒီစကားမှာ ဒီမှာတင်ပြီးသွားပြီ တရားဆုံးသွားပြီနော်'

'မှန်လှပါဘုရား'

'မကျဉ်းဘူးလား ပြီးသွားပြီ၊ ဒီတရားက **"ကုသလာနံ ဓမ္မာနံ အာဒိမေဝ ဝိသောဓေဟိ ဥတ္တိယ"** ဥတ္တိယ-ချစ်သား ဥတ္တိယ၊ **ကုသလာနံ**-ကုသိုလ်ဖြစ်ကုန်သော၊ **ဓမ္မာနံ**-တရားတို့၏၊ **အာဒိမေဝ**-အစကိုသာလျှင်၊ **ဝိသောဓေဟိ**-စင်ကြယ်အောင်လုပ်လော့တဲ့၊ ဒါဘုရားဟောတဲ့တရား ပြီးသွားပြီ၊ ဟိုမှာလည်းပဲ တရားကို ကြိုးစားမယ်ဆိုပြီးတော့ ပြီးသွားပြီ၊ ကဲ သူတော်စင်တွေ တရားဆုံးသွားပြီ ဘာများနားလည်တုန်း ဘာမှကိုမသိလိုက်ဘူး၊ ဟိုကတော့ လိုရင်း တိုရှင်း မတောင်းဘူးလား?'

'တောင်းပါတယ်ဘုရား'

'တောင်းတော့ ဘုရားက ဟောပေးလိုက်ပြီ ကုသလာနံ ဓမ္မာနံ အာဒိ **မေဝ ဝိသောဓေဟိ**။ ဒီစကား ပြီးသွားပြီ၊ ဘာပြောလိုက်လဲမေးသွားတော့ ကုသိုလ်အစ စင်ကြယ်အောင်လုပ်၊ ဒါလေးကဲဟောလိုက်တာ တရားပွဲက ပြီးသွားပြီ၊ သူတော်စင်တွေ ဘာသိတုန်း ဘာမှကို မသိလိုက်ဘူး၊ တရားတော့ မပြီးဘူးလားမေးရင် ပြီးသွားပြီ၊ အဲဒီ ပြီးသွားတဲ့တရားကို မသိတဲ့အတွက် ကြောင့်မို့လို့မေးတယ်၊ **ကောစာဒိဘန္တေ ကုသလာနံ ဓမ္မာနံ**-အရှင်ဘုရားတဲ့ အရှင်ဘုရားက လိုရင်းတိုရှင်းဟောလိုက်တဲ့ တရားက ကုသိုလ်အစ စင်အောင်

http://www.dhammadownload.com



လုပ်လို့ပြောတယ်ဘုရား၊ အခု ထပ်ပြီးတော့ **ကောစာဒိ ဘန္တေ-အရှင်ဘုရား၊ ကုသလာနံ-ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-တရားတို့၏ အာဒိ-အစသည် ကား၊ ကောစ-အဘယ်ပါနည်း၊** သူကပြန်မေးတာကိုး အရှင်ဘုရား အရှင်ဘုရား ဟောတဲ့ ကုသိုလ်ရဲ့အစဆိုတာ ဘာပါလဲ ဘုရား၊ ဒါ ပြောသွားပြီ မေးလိုက်တဲ့ အတွက်ကြောင့်မို့ ယနေ့သူတော်စင်များက ကုသိုလ်ရယ် ကုသိုလ်အစရယ် ကုသိုလ်အစကိုစင်ကြယ်အောင်လုပ်ဆိုတဲ့ ဒီသုံးချက်လေးသိရင် တရားရပြီလို့ မှတ်လိုက်တော့ သုံးချက်ပဲနော်၊ တရားကို နှေးနှေးလိုချင်လား မြန်မြန်လိုချင် လား?'

'မြန်မြန်လိုချင်ပါတယ်ဘုရား'

'ဒါ အတိုဆုံးပြောသွားတာ၊ အဲဒီတော့ အတိုချုံးပြောပြီး အမြန်ဆုံးရ အောင် သင်ပေးတဲ့တရားမှာ ကုသိုလ်ရယ် ကုသိုလ်ရဲ့အစရယ်၊ စင်ကြယ် အောင် လုပ်တာရယ် ဒီသုံးမျိုးကိုကွဲပါစေ'

'မှန်လှပါဘုရား'

'အခုလည်းပဲ ဘုရားရှင်က ကုသိုလ်အစ စင်ကြယ်အောင်လုပ်လို့ပြော လိုက်တော့၊ သူကလည်းပဲ သေချာသဘောမပေါက်တော့ အရှင်ဘုရားတဲ့ ကုသိုလ်အစဆိုတာ ဘာပါလဲ ပြန်မေးတာ၊ မေးတဲ့အခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ချစ်သား ဥတ္တိယ. . **ဝိသုဒ္ဓံ-စင်ကြယ်သော၊ သီလဉ္စ- သီလလည်းကောင်း၊ ဥဇုကံ-ဖြောင့်မှန်သော၊ ဒိဋ္ဌိ-အယူလည်းကောင်း** နှစ်ချက်ပဲ ဟောသွားတယ်၊ ကုသိုလ်အစဆိုတာ တစ်ခြားမဟုတ်ဘူးဟေ့တဲ့၊ သီလစင်ကြယ်ခြင်းနဲ့ အယူ ဖြောင့်မှန်ခြင်းမှတ်ထားနော်'

'မှန်လှပါဘုရား'

'တရားက လေးနက်တယ်၊ သူတော်စင်များကလည်း အလုပ်ခွင်မှာ ကြိုးစားထားတဲ့ သူတော်စင်တွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီတရားသည် အနှစ်အသားတွေချည်း၊ ယနေ့ အစုပြုပေးတယ်လို့ မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'အခု ယုံမှားသံသယလည်း ရှိစရာ အကြောင်းမရှိတော့ဘူး၊ ကိုယ့် သန္တာန်မှာ ဒီတရားကိန်းပြီဆိုရင် ဘယ်သူ့မှ မေးစရာမလို၊ ငါတရား သိတယ်

http://www.dhammadownload.com



လို့ဆို လက်မထောင်လို့ရတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့် ကုသိုလ်အစလေးကို ပြောသွားတဲ့နေရာမှာ ရှေးဦးစွာ တရားဓမ္မတွေရဲ့အကျိုးပေးတွေကိုလည်း နားလည်ပြီး ယုံကြည်တယ်၊ အဲဒီ ယုံကြည်မှုနဲ့ မိမိက လှူတန်းမှုကိုပြုမယ်ဆိုရင် ကိုယ့်ရဲ့လိုရင်းပန်းတိုင်သည် ဘုံဘဝမှာ အဆုံးမသတ်တော့ဘူး၊ နိဗ္ဗာန်ချမ်းသာကို အာရုံပြုမှု၊ တစ်ပါးတခြားသော ပုဂ္ဂိုလ်တွေရဲ့အနေအထားမှာ နိဗ္ဗာန်ပျောက်ပြီးတော့ လူချမ်းသာ နတ်ချမ်းသာ ပြဟ္မာမှာကော လမ်းဆုံးတာမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် သူတို့ရဲ့သန္တာန်မှာရှိနေတဲ့ ကုသိုလ်ပြုမှုကျတော့ လမ်းဆုံးပန်းတိုင် နိဗ္ဗာန်ဆိုတာ အဝေးကြီးပဲ'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ အယူမှန်ခြင်းကလည်း ကုသိုလ်ရဲ့အစလို့ မှတ်ထား၊ သီလစင်ကြယ်ခြင်းကလည်း ကုသိုလ်ရဲ့အစ၊ ဘာကြောင့်လဲမေးရင် အယူလည်းမှန်မယ်၊ သီလလည်း စင်ကြယ်မယ်ဆိုရင် ဒီကုသိုလ်သည် စွမ်းအားမြင့်သွားပြီ'

'မှန်လှပါဘုရား'

'စွမ်းအားလည်း ကြီးတယ်၊ အကျိုးပေးလည်းသန်တယ်၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့လည်း ကောင်းတယ်လို့မှတ်ထားပါ

'မှန်လှပါဘုရား'

'ဒါဖြင့် ကုသိုလ်တရားကို ပြုတဲ့နေရာမှာ ကိုယ့်ကိုယ်တိုင်လည်း သီလစင်ကြယ်မယ်၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလစင်ကြယ်မယ်ဆိုရင်၊ အကျိုးပေးသန်သလို ဟော သီလဆိုတဲ့တရား အခြေခံထားရင် သီလဝိသုဒ္ဓိကစပြီးတော့မှ ဉာဏဝိသုဒ္ဓိထိ ဝိသုဒ္ဓိ (၇)ပါး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'နိဗ္ဗာန်ကိုရောက်ဖို့အတွက် ဘယ်ကစ၊ သီလကစတယ်၊ ရှင်းသွားပြီ ပေါ့နော်'

'ရှင်းသွားပါပြီဘုရား'

'ဒါဖြင့် ကုသိုလ်ကမ္မပထတရားဆယ်ပါးက ကုသိုလ်၊ အဲဒီကုသိုလ်ရဲ့ အစကို ပြောဆိုရင် သီလစင်ကြယ်ခြင်းနဲ့ အယူဖြောင့်မှန်ခြင်း၊ သီလစင်ကြယ် ရင်လည်း အကျိုးပေးသန်သလို၊ ကိုယ်လိုရာပန်းတိုင်ကိုလည်း ဖြောင့်တန်း အောင် ပို့လိမ့်မယ်လို့ မှတ်ပါ'

'မှန်လှပါဘုရား'

'အယူမှားနေရင်လည်း နိဗ္ဗာန်ရောက်မလား?'

'မရောက်ပါဘူးဘုရား'

'အယူမှားနေရင်လည်း ပြုတဲ့ကုသိုလ် စင်ကြယ်ပါ့မလား?'

'မစင်ကြယ်ပါဘူးဘုရား'

'ဒါကြောင့်မို့ စင်ကြယ်ဖို့လည်းလိုတယ်၊ ဒီလိုဆိုရင် ဩော်-ငါတို့ကို အလှူခံတိုင်း အလှူခံတိုင်းမှာ သီလတွေကို စောင့်ထိန်းပြီးတော့မှ ဟော့ ပြည့်စုံအောင်လို့ ဘာဝနာကုသိုလ်လေးကို ဘာကြောင့်များ ဖြည့်စွက်ပြီး သင်ပေးသွားတယ်ဆိုတာ ပေါ်ပြီလား?'

'ပေါ်ပါတယ်ဘုရား'

'ကုသိုလ်ရဲ့စွမ်းအားတွေ မြင့်စေချင်လို့ပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် ကုသိုလ်အစကို စင်ကြယ်အောင်လုပ်ဆိုတော့ အခုဒီတရားလေး က အလွန်ကိုတိုကျဉ်းပြီးတော့ ဘယ်လောက်တောင်ခရီးပေါက်သလဲ မေးရင် နိဗ္ဗာန်ကို အလျင်အမြန်ရောက်တဲ့တရားလို့မှတ်ပါ'

'မှန်လှပါဘုရား'

'ဥဒ္ဒိယဆိုတဲ့ ပရိဗိုဇ်သည် သူက အယူမှားကိုယူပြီး အပေါင်းအသင်း မိတ်ဆွေကောင်းနဲ့ မတွေ့လိုသာ လှည့်လည်ပြီး သက်တမ်းတွေကုန်ခဲ့ရတာ၊

http://www.dhammadownload.com



ဘုရားနဲ့တွေ့လို့ တရားနာလိုက်ရတဲ့အခါမှာ အတိတ်ကပြုခဲ့တဲ့ ကောင်းမှု ကုသိုလ်ကံတွေကြောင့် စွမ်းအားကလည်းရှိထားတော့ ချက်ချင်းကို အသိဝင်ပြီး တော့မှ အရှင်ဘုရား တပည့်တော်ကို လိုရင်းတိုရှင်း ဟောပေးပါဘုရားဆိုပြီး တရားတောင်းနေတာ၊ အဲတော့ ဘုရားကလည်း သူ့ကို လိုရင်းတိုရှင်း ဟောပေး လိုက်တယ်၊ ဟောပေးလိုက်တဲ့ တရားကို သဘောမပေါက်တော့ ပြန်မေးနေတာ က အရှင်ဘုရားရယ် ကုသိုလ်ရဲ့အစကို ပြောပါအုံး ကုသိုလ်ရဲ့အစဆိုတာ တခြားမဟုတ်ဘူး၊ အယူဖြောင့်မှန်ခြင်းနဲ့ သီလစင်ကြယ်ခြင်းလို့ ဒီနှစ်ချက်ကို ပြောလိုက်တော့ မိမိတို့ တစ်တွေ ကုသိုလ်ကိုလုပ်ရင်း သီလကို စောင့်ထိန်းပါ၊ အယူကိုမှန်အောင် ကြိုးစားပါ၊ လှူတဲ့နေရာမှာလည်း အလှူခံပုဂ္ဂိုလ်သည် အယူမှန်တယ် သီလလည်းရှိမယ်ဆိုရင် ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'သူတော်စင်များက လှူဒါန်းတဲ့ကုသိုလ်သည် ဘုံဘဝချမ်းသာကောင်း စားရေးကို တောင့်တပြီး လှူမှာလား၊ နိဗ္ဗာန်ကိုလိုချင်တာလား?'

'နိဗ္ဗာန်ကို လိုချင်တာပါဘုရား'

'ဩော်-တစ်ဆင့်တက်သွားပြီနော် ဒီအဆင့်လေးသည် သူတော်စင်များ အတွက် စင်ကြယ်တဲ့ ကုသိုလ်လေးရတော့မယ်၊ ကုသိုလ်ရဲ့အစသည်ပင် စွမ်းအားကြီးတဲ့အတွက် ထိုက်တန်တဲ့ကုသိုလ်ဟာ အပါယ်လေးဘုံက လွတ် မြောက်ပြီးတော့ မြင့်မြတ်အထက်တန်းကျတဲ့ဘုံဌာနတွေမှာ သေချာပေါက် စံရအောင်တော့ ကျေးဇူးများသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ ဘုံဘဝတွေသည် ဘာပဲပြုပြု အိုနာသေမှာ လမ်းဆုံးတဲ့အတွက် တခြားသစ္စာလား၊ ဒုက္ခ သစ္စာလား?'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခသစ္စာဆိုတဲ့တရား၊ ဘုံဘဝတွေမှာ ဘယ်ခန္ဓာရရ ကြုံရလိမ့်မယ်ဆို တော့ တရားတွေနာကြားတဲ့ မိမိတို့အားလုံးက သစ္စာသိတဲ့ အသိလေးတွေ ကိန်းနေတော့ ဒီဒုက္ခ မလိုချင်ဘူးပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီဒုက္ခမလိုချင်လို့ ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကို အလိုရှိပါတယ်ဆိုရင် နိဗ္ဗာန်ကိုရောက်အောင် ကြိုးစားရတော့မယ်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် နိဗ္ဗာန်ကိုရဖို့အတွက်က တစ်ဆင့်တက်ရမှာက ဒီကုသိုလ်အစလေးကို ဘာလုပ်ရဦးမလဲမေးရင် စင်ကြယ်အောင်လုပ်ပါ၊ ဘာလုပ်ရဦးမလဲ'

'စင်ကြယ်အောင်လုပ်ရမှာပါဘုရား'

'ကုသိုလ်ရဲ့အစလေးတော့ရသွားပြီ၊ ဒါကိုမှ စင်ကြယ်အောင်မလုပ်တတ်ရင် နိဗ္ဗာန်မရ'

'မှန်လှပါဘုရား'

'နိဗ္ဗာန်ကို မလိုချင်ဘူးပေါ့'

'လိုချင်ပါတယ်ဘုရား'

'အခုလှူနေ တန်းနေကြတဲ့ အလှူတွေကို ပြန်ကြည့်ရင်လည်း မိမိတို့ တစ်တွေ ဓမ္မာရုံကိုလှူကြတယ်၊ တရားဓမ္မ အားထုတ်မယ့်အရပ်နော်'

'မှန်လှပါဘုရား'

'တရားတွေ ဟောပြောပြသပေးတဲ့နေရာ အဲဒီနေရာမှာသည်ပင် လာရောက်ကြတဲ့ သူတော်ကောင်းတွေ ခုနေတဲ့အတွက်ကြောင့်မို့လို့ အလှူခံပုဂ္ဂိုလ်တိုင်းသည် မစင်ကြယ်ဘူးလား?'

'စင်ကြယ်ပါတယ်ဘုရား'

'တရားဓမ္မတွေကိုနာတယ် တရားဓမ္မတွေကို အားထုတ်တဲ့အတွက် သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေများတယ်နော်'

'မှန်လှပါဘုရား'

'ကုသိုလ်ရဲ့အစစွမ်းအားကတော့ ပြောစရာမလိုအောင် ပြည့်စုံမှာပါ ဆွမ်းတစ်နပ်လှူတယ်ဆိုပေမယ့် ဒီတစ်နပ်သည် ဘယ်လောက် စွမ်းအားကြီးတယ်ဆိုတာကို တရားဓမ္မအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ နေ့စဉ်နှင့်အမျှ ရှစ်ကြိမ်မှာ တရားနာမယ်၊ တရားထိုင်မယ်၊ ရှစ်ပါးသီလကို ခံယူဆောက်တည်ပြီးတော့

http://www.dhammadownload.com



ရက်ရှည်ကျင့်ကြံကြတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့သန္တာန်မှာ အားကောင်းတဲ့ သီလစင်ကြယ်မှု ရှိမရှိ?'

'ရှိပါတယ်ဘုရား'

'ဖြောင့်မှန်တဲ့အယူကော ကိန်း မကိန်း?'

'ကိန်းပါတယ်ဘုရား'

'ဝိပဿနာဉာဏ်တွေရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'စွမ်းအားမြင့်တာကို ပြောနေတာပါ၊ မိမိတို့လှူခွင့်ရတဲ့ အလှူသည် ဘယ်လောက်ကြီးကျယ်စွာနဲ့ အကျိုးပေးသန်တဲ့အလှူ ကိုယ့်ရဲ့ကုသိုလ် အစ လေးကိုက အားရစရာကောင်းနေပါလားဆိုတာကို ဒါ မြင်အောင် ပြောလိုက် တာ?'

'မှန်လှပါဘုရား'

'အဲဒီကုသိုလ်အစလေးနဲ့ တင်းတိမ်ပြီးတော့ ရောင့်ရဲပြီးတော့ ဘုံဘဝနဲ့ ာ ပျော်ချင်ပါတယ်ဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့နော်'

'မှန်လှပါဘုရား'

'နိဗ္ဗာန်ကိုလိုချင်ရင် တစ်ဆင့်တက်ရမှာက ဘာလုပ်ရမယ်၊ စင်ကြယ် ာအောင်လုပ်ရမယ်၊ ဒါဖြင့်ကုသိုလ်ရောသိပြီလား?'

'သိပါပြီဘုရား'

'ပြုနေသမျှ ဒါန သီလ ဘာဝနာ အပစာယန ကုသိုလ်တွေ၊ ဝေယျာဝစ္စ ကုသိုလ်တွေ၊ ပတ္တိဒါန ကုသိုလ်တွေ၊ ပတ္တာနုမောဒနာ ကုသိုလ်တွေ၊ ဓမ္မဿ ာန ကုသိုလ်တွေ၊ ဓမ္မဒေသနာ ကုသိုလ်တွေ၊ ဒိဋ္ဌိဇုကမ္မ ကုသိုလ်ဆိုတဲ့ ကုသိုလ် ာမ္မပထတရားဆယ်ပါးသည် ကုသိုလ်၊ အဲဒီကုသိုလ်တွေရဲ့ စွမ်းအားတွေကို ာကြီးဖို့အတွက်က အစလေးကိုကြည့် သီလစင်ကြယ်ပါ၊ မှတ်ထားနော်၊ အယူ ဖြောင့်မှန်ရမယ်၊ ဒီနှစ်ချက်ပဲ၊ အဲဒီသီလလည်းစင်ကြယ်ပါပြီ၊ အယူကော ဖြောင့်မှန်ရဘူးလား?'

'မှန်ရပါတယ်ဘုရား'

http://www.dhammadownload.com



'ကုသိုလ်လေးရဲ့အစကို ကိုယ်စီ ကိုယ်စီ ပိုင်မပိုင်?'

'ပိုင်ပါတယ်ဘုရား'

'ဒီတင် လမ်းဆုံးတာမဟုတ်ပါဘုရား၊ တပည့်တော်တို့က နိဗ္ဗာန်ကို အလိုရှိပါတယ်လို့ ယနေ့ သူတော်စင်များက ရဲရဲတောက် ကိုယ့်ရဲ့ အာမခံချက်ကို ပြတ်သားစွာပေါ်လွင်အောင် ပြောနိုင်ရင် ဒီကတစ်ဆင့်တက်ပေးမှာက စင်ကြယ်အောင်လုပ်လိုက်ပါ'

' မှန်လှပါဘုရား'

'ဘယ်လိုလုပ်ရမယ်?'

'စင်ကြယ်အောင်လုပ်ရမှာပါဘုရား'

'စင်ကြယ်အောင် လုပ်ဆိုတော့ **"စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ"** ဒါလေး ပြောသွားပြီ၊ အရှင်ဘုရား ကဲ. . . ဒီကုသိုလ်ရဲ့အစတော့ သိပြီ စင်ကြယ်အောင် ဘယ်လိုလုပ်ရမလဲမေးတော့ ဟိုက **"စတ္တာရော သတိပဋ္ဌာနံ ဘာဝေယျာတိ"** ချစ်သား ဥဒ္ဒိယ၊ ကုသိုလ်စင်ကြယ်ချင်ရင် သတိပဋ္ဌာန်လေးပါးကိုပွားဟေ့၊ ဘာပြောလိုက်တုန်း?'

'သတိပဋ္ဌာန်လေးပါးကိုပွားရမှာပါဘုရား'

'သတိပဋ္ဌာန် လေးပါးကိုပွားခြင်းသည် ကုသိုလ်ကို စင်ကြယ်အောင်လုပ်တာ၊ မိမိရဲ့ကုသိုလ်လေးသည် သီလစင်ကြယ်နေတယ် အယူမှန်နေပြီ၊ အဲဒီ ပုဂ္ဂိုလ်သည် ကိုယ့်ရဲ့သန္တာန်မှာ လှျူတိုင်း လှျူတိုင်းမှာ အကျိုးရင်းနဲ့ အကျိုးဆက်လို့ သင်ပေးခဲ့တယ်နော်'

'မှန်လှပါဘုရား'

'အကျိုးရင်းက လှူတိုင်း လှူတိုင်းမှာ အလှူခံပုဂ္ဂိုလ်တွေရဲ့ ကျန်းမာချမ်းသာစေဖို့ အားအင်တွေပြည့်ဖြိုးပြီး တရားတွေ နှလုံးသွင်း ဟောပြောပြသ ကျင့်ကြံနိုင်ဖို့၊ ဒါကိုရည်ရွယ်တယ်ပေါ့'

'မှန်လှပါဘုရား'

'အကျိုးဆက်ကျတော့ ဖြစ်ပေါ်လာတဲ့ အကြောင်းတိုက်ဆိုင်လို့ အလှူခံပုဂ္ဂိုလ်တွေရဲ့ စင်ကြယ်၊ ကြည်ညိုစရာအသွင်အပြင် မြင်ရတိုင်း မြင်ရတိုင်း

http://www.dhammadownload.com



သူတို့ရဲ့ ဟောပြောတဲ့အသံလေးတွေကို ကြားရတိုင်း ကြားရတိုင်း ကိုယ့်ရင်ထဲမှာ ဩော်-ငါတို့ လှူလိုက် တန်းလိုက်တဲ့ အလှူခံပုဂ္ဂိုလ်တွေ၊ တရားတွေ ဟောနေတယ် တရားတွေလှည့်လည်ပြသနေတယ်၊ တရားတွေကို ကျင့်ကြံနေတယ်၊ တရားတွေကို အားထုတ်နေတယ်၊ ဟော. . . အသံလေးကို ကိုယ်မမြင်ရသော်လည်းပဲ ကြားလိုက်တိုင်း ကြားလိုက်တိုင်းမှာ အဲဒီပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဝမ်းမြောက် ဝမ်းသာ ပီတိတရား မကိန်းနိုင်ဘူးလား?'

'ကိန်းနိုင်ပါတယ်ဘုရား'

'ဒီလို ကိန်းနိုင်ပြီဆိုရင် အဲဒီအရှိတရားလေးဟာ ကိုယ့်ရဲ့အာရုံမှာ ပေါ်တိုင်း ပေါ်တိုင်း မနေမှာတိုက်လိုက်လို့ ဖြစ်ပေါ်လာတဲ့တရား၊ ဝမ်းမြောက်မှု ပီတိတရားသည် အလိုလိုပေါ်တာလား၊ အကြောင်းကြောင့် ပေါ်တာလား?'

'အကြောင်းကြောင့် ပေါ်တာပါဘုရား'

'ကဲ-ဝမ်းမြောက်ဝမ်းသာရဲ့ပီတိလေးမှာ ကုသိုလ်ရော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဩော်-ဒီကုသိုလ်တရားလေးပေါ်မှာ စင်ကြယ်အောင်လုပ်ချင်ရင် ဒီအတိုင်းမထားပါနဲ့၊ အဲဒီ ပီတိဆိုတဲ့တရားလေးဟာ အကြောင်းရှိလို့ပေါ်တာကို အကြောင်းကုန်လို့ မမြဲပါလားဆိုတာ ဉာဏ်အသိလေး ကိန်းလိုက်တာနဲ့ အရှိအောက်မှာ ဉာဏ်အသိအောက်မှာ အရှိတရားလေးဟာ ဖြစ်ပြီးတော့ မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'အဲဒါဆိုရင် ရုပ်ပေါ်လို့ ရုပ်ကို သတိထားမိရင် ဝေဒနာပေါ်လို့ ဝေဒနာကို သတိထားမိရင် စိတ်ပေါ်လို့ စိတ်ကို သတိထားမိရင် သင်္ခါရအမြင်ရလို့များ သင်္ခါရအပေါ်မှာများ သူ့သဘောလေးကို ကြည့်လိုက်လို့ ပျက်တာလေးမြင်ရင် သတိပဋ္ဌာန် (၄) ပါး၊ တစ်ပါးပါးပေါ်မှာ အသိကိန်းသွားပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုကိန်းတိုင်း ကိန်းတိုင်းမှာ ကိုယ့်သန္တာန်ကိလေသာပေါ်လား?'

'မပေါ်ပါဘူးဘုရား'

http://www.dhammadownload.com



'ကိလေသာ မပေါ်တော့ဘူး၊ ကိလေသာမပေါ်ရင် ကိလေသာကို ပယ်သတ်နိုင်တဲ့ စွမ်းအားသတ္တိ ပြည့် မပြည့် ?'

'ပြည့်ပါတယ်ဘုရား'

'ပြည့်ခြင်းသည်ပင် ဘယ်လောက် စွမ်းအားမြင့်သွားလဲမေးတော့ ဒီကုသိုလ်မှာ ကိလေသာတွေ မလာတော့တဲ့အတွက် စင်ကြယ်သွားပြီ မှန်ကော မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ယနေ့ပြုတဲ့ကုသိုလ်တွေ စင်ကြယ်စေချင်တယ်နော်'

'မှန်လှပါဘုရား'

'မိမိတို့ပြုတဲ့ ကုသိုလ်လေးအပေါ်မှာ အခုလို ဝမ်းမြောက်ဝမ်းသာ ကြည်နူးပြီး တရားတွေကို နာရတယ်၊ အာရုံလေး ပြုပြီးတော့လည်း ဝမ်းမြောက် ဝမ်းသာ ကြည်နူးပြီး ဖြစ်နေတယ်၊ အဲဒီပီတိသည် ကုသိုလ်ကို အကြောင်းပြုပြီး ဖြစ်နေတာနော်?'

'မှန်လှပါဘုရား'

'ဒါလေးကို ဒီအတိုင်းထားရမှာ မဟုတ်ဘူး၊ အဲဒီအပေါ်မှာ သာယာသွား ရင် ကိလေသာပေါ်သွားပြီ၊ ကိလေသာပေါ်ရင်၊ ကုသိုလ်မစင်ကြယ်၊ ရှင်းသွား ပြီနော်'

'မှန်လှပါဘုရား'

'ဒါလေးကို ပီတိတရားကိုယ့်သန္တာန်မှာ ကုသိုလ်ဖြစ်နေတယ်၊ ဖြစ်နေတဲ့ ကုသိုလ်တရားပေါ်မှာ သာယာနစ်မွန်းသွားပြီးတော့ ပျော်နေမယ်ဆိုရင် လောဘလာပြီ၊ အမှန်ရှိကိုမသိတော့ မောဟက မဖုံးဘူးလား?'

'ဖုံးပါတယ်ဘုရား'

'ဟော သီလအစနဲ့ လုပ်ထားတယ်၊ အယူမှန်နေတယ်၊ ဒီကုသိုလ်တွေ စင်ကြယ်အောင်လုပ်ပါဆိုတော့ မေ့သွားပြီ၊ မေ့သွားပြီး မစင်ကြယ်တော့ နိဗ္ဗာန်နဲ့ ဘယ်ထိုက်တန်ပါ့မလဲ?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ကုသိုလ်မစင်ကြယ်ရင် နိဗ္ဗာန်မရဘူးဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'ကုသိုလ်စင်ကြယ်ရင် သေချာပေါက် နိဗ္ဗာန်ရတာက ကိုယ့်ရဲ့သန္တာန်မှာ ရှိနေတဲ့ သတိပဋ္ဌာန်လေးပါး၊ တစ်ပါးပါးကို အသိဉာဏ်ကိန်းပြီးတော့ ရုပ်ပဲပေါ်ပေါ် ဝေဒနာပေါ်ပေါ် စိတ်ပေါ်ပေါ် ပေါ်ရာခန္ဓာလေးတွေကို အသိကပ်လိုက်လို့များ အရှိနဲ့အသိကိုက်ရင် ကိလေသာလာလား?'

'မလာပါဘူးဘုရား'

'ပြုသမျှကုသိုလ်စင်ကြယ် မစင်ကြယ်?'

'စင်ကြယ်ပါတယ်ဘုရား'

'စင်ကြယ်တဲ့ ပုဂ္ဂိုလ် လျင်မြန်စွာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ထိုက်တန်တယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် လိုရင်းတိုရှင်းတရားက ဒါပဲ ဘုရားကဟောပေးတယ်၊ ကုသိုလ်စင်ကြယ်အောင်လုပ်၊ ပြောလိုက်ပါ'

'ကုသိုလ်စင်ကြယ်အောင် လုပ်ရမှာပါဘုရား'

'ဒါက လိုရင်းတိုရှင်းနဲ့ နိဗ္ဗာန်ရောက်တဲ့ အတိုဆုံးလမ်းပဲ'

'မှန်လှပါဘုရား'

'မိမိတို့လည်း ဒီကုသိုလ်စင်ကြယ်အောင်လုပ်ဖို့ ကုသိုလ်တွေ မပြုဘူးလား?'

'ပြုပါတယ်ဘုရား'

'ကုသိုလ်ရနေပါပြီ၊ အဲဒီကုသိုလ်လေးကို အစအတွက်ကို အစပျိုးလိုက်တော့ သီလမခံယူဘူးလား?'

'ခံယူပါတယ်ဘုရား'

'တရားနာကြားရလို့ မှားတဲ့အယူတွေကို ပယ်စွန့်ပြီးတော့ အယူမှန်တွေကော မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ကုသိုလ်အစလည်း ကိုယ့်သန္တာန်ဖြစ်နေပါပြီ၊ ဒါလေးကို နိဗ္ဗာန်နဲ့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင်လို့သာ ကိုယ်ကလုပ်ရတော့မှာဆိုတော့၊ စင်ကြယ်အောင်သာလုပ်တော့'

'မှန်လှပါဘုရား'

'စင်ကြယ်စေချင်ရင် ကိလေသာတွေ ကိုယ့်စိတ်သန္တာန်မှာ မကိန်းအောင်လို့ သတိပဋ္ဌာန်လေးပါး ပွားလိုက်ပါ'

'မှန်လှပါဘုရား'

'ဘာပွားရမှာ?'

'သတိပဋ္ဌာန်လေးပါးပွားရမှာပါဘုရား'

'ဒီလိုဆိုရင် ကိုယ်နဲ့စပ်ပြီး ဖောက်ပြန်မှုရုပ်မျိုးစုံ ရောမပြဘူးလား?'

'ပြပါတယ်ဘုရား'

'အဲဒီပြတဲ့ ရုပ်တရားလေးတွေကို အလိုက်သင့် ကိုယ်ကနှလုံးသွင်းလို့ ကိုယ်ကသိသိနေရင် အရှိနဲ့အသိကိုက်တဲ့ ဒီဉာဏ်နောက်မှာ ကိလေသာ လာမလား?'

'မလာပါဘူးဘုရား'

'ဩော်-ကာယာနုပဿနာသတိပဋ္ဌာန်ကို နှလုံးသွင်းရင်လည်းပဲ ကုသိုလ်စင်ကြယ်တယ်'

'မှန်လှပါဘုရား'

'အာရုံပြုပြီးခံစားတဲ့ဝေဒနာ ဝမ်းသာ ဝမ်းနည်းမှုတွေ ကိုယ့်ရဲ့သန္တာန်မှာ ပျော်ရွှင်မှုတွေ ပေါ်လာသော်လည်း ဒါ. . . ဝေဒနာပါလားလို့ အသိလေးကပ်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဒီအာရုံလေးကလည်း မမြဲတော့ ဒီဝေဒနာဆိုတဲ့ ဝမ်းသာပျော်ရွှင်မှုရော မြဲပါ့မလား?'

'မမြဲပါဘူးဘုရား'

'ဒါဖြင့် ကိလေသာ လာသေးလား?'

'မလာပါဘူးဘုရား'

http://www.dhammadownload.com



'ကိုယ့်ကုသိုလ်သည် ချက်ချင်းလက်ငင်း မစင်ကြယ်သွားဘူးလား?'

'စင်ကြယ်သွားပါတယ်ဘုရား'

'ဒီလိုစင်ကြယ်လေ ကိလေသာတရား မဝင်လေ ကိုယ့်သန္တာန်မှာ ဉာဏ်ကြည်လေ၊ ဟော. . . ရုပ်နာမ်ဓမ္မတွေပေါ်မှာ လျင်မြန်စွာ အပျက်တွေကို တဖြိုင်ဖြိုင်မြင်လေဆိုတော့ ဒီအပျက်ရဲ့အဆုံးမှာ စင်ကြယ်တဲ့ ကုသိုလ်က ထိုက်ထိုက်တန်တန် နိဗ္ဗာန်ကို မျက်မှောက်ပြုပါပြီ၊ အဲဒီသဘောလေးကို ရှင်းလည်းရှင်းပေးလိုက်ရော ဥဒ္ဒိယဆိုတဲ့ပရိဗိုဇ်က ဘုရားထံမှာလည်း အသိတရားက ကပ်ထားတော့ ရှင်ရဟန်းဝတ်ပြီးတော့မှ ဒီတရားကို တောင်းလိုက်တော့ ဟော. . . တရားလည်းပဲ ကောင်းစွာနာရတယ်၊ သူကိုယ်တိုင်လည်း စိတ်ငြိမ်တဲ့နေရာလေးမှာ ချက်ချင်းဆိုသွားပြီး အာမခံချက်ငါးမျိုးနဲ့ သွားပြီးတော့ တရားအားထုတ်လိုက်တာ ကုသိုလ်စင်ကြယ်အောင်လုပ်ရင်းကနေ ရဟန္တာ လျင်မြန်စွာ ဖြစ်သွားပါတယ်'

'မှန်လှပါဘုရား'

'ဘာဖြစ်သွား?'

'ရဟန္တာ ဖြစ်သွားပါတယ်ဘုရား'

'သောတာပန်တင် မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'ရဟန္တာတောင်ဖြစ်သွားတယ်၊ အဲဒီလိုဖြစ်သွားတော့ ဓမ္မသဘင်မှာ ရဟန်းတော်တွေက စုဝေးကြတယ်၊ ဥဒ္ဒိယဆိုတဲ့မထေရ်ဟော့ ဘုရားထံမှ လမ်းမှာ တွေ့ရင်းနဲ့ တရားတောင်းတယ်၊ ဘုရားရဲ့တရားတွေကို သဘောကျတဲ့ အတွက်ကြောင့်မို့ သူဟာ ရှင်ရဟန်းပြုပြီး ကျင့်လိုက်တာတဲ့ အလွယ်တကူ လျင်မြန်စွာ ရဟန္တာ ဖြစ်ခြင်းကိုရသွားတာ သိပ်အံ့ဩစရာကောင်းတာပဲလို့ ဓမ္မသဘင်မှာ စည်းဝေးနေကြ၊ အဲဒါကို ဘုရားရှင်က ဒိဗ္ဗသောတနားနဲ့ကြားတဲ့အခါမှာ ဘုရားရှင်က ကြွသွားပြီးတော့ ချစ်သားတို့၊ ငါ ဘုရားမလာမီမှာ သင်တို့တစ်တွေသည် ဘယ်တရားနဲ့ တိုင်ပင်စည်းဝေးနေကြတာလဲလို့မေးတော့ တပည့်တော်တို့ မဟုတ်မတရား အကျိုးမများတဲ့ တိရစ္ဆာနစကားတွေနဲ့ တိုင်ပင်

http://www.dhammadownload.com



စည်းဝေးနေကြတာ မဟုတ်ပါဘူးဘုရား၊ ဥဒ္ဒိယမထေရ်ဟာ အလွန်ကိုပဲ လျင်မြန်စွာနဲ့ ရဟန္တာအဖြစ်ကို ကောင်းစွာရပြီး ဘုန်းတန်ခိုးကြီးတာ အံ့သြစရာ ကောင်းလို့ ပါဘုရား၊ အေး အဲဒါက တခြားကြောင့်မဟုတ်ဘူး သူဟာ အတိတ် တစ်ခုတုန်းက ယာဉ်လှူခဲ့တဲ့အကျိုးပေါ့၊ ဘာလှူခဲ့တဲ့အကျိုး?'

'ယာဉ်လှူခဲ့တဲ့အကျိုးပါဘုရား'

'သေချာအာရုံပြုနော်'

'မှန်လှပါဘုရား'

'ယာဉ်လှူတဲ့အကျိုးကလည်း သာမန်မတွက်နဲ့ ကြီးကျယ်ခမ်းနားတဲ့ အကျိုးကိုရတယ်၊ ယနေ့ခရီးသွားကြတဲ့ ရဟန်းတော်တွေ ကိုယ်ကတွေ့တယ် ဒုက္ခရောက်တယ်၊ အဲဒီချိန်ခါမှာ အရှင်ဘုရား ခရီးသွားစရိတ်ဆိုပြီးတော့ မိမိတို့က သွားလှူလိုက်ရင် ဒါယာဉ်အလှူပဲ'

'မှန်လှပါဘုရား'

'သက်တောင့်သက်သာ ချမ်းချမ်းသာသာနဲ့ သွားနိုင်တယ်ဆိုရင် ကိုယ့်ရဲ့ ယာဉ်အလှူတစ်ခု အောင်မြင်မသွားဘူးလား?'

'အောင်မြင်သွားပါတယ်ဘုရား'

'အဲဒါလည်းပဲ ဟောပြောပြသတဲ့ပုဂ္ဂိုလ်တွေအတွက်ကို မိမိတို့ အကုန် ကျတွေခံပြီးတော့မှ လေယာဉ်စရိတ်တွေလည်း များစွာကုန်ကျခံပြီးတော့ ပင့်ကြရတယ်၊ ဒီကနေ့ ပင့်ပြီးတော့မှ ကားအဆင့်ဆင့်နဲ့လည်းပဲ အကုန်ကျခံပြီး မပင့်ရဘူးလား'

'ပင့်ရပါတယ်ဘုရား'

'အဲဒီလို ယာဉ်အလှူတွေကို လှူရတဲ့ ကုသိုလ်တွေ၊ အခုတရားဟော ပြောပွဲမှာလည်းပဲ **PNO** က နေပြီးတော့မှ ညပိုင်း ညပိုင်းတွေမှာ တရားပွဲ အလှူအတွက်ကိုလည်းပဲ သူတို့ခမျာ မအားတဲ့ ကြားထဲကနေပြီး ယာဉ်အလှူနဲ့ ကုသိုလ်မယူခဲ့ဘူးလား?'

'ယူခဲ့ပါတယ်ဘုရား'

http://www.dhammadownload.com



'ဆိုင်းလျှံကို သွားဟောတဲ့အခါမှာလည်းပဲ အဲဒီမှာရှိတဲ့ ဒါယကာကြီး ဦးအေးလွင်တို့ကလည်းပဲ သူတို့ရဲ့ဟောဒီယာဉ်ကိုပဲ အသုံးချပြီးတော့ အလှူမပြု ခဲ့ဘူးလား?'

'ပြုခဲ့ပါတယ်ဘုရား'

'ဒါဖြင့်ရင် ဒီယာဉ်အလှူသည် ဥဒ္ဒိယမထေရ်က စွမ်းအားကြီးလောက် အောင်ကို လျင်မြန်စွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဟန္တာဖြစ်သည့်တိုင်အောင် ဆိုက် ရောက်နိုင်တဲ့ ကျေးဇူးဟာ ယာဉ်အလှူရဲ့စွမ်းအားပါလို့ ဟောသွားပြန်ပြီနော်'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးရင် တစ်ခုသော ဘဝက ဒီကမ္ဘာက ပြန်ရေတွက် လိုက်ရင် ကိုးဆယ့်လေးကမ္ဘာအထက်မှာ ကိုးဆယ့်လေးကမ္ဘာမှာနော်'

'မှန်လှပါဘုရား'

'သိဒ္ဓတ္ထဘုရား ပွင့်တော်မူခဲ့ပါသည်၊ သိဒ္ဓတ္ထဘုရားပွင့်တော်မူခဲ့တဲ့ အခါ မှာ ဆန္ဒပါကမြစ်မှာ မိကျောင်းကြီးတစ်ကောင် ရှိသည်၊ ဘုရားရှင်တို့ မည်သည် လောကကို တစ်နေ့နှစ်ကြိမ် ကြည့်တယ်၊ ဘယ်ပုဂ္ဂိုလ်တွေ ကျွတ်နိုင်သလဲ၊ ကြည့်လိုက်တဲ့အခါမှာ တစ်ချိန်မှာ ဘုရားရှင်ရဲ့ ဉာဏ်တော်ကွန်ယက်မှာ ကျွတ် တန်းဝင်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ ဘုရားရှင်ရဲ့ ဉာဏ်တော်မှာ ထင်ထင်လာတယ်၊ အဲဒီနေ့ကျတော့ စန္ဒပါကမြစ်မှာ မိကျောင်းကြီးကို သွားတွေ့တယ်၊ ငါသည် ဟိုဘက်ကမ်းကို တစ်ခုသော အကြောင်းအရာနဲ့ကြွရမယ်၊ အဲဒီကျရင် စန္ဒပါက မြစ်မှာရှိတဲ့ မိကျောင်းကြီးသည် သူ့ရဲ့ခန္ဓာကိုယ်ကို ယာဉ်အဖြစ်နဲ့ ပေးလှူပြီး တော့ ငါ့ကို ဟိုဘက်ကမ်းကို ပို့လိမ့်မယ်၊ အဲဒီကုသိုလ်ရဲ့စွမ်းအား အရှိန်သည် အင်မတန်ကြီးတယ်ဆိုတာကို သိဒ္ဓတ္ထဘုရားရှင်ကသိတော်မူလို့ ချီးမြှောက်ပါ တယ်၊ ဒါဖြင့် ဘုရားရှင်ကိုယ်တိုင် ကြွရောက်ချီးမြှောက်ပြီး ဒီဘက်ကမ်းမှာ ရပ်လိုက်တယ်ဆိုတာနဲ့ မိကျောင်းကြီးကလည်းပဲ ပေါ်လာပြီးတော့ ဘုရားရှင်ကို မျက်လုံးလေး ကလယ်ကလယ်နဲ့ ကြည့်ပြီးတော့ အရှင်ဘုရားတပည့်တော်ရဲ့ ကျောပေါ်ကို အရှင်ဘုရား. . ကြွရောက်သီတင်းသုံးပါဘုရား၊ အရှင်ဘုရား အလိုရှိတဲ့ ဟိုဘက်ကမ်းကို တပည့်တော် ပို့ချင်ပါတယ်ဘုရားလို့ လျှောက်ထား နေသယောင်မျိုး အာရုံပြုနေတာ၊ အဲတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

http://www.dhammadownload.com



လည်း သွားလိုတဲ့ဟန်အမူအရာပြလိုက်တာနဲ့ မိကျောင်းကြီးက သူ့ကျောပေါ်ကို ဘုရားကိုတင်ပြီးတော့မှ ဟိုဘက်ကမ်းကိုပို့ခဲ့ပါပြီ၊ ဒါဖြင့်ဘုရားရှင်သည် သူ့တန်ခိုးနဲ့ သွားလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါပေမယ့် ချီးမြှောက်ချင်လို့နော်'

'မှန်လှပါဘုရား'

'မိကျောင်းကြီးကလည်း ယာဉ်အဖြစ်နဲ့ သူ့ခန္ဓာကိုယ်ကို ယာဉ်အဖြစ်နဲ့ လှူလိုက်တယ်၊ အရှင်ဘုရား တပည့်တော်ရဲ့ ကျောပေါ်ကိုတက်ပါဘုရား၊ တပည့်တော် ဟိုဘက်ကမ်းကို ပို့ပေးပါ့မယ်ဆိုတော့ ဟော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ချီးမြှောက်သောအားဖြင့် ကျောပေါ်ကိုတက်ပြီးတော့ ဟိုဘက်ကမ်းကိုကြွသွားတယ်၊ အဲဒီ ကုသိုလ်ရဲ့စွမ်းအားသည် အပါယ်ကို တစ်ကြိမ်မှ မကျခဲ့ဘူး'

'မှန်လှပါဘုရား'

'ဒီကုသိုလ်ရဲ့ စွမ်းအားကြောင့်မို့လို့ စကြာဝတေးမင်းအဖြစ်က သုံးကြိမ်တိုင်တိုင်ရပါတယ်၊ နတ်တို့သမင်း သိကြားမင်းရဲ့အဖြစ်က ခုနစ်ကြိမ် တိုင်တိုင်ရပါတယ်၊ လူ့ပြည် နတ်ပြည် စုန်ချည်ဆန်ချည်နဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း မြောက်များစွာ စံပြီးရင်းကနေပြီးတော့မှ ဂေါတမ မြတ်စွာဘုရားလက်ထက်ရောက်တဲ့အခါကျတော့ ပရိဗိုဇ်ဘဝအဖြစ် သွားပြီးရောက်ရတာ မိတ်ကောင်းဆွေကောင်းနဲ့မတွေ့လို့ သူ့မှာက စွမ်းအားတော့မရှိဘူးလားမေးရင်'

'ရှိပါတယ်ဘုရား'

'မိတ်ကောင်းဆွေကောင်းနဲ့မတွေ့လို့ အယူလွဲနေသေးတယ်နော်'

'မှန်လှပါဘုရား'

'လွဲပင်လွဲငြားသော်လည်း လှည့်လည်တရားဟောတဲ့ ဘုရားရှင်နဲ့တွေ့တဲ့အခါကျတော့ အမြင်မှန် အသိမှန်ရပြီး လိုရင်းတိုရှင်းလေး နာလိုက်ရတာ ကျေးဇူးများမသွားဘူးလား?'

'များသွားပါတယ်ဘုရား'

http://www.dhammadownload.com



'ယနေ့လည်း မိမိတို့ (၁၀) ရက်တိုင်တိုင် အချိန်တိုတောင်းပေမယ့် မြောက်များစွာသော တရားတွေကို နည်းမျိုးစုံနဲ့ မနာရဘူးလား?'

'နာရပါတယ်ဘုရား'

'ဥပမာအမျိုးမျိုးနဲ့လည်း နားလည်အောင် ပေါ်လွင်အောင် ဟောပေးခဲ့တဲ့ အတွက်ကြောင့်မို့လို့ တရားနာရတဲ့နေရာမှာ ခန္ဓာကို ဉာဏ်စိုက်လို့များ ဖြည့်ဆည်းနိုင်ရင် အသိတစ်ခုခုများ မကိန်းကြဘူးလား?'

'ကိန်းနိုင်ပါတယ်ဘုရား'

'မှားနေတဲ့လမ်းတွေကိုလည်းပဲ ကိုယ်ကမြင်သွားပြီဆိုရင် ဒါကအမှား ဒါက အမှန်ပါလားလို့ ကိုယ်က ကိုယ်ပိုင်ဉာဏ်နဲ့ရော ခွဲခြားလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'အေး ဒါကြောင့် ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေကို အကြောင်းပြုပြီးတော့မှ ကိုယ့်ကုသိုလ်တွေ ဘယ်လိုစင်ကြယ်အောင်လုပ်ရမယ် ဆိုတာလေးကို ယနေ့လည်းသိသလို နောင်ပြုတဲ့ ကုသိုလ်တွေမှာလည်း စင်ကြယ်အောင်လုပ်ရင် ကိုယ်လိုလား ပန်ဆင်အပ်တဲ့ နိဗ္ဗာန်သည် လျင်မြန်စွာ မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာရချင်ရင် ကုသိုလ်ကို ဘာလုပ်ကြမယ်'

'စင်ကြယ်အောင်လုပ်ရမှာပါဘုရား'

'ကုသိုလ်အစ စင်ကြယ်အောင်လုပ်ရမယ်၊ ကုသိုလ်ကိုတော့မသိဘူးလား?'

'သိပါတယ်ဘုရား'

'ပြုတိုင်းပြုတိုင်းမှာ ကိုယ်ကလှူရင် ကုသိုလ်ချည်းပဲနော်၊ ဝေယျာဝစ္စလုပ်တယ်ဆိုတာလည်း ကုသိုလ် (၁၀) ရက်တိုင်တိုင် ဝေယျာဝစ္စလုပ်ကြတယ်၊ ဒီကုသိုလ်တရားတွေကလည်းပဲ ကိုယ့်မှာရှိနေပြီ၊ အဲဒီကုသိုလ်ပေါ်မှာ အစလေးကို တည်ဖို့က သီလစောင့်ထိန်း၊ အယူလေးမှန်အောင် ကြိုးစား၊ ဒါဖြင့် ကုသိုလ်အစ ရမသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ နိဗ္ဗာန်ကိုလိုချင်ရင် ဒီဝေယျာဝစ္စကုသိုလ်ကိုအကြောင်းပြုပြီးတော့ လည်းပဲ စင်ကြယ်အောင်လုပ်ရင် နိဗ္ဗာန် ရ မရ?'

'ရပါတယ်ဘုရား'

'ကုသိုလ် (၁၀) မျိုးထဲမှာ တစ်မျိုးပြီးတစ်မျိုးကိုသာ ကိုယ်က အာရုံပြုပြီး ကိုယ်နဲ့ ကြုံတိုင်း ကြုံတိုင်း ဒီကုသိုလ်လေးရရင် မမေ့ပါနဲ့ အစလေးကိုလည်း ပျိုးလိုက်ပါ၊ စင်ကြယ်အောင်လည်း စောင့်ရှောက်လိုက်ရင် ဘယ်ကုသိုလ်ပဲ လုပ်လုပ် နိဗ္ဗာန် ရ မရ?'

'ရပါတယ်ဘုရား'

'ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'ယနေ့မိမိတို့ပြုတဲ့ကုသိုလ်သည် စွမ်းအားမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'စွမ်းအားကြီးတဲ့ကုသိုလ်ကို အထောက်ပံ့ကောင်းတွေနဲ့ အစပျိုးပြီးတော့ အခြေခံပိုင်အောင် ယနေ့ သူတော်စင်များက များစွာသော တရားတွေ နာထားတာဖြစ်လို့ ဒါလောက်လေးပြောလိုက်ရင် ကိုယ့်မှာ သီလလည်း ရှိနေပြီ၊ အယူလည်း မှန်နေပြီ၊ စင်ကြယ်ချင်ရင် ခန္ဓာထဲ ဉာဏ်သွင်းလိုက်ပါ'

'မှန်လှပါဘုရား'

'ဉာဏ်သွင်းလိုက်ရင် သတိပဋ္ဌာန်လေးပါး တစ်ပါးပါး မတွေ့ရဘူးလား'

'တွေ့ရပါတယ်ဘုရား'

'ဖောက်ပြန်တာ ပေါ်ရင်ရုပ်၊ ကာယနု သနာ သတိပဋ္ဌာန်နော်'

'မှန်လှပါဘုရား'

'ခံစားမှုပေါ်ရင် ဝေဒနာနုပဿနာ သတိ ပဋ္ဌာန် သိမှုလေးတွေပေါ်ရင်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ရုံခါရုပ် ရုံခါနာမ် ပေါ်တဲ့ ဓမ္မသဘောလေးတွေရဲ့ သင်္ခါရအမြင်ကိုရရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ ဘယ်တရားပဲပေါ်ပေါ် အရှိနဲ့အသိ ကိုက်နေပြီဆိုရင် ကုသိုလ် မစင်ကြယ်လာဘူးလား?'

'စင်ကြယ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပွားပါ ပွားပါများရင် ကိလေသာတွေ လာခွင့်မရတဲ့အတွက်ကြောင့်မို့ ခင်ကြယ်တဲ့ ကုသိုလ်တရားသည်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရတယ်ဆို တာကို ဥဒ္ဒိယမထေရ်က သက်သေပြမသွားဘူးလား?'

'ပြသွားပါတယ်ဘုရား'

'ကိုးဆယ့်လေးကမ္ဘာအထက်မှာ.ပြုခဲ့တဲ့ ယာဉ်အလှူရဲ့ စွမ်းအားကော ပေါ်လွင်အောင် ပြောသွားတဲ့အတွက်ကြောင့်မို့လို့ ယနေ့ ယာဉ်လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ နောင်တရားပွဲတွေ ပွဲတွေမှာ ကြုံလာပြီဆိုတာနဲ့ မပြတ် မလပ်များ ကုသိုလ်တွေယူမယ်ဆိုရင် ကိုယ့်အတွက် ကြီးကျယ်တဲ့ အကျိုးတရား တွေ မပိုင်နိုင်ဘူးလား?'

'ပိုင်နိုင်ပါတယ်ဘုရား'

'အေး. . . ကုသိုလ်ရှင်များအားလုံး ကုသိုလ်တွေကို စင်ကြယ်အောင် လုပ်ပြီးတော့ လိုလားပန်ဆင်အပ်တဲ့ နိဗ္ဗာန်ကို လွယ်လင့်တကူ ရနိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြ ရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



# ကံထပ်ရခြင်းအကျိုး

## တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ကံထပ်ရခြင်းအကျိုး တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၉) ရက်နေ့၊ ရှမ်းပြည်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ခွဲ၊ ဂေါ်ရခါးသစ္စာဓမ္မာရုံမှာ ယနေ့ဒကာ ဒကာမအပေါင်းက ပေါင်းစုပြီးတော့ ရန်ကုန်မြို့၊ သာကေတ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်မှ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပုညာနန္ဒနှင့် မိုင်းရှူးရတနာမြေ တောင်ပေါ်သီတင်းသုံးနေတဲ့ သဒ္ဓမ္မရံသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝဏ္ဏ အရှင်မြတ်နှစ်ပါးကို သိက္ခာထပ်အလှူ ပြုလုပ်တဲ့ပွဲမှာ အနုမောဒနာတရားအဖြစ်ဟောကြားအပ်သော "သာသနာ့အမွေ တရားတော်" ။

ဒီတရားတော်ကို မဟောမနာမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုမှာဖြစ်တဲ့အတွက် လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ။

(-----------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့ ဒကာ ဒကာမတွေ သဒ္ဓါပေါက်ပြီးတော့ ပေါင်းစုပြီးမှ သာသနာတော်မှာ အရှင်မြတ်ရဟန်းနှစ်ပါးကို မိမိတို့ရဲ့သာသနာနဲ့ဆုံခိုက်မှာ ရဟန်းဒကာ ရဟန်း ဒကာမအဖြစ်နဲ့ ခံယူတဲ့ပွဲ သာသနာတော်မှာ ကိုယ့်ရဲ့ သက်ဆုံးတိုင် အရှင်မြတ် နှစ်ပါးကို အခုလို ရှစ်ဖြာပရိက္ခရာစုံလင်စွာ လှူဒါန်းပြီးတော့ ကံထပ်မင်္ဂလာ သိက္ခာထပ်မင်္ဂလာ ပုနောပသမ္ပဒါန် တစ်ဖန်ပြန်ပြီးတော့ ရဟန်းခံကြတယ်၊ ဒီလိုကောင်းမှုကုသိုလ်ကို မိမိတို့ပြုကြတာဟာ သာသနာနဲ့ ဆုံလို့သာလျှင် ဒီအခွင့်အရေးရတာပါ။ သာသနာနဲ့မဆုံရင်တော့ ဒီအခွင့်အရေးဟာ လိုချင် လည်းပဲ မရပါဘူး၊ ဘာနဲ့ဆုံလို့?'

'သာသနာနဲ့ဆုံလို့ပါဘုရား'

'သာသနာနဲ့ ဆုံပြန်တော့လည်းပဲ ကြည်ညိုတတ်တဲ့သဒ္ဓါတရား မ,တည် လျှင်လည်းပဲ မရပါဘူး၊ မိမိတို့မှာ ကြည်ညိုတဲ့သဒ္ဓါတရားလည်းရှိတယ်၊ သာသနာတော်နဲ့ ဆုံခိုက်မှာ ဩော်-ဒီအရှင်မြတ်တွေသည် သာသနာ့ အကျိုးကို ထမ်းစွမ်းတမံ သယ်ပိုးကြတယ်၊ ဒီလိုသယ်ပိုးတဲ့နေရာမှာ ငါတို့ တစ်နေရာက နေပြီးတော့ ဝိုင်းဝန်းပံ့ပိုးလို့ တတ်စွမ်းတဲ့ဘက်ကနေပြီး အမြဲသက်ဆုံးတိုင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လိုအပ်တာတွေကိုလည်း ပံ့ပိုးလှူဒါန်းပြီးတော့ သာသနာကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းပြုကြမယ်ဆိုတဲ့ မွန်မြတ်တဲ့ သဒ္ဓါ တရားကိန်းလို့လည်းပဲ ရှင့်ဒကာ, ရှင့်အစ်မ၊ ရဟန်းဒကာ, ရဟန်းအစ်မ အဖြစ် ခံယူချင်တဲ့ဆန္ဒ ပေါ်တာပါ။ ဒီလိုမှမဟုတ်ရင်လည်းဘဲ ဒီဆန္ဒမဖြစ်ပါဘူး မိမိတို့ လှူမယ် ဆိုရင်ကို ကြုံရင်ကြုံသလို လှူလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့်ရင် အစဉ်အမြဲနှလုံးသွင်းပြီးတော့ ကုသိုလ်တွေပွားပြီး သာသနာ မှာ ကျေးဇူးများအောင်က ကိုယ့်မှာ ဩော်-ငါတို့ ရဟန်းခံထားတဲ့ ရဟန်း တစ်ပါး ရှိတယ်၊ ငါ့တို့အတွက်သည် အမြဲမပြတ် လိုအပ်တာတွေကို ဖြည့်ဆည်း ရမှာပါလားလို့ တွေးမိတိုင်း တွေးမိတိုင်း ကုသိုလ်တရားတွေ မပွားဘူးလား ပွားမှာလား?'

'ပွားမှာပါဘုရား'

http://www.dhammadownload.com



'မရှိတဲ့ပုဂ္ဂိုလ်နဲ့ ရှိတဲ့ပုဂ္ဂိုလ် သာသနာတော်မှာ ရဟန်းတစ်ပါးကို ရထားတဲ့ပုဂ္ဂိုလ်နဲ့ မရတဲ့ပုဂ္ဂိုလ် ကုသိုလ်အာရုံတွေးတဲ့ နေရာမှာ ဘယ်သူက အားကောင်းလဲမေးရင် ကုသိုလ်တရားမှာ ရဟန်းတစ်ပါး ရှိတဲ့ပုဂ္ဂိုလ်က ဩော်-ငါ့မှာ ဒီရဟန်းတစ်ပါးရှိတယ်၊ ငါစွမ်းနိုင်တဲ့ဘက်က ဖြည့်ဆည်းရမယ်လို့ အာရုံလေးတစ်ခုက သူ့အတွက် ကုသိုလ်ဖြစ်စရာလေး မပေါ်နေဘူးလား?'

'ပေါ်နေပါတယ်ဘုရား'

'ကုသိုလ်ဖြစ်အောင် ယူတတ်မှပေါ့နော်'

'မှန်လှပါဘုရား'

'ဒီတော့ မိမိတို့တစ်တွေသည် သာသနာတော်နဲ့ကြုံခိုက်မှာ ရှင့်ဒကာ ရှင့်အစ်မ၊ ရဟန်းဒကာ ရဟန်းအစ်မတွေ ခံယူတဲ့နေရာမှာ အခုလို ကံထပ်ကြတယ်ဆိုတဲ့နေရာမှာလည်းပဲ ရဟန်းမပြောက်လို့ ထပ်ပြီး ရဟန်းခံတာ မဟုတ်ပါဘူး၊ မိမိတို့အတွက် ရဟန်းဒကာ ရဟန်းအစ်မအဖြစ်ကို ခံယူပြီးတဲ့အခါမှာ သာသနာတော်မှာ ဒီရှင်ရဟန်းများရဲ့ လိုအပ်သမျှတွေကို ပံ့ပိုးပြီး လှူဒါန်းတဲ့အတွက်ကို ဆုံးဖြတ်ချက်ချပြီးတော့ တစ်ခါနဲ့ဒကာ ကွဲပါစေနော်'

'မှန်လှပါဘုရား'

'တစ်ခါဆိုတာကတော့ အခုလိုကြုံတုန်းလေးမှာ သိက္ခာထပ်ပြီးသွားရင် ရှင်ဒကာ၊ ရဟန်း ဒကာအနေနဲ့တော့ တစ်နေ့တာ ပြီးသွားခဲ့ပြီး ကြာရင်မေ့ပျောက်သွားတာသည် တစ်ခါလို့ခေါ်တယ်'

'မှန်လှပါဘုရား'

'အစဉ်တစိုက် ဒီရဟန်းတော်အပေါ်မှာ ငါတို့ နှလုံးသွင်းပြီးတော့ သာသနာမှာ ကျေးဇူးများအောင် ဘယ်လို ပံ့ပိုးပေးမယ်ဆိုတာကို ကိုယ့်ရဲ့နှလုံးသားထဲမှာ အစဉ်ကိန်းပြီးတော့ ချီးမြှောက်ဖို့ သဒ္ဓါတရား မရှိနေဘူးဆိုရင် တစ်ခါပေါ့နော်'

'မှန်လှပါဘုရား'

'ယနေ့ဒီမှာရှိနေကြတဲ့ သူတော်စင်တွေသည် ရဟန်းဒကာ ရဟန်းအစ်မအဖြစ် ခံယူကြတယ်၊ အဲတော့ တစ်ခါတွေလား ဒကာတွေလား?'

'ဒကာတွေပါဘုရား'

http://www.dhammadownload.com



'ကွဲပါစေနော်. . .'

'မှန်လှပါဘုရား'

'ဒကာဆိုရင် မိမိတို့သက်ဆုံးတိုင် အဲဒီရှင်ရဟန်းတွေအတွက် လိုအပ်နေတာကို ပံ့ပိုးချီးမြှောက် လှူဒါန်းဖို့ကိုတော့ အမြဲသဒ္ဓါတရားအားကောင်းပါစေ'

'မှန်လှပါဘုရား'

'ယနေ့ပြီးသွားလို့ ကျောခိုင်းလိုက်ပြီဆိုရင်တော့ မဟုတ်သေးဘူးနော် '

'မှန်လှပါဘုရား'

'ဒါမျိုးဆိုရင် ဒီလောကမှာ ပေါလွန်းလို့မှာရပါတယ်'

'မှန်လှပါဘုရား'

'ကုသိုလ်ဖြစ်အောင် ရဖို့ယူဖို့အတွက်ကို မိမိတို့တစ်တွေသည် အခုလို ထက်သန်တဲ့သဒ္ဓါတရားနဲ့ ကိုယ့်သဒ္ဓါနဲ့ကိုယ် ပါဝင်လာကြတာဖြစ်တော့ ဒါလေးကို နားလည်ထားရင် သြော်-အစဉ်တစိုက် ငါတို့မှာ ရဟန်းတစ်ပါးရှိပြီ၊ ရဟန်းနှစ်ပါးရှိပြီ၊ ဝါဆိုကျရင် ဝါဆိုသင်္ကန်းကပ်ရအုံးမယ်၊ ဆေးလေးပို့ရအုံးမယ်၊ အစရှိသဖြင့် အမှတ်ရတိုင်း အမှတ်ရတိုင်း ကုသိုလ်တွေ မပွားဘူးလား?'

'ပွားပါတယ်ဘုရား'

'ကိုယ်က ရဟန်းအဖြစ်ကို ရအောင်လို့ယူထားတဲ့ ဒီအရှင်မြတ် နှစ်ပါးကို ရဟန်းဒကာ ရဟန်းအစ်မ၊ ရဟန်းမယ်တော် ရဟန်းခမည်းတော် အဖြစ်နဲ့ ခံယူထားတဲ့ သူတော်စင်တွေဖြစ်တော့ စောင့်ရှောက်ဖို့တာဝန်၊ သာသနာမှာ ကျေးဇူးများအောင် ကိုယ့်မှာလည်းပဲ သဒ္ဓါတရားလေးတွေ မွေးထားမယ်ဆိုရင်တော့ အဖိုးမတန်ဘူးလား?'

'တန်ပါတယ်ဘုရား'

'ကဲ ဒါက အခုလို ရဟန်းခံလိုက်တဲ့အတွက်ကြောင့်မို့လို့ မိမိတို့က ရဟန်းဒကာ ရဟန်းအစ်မအဖြစ် ခံယူထားတော့ ဒီလိုရဟန်းဒကာ ရဟန်းအစ်မအဖြစ်ခံယူလိုက်တာသည် သာသနာ့အမွေရတာ မဟုတ်သေးဘူးနော်'

'မှန်လှပါဘုရား'

'တစ်ချို့ကလည်းပဲ ရှင့်ဒကာ ရှင့်အစ်မခံယူလိုက်တယ်၊ ကိုယ့်မှာရှိတဲ့ ရင်နှစ်သည်းချာ သားရတနာတွေကို ရှင်ပြုပေးတယ်၊ ရဟန်းခံတယ်၊ အဲဒီလို

http://www.dhammadownload.com



ရှင်ပြု ရဟန်းခံလိုက်တာနဲ့ သာသနာ့အမွေရပြီလို့တော့ အထင်မလွဲလိုက်ပါနဲ့'

'မှန်လှပါဘုရား'

'သာသနာ့အမွေရတယ်ဆိုတာက သာသနာဆိုတာကို ပြန်ကြည့်ရင် ဘုရားရဲ့အဆုံးအမ သာသနာဆိုတာ'

'ဘုရားရဲ့အဆုံးအမပါဘုရား'

'အဲဒီ အဆုံးအမအတိုင်းကို နှလုံးသားမှာကိန်းအောင်လို့ ဆောင်ထားနိုင်ရင်တော့ ဒီအမွေရမှာပဲ'

'မှန်လှပါဘုရား'

'ဘုရားရဲ့အဆုံးအမကိုမှ ကိုယ့်ရဲ့နှလုံးသားမှာ ကိန်းအောင်မယူနိုင်ရင်တော့ ဘယ်လောက်ပဲ ရှင်တွေပြုပေး ကျောင်းတွေဆောက်ဆောက် သိမ်တွေဆောက်ဆောက် ရဟန်းတွေခံခံ ဘုရားတွေဘယ်လောက်ပဲ တည်တည် ဒီအမွေမရပါဘူး'

'မှန်လှပါဘုရား'

'ဘုရားရဲ့အဆုံးအမက **"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ၊ သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ"** ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ဆုံးမခဲ့တဲ့ စကားလေး သုံးခွန်းထဲပါ၊ **သဗ္ဗပါပဿ အကရဏံ**-မကောင်းတဲ့ အကုသိုလ်မှန်သမျှ မလုပ်ကြနဲ့၊ ဒီတစ်ချက် အသဲစွဲအောင်လုပ်ထား'

'မှန်လှပါဘုရား'

'ဘုရားရှင်တိုင်း ဘာဆုံးမလဲမေးရင် မကောင်းတာမှန်သမျှ ဘာတစ်ခုမှ မလုပ်နဲ့၊ **ကုသလဿူပသမ္ပဒါ**-ကောင်းတဲ့ကုသိုလ်ကျတော့ စုံအောင်လုပ် ကောင်းတဲ့ကုသိုလ်ကျတော့'

'စုံအောင်လုပ်ရမှာပါဘုရား'

'မကောင်းတဲ့အကုသိုလ်တွေသည် မလုပ်ကြနဲ့ ကောင်းတဲ့ကုသိုလ်မှန်သမျှစုံအောင်လုပ်၊ **သစိတ္တ ပရိယောဒပနံ**-စိတ်လေးကို ဖြူစင်သန့်စင်အောင် စောင့်ရှောက်ကြ၊ စိတ်ကို ဖြူစင်အောင်ထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီစိတ်လေးဖြူစင်အောင်ထားဖို့က ဘုရားပွင့်မှသာလျှင် သိခွင့်ရတဲ့ ဝိပဿနာအသိဉာဏ်နဲ့ ကိုယ့်သန္တာန်အရှိကို နှလုံးသွင်းနိုင်ရင် ကိလေသာဆိုတဲ့ အလိုဆိုး ဝင်ပါ့မလား?'

'မဝင်ပါဘုရား'

'ကိလေသာမဝင်ရင် စိတ်စင်ကြယ်တာပဲနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် သုံးချက်မှာထားပါပြီ မကောင်းတဲ့အကုသိုလ်မှန်သမျှ မလုပ်ကြနဲ့၊ ကောင်းတဲ့ကုသိုလ်မှန်သမျှ စုံအောင်လုပ်'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့စိတ်လေးကို စင်ကြယ်အောင် စောင့်ရှောက်ကြ၊ **ဧတံဗုဒ္ဓါန သာသနံ** - ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ဆိုဆုံးမခဲ့တဲ့ စကားသုံးရပ်ပါ၊ အဲတော့ ဒီစကားသုံးရပ်အတိုင်းလိုက်နာရင် ဘုရားရဲ့အမွေရမယ်၊ သာသနာ့ရဲ့အမွေတည်မယ်၊ ဒီအဆုံးအမကိုမှ မလိုက်နာရင် ဘယ်လောက်ပဲ ကျောင်းကြီးတွေဆောက်လှူလှူ၊ ဘယ်လောက်ပဲ သိမ်တွေကို ဆောက်လှူလှူ၊ ဘယ်လောက်ပဲရဟန်းတွေကို အပါးတစ်ရာ, နှစ်ရာ ကံတွေလိုက်ထပ်ပြီး ရဟန်းတွေပြုပါစေ သာသနာ့အမွေ ဘုရားအဆုံးအမမှ မကိန်းရင် မရပါဘူး'

'မှန်လှပါဘုရား'

'ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

'ဒါဖြင့်ရင် သူတော်စင်များ အခုချိန်ခါမှာ သာသနာတော်နဲ့ဆုံခိုက်မှာ ကိုယ်က ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မတော့ ခံလိုက်ပြီပေါ့နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ရှင့်ဒကာတွေဖြစ်သွားပြီ၊ ရှင်အစ်မတွေဖြစ်သွားပြီ၊ ရဟန်းဒကာတွေဖြစ်သွားပြီ၊ ရဟန်းအစ်မတွေဖြစ်သွားပြီ၊ သာသနာနဲ့ဆုံလို့ ဒီအခွင့်အရေးတော့ရတယ်ပေါ့'

'မှန်လှပါဘုရား'

'ဒီနေရာမှာ ဒကာ ဒကာမနဲ့ပတ်သက်ပြီး လေးမျိုးမှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင့်ဒကာ ရှင့်အစ်မ၊ ရဟန်းဒကာ ရဟန်းအစ်မသာဖြစ်၍ သာသနာ့အမွေ မရတဲ့ပုဂ္ဂိုလ်က တစ်မျိုးရှိတယ်'

'မှန်လှပါဘုရား'

'ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မကတော့ မဖြစ်ဘူး၊ သာသနာ့အမွေရတဲ့ပုဂ္ဂိုလ်က တစ်မျိုးရှိတယ်'

'မှန်လှပါဘုရား'

'ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မလည်းမဖြစ်၊ သာသနာ့အမွေလည်း မရတဲ့ပုဂ္ဂိုလ်ကတစ်မျိုး'

'မှန်လှပါဘုရား'

'ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မလည်းဖြစ် သာသနာ့အမွေရတဲ့ပုဂ္ဂိုလ်ကတစ်မျိုးလို့ . . ပုဂ္ဂိုလ်ဘယ်နှစ်မျိုး?'

'လေးမျိုးပါဘုရား'

'ပုဂ္ဂိုလ်လေးမျိုးရှိတယ်၊ အဲဒီပုဂ္ဂိုလ်လေးမျိုးထဲမှာ အခုလို သာသနာတော်နဲ့ဆုံလို့ မိမိတို့စွမ်းနိုင်တဲ့ဘက်ကနေပြီးတော့ သာသနာတော်ကို ကြည်ညိုလို့ ရှင်ရဟန်းတွေနဲ့လည်း အမြဲတမ်းဆွေမျိုးတော်စပ်ပြီးတော့ ရင်းရင်းနှီးနှီးနဲ့ ကိုယ့်ရဲ့လိုအပ်သမျှတွေကို သွားရောက်ပြီးတော့ အဆုံးအမတွေကို အမြဲခံယူခြင်းအားဖြင့် ကိုယ့်ရဲ့သန္တာန်မှာ ယဉ်ကျေးသိမ်မွေ့တဲ့ အသိလေးတွေ မတိုးနိုင်ဘူးလား?'

'တိုးနိုင်ပါတယ်ဘုရား'

'ဒါက ကိုယ်ကအခုလို ရှင့်ဒကာ ရဟန်းဒကာ ရှင့်အစ်မ ရဟန်းအစ်မလို့ ခံယူလိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီရှင်ရဟန်းဝတ်တွေနဲ့ ဆွေမျိုးတော်သွားပြီ၊ ဒီရဟန်းတွေနဲ့ ရင်းနှီးကျွမ်းဝင်သွားပြီ၊ မိမိတို့မှာ ဆိုဆုံးမတာတွေကို အမြဲမပြတ် အမှတ်ရပြီးတော့ ခံယူနိုင်သလို လျှပ်ူတန်းမှု ကုသိုလ်တွေလည်း မဖြစ်ဘူးလားမေးရင်?'

'ဖြစ်ပါတယ်ဘုရား'

'ဒါဖြင့်ရင် အခွင့်အရေးက ရှင့်ဒကာ ရဟန်းဒကာတွေမှာ ရသွားတာပဲ ရှင့်အစ်မ ရဟန်းအစ်မတွေမှာ ရသွားတာပဲ ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး၊

http://www.dhammadownload.com



အဲဒီလိုမျိုး ကိုယ်က သာသနာတော်မှာ ဒီဒကာ ဒကာမအဖြစ်နဲ့ ခံယူထားတဲ့ အတွက်ကြောင့်မို့လို့ မကျန်းမမာဖြစ်တဲ့အခါကျရင် မယ်တော်ရယ် ခမည်းတော် ဆိုတဲ့ ရဟန်းဒကာ ဒကာမတွေက ဩော်-ဒီအခွင့်အရေးလေးကို အရှင်ဘုရား တပည့်တော်ကို နေမကောင်းလို့ မကျန်းမာလို့လာရောက်ပြီးတော့ ကြွရောက် ချီးမြှောက်ပါဘုရားလို့ သွားပင့်လျှောက်ရင် ဒီရဟန်းတော်တွေက ကြွရောက် ချီးမြှောက်ပေးရတယ်၊ ကိုယ့်ရဲ့ သာသနာတော်မှာ ချီးမြှောက်နေကြတဲ့ ပုဂ္ဂိုလ် တွေကို ချက်ချင်းကို ချီးမြှောက်ပေးကြပါတယ်၊ ဒီအခွင့်အရေးလည်း မရဘူး လားမေးရင်?'

'ရပါတယ်ဘုရား'

'အဲဒါတွေကို ကိုယ်ကနေပြီးတော့ရတယ် ဟောပြောပေးတဲ့ ဆိုဆုံးမတွေ သွန်သင်ပေးတဲ့နည်းတွေ ဘုရားဟောကြားပေးတဲ့ အဆုံးအမတွေကို ပြန်လည် သွန်သင်ပေမယ့် ကိုယ်ကမှအဲဒီလိုမျိုး နှလုံးသားမှာကိန်းအောင် မဆောင် ထားရင် ဒီပုဂ္ဂိုလ်သည် ရှင့်ဒကာ ရဟန်းဒကာတော့ဖြစ်မယ်၊ သာသနာ့အမွေ မရဘူး၊ ဒီတစ်ချက်ကော မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ကိုယ့်မှာက ဆိုဆုံးမတဲ့တရား မကောင်းတာတွေ မလုပ်ကောင်းတာ တွေကို ကုသိုလ်ကို စုံအောင်လုပ်ကြ၊ စိတ်လေးကို စင်ကြယ်အောင်ထားဆိုပြီး ဒါန သီလ ဘာဝနာတွေကို တိုးပွားအောင်လို့ လမ်းညွှန်တာကို ဒီအတိုင်းကို ကျင့်ကြံလို့ အားထုတ်နိုင်ရင်တော့ ကျေးဇူးများမှာပေါ့'

'မှန်လှပါဘုရား'

'ဒါကိုရအောင် မကြိုးစားနိုင်ရင် ရှင့်ဒကာ ရဟန်းဒကာကိုတော့ ကိုယ်က ရပြီ၊ သို့သော်လည်း ဘုရားရဲ့ဆိုဆုံးမတဲ့စကား ရင်းနှီးကျွမ်းဝင်လို့ ကိုယ့်ကိုဆို ဆုံးမတဲ့ သားတော် ရဟန်းတော်တွေက ပြပြင်ပေးတဲ့တရားတွေကို ကိုယ်က ဆောင်မထားဘူးဆိုရင် ဒီပုဂ္ဂိုလ်သာသနာအမွေမရပါဘူး၊ ရှင်ရဟန်းခံရုံနဲ့ မရ ပါဘူး'

'မရပါဘုရား'

'သာသနာတော်မှာ အသောကမင်းကြီးတော့ ကြားဖူးကြတယ်နော်'

'ကြားဖူးပါတယ်ဘုရား'

http://www.dhammadownload.com



'သူ့ရဲ့သားသမီးနှစ်ယောက်ကို သာသနာတော်မှာ ရှင်ရဟန်းအဖြစ်ကို ခံယူကြတဲ့နေရာမှာ သူက သာသနာ့အမွေရတယ်လို့ထင်တာ မဟုတ်ပါဘူး၊ ဒါက ဥပါယ်တံမျဉ်နဲ့ သာသနာမှာ ကျေးဇူးများတာက ဒီရှင်ဘုရင်ကြီး သာသနာတော်ကို ပြုမယ်ဆိုရင် သာသနာတော်ကြီး အရှည်တည်တံ့မယ်၊ ကျယ်ပြန့်မယ်၊ တိုးတက်မယ်၊ အောင်မြင်မယ်ဆိုတာကို သိတဲ့အတွက်ကြောင့် မို့လို့ ရှင်သာမဏေအဖြစ်နဲ့ သူ့ရဲ့သားသမီးတွေကို သာသနာတော်မှာ သွတ်သွင်းခြင်းအားဖြင့် သာသနာ့အမွေကို ရနိုင်လိမ့်မယ်ဆိုတာကို ဥပါယ် တံမျှင်နဲ့ပြောတာ သာသနာ့အမွေရတယ်လို့ ပြောတာမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'သူ့မှာ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ် သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်လှူခဲ့တယ်၊ သူ သာသနာပြု ကျေးဇူးပြုတဲ့အတွက် သာသနာ့အမွေရပြီလားလို့မေးတာ'

'မှန်လှပါဘုရား'

'ဒါလည်းမရဘူး'

'မှန်လှပါဘုရား'

'အဲတော့ သာသနာ့အမွေရချင်ရင် ဒီရဟန်း သူရဲ့သားနဲ့ သမီးကို ရဟန်းပြုပေး ဘိက္ခုနီမဝတ်ပေးရင် ကျေးဇူးများမယ်ဆိုတာ ပြီးတော့ ဒါလေးကို ဥပါယ်တံမျဉ်နဲ့ပြောတာကို တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေက ကိုယ့်သားသမီး တွေကို အခုလိုမျိုး သာသနာတော်ကို ရောက်အောင်လို့ ပံ့ပိုးနိုင်ရင်ကို သာသနာ့အမွေ ငါတို့ရပြီဆိုပြီး ပြုံးပျော်နေကြတယ်'

'မှန်လှပါဘုရား'

'သာသနာ့အမွေရတယ်ဆိုတာ ဘုရားအဆုံးအမကို နှလုံးသားမှာ ကိန်း အောင် ကြိုးစားနိုင်မှရအောင်ယူနိုင်မှ သာသနာ့အမွေရတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ဒကာ ဒကာမ ဖြစ်ဖို့ တော့ မလွယ်ဘူးလား၊ ကိုယ်ကသာသနာ ကို ကြည်ညိုတယ်၊ ရှင်ရဟန်းကို ကိုယ်ကသွားရောက်ပြီးတော့ ရဟန်းမခံနိုင်တဲ့ ပုဂ္ဂိုလ်ကို သွားရောက်ပြီးတော့ အခုလို ရဟန်းတော်တွေကို သိက္ခာထပ်ကြ

http://www.dhammadownload.com



တယ်၊ ဒါဖြင့်ရင် တစ်ချို့က ရဟန်းဖြစ်ပြီးသားပဲ၊ ဘာဖြစ်လို့ရဟန်းပြန်ခံကြတာ လဲ အဲဒီလိုမျိုးဆိုတော့ ဩော်-ကိုယ့်မှာက ကိုရင်လေးတွေကနေပြီး ရဟန်းဖြစ် လာအောင် အရွယ်တွေကို စောင့်ရတယ်၊ အဲဒီရဟန်းတစ်ပါးကို ရအောင်လို့ ကိုယ်ကသွားပြီးတော့ စောင့်ရှောက် မွေးမြူပြီးတော့ ရဟန်းခံလိုက်ပြီ၊ သာသနာတော်မှာ ကိုယ်က အာရုံလေးပြုပြီး ကြည်ညိုချင်တယ်၊ ဟော. . . ကြည်ညိုတာမှ မကြာသေးဘူး ဖျတ်ဆိုလူထွက်သွား၊ အဲလိုမျိုးကျတော့ မခိုင်မြဲ တဲ့အတွက်ကြောင့်မို့လို့ ကိုယ့်မှာ သာသနာကို ကျယ်ပြန့်စွာ ပြုနေကြတဲ့ ဆရာတော်သမားတော်ကြီးတွေကို အာရုံပြုပြီးတော့ ဟော-အမျိုးမျိုးသော သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်တွေက သိက္ခာထပ်ကြတဲ့အခါမှာ ဒါသာသနာတော်မှာ ကျေးဇူးများတယ်ဆိုပြီးတော့ ဆရာတော်သမားတော်တွေက ချီးမြှောက်ကြ တာပါ'

'မှန်လှပါဘုရား'

'အဲလိုချီးမြှောက်တော့ ကိုယ်က ရှင်ရဟန်းအဖြစ်နဲ့ ရှင့်ဒကာ ရဟန်း ဒကာကို ရပြီဆိုတော့ ပြုံးပျော်ကြတယ်၊ ဝမ်းမြောက်ကြတယ် ဆရာတော်တွေနဲ့ ရင်နှီးကျွမ်းဝင်ကြတယ်၊ ကိုယ်လှူစရာ တန်းစရာရှိတာတွေကို အမြဲမပြတ်လှူရ တယ်၊ ဆိုဆုံးမတွေကိုရတဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'ဒီဆရာတော်တွေ သာသနာကိုကျယ်ပြန့်စွာ ပြုတိုင်းပြုတိုင်း ကိုယ်က ပံ့ပိုးနိုင်တဲ့ အတွက်ကြောင့်မို့လို့ ကိုယ်ကလည်း ကုသိုလ်တွေမတိုးဘူးလား?'

'တိုးပါတယ်ဘုရား'

'ဒီလို ကျေးဇူးများတဲ့ဆရာတွေ ပေါလွန်းတဲ့ အတွက်ကြောင့်မို့လို့ သာသနာကိုလည်း အရှည်တည်တံ့အောင် စောင့်ရှောက်နိုင်တဲ့အတွက်ကြောင့် မို့လို့ ဆရာတော်တွေက အဲဒီလိုမျိုးကို ဒကာ, ဒကာမတွေကို ချီးမြှောက်သော အားဖြင့် ခွင့်ပြုနေတယ်လို့ မှတ်ပါနော်'

'မှန်လှပါဘုရား'

'ဒါကိုလည်း အာရုံမလွဲကြနဲ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင့်ဒကာ ရဟန်းဒကာဖြစ်ပြီး သာသနာ့အမွေမရတဲ့ပုဂ္ဂိုလ်မျိုးသည် ဆိုဆုံးမတဲ့အတိုင်းကို မလိုက်နာတဲ့ပုဂ္ဂိုလ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'သာသနာ့အမွေတော့ရတယ်၊ ရှင့်ဒကာ ရဟန်း ဒကာ၊ ရှင့်အစ်မ၊ ရဟန်းအစ်မဖြစ်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'သာသနာတော်နဲ့တော့ ဆုံပါတယ်၊ ကိုယ်က ရဟန်းလည်း ခံမပေးဘူး ဒကာ ဒကာမအဖြစ်လည်း မခံယူဘူး၊ သို့သော်လည်းဘဲ တရားတွေကို ကိုယ့် ဘာသာ နာယူရင်းကနေပြီး ဘုရားရဲ့ဆိုဆုံးမတဲ့တရား ဒါန သီလ ဘာဝနာ အမြဲမပြတ်နှလုံးသွင်းပြီး ကိုယ့်သန္တာန်မှာ ကိန်းအောင် တည်အောင် ကြိုးစား တဲ့အတွက်ကြောင့်မို့လို့ သူ့မှာ ဘုရားအဆုံးအမတွေ တည်နေတယ်၊ ဒါဖြင့် သူ့မှာ သာသနာ့အမွေတော့ မရဘူးလား?'

'ရပါတယ်ဘုရား'

'သာသနာတော်နဲ့ဆုံပေမယ့် သူ့မှာ ရှင်ရဟန်းတစ်ပါးပါးမှမရှိတဲ့အတွက် ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မ မဖြစ်ပါဘူး၊ ဒီလိုမဖြစ်လို့ ဝမ်းနည်းစရာလားဆိုရင် မဟုတ်ပါဘူး၊ မိမိမှာ ဘုရားရဲ့အဆုံးအမ သာသနာ့ အမွေရတဲ့အတွက် မမြတ်ဘူးလား မြတ်လား?'

'မြတ်ပါတယ်ဘုရား'

'ပထမပုဂ္ဂိုလ်ထက် ပိုမြတ်တယ်နော်'

'မှန်လှပါဘုရား'

'ရှင့်ဒကာ ရဟန်းဒကာဖြစ်ပြီး သာသနာ့အမွေမရတဲ့ပုဂ္ဂိုလ်နဲ့ သာသနာ့ အမွေရပြီး ရှင့်ဒကာ ရဟန်းဒကာ မဖြစ်တဲ့ပုဂ္ဂိုလ်နဲ့ ဘယ်သူကမြတ်လဲ?'

'သာသနာ့အမွေရတာက မြတ်ပါတယ်ဘုရား'

'ဘာရတာမြတ်တယ်?'

'သာသနာ့အမွေရတာက မြတ်ပါတယ်ဘုရား'

'ဟိုမှာ ရှင့်ဒကာ ရဟန်းဒကာတော့ဖြစ်တယ်၊ သာသနာ့အမွေမှ မရဘူး ဆိုရင် ဒီပုဂ္ဂိုလ်နဲ့ ခုန ရှင့်ဒကာ ရဟန်းဒကာကိုတော့ သူမဖြစ်ခဲ့ပါဘူး၊ သာသနာ့

http://www.dhammadownload.com



အမွေကို ရတယ်ဆိုကတည်းက သံသရာကို မလွတ်ဘူးလား လွတ်မလား?'

'လွတ်ပါတယ်ဘုရား'

'ဒီပုဂ္ဂိုလ်က ပိုမြတ်တာပေါ့'

'မှန်လှပါဘုရား'

'သာသနာ့အမွေလည်း မရဘူး၊ ရှင့်ဒကာ ရဟန်းဒကာလည်း မဖြစ်ဘူး ဆိုရင်တော့ ဆိုဖွယ်ရာ မရှိဘူး'

'မှန်လှပါဘုရား'

'ဒါကတော့ ခေါင်းထဲထည့်မနေနဲ့တော့'

'မှန်လှပါဘုရား'

'ယနေ့သာသနာတော်နဲ့ဆုံတဲ့ ဒီအခွင့်အရေးက ရှင့်ဒကာ ရဟန်းဒကာ အဖြစ်ကိုလည်း ရအောင်ယူနိုင်တယ်၊ ဆိုဆုံးမတဲ့တရားတွေကိုလည်းပဲ ဆိုဆုံးမ တဲ့အတိုင်း လိုက်နာကျင့်ကြံပြီးတော့ နှလုံးသွင်း ကြိုးစားလို့များ ကိုယ့်သန္တာန် တည်အောင် ရှိမယ်ဆိုရင်များ ဒီပုဂ္ဂိုလ်သည် သာသနာတော်နဲ့ဆုံရတာ မတန် သွားလား?'

'တန်သွားပါတယ်ဘုရား'

'ပြည့်စုံတဲ့ပုဂ္ဂိုလ်လို့ကော မဆိုသင့်ဘူးလား?'

'ဆိုသင့်ပါတယ်ဘုရား'

'ယနေ့စုပေါင်းပြီး ကထိန်အလှူတွေကို လှူကြတဲ့ဒကာ ဒကာမအပေါင်း မှာ ယနေ့ကစပြီး ရှင့်ဒကာ ရဟန်းဒကာအဖြစ်ကိုတော့ သာသနာနဲ့ဆုံလို့တော့ သေချာပေါက်ရသွားပြီ'

'မှန်လှပါဘုရား'

'ဆိုဆုံးမတဲ့အတိုင်း မိမိတို့ရဲ့သန္တာန်မှာ ကုသိုလ်တရားတွေတိုးပွားအောင် ဝိပဿနာ အသိဉာဏ်လေးတွေကို စိတ်ထဲမှာ ဖြူစင်အောင်စောင့်ရှောက်ပြီး တော့ အကုသိုလ်တွေမဖြစ်အောင် ကုသိုလ်တွေတိုးပွားအောင် ကြိုးစားမယ် ဆိုရင် တစ်နေ့တခြား ကုသိုလ်တရားတွေ တည်လာတည်လာတဲ့အတွက်

http://www.dhammadownload.com



ဘုရားရဲ့ ဆိုဆုံးမတဲ့အတိုင်းကို ကိုယ်ကလိုက်နာစောင့်ရှောက်တော့ သာသနာ့အမွေဟာ တစ်နေ့တခြား မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒီလိုရတယ်ဆိုရင် တန်ဖိုးရှိပါတယ်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်ကျတော့ ဘုရားရဲ့အလိုတော်ကျ အကောင်းဆုံး အမွန်ဆုံးလို့ မဆိုသင့်ဘူးလား?'

'ဆိုသင့်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ဟောဒီလေးယောက်ထဲမှာ ပြန်ကြည့်လိုက်ရင် သာသနာ့အမွေရတဲ့ ရှင့်ဒကာ ရဟန်းဒကာ မဖြစ်တဲ့ပုဂ္ဂိုလ်လည်း ချီးမွမ်းထိုက်တယ်၊ သာသနာ့အမွေလည်းရတဲ့ ရှင့်ဒကာ ရဟန်းဒကာဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ပိုပြီးတော့ မချီးမွမ်းထိုက်ဘူးလား?'

'ချီးမွမ်းထိုက်ပါတယ်ဘုရား'

'ကဲ-ဒီလိုပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို ချီးမွမ်းထိုက်တဲ့အတွက်ကြောင့်မို့လို့ သာသနာ့အမွေဆိုတာသည် တစ်ပါးတခြားဘုရားတည်ရုံနဲ့ မရသေးပါဘူး၊ ကျောင်းဆောက်ရုံနဲ့ မရသေးပါဘူး၊ ဘုရားရဲ့ဆိုဆုံးမတဲ့အတိုင်းကို မကောင်းတာတွေကိုရှောင်လိုက်၊ ကောင်းတာတွေကို ကြိုးစားလိုက်၊ ကုသိုလ်တရားတွေကို စုံအောင်မလုပ်ဘူးလား?'

'လုပ်ရပါတယ်ဘုရား'

'ကဲခန္ဓာဉာဏ်စိုက် ဝိပဿနာအလုပ်နဲ့ ကိလေသာတွေကို ပယ်ရှင်းနေရင် မစင်ကြယ်ဘူးလား?'

'စင်ကြယ်ပါတယ်ဘုရား'

'တခြားလား ဘုရားအဆုံးအမလား?'

'ဘုရားအဆုံးအမပါဘုရား'

'ကဲ ဒီလိုဆိုရင် ဒကာ, ဒကာမတွေဘက်က တာဝန်ကျေတယ်၊ သာသနာ့အမွေကိုရအောင် ယူနိုင်တယ်လို့ဆိုပါတယ်၊ မိမိတို့ကနေပြီးတော့ ရှင်ရဟန်းပြုပေးလိုက်တယ်၊ ရှင်ရဟန်းပြုပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေဘက်မှာလည်းပဲ

http://www.dhammadownload.com



လေးမျိုးရှိပါတယ်၊ သာသနာနဲ့ကြုံလို့ ရတောင့်ရခဲပါတယ်ဆိုတဲ့ ရှင်ရဟန်း အဖြစ်ကိုရဖို့ လွယ်ရဲ့လား?'

'မလွယ်ပါဘူးဘုရား'

'အခုဒီဒကာတွေရှိပါတယ်၊ ဒီရဟန်းဘ၀ကို ရအောင်လို့ အားလုံးယူနိုင်လား မေးရင် . . ?'

'မယူနိုင်ပါဘူးဘုရား'

'ဒုလ္လဘထဲမှာ ပါတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် သာသနာတော်မှာ ကြည့်လိုက်ပါတဲ့၊ ရှင်ရဟန်းသာဖြစ်၍ သာသနာတော်မှာ သာသနာ့အမွေ မရတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်'

'မှန်လှပါဘုရား'

'ရှင်ရဟန်းတော့ဖြစ်တယ်၊ သာသနာ့အမွေမရဘူး၊ သာသနာ့အမွေတော့ ရပါတယ်၊ ရှင်ရဟန်းမဖြစ်ဘူး၊ ဒီလိုလည်း ရှိတယ်နော်'

'မှန်လှပါဘုရား'

'သာသနာ့အမွေလည်းမရဘူး၊ ရှင်ရဟန်းလည်း မဖြစ်ဘူး၊ သာသနာ့အမွေလည်းရတယ်၊ ရဟန်းလည်းဖြစ်တယ် လေးမျိုး၊ အဲဒီလေးမျိုးထဲမှာ အခုကိုယ်က မိဘတွေကသော်လည်းကောင်း၊ တတ်နိုင်တဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေကလည်းကောင်း ကိုယ့်ကို ရှင်ရဟန်းအဖြစ်နဲ့ သာသနာတော်မှာ သာသနာ့အမွေခံရအောင်ဆိုပြီးတော့ ပံ့ပိုးလှူဒါန်း ချီးမြှောက်ကြတယ်၊ အဲလို ချီးမြှောက်ကြတဲ့အတွက် သာသနာတော်မှာ ရှင်ရဟန်းဖြစ်သွားပြီ၊ ရှင်ရဟန်း မဖြစ်ခင်မှာလည်းပဲ **"သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"** ဆိုပြီး သံသရာက လွတ်မြောက်အောင်လို့ ကြိုးစားပါ့မယ်၊ အားထုတ်ပါ့မယ်၊ ကျင့်ကြံပါ့မယ်လို့ အာမခံချက်နဲ့ ၀တ်လာတာ၊ ဒါဖြင့်ရင် ၀တ်ရုံနဲ့ သာသနာ့အမွေ ရလား?'

'မရပါဘုရား'

'၀တ်လိုက်ရင်တော့ ရှင်ဖြစ်သွားမယ်၊ ရဟန်းဖြစ်သွားမယ်၊ ဒီနေရာမှာ ရှင်ဖြစ်တာလေးကိုလည်း အားလုံး သိစေချင်ပါတယ်၊ ဗဟုသုတပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင်ပြုတယ် ရှင်ပြုတယ်ဆိုတာ ဗုဒ္ဓနည်းကျရှင်ပြုတဲ့နေရာမှာ သုံးချက်ပဲ ရှိတယ်၊ မသိတဲ့ပုဂ္ဂိုလ်တွေကျတော့ အကုန်ကျခံပြီးတော့ကို ဒုတ်အော်သောင်း နင်းနဲ့ ဆိုင်းနဲ့ဘုံနဲ့ လှည့်လိုက်ကြတာ ကုန်ကျစရိတ်တွေ အင်မတန်များပြီး ပင်ပန်းသမျှမတန်တာက ကုသိုလ်နည်းပြီး အကုသိုလ်များတာ'

'မှန်လှပါဘုရား'

'တစ်ချို့သောပုဂ္ဂိုလ်တွေက စုဆောင်းထားတဲ့ ဥစ္စာပစ္စည်းတွေ ကိုယ့်ရဲ့ မြေးလေးတွေ ကိုယ့်ရဲ့ သားလေးတွေအတွက်ဆိုပြီး တစ်နှစ်လုံး စုဆောင်းပြီး တော့မှ ခြိမ့်ခြိမ့်သဲ အလှူကြီးတွေကို ဟိုဘက်ရွာ၊ ဒီဘက်ရွာနဲ့ ဖိတ်ပြီးတော့ အကုန်အကျတွေ များစွာကော မလှူကြဘူးလား?'

'လှူကြပါတယ်ဘုရား'

'ဒီလိုလှူတဲ့နေရာမှာ အာရုံပြုကြည့်စမ်းပါ ခြိမ့်ခြိမ့်သဲလှူပြီးတော့ ကိုယ့်ကို ကျွေးဖို့မွေးဖို့ကျတော့ ကိုယ့်အိမ်မှာ တစ်နှစ်အတွက် တွက်ချက်လိုက် မယ်ဆို ရင် သေးသေးလေးကမွေးရင် ကြီးတဲ့အထိကိုတော့ ပြည့်ဖြိုးနိုင်ပြီဆိုတဲ့ အနေ အထားလေးနဲ့ ကဲ. . . တစ်ရွာလုံးကို ဝက်သားကျွေးမယ်ဆိုရင် ဝက်လေး တွေကို မွေးထားတာ၊ ပြီးတော့ အစာလေး ကျွေးပြီး ပြည့်ဖြိုးလာတဲ့အခါ ကျတော့ ဒီအကောင်ကို ဘေးမဲ့ပေးတာလား၊ သတ်တာလား?'

'သတ်တာပါဘုရား'

'အလှူလုပ်ဖို့ မွေးထားတာနော်'

'မှန်လှပါဘုရား'

'မသိတဲ့အခါမှာ ဒါမျိုးတွေကော မဖြစ်ခဲ့ကြဘူးလား?'

'ဖြစ်ခဲ့ကြပါတယ်ဘုရား'

'ကုသိုလ်နဲ့ အကုသိုလ်ကို နှိုင်းယှဉ်လိုက်မယ်ဆိုရင် အကုသိုလ်ကများနေတာ'

'မှန်လှပါဘုရား'

ဒီလိုနဲ့ပဲ မသိတဲ့ပုဂ္ဂိုလ်တွေမှာ အကုသိုလ်တွေများပြီးတော့ တချို့တွေ များ ဆိုင်းတွေ ဗုံတွေထည့်၊ ယော-ရှင်ရဟန်းတွေပြုပြီးတဲ့အခါကျတော့

http://www.dhammadownload.com



ညဘက်မှာကျတော့ အဲဒီမှာသွားမော့နေကြတယ်၊ မော့နေကြတဲ့အခါကျတော့ သူတို့ရဲ့သန္တာန်မှာရှိတဲ့ သီလတွေ သမာဓိတွေ မပျက်စီးဘူးလား?'

'ပျက်စီးပါတယ်ဘုရား'

'ရှင်ကောင်းရဟန်းကောင်းလေးတွေ အဲဒီလို အညွှန့်ချိုးခံရတာလည်း အများကြီးပဲနော်၊ အဲဒီနေရာမှာကျတော့ သိန်းများစွာအကုန်ကျခံပြီးတော့ လုပ်ကြပေမယ့် ရှင်ရဟန်းဖြစ်ရမယ့် ပရိက္ခရာရှစ်ပါးကျတော့ အတုတွေလုပ်ကြတယ်'

'မှန်လှပါဘုရား'

'ဒါမျိုးတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဓားဆိုရင် ပလတ်စတစ်ဓားတွေ လုပ်ကြတယ်၊ သပိတ်ဆိုရင် ပလတ်စတစ်သပိတ် ဖြစ်လာကြပြီ၊ အဲဒီလိုမျိုး လုပ်ပြီဆိုရင် ဒီပုဂ္ဂိုလ်တွေမှာ သာသနာတော်မှာ သေချာကျနစွာ မသိတဲ့အတွက်ကြောင့်မို့လို့ ရှင်ရဟန်းပြုတဲ့ပွဲမှာ နစ်နာရပါတယ်'

'မှန်လှပါဘုရား'

'ဒါကြောင့် နောင်ကို ဘယ်တော့ပဲဖြစ်ဖြစ် ရှင်ပြုပြီဆိုရင် ဗုဒ္ဓနည်းကျ ရှင်ပြုခြင်းကိုသာ ပြုလုပ်ကြပါ'

'မှန်လှပါဘုရား'

'ဗုဒ္ဓနည်းကျရှင်ပြုခြင်းသည် သုံးမျိုးပဲရှိတယ်၊ နံပါတ်တစ် ဆံချခြင်းဆိုတဲ့ ရှင်ပြုခြင်း၊ နံပါတ်နှစ်က မိမိတို့ သင်္ကန်းတောင်း သင်္ကန်းပေးဆိုတဲ့ ရှင်ပြုခြင်း၊ နံပါတ်သုံးက သရဏဂုံဆောက်တည်ခြင်းဆိုတဲ့ ရှင်ပြုခြင်း၊ အဲဒီရှင်ပြုခြင်း သုံးမျိုးသာလျှင် ဗုဒ္ဓနည်းကျရှင်ပြုတာ၊ တစ်ချို့က ဒါကို မသိတဲ့အခါမှာ တစ်ချို့ ဒုလ္လဘပွဲတွေ ခြိမ့်ခြိမ့်သဲသဲလုပ်ကြတယ်၊ ကိုယ့် အိမ်ကိုယ့်ရာကနေ ကတုံးရိပ်လာကြတယ်၊ ဒါမျိုးတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တစ်ချို့ကလည်း သက်သာအောင်ဆိုပြီးတော့ ဆိုင်ကနေပြီးတော့ ကတုံးရိပ်လာကြတယ်၊ အဲဒီလို ကတုံးရိပ်ပြီးလာဝတ်ရင် နံပါတ်တစ် ရှင်ပြုခြင်း

http://www.dhammadownload.com



မဖြစ်ပါဘူး၊ နံပါတ်တစ် ရှင်ပြုခြင်းမဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်တွေမှာ ဘယ်လောက်နစ်နာသလဲမေးရင် ဘုရားရှင် လက်ထက်တုန်းက ရှင်ပြုတဲ့နေရာမှာ ဆံချပြီဆိုရင် ခေါင်းပေါ်ကို ဓားလေးတင်ပြီးတော့ တစ်ချက်ဆွဲချလိုက်ရင် သောတာပန်တည်တယ်၊ ဒုတိယ တစ်ချက်ဆွဲရိတ်လိုက်ရင် သကဒါဂါမ်တည်တယ်၊ တတိယတစ်ချက် ဆွဲချလိုက်ရင် အနာဂါမ်တည်တယ်၊ တစ်ခေါင်းလုံးပြောင်သွားရင် ရဟန္တာဖြစ်တယ်၊ ရှင်ဖြစ်ပြီလားမေးရင် မဖြစ်သေးဘူး၊ ဒါဖြင့်ရင် ပထမဆံချခြင်းမှာတင်ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာသာ ဖြစ်နိုင်ပါလားဆိုတာ မမေ့ကြနဲ့နော်'

'မှန်လှပါဘုရား'

'အဲဒါကို အဓိကထားပြီး ကေသစ္ဆဒပဗ္ဗဇ္ဇ ဆိုတာက ဆံချတဲ့ ရှင်ပြုခြင်းကိုပြောတာ၊ အဲတော့ ဒီဆံချတဲ့နေရာမှာ တစပဉ္စကဆိုတာကို ခေါင်းရိပ်ပေးတဲ့အခါမှာ ဆင်ခြင်ရပါတယ်၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရည် ဆိုတဲ့ငါးမျိုးသောတရား၊ ဒါကို ငါ၏ကိုယ်မှာ နံ့သာ မွှေးကြိုင် မြဲခိုင်လှစွာ ကောင်းရာမမြင် ဆံပင်သာရှိ၊ အမွေးရှိ၍ ရှိသည့် လက်သည်း ခြေသည်းနှင့် သွားလည်းတစ်ထွေ အရည်တစ်မျိုး ညှီနံ့ဆိုးသည် အသိုးအပုပ်ကြီးပါတကား၊ ဆံချတိုင်း ဆံချတိုင်းမှာ ဆံချခံရမယ့်ပုဂ္ဂိုလ်ကို အဲလိုသင်ပေးရမယ်၊ သင်ပေးပြီးတော့ ငါ့မှာ ဆံပင်ရှိတယ်၊ အမွေးရှိတယ်၊ ခြေသည်းလက်သည်း ရှိတယ်၊ သွားရှိတယ်၊ အရည်ရှိတယ်၊ ဒီတရားတွေသည် မွှေးတယ် ကြိုင်တယ်ဆိုတာ မရှိဘူး၊ ဟောဒီခန္ဓာကိုယ်ကြီးထဲမှာ အသိုးအပုပ်ကြီးပဲဆိုတာကို ဆင်ခြင်ရတယ်၊ အဲလို ဆင်ခြင်မယ်ဆိုရင် ခန္ဓာကိုယ်ကြီးပေါ်မှာ တဏှာရှိသေလား'

'မရှိတော့ပါဘုရား'

'ဒါပယ်ချနေတာနော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ဆံချတဲ့အခါမှာ ဒါကိုမှ မဆင်ခြင်ဘဲနဲ့ရိတ်ရင် ဆံသဆိုင်မှာ ရိပ်ခဲ့သလိုပါပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင်ပြုတဲ့နေရာမှာ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'ပြီးစလွယ် ရိပ်ပြီးတော့သွားပြီဆိုရင် ကိုယ့်ရဲ့ရဟန္တာဖြစ်မယ့် ပါရမီကံတောင် ပျက်စီးပါသည်'

'မှန်လှပါဘုရား'

'မသိရင် နစ်နာ ကြတယ်နော်၊ ဒါကြောင့်မို့လို့ ဆံချတဲ့နေရာမှာ မသိရင် အရေးကြီးတယ်နော်၊ မိမိတို့ ရှင်ပြုတယ်ဆိုရင် လွယ်လွယ်လေး ပေါ့ပေါ့လေး မတွက်ပါနဲ့'

'မှန်လှပါဘုရား'

'အဲတော့ ပထမရှင်ပြုခြင်းသည် ဆံချခြင်းပဲ၊ အဲဒီဆံချခြင်းသည်ပင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘာကြောင့်ဖြစ်လဲဆိုရင် ပထမ ဆံချခြင်းပဲ၊ အဲလိုဆင်ခြင်လို့ မမြဲတဲ့တရားလေးကို မမြဲပါလားလို့ နှလုံးသွင်းနေသလို စက်ဆုတ်စရာ အသုံးမကျစရာ အမှန်ပါလားလို့ ခန္ဓာကိုယ်ပေါ် တပ်မက်မှုတွေကင်းသွားပြီ၊ အဲဒီလိုနဲ့ နှလုံးသွင်းပြီး ဆံချသွားတာ ဘုရားလက်ထက်က သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တယ်၊ မိမိတို့လည်းပဲ ဆံချရင်းနဲ့ ဆင်ခြင်သွားမယ်ဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ဒီခန္ဓာကိုယ်ကြီးပေါ်မှာ သာယာ တပ်မက်မှုတွေ ကင်းမနေဘူးလား?'

'ကင်းနေပါတယ်ဘုရား'

'သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမဖြစ်သော်လည်းပဲ ကိလေသာတရားတွေကို အဲဒီအချိန်ခါမှာ စင်အောင် ပယ်ရှင်းထားတဲ့အတွက်ကြောင့် တန်ဖိုးရှိတယ်လို့နားလည်ပါ'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ပြီးသွားပြီဆိုရင် ဒုတိယအနေနဲ့က သင်္ကန်းတောင်း သင်္ကန်းယူ၊ တတိယအနေနဲ့က သရဏဂုံဆောက်တည်၊ ဒီသုံးချက်ပြည့်ရင် ဗုဒ္ဓနည်းကျရှင် ဖြစ်ပါတယ်'

'မှန်လှပါဘုရား'

'ဒီသုံးချက်မှမပြည့်စုံရင် ဗုဒ္ဓနည်းကျရှင် မဖြစ်ပါဘူး၊ မဖြစ်ဘူးဆိုရင်

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်သည် သေချာပြန်အာရုံပြုတဲ့အခါကျတော့ နစ်နာရတဲ့အပိုင်းတွေ အများကြီး မတွေ့ဘူးလား တွေ့လား?'

'တွေ့ပါတယ်ဘုရား'

'နောက်တစ်ချက် ရှင်ပြုတဲ့နေရာမှာ ရဟန်းခံတော့မယ်ဆိုရင် ဒုလ္လဘတွေလည်းပဲ ဩော်-ကိုယ်က ရှင်အဖြစ်ကို မရခင်လေးမှာ ကိုယ့်အိမ်ကိုယ့်ရာကနေ နတ်ပြလေ့ကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဟော. . . ရှင်ရဟန်းပြုတော့မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေကို နတ်က မမှတ်မိတော့မှာစိုးလို့ဆိုပြီး ပြသေးတယ်၊ အိမ်မှာလည်း ပြရတယ်၊ ရပ်ရွာထဲမှာလည်း ပြရတယ်၊ ရွာစောင့်နတ်တွေကိုလည်း ပြရတယ်၊ အမျိုးမျိုး သွားပြနေကြတယ်၊ အဲဒါတွေက မိရိုးဖလာဖြစ်ကြပါတယ်၊ နတ်ပြစရာမလိုဘူးဆိုတဲ့အချက်ကိုလည်း သဲသဲကွဲကွဲသိထားပါ'

'မှန်လှပါဘုရား'

'ရှင်ပြု ရဟန်းခံ တဲ့အခါမှာ ဘယ်နတ်မှ ပြစရာမလိုပါ၊ နတ်ပြတယ်သာ ပြောတာ အုန်းသီးတွေနဲ့ ငှက်ပျောသီးပွဲတွေနဲ့ ရွက်သွားပြီး နတ်ပြကြပြီးတော့ အုန်းသီးတွေပစ်လိုက် ငှက်ပျောသီးတွေပစ်လိုက်နဲ့ ကလေးတွေက လုလိုက်နဲ့ ကုသိုလ်လား အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'သရုပ်ပျက်ပါတယ်နော်'

'မှန်လှပါဘုရား'

'နတ်ပြစရာမလိုဘူးဆိုတာက ဘာကြောင့်လဲမေးတော့ နတ်တွေက ကြိုသိနေတယ်၊ ဘယ်လိုပြောလိုက်'

'ကြိုသိနေပါတယ်ဘုရား'

'နတ်တွေက ကြိုသိနေပါပြီ၊ ရှင်ပြုတော့မယ် ရဟန်းခံတော့မယ်လို့ အဲဒီပုဂ္ဂိုလ်တွေရဲ့ မိသားစုအသိုင်းအဝိုင်းမှာ ဆုံးဖြတ်ချက်ချပြီးတော့မှ သဒ္ဓါတရားနဲ့ သင်္ကန်းတွေ စုဆောင်းနေပြီ ပရိက္ခရာတွေ စုဆောင်းနေပြီ၊ အဲဒီအချိန်တွေကတည်းကိုက နတ်တွေက သိတယ်၊ သိတဲ့အတွက်ကြောင့်မို့လို့ သူတို့က

http://www.dhammadownload.com



ဘယ်လိုကြွေးကြော်လဲမေးတော့ . . ဟော ဘယ်အရပ်ဌာနမှာရှိတဲ့ ဘယ်သူရဲ့ သားသမီးသည် ဘယ်အမည်ရှိတဲ့ အမျိုးကောင်းသားသည် အခုချိန်ခါမှာ ကိလေသာ ရန်သူတွေနဲ့ တိုက်ပွဲနွှဲဖို့ စစ်ပြင်နေပြီလို့ နတ်ပြည်ဌာန နတ်လောကမှာ ဝမ်းမြောက် ဝမ်းသာကြွေးကြော်နေတယ်၊ ဒါဖြင့်ရင် နတ်က မသိတာလား သိတာလား?'

'သိတာပါဘုရား'

'သူတော်စင်များက ပြတယ်ဆိုတာ မမှတ်မိမှာစိုးလို့ မသိမှာစိုးလို့ သွားပြနေကြတာ'

'မှန်လှပါဘုရား'

'မလွဲဘူးလား . . လွဲနေလား?'

'လွဲနေပါတယ်ဘုရား'

'သာသနာတော်မှာ မသိရင် အလွဲကြီးလွဲနေကြတာ ကိုယ်ပြုတဲ့ ကုသိုလ်တွေက အပြည့်အဝ မရလို့ ချွတ်ယွင်းနေတာတွေဟာ မသိရင် ဆိုးတယ်ဆိုတာ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါဖြင့်ရင် နတ်ပြစရာ မလိုတာက ကိုယ့်မှာက ကိလေသာတရားက အပြည့်နော်'

'မှန်လှပါဘုရား'

'သာသနာတော်ကို ဝင်ရောက်ပြီဆိုကတည်းက **"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ"** ဒီသံသရာဝဋ်ထဲက ထွက်မြောက်လိုလို့ ဝတ်တယ်ဆိုကတည်းက ကျင့်ကြံကြိုးစား အားထုတ်ရမှာသည် သံသရာကလွတ်ဖို့ သံသရာကလွတ်ချင်ရင် ကိလေသာကို မပယ်ရဘူးလား . . ပယ်ရမှာလား?'

'ပယ်ရမှာပါဘုရား'

'ကိုယ့်သန္တာန်မှာ ကိလေသာကအပြည့် သာသနာတော်ကို ရောက်ပြီဆိုရင် ဒီကိလေသာတွေကို ပယ်ရမယ်ဆိုတော့ ကိလေသာနဲ့ တိုက်ပွဲမနွှဲရဘူးလား?'

'နွှဲရမှာပါဘုရား'

http://www.dhammadownload.com



'အဲဒါကိုရည်ရွယ်ပြီးတော့ နတ်တွေကကြွေးကြော်တဲ့အခါမှာ ရှင်တောင်မပြုရသေးဘူး၊ ပြင်ဆင်နေတဲ့ အခိုက်အတန့်လေးမှာကို သိပြီးတော့ ဘယ်ပြည်ဌာန၊ ဘယ်လောကမှာရှိတဲ့ ဘယ်သူရဲ့သားသမီး ဘယ်အမည်ရှိတဲ့ အမျိုးကောင်းသားသည် အခုချိန်ခါမှာ ရန်သူကိလေသာတွေနဲ့ တိုက်ပွဲနွှဲဖို့ စစ်ပြင်နေပြီလို့ အဲဒီလိုကြွေးကြော်ပါတယ်၊ ဒါပထမ ကြွေးကြော်မှုကို ရတယ်လို့မှတ်ထား'

'မှန်လှပါဘုရား'

'ဒုတိယရှင်ပြုလို့ ရှင်အဖြစ်ရသွားပြီ၊ ရဟန်းပြုလို့ ရဟန်းဖြစ်ရသွားပြီ၊ အဲဒီ လို ရှင်ပြုလို့ ရဟန်းဖြစ်ပြီးတဲ့အခါကျတော့ သူတို့တွေ နေချင်သလိုနေရင် နတ်တွေက မကြွေးကြော်ပါဘူး၊ ပြီးစလွယ်နေတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလိုဆိုရင် နတ်တွေက မကြွေးကြော်ပါဘူး၊ ရှင့်ဒကာ ရဟန်းဒကာတော့ ရှင့်ရဟန်းတော့ဖြစ်မယ်၊ သာသနာ့အမွေ မရဘူး ဒီပုဂ္ဂိုလ်တွေသည် ကျင့်စရာလည်း မကျင့်ဘူး သင်စရာလည်း မသင်တဲ့အတွက်ကြောင့်မို့လို့ ဘုရားရဲ့သာသနာတော်မှာ လာရောက်ဖြစ်ပေမယ့် ရဟန်းလို့သာ ခေါ်တာပါ။ နတ်တွေရဲ့ချီးမွမ်းမှုကို ဒုတိယအကြိမ် မရတဲ့ပုဂ္ဂိုလ်လို့ နားလည်လိုက်ပါ'

'မှန်လှပါဘုရား'

'သာသနာ့အမွေလည်း မရဘူးနော်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို နတ်တွေကလည်းပဲသိတယ် ဘယ်တော့မှ ကြွေးကြော်ပြီး တော့ ဝမ်းမြောက်ဝမ်းသာ မလုပ်ပါဘူး၊ အခု ရှင်ရဟန်းဖြစ်သွားပြီ သင်စရာရှိတာကို သင်တယ်၊ ကျင့်စရာရှိတာကို ကျင့်တယ်၊ တရားဓမ္မတွေကို နှလုံးသွင်း အားထုတ်နေပြီဆိုရင် အဲဒီအချိန်မှာ နတ်တွေကသိပြီး ဒုတိယအကြိမ် ကြွေးကြော်ပါသည်၊ ဘယ်လိုကြွေးကြော်လဲမေးရင် ဘယ်ဆီဌာန၊ ဘယ်လောကမှာရှိတဲ့ ဘယ်သူ့ရဲ့သားသမီး ဘယ်အမည်ရှိတဲ့ အမျိုးကောင်းသားသည် အခုချိန်ခါမှာ ရန်သူကိလေသာတွေနဲ့ တိုက်ပွဲနွှဲနေပြီလို့ ကြွေးကြော်ပါတယ်၊ သူ့အတွေးကိလေသာနဲ့ စစ်ပွဲမတိုက်ဘူးလား တိုက်လား?'

'တိုက်နေပါတယ်ဘုရား'

http://www.dhammadownload.com



'တရားအားထုတ်နေတာ ကိလေသာနဲ့တိုက်ပွဲနွှဲနေတာနော်'

'မှန်လှပါဘုရား'

'အဲဒါကို နတ်တွေကသိပြီးတော့ ဒီရှင်ကောင်း ရဟန်းကောင်းများကို ဝမ်းမြောက်ဝမ်းသာ ဒုတိယအကြိမ် ကြွေးကြော်တယ်လို့ နားလည်လိုက်ပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် နတ်တွေက မသိတာလား သိတာလား?'

'သိတာပါဘုရား'

'နတ်ပြစရာမလိုဘူးဆိုတာ ပြောနေတာနော်'

'မှန်လှပါဘုရား'

'တတိယအကြိမ် ဘယ်အချိန်မှာ ကြွေးကြော်သလဲဆိုရင် နတ်တွေက ဒီရှင်ကောင်း ရဟန်းကောင်းတွေ ကြိုးစားကြောင်း ကိလေသာတရားတွေနဲ့ တိုက်ပွဲနွှဲလို့ မင်္ဂဖိုလ်ဆိုက်သွားရင် ကိလေသာကို မနိုင်သွားဘူးလား?'

'နိုင်သွားပါတယ်ဘုရား'

'အဲဒီကျတော့ နတ်တွေကသိတယ်၊ ဒါကြောင့်မို့လို့ နတ်တွေက ဘယ်ပြည်ဌာန ဘယ်လောကမှာရှိတဲ့ ဘယ်သူရဲ့သားသမီး ဘယ်အမည်ရှိတဲ့ အမျိုးကောင်းသားသည် ခုချိန်ခါမှာ ရန်သူကိလေသာတွေနဲ့ တိုက်ပွဲနွှဲတာ စစ်အောင်သွားပြီဆိုပြီး တတိယအကြိမ် ကြွေးကြော်ပါတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့် နတ်တွေကြွေးကြော်မှုသည် သုံးကြိမ်သုံးခါနော်'

'မှန်လှပါဘုရား'

'စပြီးတော့ ရဟန်းရှင် မဖြစ်ခင်က စုဆောင်းပြီးတော့ ငါတို့ ရှင်ပြုမယ်၊ ရဟန်းခံမယ်လို့ ဆုံးဖြတ်တဲ့အခါမှာလည်း နတ်ကသိပြီး ကြွေးကြော်တယ်၊ ဒုတိယချိန်ခါမှာ သင်စရာရှိတာသင် ကျင့်စရာရှိတာကျင့်မယ်ဆိုရင်လည်း ကြွေးကြော်တယ်၊ ဒါကို လွတ်မြောက်အောင်လို့ ကြိုးစားသွားနိုင်ပြီဆိုရင်လည်း

http://www.dhammadownload.com



နတ်တွေရဲ့ချီးမွမ်းမှုကို ရအုံးမယ်၊ ဒါနတ်ပြစရာမလိုတဲ့အကြောင်းကို ကြားညှပ်ပြီး ဗဟုသုတအဖြစ်ပြောလိုက်တာပါ'

'မှန်လှပါဘုရား'

'အခု ရှင်ရဟန်းဖြစ်ပြီးတော့ သာသနာ့အမွေမရတဲ့ပုဂ္ဂိုလ်ကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ ယနေ့ လူထဲမှာ ကိုယ်ကိုယ်တိုင်တရားမမွေတွေကို ကျင့်ပြီးတော့ သောတာပန်တွေဖြစ်ကြတာကော မရှိကြဘူးလား?'

'ရှိကြပါတယ်ဘုရား'

'လွတ်မြောက်မှုတွေရတာကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလို ပုဂ္ဂိုလ်မျိုးကျတော့ သာသနာတော်မှာလာရောက်ပြီးဆုံပြီးတော့ လူဖြစ်ရတဲ့ အချိန်ခါမှာ သူ့ခမျာ ရှင်ရဟန်းတော့ မပြုနိုင်ဘူး၊ သို့သော်လည်းပဲ သာသနာ့အမွေကို ရအောင်လို့ စောင့်ရှောက်ထားတဲ့အတွက်ကြောင့်မို့လို့ ရှင်ရဟန်းမဖြစ်သော်လည်း သာသနာ့အမွေရတဲ့ပုဂ္ဂိုလ် ဘုရားချီးမွမ်းပါတယ်'

'မှန်လှပါဘုရား'

'သာသနာ့အမွေရရင် မချီးမွမ်းဘူးလား ချီးမွမ်းလား?'

'ချီးမွမ်းပါတယ်ဘုရား'

'အဲ မိမိတို့ကရခဲ့တဲ့ ရှင်ရဟန်းအမွေရအောင်လို့ ဘုရားရဲ့ အဆုံးအမတည်အောင်ကြိုးစားမယ်ဆိုရင် မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ဒီလိုပုဂ္ဂိုလ်ဖြစ်ရင်လည်း မဆိုးသေးဘူးပေါ့နော်'

'မှန်လှပါဘုရား'

'သာသနာ့ အမွေလည်းမရဘူး၊ ရဟန်းအဖြစ်လည်း မရဘူးဆိုတာက သာသနာတော်နဲ့ ဆုံပြီးတော့ကို သူသည် အကျိုးမဲ့ အချည်းအနှီးနေနေတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သာသနာနဲ့ဆုံရတာ မတန်ပါဘူး'

'မှန်လှပါဘုရား'

'စတုတ္ထပုဂ္ဂိုလ်ကျတော့ ရှင်ရဟန်းလည်းဖြစ်တယ်၊ အဆုံးအမအတိုင်းလည်း လိုက်နာကျင့်ကြံပြီးတော့ သာသနာ့အမွေကိုလည်း ရအောင်ယူတယ်ဆိုတော့ ဒီပုဂ္ဂိုလ်သည် သာသနာတော်မှာ ဆုံရတာ ထိပ်တန်းကျတာ မတန်ဘူးလား?'

'တန်ပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ရှင်ရဟန်းတွေဘက်ကလည်းပဲ ရှင်ရဟန်းလည်းဘဲဖြစ် သာသနာ့အမွေကိုလည်းရအောင် ကြိုးစားနိုင်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုအားကိုးတဲ့ ဒကာ ဒကာမတွေအတွက် လှူရ တန်းရတာ ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'ဒါသာသနာကိုအဖက်ဖက်က စောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်များအတွက် သာသနာ့အမွေ၊ သာသနာ့အမွေဆိုတာ ရှင်ရဟန်းခံရုံနဲ့လည်း မရသေးပါလား ရှင်ရဟန်းပြုရုံနဲ့လည်း မရသေးပါလား ဘုရားရဲ့အဆုံးအမကို နှလုံးသားမှာတည်အောင် ကြိုးစားနိုင်မှရမှာပါလားလို့ ဆုံးဖြတ်ချက်ချနိုင်အောင် ယနေ့ သာသနာ့အမွေနဲ့ပတ်သက်ပြီး ပြောပေးတဲ့စကားလေး အဓိပ္ပာယ်ကောပေါက်ရဲ့လား?'

'ပေါက်ပါတယ်ဘုရား'

'ဒါဖြင့် ယနေ့ ရှင်ရဟန်းတွေကို ရပြီဆိုပြီးတော့ ကံထပ်မင်္ဂလာပွဲမှာ ဒကာ ဒကာမအပေါင်း များစွာကိုက ကိုယ့်ရဲ့တတ်စွမ်းတဲ့ဘက်ကနေ ဖြည့်ဆည်းပြီးတော့ အလှူပွဲကြီးကို အောင်မြင်အောင် လုပ်လိုက်ပြီ၊ ကုန်ကျစရိတ်တွေများစွာလည်းပဲ အလှူပွဲကြီးကို ပြုလုပ်ခဲ့ကြပြီ၊ အဲဒီအလှူပွဲကြီးရဲ့ ကုန်တာနဲ့တန်အောင် ကိုယ့်ရဲ့သန္တာန်မှာ သာသနာ့အမွေတွေကိုရအောင် စောင့်ရှောက်နိုင်မယ်ဆိုရင် အဖိုးမတန်ဘူးလား?'

'တန်ပါတယ်ဘုရား'

http://www.dhammadownload.com



'သာသနာ့အမွေဆိုတာ ပြောခဲ့ပြီနော်၊ မကောင်းတဲ့ အကုသိုလ်တွေ မှန်သမျှ မလုပ်နဲ့၊ ကုသိုလ်တွေကျတော့ စုံအောင်လုပ်'

'မှန်လှပါဘုရား'

'ကိုယ့်စိတ်လေးကိုလည်း ညစ်နွမ်းရာကနေ စင်ကြယ်အောင် စောင့်ရှောက်ပါ၊ ဒီသုံးချက်သည် တခြားလား ဘုရားအဆုံးအမလား?'

'ဘုရားအဆုံးအမပါဘုရား'

'အဲဒီအဆုံးအမ နှလုံးသားမှာကိန်းရင် သာသနာ့အမွေရတယ် '

'မှန်လှပါဘုရား'

'သာသနာ့အမွေ မလိုချင်ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

'ကျောင်းဆောက်ရုံနဲ့ရလား?'

'မရပါဘုရား'

'ဘုရားတည်ရုံနဲ့ရမလား?'

'မရပါဘူးဘုရား'

'အေး ဘုရားလည်းတည် သာသနာ့အမွေလည်း ကိုယ့်သန္တာန်ကို ရောက်အောင် အများသူငါ ကြည်ညိုတဲ့အခါမှာလည်း သာသနာ့အမွတွေကို ပေးနိုင်အောင် စောင့်ရှောက်နိုင်မယ်ဆိုရင်တော့ တန်ဖိုးကြီးပါတယ်'

'မှန်လှပါဘုရား'

'ကဲ ယနေ့ ကိုယ်ကပေါင်းစုပြီးတော့ လှူလိုက်တဲ့ သာသနာ့အမွေခံယူတဲ့ ပွဲမှာ ဘုရားရဲ့ အလိုတော်ကျ အားရစရာ ကောင်းလောက်အောင်ကို ပြည့်စုံတဲ့ အလှူကို ရလိုက်ပါလားဆိုတာကိုလည်း အခုပေါင်းစုတဲ့ အလှူကြီးအပေါ်မှာ ယနေ့ကစပြီး သက်ဆုံးတိုင် ဝမ်းမြောက် ဝမ်းသာဖြစ်အောင်လို့ ကဲ . . . ဘုရားရဲ့ဟောကြားတဲ့ပုဂ္ဂိုလ်လေးမျိုးကိုလည်းပဲ ယနေ့အကောင်းဆုံး အမွန်ဆုံး ထဲမှာ ပါပါလားဆိုတာကို သိရအောင် လှူတဲ့နေရာမှာ ခုလိုပေါင်းစုပြီး လှူတဲ့ အလှူကို ကဿပဘုရားလက်ထက်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆွမ်း

http://www.dhammadownload.com



အလှူပွဲမှာ ဟောပေးတဲ့တရား၊ ကဲ. . . ယနေ့ မိမိတို့ပေါင်းစုပြီး မလှူဘူးလား . . လှူလား?'

'လှူပါတယ်ဘုရား'

'အမြတ်ဆုံး သာသနာ့အမွေကို ခံယူတဲ့ပွဲမှာ သာသနာ့အမွေဆိုတာကိုလည်း နားလည်သွားပြီ အဲဒီသာသနာ့အမွေခံယူတဲ့ပွဲမှာ ပေါင်းစုပြီးလှူတဲ့ အလှူသည် ဒီလောက်တောင်မှ အားရစရာကောင်းတယ်လို့ ဆိုတာလေးကို လေးမျိုးလေးစားနဲ့ခွဲပြရင် နံပါတ်တစ်က -

**" မိမိသာလှူ၊ သူများမှု၊ မလှူစေခဲ့ပါ "**

'နံပါတ်တစ်ပုဂ္ဂိုလ်က ကိုယ်ကိုယ်တိုင်တော့လှူတယ် သူတစ်ပါးကို လှူအောင်တန်းအောင် ဘယ်တော့မှ မတိုက်တွန်းဘူး၊ ဒီလို ပုဂ္ဂိုလ်မျိုးကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါကပုဂ္ဂိုလ်တစ်မျိုးလို့ မှတ်ထား'

'မှန်လှပါဘုရား'

'နောက်တစ်မျိုးကျတော့ -

**" မိမိမလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ "**

'ဒုတိယပုဂ္ဂိုလ်အမျိုးအစားကျတော့ သူကိုယ်တိုင်တော့ ဘယ်တော့မှ မလှူဘူး၊ သူတစ်ပါးကိုတော့ တိုက်တွန်းလေ့ရှိတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်တဲ့'

'မှန်လှပါဘုရား'

'ကဲ ဒုတိယပုဂ္ဂိုလ်က ကိုယ်ကိုယ်တိုင်လည်း မလှူဘူး သူများကိုတော့ လှူပါ လှူပါလို့ အမြဲတမ်းတိုက်တွန်းတယ်၊ ဒီလိုပုဂ္ဂိုလ်လည်း လောကရှိ မရှိ'

'ရှိပါတယ်ဘုရား'

'နှစ်မျိုးတော့ရှိသွားပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နောက်တစ်မျိုးက -

**" မိမိမလှူ၊ သူများမူ၊ မလှူစေခဲ့ပါ "**

'နံပါတ်သုံးပုဂ္ဂိုလ်အမျိုးအစားက သူကိုယ်တိုင်လည်း မလှူဘူး၊ သူများကိုလည်း လှူအောင်တန်းအောင် ဘယ်တော့မှ မတိုက်တွန်းဘူး၊ ဒီလိုပုဂ္ဂိုလ်လည်းရှိတယ်၊ ကိုယ်ကိုယ်တိုင် လှူလားမေးတော့လည်း မလှူဘူး၊ သူတစ်ပါးအလှူကိုလည်း လိုက်ပြီးတော့ မဖျက်ဘူးလား?'

'ဖျက်ပါတယ်ဘုရား'

'သူတစ်ပါးကို လှူအောင်လည်းပဲ ဘယ်တော့မှ မတိုက်တွန်းတဲ့အပြင် ဖျက်တောင် ဖျက်သေးတယ်ဆိုတော့ ဒီပုဂ္ဂိုလ်သည် အဆိုးဆုံးပေါ့'

'မှန်လှပါဘုရား'

'ဒီလိုပုဂ္ဂိုလ်လည်း လောကမှာ ရှိ မရှိ'

'ရှိပါတယ်ဘုရား'

'ဒီပုဂ္ဂိုလ်သည် အဆိုးဆုံးပေါ့'

'မှန်လှပါဘုရား'

'ဒီလိုပုဂ္ဂိုလ်လည်း လောကမှာရှိ မရှိ'

'ရှိပါတယ်ဘုရား'

'ဒီပရိသတ်ထဲကောပါလား?'

'မပါပါဘူးဘုရား'

'မပါရင်လည်း ကျေးဇူးပါပဲ၊ နံပါတ်လေးပုဂ္ဂိုလ်ကျတော့ -

**" မိမိလည်းလှူ၊ သူများမူ၊ ပေးလှူစေခဲ့ပါ "**

'နံပါတ်လေးပုဂ္ဂိုလ်ကျတော့ ကိုယ်ကိုယ်တိုင်လည်းလှူတယ်၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင်တိုက်တွန်းတယ်၊ ဒီပုဂ္ဂိုလ်လည်းရှိတယ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပုဂ္ဂိုလ်ဘယ်နှစ်မျိုး'

'လေးမျိုးပါဘုရား'

'ယနေ့ ဟောဒီ ကံထပ်မင်္ဂလာအလှူပွဲကြီးမှာ ပေါင်းစုပြီးလှူကြတဲ့ အလှူရှင်အပေါင်း သေချာအာရုံပြု မိမိတို့တစ်တွေသည် အကျိုးများတဲ့အလုပ်တွေကို သာသနာတော်မှာ ကောင်းစွာ တရားတွေနာရတော့ အလွတ်မပေးဘဲ သိတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းက ကိုယ်ကိုယ်တိုင်လည်း အရမယူဘူးလား?'

'ယူပါတယ်ဘုရား'

'အများသူငှာလှူနိုင်အောင်လည်း နှိုးဆော်သမှုတွေနဲ့ ကုသိုလ်တွေ တိုးပွားအောင် မဖြန့်ဘူးလား?'

'ဖြန့်ပါတယ်ဘုရား'

'ဒီလိုပံ့ပိုးပြီးတော့ ကိုယ်ကိုယ်တိုင်လည်း လှူတယ်၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင် တိုက်တွန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ယနေ့ အောင်မြင်တဲ့ ပေါင်းစုပွဲကြီးတစ်ခုဖြစ်လာတာပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် ပုဂ္ဂိုလ်လေးမျိုးထဲမှာ ဘယ်ပုဂ္ဂိုလ်လဲမေးရင် နံပါတ်လေး ပုဂ္ဂိုလ်ထဲမှာပါနေကြတယ်'

'မှန်လှပါဘုရား'

'ဘယ်ထဲပါနေကြ'

'နံပါတ်လေး ပုဂ္ဂိုလ်ထဲမှာ ပါနေကြပါတယ်ဘုရား'

'နံပါတ်လေးပုဂ္ဂိုလ်ထဲမှာ ပါနေကြတယ်၊ ဘာကြောင့်မို့ နံပါတ်လေး ပုဂ္ဂိုလ်သည် အကောင်းဆုံးအမွန်ဆုံးလို့ ပြောရသလဲ မေးရင် ဒီလိုလေးပုဂ္ဂိုလ် လေးမျိုး ပြောရုံနဲ့ သူတော်စင်များက သဘောရှင်းမှာမဟုတ်တော့ အကြောင်း အကျိုးနဲ့ ဝေဖန်ပြရင်တော့ ပိုသဘောမရှင်းဘူးလား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီလိုဆိုရင် နံ့ပါတ်တစ်က မိမိသာလှူ သူများမလှူစေခဲ့ပါ၊ ဒီပုဂ္ဂိုလ် မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အတိတ်နဲ့ပစ္စုပ္ပန်ကို နှိုင်းယှဉ်ပြရင် ပေါ်တော့မှာပါ'

'မှန်လှပါဘုရား'

'အတိတ်တုန်းက လာခဲ့တဲ့နေရာမှာ အလှူအတန်းကို ကိုယ်ကိုယ်တိုင်တော့ လှူတယ်၊ သူတစ်ပါးကိုတော့ လှူအောင်တန်းအောင် မတိုက်တွန်းဘူး၊ အဲဒီပုဂ္ဂိုလ်သည် ဟောဒီပစ္စုပ္ပန်မှာ အကျိုးပေးအနေနဲ့ တစ်ခုမဟုတ်တစ်ခု တော့ မရဘူးလား?'

'ရပါတယ်ဘုရား'

'မိမိမလှူ သူများမှု ပေးလှူစေခဲ့ပါ၊ အကျိုးတရားက ဘယ်လိုလာလဲမေးရင်-

" ဥစ္စာပေါများ ၊ ခြွေရံရှား၊ ဖြစ်ငြားဘဝမှာ "

'ဟောဒီပစ္စုပ္ပန်မှာ ကိုယ့်ပတ်ဝန်းကျင်မှာကြည့်ပါ ပစ္စည်းပေါကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေ အခြွေအရံပရိတ်သတ်မရှိတာကော မတွေ့ဘူးလား?'

'တွေ့ဖူးပါတယ်ဘုရား'

'ဥစ္စာပစ္စည်းတော့ပေါတယ်၊ အခြွေအရံတော့မရှားဘူးလား၊ အထီးကျန် နေနေရတယ်'

'မှန်လှပါဘုရား'

'အခြံအရံပရိသတ် ကင်းမဲ့နေရှာပါတယ်၊ အဲဒါ ဘာကြောင့်လဲမေးတော့ အတိတ်က လှူတော့ လှူခဲ့တာပါပဲ၊ သူတစ်ပါးကိုလှူအောင် မတိုက်တွန်းခဲ့တဲ့ အတွက်ကြောင့်မို့လို့ တစ်မျိုးကောင်းတယ် တစ်မျိုးမကောင်းဘူး၊ ဒါဖြင့်ရင် တစ်မျိုးသောအကျိုးက ကိုယ်တိုင်လှူလို့ ဟော. . . အကျိုးတော့ပေးပါတယ်၊ ဥစ္စာပစ္စည်းပေါအောင် သူတစ်ပါးကို လှူအောင်တန်းအောင် တိုက်တွန်းခြင်းမရှိခဲ့တဲ့အတွက် အထီးကျန်ဆန်စွာ နေရပါတယ်၊ အခြံအရံပရိသတ် မရှိရှာပါဘူး၊ ဒါဖြင့်ရင် အကြောင်းအကျိုးလေး ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်ကိုယ်တိုင် လှူဖြစ်တယ်၊ သူတစ်ပါးကိုလှူအောင်တန်းအောင် တိုက်တွန်းခြင်းမရှိရင် တစ်မျိုးတော့ကောင်းပါတယ်၊ တစ်မျိုးမကောင်းတဲ့ အတွက် အလုံးစုံမကောင်းသေးဘူး၊ သာသနာနဲ့ဆုံရတဲ့ နေရာမှာကိုပဲ ကျေးဇူး များတဲ့ အလုပ်တွေကို ကောင်းစွာရှိသော်လည်း ကိုယ်က တရားတွေမနာရ တော့ ဒီအသိတွေကို မသိတဲ့အခါမှာ တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တွေရှိတယ်၊ ကိုယ်လှူတဲ့အခါမှာ ကိုယ်သာလှူတယ် သူများကို ပါလာမယ်ဆိုရင် အို-ရေစက် မဆုံချင်ပါဘူး ဒီလိုမျိုးတွေ မရှိဘူးလား ရှိလား?'

'ရှိပါတယ်ဘုရား'

'ဒါဘာကြောင့်လဲမေးတော့ ဒီအကြောင်းအကျိုးတွေ မသိလို့နော်'

'မှန်လှပါဘုရား'

'အလုံးစုံပြည့်စုံတဲ့ အကျိုးတရားတွေ ဒီလိုရှိပါလားလို့ နားမလည်တဲ့ အတွက် ဒီအခွင့်အရေးတွေ ဆုံးရှုံးရပါတယ်'

'မှန်လှပါဘုရား'

'ဒါဟာ ပထမပုဂ္ဂိုလ်ရဲ့ အကြောင်းအကျိုး၊ ဒုတိယပုဂ္ဂိုလ်ကျတော့ ကိုယ်ကိုယ်တိုင်တော့ ဘယ်တော့မှမလှူဘူး၊ သူများကိုတော့ လှူအောင်တန်း အောင်တိုက်တွန်းတယ်၊ ဒီလိုပုဂ္ဂိုလ်ကော အတိတ်က အဲသလို အကြောင်း တရားတွေသာ လုပ်ခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ကိုယ့်အသွင်လေးကို ဘယ်လိုမြင်ရ လဲမေးရင်-

" ဥစ္စာရှားပါး၊ ခြွေရံများ၊ ဖြစ်ပြားဘဝမှာ "

'အတိတ်နဲ့ပစ္စုပ္ပန်ကို နှိုင်းယှဉ်လိုက်ရင် ယနေ့ပစ္စုပ္ပန် ရောက်နေတဲ့ ဘဝမှာ သက်သေသာဓက အများကြီးပါ'

'မှန်လှပါဘုရား'

'အတိတ်က ကိုယ်ကိုယ်တိုင်မလှူခဲ့ဘူး၊ သူတစ်ပါးကို လှူအောင် တန်း အောင် တိုက်တွန်းခဲ့တယ်၊ ဒါကြောင့်မို့လို့ မလှူတော့ မရှိဘူးပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မလှူခဲ့တဲ့အတွက်ကြောင့်မို့ ကိုယ်ကိုယ်တိုင်မလှူခဲ့တော့ ဥစ္စာပစ္စည်းရှားပါးရတယ်၊ နွမ်းပါးရတယ်၊ ဆင်းရဲရတယ်၊ သူတစ်ပါးကို လှူအောင် တန်းအောင် တိုက်တွန်းခဲ့တဲ့ ကုသိုလ်လေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီကုသိုလ်က အခြွေရံပရိသတ် ပေါများတယ်၊ အပေါင်းအသင်း မိတ်ဆွေပေါများတယ်၊ တစ်ချို့ မရှိတာ မရှိတာ အပေါင်းအသင်းမများဘူးလား?'

'များပါတယ်ဘုရား'

'ကဲ ဒီထက်ရှင်းအောင်ပြောမယ်၊ သူ့ခမျာ စားစရာသာမရှိရင်နေမယ် ကိုယ်မွေးထားတာ သားသမီးတစ်ကျိပ်လောက်ရှိတယ်၊ အဲဒီတစ်ကျိပ်လောက်မှာ အိုး တစ်ချို့များဆိုရင် အဝတ်လေးတောင် မဝတ်နိုင်ဘူး၊ ကိုယ်တုံးလုံးလေး တွေနဲ့ မတွေ့ရလား တွေ့ရလား?'

'တွေ့ရပါတယ်ဘုရား'

'အဲဒီ မိသားစုအခြွေအရံ မများလား?'

'များပါတယ်ဘုရား'

'ဥစ္စာကျတော့'

'မရှိပါဘုရား'

'ဆင်းရဲနွမ်းပါးပြီးတော့ မွေးထားတာ ကလေးတွေအများကြီးပဲ'

' မှန်လှပါဘုရား'

'မကြွေးနိုင်မမွေးနိုင် ဒါတွေရှိတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါ ဘယ်လိုအကျိုး ပေးလဲမေးရင် အတိတ်က ကိုယ်ကိုယ်တိုင်မလှူဘဲ သူတစ်ပါးကို လှူအောင် တန်းအောင် တိုက်တွန်းခဲ့တယ်၊ ဒါကြောင့် အကျိုးပေးက ဥစ္စာနွမ်းပါးတယ်၊ အခြံအရံပရိသတ်ကတော့များသား၊ အဲလိုဘဝဖျော်စရာ ကောင်းတယ်ပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပတ်ဝန်းကျင်မှာတွေ့လား?'

'တွေ့ပါတယ်ဘုရား'

'သတိထားကြပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒါ ဘာကြောင့်လဲမေးရင် တစ်မျိုးကောင်းတယ်၊ တစ်မျိုးမကောင်းဘူး၊ တစ်ချို့က ကြည့်လိုက်ပါ၊ ကိုယ်ကိုယ်တိုင်လည်း မလှူဘူး၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင် မတိုက်တွန်းဘူး၊ သူ့ကျတော့ နံပါတ်သုံးထဲက ပုဂ္ဂိုလ်နဲ့ မတူဘူးလား?'

'တူပါတယ်ဘုရား'

'ပစ္စုပ္ပန်မှာဘယ်လိုအနေအထားရောက်လဲမေးရင် -

" ဥစ္စာခြွေရံ၊ ရှားပါးပြန်၊ ဖြစ်ပြန်ဘဝမှာ "

'ကိုယ်ကိုယ်တိုင်လည်းမလှူဘူး သူတစ်ပါးကိုလည်း လှူအောင် တန်းအောင် မတိုက်တွန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့ကုသိုလ်တရားကိုလည်း လှူအောင်တန်းအောင် မတိုက်တွန်းခဲ့တဲ့အတွက်ကြောင့်မို့လို့ သူပြုဖူးတဲ့ ကုသိုလ်တစ်ခုကို အာရုံပြုပြီးလောကမှာ လူတော့လာဖြစ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်သည် ဥစ္စာပစ္စည်းလည်းပဲရှားပါး အခြံအရံပရိတ်သတ်ကလည်းမရှိ အထီးကျန် တစ်ကောင်ကြွက်နဲ့လမ်းပေါ်မှာ ခွက်လက်ဆွဲပြီး တောင်းရတဲ့အဖြစ်မျိုးနဲ့ ကြုံနေ ရတာကောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒါဘာကြောင့်လဲမေးရင် ကိုယ်ကိုယ်တိုင်လည်း မလှူဘူး သူတစ်ပါးကိုလည်း လှူအောင်တန်းအောင် မတိုက်တွန်းလို့ ဟော ပစ္စုပ္ပန်မှာ အထီးကျန်ရတဲ့ ဘဝနဲ့ မရောက်သွားဘူးလား'

'ရောက်သွားပါတယ်ဘုရား'

အကြောင်းအကျိုး ပေါ်သွားပြီနော်

' မှန်လှပါဘုရား'

http://www.dhammadownload.com



'အတိတ်ကသာ မိမိတို့တစ်တွေ ကိုယ်ကိုယ်တိုင်လည်းလှူခဲ့မယ်၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင်တိုက်တွန်းခဲ့မယ်ဆိုရင် ဟောဒီပစ္စုပ္ပန်မှာ -

" ဥစ္စာခြွေရံ၊ ပေါများလျှံ၊ ဖြစ်ပြန်ဘဝမှာ "

'အတိတ်ကသာ နှစ်မျိုးစလုံးကိုစုံအောင်လို့ ကိုယ်ကိုယ်တိုင်လည်း လှူခဲ့မယ်၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင် ပြောခဲ့မယ်၊ အဲဒီလိုဆိုရင် ဟောဒီပစ္စုပ္ပန်မှာ ဥစ္စာပစ္စည်းလည်း ပေါကြွယ်ဝတယ်၊ အခြံအရံ ပရိသတ် မိတ်ဆွေ အပေါင်းအသင်းလည်း များတယ်၊ ဒီလိုနှစ်မျိုးစုံတာသည် လောကမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒါဘယ်လိုလှူခဲ့လို့ ကိုယ်ကိုယ်တိုင်လည်း လှူတယ်၊ သူတစ်ပါးကိုလည်း လှူအောင်တန်းအောင် တိုက်တွန်းတယ်၊ အဲဒီအကျိုးပေးဟာ ပြည့်စုံပါလားဆိုတာ မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ကဲ မိမိတို့တစ်တွေ ဆရာတော်အရှင်မြတ်နှစ်ပါးကို ထပ်အလှူပြုလိုက်တဲ့ပွဲမှာ ရှစ်ဖြာပရိက္ခရာစုံလင်စွာကိုလည်းပဲ ကိုယ်ကိုယ်တိုင်လည်း တစ်ယောက်တည်းလှူချင်လည်း ရတဲ့စွမ်းအားတွေ သူတော်စင်တွေနားမှာ ရှိပါတယ်၊ သို့သော်လည်းပဲ ဩော်-ဒီအခွင့်အရေးသည် အားလုံးပေါင်းစုရင်လည်းပဲ ကျေးဇူးများနိုင်တယ်ဟေ့၊ သာသနာတော်မှာလည်းပဲ အရှည်တည်တံ့တဲ့ ပံ့ပိုးမှုတွေကို စွမ်းအားအပြည့်နဲ့ရချင်တယ်၊ သာသနာတော်ကြီး အရှည်တည်တံ့ဖို့လည်း ငါတို့ပံ့ပိုးတဲ့စွမ်းအား တစ်ယောက်ထက်စာရင် အများက ပိုကောင်းတယ်ဆိုတော့ ဒီလိုနှလုံးသွင်းမှုနဲ့ သာသနာစိတ်ဓာတ်ရှိတဲ့ သဒ္ဓါတရားကောင်းတဲ့ပုဂ္ဂိုလ်တွေက ကိုယ်ကိုယ်တိုင်လည်းပဲ လှူဖြစ်အောင်လှူတယ်၊ သူတစ်ပါးအများစုကိုလည်း ပါဝင်ပြီးလှူနိုင်အောင်လည်း ပံ့ပိုးတဲ့ အတွက်ကြောင့်မို့လို့ ယနေ့ ကိုယ်တိုင်လည်းလှူတယ်၊ သူတစ်ပါးကိုလည်း လှူအောင် တန်းအောင် တိုက်တွန်းလိုက်တဲ့ ပေါင်းစုတဲ့ အလှူပွဲကြီး ဖြစ်မသွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအလှူကြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အနာဂတ်သံသရာမှာ ကျေးဇူးများတာက နိဗ္ဗာန်ရတဲ့အခိုက်တန့်မှာ ဥစ္စာပေါမျှားတဲ့ဘဝ၊ အခြံအရံ ပရိသတ်ပေါမျှားတဲ့ဘဝ သေချာပေါက်ရမှာ'

'မှန်လှပါဘုရား'

'ပြည့်စုံတဲ့ဘဝ မရဘူးလား . . ရလား?'

'ရပါတယ်ဘုရား'

'မလှူတတ်လို့လား လှူတတ်လို့လား?'

'လှူတတ်လို့ပါဘုရား'

'ကဿပမြတ်စွာဘုရား လက်ထက်တုန်းကလည်းပဲ ဒီတရားကိုပေါင်းစုတဲ့ ဆွမ်းအလှူပွဲကြီးမှာ ဘုရားရှင်ကိုယ်တိုင် ဟောပေးခဲ့တာ'

'မှန်လှပါဘုရား'

'ဟောပေးလိုက်တဲ့တရားကို နာပြီးတဲ့အခါကျတော့ အားလုံးသောပရိသတ်တွေ ပြီးလည်းပြီးရော ရှိခိုးဦးတင်ပြီးတာနဲ့ ဘုရားရှင်ကို ကျောခိုင်းပြီးတော့ ပြန်သွားကြတာ အားလုံးပဲ၊ အဲ. . . တစ်ယောက်ပဲ ဘုရားရှင်ရှေ့မှောက်ကို လက်အုပ်လေးချီမိုးပြီးတော့ မျက်နှာချင်းဆိုင်ရောက်လာတယ်၊ အဲဒီပုဂ္ဂိုလ်က ငါဘာလုပ်မလဲဆိုတာကို သူ့ဘာသာသူ ပွဲအပြီးမှာ ဆုံးဖြတ်လိုက်တာက နံပါတ်လေးပုဂ္ဂိုလ်နဲ့တူအောင် ကြိုးစားမယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ'

'မှန်လှပါဘုရား'

'သူကိုယ်တိုင် တစ်ယောက်ထဲနဲ့ ဟောဒီ သံဃာတော် အရှင်သူမြတ်တွေကို လှူနိုင်လားဆို မလှူနိုင်ပါဘူး၊ ဒါပေမယ့် တရားနာရင်းနဲ့ သဒ္ဓါတရားပေါက်တာက နံပါတ်လေးပုဂ္ဂိုလ်ဖြစ်အောင် ငါကြိုးစားမယ်၊ အဲတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အရှင်ဘုရားနဲ့တကွ သံဃာတော် အရှင်မြတ်နှစ်သောင်းနက်ဖြန်ခါကျရင် ဆွမ်းစားကြွပါဘုရား၊ ဆွမ်းစားပင့်ပါတယ်ဆိုပြီး သူကိုယ်တိုင်လှူနိုင်တာမဟုတ်ဘူး၊ နံပါတ်လေး ပုဂ္ဂိုလ်ဖြစ်အောင်ကြိုးစားမှာ၊ ဒါကို ဘုရားကလည်း သူကိုယ်တိုင်သိတဲ့အတွက် လက်ခံလိုက်ပါတယ်၊ ပြီးတော့မှ မြို့ရွာထဲကိုလှည့်ပြီးတော့ တစ်အိမ်ကို သံဃာဘယ်နှစ်ပါး, ဘယ်နှစ်ပါး၊ သူယူမယ်

http://www.dhammadownload.com



ငါယူမယ်နဲ့ ခွဲတမ်းချလိုက်တာ၊ အဲတော့ အများတကာလည်း လှူဖြစ်မသွားဘူးလား?'

'လှူဖြစ်ပါတယ်ဘုရား'

'သူကိုယ်တိုင်လည်း မလှူလိုက်ရလား?'

'လှူလိုက်ရပါတယ်ဘုရား'

'တရားနာတာ လက်တွေ့အသုံးချတာနော် '

'မှန်လှပါဘုရား'

'မိမိတို့လည်း တရားကို ကောင်းစွာနာရတဲ့အတွက် အသိတွေ မတိုးဘူးလား?'

'တိုးပါတယ်ဘုရား'

'မကောင်းတာတွေပြင် ကောင်းတာတွေကို စုံအောင်ယူ၊ ဒီလောက်လေးနဲ့ ကျေနပ်နေရင် သံသရာမှာ လည်ရအုံးမှာ'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ စိတ်လေးကိုပါ စင်ကြယ်အောင် စောင့်ရှောက်လိုက်မယ်ဆိုရင် လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတွေကို မပယ်နိုင်ဘူးလား?'

'ပယ်နိုင်ပါတယ်ဘုရား'

'ဒီလို ပယ်နိုင်မယ်ဆိုရင် အဖိုးမတန်ဘူးလား . . တန်လား?'

'တန်ပါတယ်ဘုရား'

'အေး. . . ကိုယ့်ရဲ့ မွန်မြတ်လှတဲ့ပုဂ္ဂိုလ်လေးမျိုးထဲမှာ အကောင်းဆုံးပုဂ္ဂိုလ်ထဲမှာပါတာ မတွေ့သွားဘူးလား?'

'တွေ့သွားပါတယ်ဘုရား'

'သာသနာ့အမွေကို ရအောင်ယူနိုင်မယ်ဆိုရင် နည်းတွေလည်း မသိသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲလို သိသွားပြီးတော့ ဩော်-လက်တွေ့ကြည့်စမ်း တရားပွဲပြီးတဲ့ချိန်ခါမှာ ချက်ချင်းပဲ အကောင်အထည်ဖော်ပြီးတော့မှ အရယူသွားသလိုပဲ မိမိတို့လည်းပဲ ဒီတရားပွဲပြီးတဲ့အချိန်ခါမှာ ကိုယ်လုပ်သင့် လုပ်ထိုက်တဲ့အလုပ်တွေကို ယနေ့ကစပြီးတော့ အကုသိုလ်တရားတွေတော့ မလုပ်ဘူးဟေ့ ကုသိုလ်တရားတွေကို စင်ကြယ်အောင်လုပ်ပြီး စိတ်လေးတွေကို စောင့်ရှောက်ချင်ပါတယ်ဆိုရင် အသိလေးပေးချင်တဲ့က နောက်ကျနေမှာစိုးလို့ ယနေ့ရထားတဲ့ခန္ဓာလေးကို အာရုံပြုကြနော်'

'မှန်လှပါဘုရား'

'ဟောဒီခန္ဓာသည် တစ်နေ့တခြား ပြန်ကြည့်လိုက်ရင် ဇာတိပစ္စယာ'

'ဇရာ မရဏပါဘုရား'

'ဒါဖြင့် ဇာတိဆိုတဲ့ မွေးကတည်းကိုကနေ တရွေ့ရွေ့နဲ့ ကြီးပြင်း ကြီးပြင်းလာတိုင်း ဘယ်ကိုရောက်လာ'

'ဇရာ မရဏပါဘုရား'

'တရွေ့ရွေ့နဲ့ အချိန်ကုန်တိုင်း ကုန်တိုင်း ဘယ်ကိုတိုးသွား'

'ဇရာ မရဏကို တိုးသွားပါတယ်ဘုရား'

'ဒီခန္ဓာအစဉ်ကို ဘယ်သူမှ ရှောင်လွှဲ လို့မရဘူးနော်'

'မှန်လှပါဘုရား'

'ယနေ့ရောက်နေတဲ့ ကုသိုလ်ရှင်တွေလည်း ဒီအစဉ်ရှောင်လွှဲလို့ မရပါဘူး'

'မှန်လှပါဘုရား'

'ရှောင်လွှဲလို့ရရဲ့လား?'

'မရပါဘူးဘုရား'

'ဒါဖြင့်ရင် ဒီအစဉ်ကိုဖြတ်ကျော်လို့မရတာ ဘာရထားလို့'

'ခန္ဓာရထားလို့ပါဘုရား'

'ဒီခန္ဓာကိုအရင်းတည်ပြီးတော့ ယနေ့ သာသနာ့အမွေ ယူပုံ ယူနည်းလည်း သိမနေဘူးလား?'

'သိနေပါတယ်ဘုရား'

http://www.dhammadownload.com



'အကောင်းဆုံး အမွန်ဆုံး ပုဂ္ဂိုလ်ထဲမှာပါအောင် လှူနည်းတန်းနည်းကော ကိုယ်ကရမထားဘူးလား?'

'ရထားပါတယ်ဘုရား'

'အဲဒီကတစ်ဆင့်တက်ပြီး စိတ်ကလေးကို စင်ကြယ်အောင် စောင့်ရှောက်ဖို့ အချိန်တွေ နှောင့်နှေးမှာစိုးလို့ မြန်မြန်သွက်သွက် လုပ်နိုင်အောင် ယနေ့ ဥပမာလေးနဲ့ ပုံဖော်အောင် သူတော်စင်များအတွက် သာသနာ့အမွေတွေ ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မဖြစ်ကြတဲ့ သူတော်စင်များကို ဟော. . . သားတော်ရဟန်းတော်တွေက ဘာလုပ်လိုက်လဲမေးတော့ ကျေးဇူးပြုခဲ့တယ်လို့မှတ်ထားပါ'

'မှန်လှပါဘုရား'

'ကျေးဇူးပြန်ဆပ်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'တုံ့နှေးတုံ့နှေးနဲ့ ယူနေမှာစိုးလို့ မြန်မြန်သွက်သွက်ယူနိုင်အောင် ဟောဒီ ခန္ဓာ့ငါးပါးဆိုတဲ့အပေါ်မှာ မြင်လိုက်ရမှာက -

**" ခန္ဓာငါးဖြာ၊ ကမ်းနားမှာ၊ ပေါက်ရာသစ်ပင်တူလေသည် "**

'အသိသီးရထားတဲ့ အလှူ့ဒကာ ဒကာမအပေါင်းရဲ့ခန္ဓာ ဟောပြောပေးနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ ခန္ဓာမှန်သမျှ ဘာနဲ့တူလဲမေးရင် ကမ်းနားကမ်းပါးမှာ ပေါက်နေတဲ့ သစ်ပင်နဲ့တူတယ်၊ ယနေ့ ကမ်းနားမှာပေါက်တဲ့သစ်ပင်တွေ သူတော်စင်များ သင်္ဘောလှေတွေနဲ့ သွားတဲ့အခါမှာ အဲဒီကမ်းပါးစောင်းမှာ ပေါက်တဲ့ ကမ်းနားသစ်ပင်တွေ မြင်ဖူးလား?'

'မြင်ဖူးပါတယ်ဘုရား'

'မြင်ဖူးတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ကမ်းနားသစ်ပင်ဆိုတာက တရွေ့ရွေ့နဲ့ အရွယ်လေးတွေ မြင့်လာတိုင်း မြင့်လာတိုင်းမှာ ဒီကမ်းနားသစ်ပင်သည် ကမ်းဘက်ကိုပဲ ကိုင်းနေတယ်၊

http://www.dhammadownload.com



ဘယ်ဘက်ကိုကိုင်း?'

'ကမ်းဘက်ကိုပဲ ကိုင်းနေပါတယ်ဘုရား'

'ကမ်းဘက်ကနေပြီးတော့ တခြားဆန့်ကျင်ဘက်ကိုကိုင်းလားဆိုရင် မကိုင်းဘူးနော်'

'မှန်လှပါဘုရား'

'ကမ်းဘက် ကမ်းဘက်ကို ကိုင်းနေတဲ့သဘောသည် ကမ်းနားသစ်ပင် မြင့်တိုင်း မြင့်တိုင်းမှာ ကြုံမကြုံ?'

'ကြုံပါတယ်ဘုရား'

'ဟော-အဲဒါလေးကိုလည်း အာရုံပြုရင် လှေစီးသွားတဲ့ခရီးသည် သင်္ဘောမော်တော်ပေါ် စီးသွားတဲ့ခရီးသည် ရေကြောင်းက ဖြတ်ရင်လို့များ ကမ်းပါးကို လှမ်းကြည့်နေရင် ကမ်းနားသစ်ပင်လေးတွေ အသွင်အပြင်လေး တွေကို မျက်ဝါးထင်ထင်မြင်လိုက်ရတာက -

**"ကမ်းနားပင်ဟာ၊ ကမ်းနားသာ၊ ကိုင်းကာရှိုင်းကာနေလေသည်"**

'အခုပြောလိုက်ပြီ၊ ကမ်းပါးမှာပေါက်တဲ့ ကမ်းနားသစ်ပင် ဘယ်ကို ကိုင်းရှိုင်းလဲမေးရင် ကမ်းပါးကိုကိုင်းရှိုင်းတယ်၊ ဘယ်ကိုကိုင်းရှိုင်း?'

'ကမ်းပါးကို ကိုင်းရှိုင်းနေပါတယ်ဘုရား'

'အခု သူတော်စင်အားလုံးရထားတဲ့ခန္ဓာ ဘာနဲ့တူ ကမ်းနားသစ်ပင်နဲ့ တူတယ်'

'ကမ်းနားသစ်ပင်နဲ့တူပါတယ်ဘုရား'

'ကဲ. . . ကမ်းနားသစ်ပင်နဲ့တူတဲ့ခန္ဓာကြီး တစ်နေ့တစ်နေ့ အသက်တွေ ကြီးလာတိုင်း ကြီးလာတိုင်း ရက်တွေကုန်လာတိုင်း ကုန်လာတိုင်း အဒိုဘက် ကို ကိုင်းနေသည်'

'မှန်လှပါဘုရား'

'အနာဘက်ကို'

'ကိုင်းနေပါတယ်ဘုရား'

http://www.dhammadownload.com



'အသေဘက်ကို'

'ကိုင်းနေပါတယ်ဘုရား'

'သေချာတယ်နော်'

'မှန်လှပါဘုရား'

'ကမ်းနားပင်နဲ့တူတဲ့ ကိုယ့်ခန္ဓာကြီးသည် တစ်နေ့မှ ကုန်သွားတိုင်း ကုန်သွားတိုင်းပဲ နုပျိုလာတယ် မရှိဘူးနော်'

'မှန်လှပါဘုရား'

'ကိုင်းနေ ကိုင်းနေတာက အအိုဘက်ကို ကိုင်းလာပါပြီ၊ အနာဘက်ကို ကိုင်းလာပါပြီ၊ အသေဘက်ကို ကိုင်းလာပါပြီ၊ အဲတော့ ကမ်းနားသစ်ပင်နဲ့ တူနေတယ်နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ကမ်းနားသစ်ပင်ကို ကိုယ်က အာရုံပြုတော့ ဒီသဘောဟာ ခန္ဓာ သဘောပဲလို့ မြင်သွားပြီ၊ ဒါဘာလုပ်တာလဲမေးတော့ စိတ်စင်ကြယ်စေချင်လို့'

'မှန်လှပါဘုရား'

'သူတော်စင်များမှာ ဒါနကုသိုလ်တွေ ရှိနေတယ်နော်'

'မှန်လှပါဘုရား'

'သီလကုသိုလ်တွေလည်း ရှိနေတဲ့အတွက်ကြောင့်မို့လို့ ကိုယ်ကိုယ်တိုင် လှူဖြစ်သလို သူများကိုလည်း လှူအောင် တန်းအောင် တိုက်တွန်းခဲ့တဲ့အတွက် အလွန်အဖိုးတန်တဲ့ပုဂ္ဂိုလ်ထူးထဲမှာလည်း ပါနေတာကို အားရစရာတွေလို့ ဝမ်းမြောက်ပြီးတော့ မေ့နေမှာစိုးလို့ အခုအချိန်မှီလေး တရားပွဲအပြီးမှာ ခုနတုန်းက လက်အုပ်ချီမိုးပြီးတော့ အမျိုးကောင်းသားက အရယူသွားသလို ကိုယ်လည်းပဲ အလွတ်မပေးဘဲနဲ့ ဘုရားရဲ့အဆုံးအမ သာသနာ့အမွေတွေကို တည်အောင်ဆိုပြီးတော့ ရှင့်ဒကာ ရဟန်းဒကာ၊ ရှင့်အစ်မ ရဟန်းအစ်မမှာ

http://www.dhammadownload.com



မယ်တော်တွေ, ခမည်းတော်တွေဆိုတဲ့ သာသနာတော်နဲ့ ကြုံခိုက်မှာ ဟော ပြောပေးခဲ့တဲ့ သားတော် ရဟန်းတော်တွေက ဒါ, ကျေးဇူးဆပ်ခဲ့တာပါ'

'မှန်လှပါဘုရား'

'ဘာလုပ်ခဲ့တာ?'

'ကျေးဇူးဆပ်ခဲ့တာပါဘုရား '

'အချိန်နှောင်းမှာစိုးလို့ပါ'

'မှန်လှပါဘုရား'

'အခုကိုင်းနေပြီနော်'

'မှန်လှပါဘုရား'

'ကိုင်းနေတဲ့အပင်လေးကို ဟော. . . လှိုင်းတွေကလည်း ရေစီးသန် တော့ မပုတ်ဘူးလား?'

'ပုတ်ပါတယ်ဘုရား'

'သွားပြီးတော့ ကမ်းစောင်းကို ပုတ်လိုက်တဲ့အခါမှာ ရေတွေကလည်း သွားပြီးတော့ရိုက် လှိုင်းတွေကလည်းပုတ်၊ အဲဒီလိုပုတ် ရေစီးကြောင်း ကလည်းပဲ အားကောင်းတဲ့အတွက်ကြောင့်မို့လို့ ကမ်းပါးစောင်းမှာရှိတဲ့ မြေစိုင် မြေခဲတွေသည် ရေတွေရဲ့လှိုင်းပုတ်မှုကြောင့် ဝုန်းကနဲ ဝုန်းကနဲ ပြိုမကျဘူး လား?'

'ပြိုကျပါတယ်ဘုရား'

'အခု မိမိတို့ရဲ့ ဟောဒီတောင်ကမ်းပါးယံမှာ ပေါက်နေတဲ့အပင်တွေကို လည်း အာရုံပြုနော်'

'မှန်လှပါဘုရား'

'တောင်ကမ်းပါးယံပေါက်တဲ့အပင်နဲ့ ကိုယ့်ခန္ဓာနဲ့တူတယ်'

'မှန်လှပါဘုရား'

'ဒီတောင် ကမ်းပါးယံဘက်ကိုလည်းပဲ သစ်ပင်ကြီးကကိုင်းနေသလို တစ်နေ့တခြား ကိုယ့်ခန္ဓာကိုယ်ကြီးကလည်း အအို အနာ အသေဘက်ကို ကိုင်းနေတာနဲ့လည်းပဲ ပမာယူထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ. . . အဲဒီတောင်ကမ်းပါးယံမှာရှိတဲ့ အရာတွေကလည်း မိုးတွေ ရွာတိုင်းရွာတိုင်းမှာ ရေတွေတိုက်စားလို့ ပြိုမကျဘူးလား?'

'ပြိုကျပါတယ်ဘုရား'

'ပြိုကျတယ်၊ အခုလည်းပဲ ကမ်းနားပင်မှာ ပေါက်နေတဲ့ ကမ်းနားသစ်ပင် သည် လှိုင်းလေတွေပုတ်တဲ့အတွက်ကြောင့်မို့လို့ လှိုင်းတွေက တိုက်စားတော့ မြေစိုင်မြေခဲတွေ မခိုင်တော့ ပြိုကျ ပြိုကျကုန်ပြီ'

'မှန်လှပါဘုရား'

'သူပြိုကျတဲ့အခါမှာ အပင်ကိုလှမ်းပြီးကြည့်လိုက်တော့ အောက်ခြေမှာ အမြစ်တွေ နဂိုတုန်းက မြေစိုင်မြေခဲနဲ့ တွဲထားတာ အခုတော့ ရေတိုက်စားပါ များတဲ့အတွက်ကြောင့် မြေစိုင်မြေခဲတွေ ပြိုကျ ပြိုကျ တဝုန်းဝုန်းနဲ့ ပြိုကျသွား တာမြင်တော့ အမြစ်လေးတွေဖွေးနေတာ မမြင်ဘူးလား?'

'မြင်ဖူးပါတယ်ဘုရား'

'အပင်မှာ အမြစ်တွေဖွေးနေအောင်ပေါ်နေပြီ'

'မှန်လှပါဘုရား'

'မြေဆိုင်မြေခဲတွေကတော့ ကုတ်အားမရှိတော့ ပြုတ်ကျ ပြုတ်ကျသွားပြီ၊ အပင်မှာတော့ အမြစ်တွေက ပေါ်နေပြီဆိုရင် ဒီအပင်လှဲဖို့ ပြိုဖို့ မလိုတော့ ဘူးပေါ့'

'မှန်လှပါဘုရား'

'လဲပြိုခါနီးပြီဆိုတာ သေချာ မသေချာ?'

'သေချာပါတယ်ဘုရား'

'ဘာပေါ်နေလို့'

'အမြစ်ပေါ်နေလို့ပါဘုရား'

'ယနေ့ ဒကာဒကာမတွေလည်းပဲ အသက်အရွယ်တွေကြီးလာတော့ အထိုင်အထကအစ ကောင်းသေးလား ?'

'မကောင်းတော့ပါဘုရား'

http://www.dhammadownload.com



'ဟာ. . . ဒူးနာလိုက်တာ, ခါးနာလိုက်တာ, တစ်ကိုယ်လုံးက နှိပ်စက်လိုက်တာနဲ့ ဘာဖြစ်နေတာလဲမေးရင် မိမိတို့ကို ကိလေသာရေတွေ တိုက်စားတဲ့အောက်မှာ ဟောဒီခန္ဓာကိုယ်ကြီးက အလဲလဲ အကွဲကွဲနဲ့ ပြိုကျပျက်စီးနေတာသည် အမြစ်ပေါ်နေတဲ့ သရုပ်ပြောနေတာ'

'မှန်လှပါဘုရား'

'ဒါကြောင့် -

**" ကမ်းနားပင်ဟာ၊ မြစ်ပေါ်ကာ၊ ပြိုကာလဲကာနီးလေပြီ "**

ကမ်းပါးမှာ ပေါက်နေတဲ့ ကမ်းနားသစ်ပင်လှိုင်းလေးတွေ ပုတ်လို့ မြေစိုင်မြေခဲတွေ တဝုန်းဝုန်းပြိုကျလို့ အမြစ်တွေဖွေးပြီး ပေါ်နေတာသည် အပင်လဲပြိုဖို့ အချက်ပြနေတာ'

'မှန်လှပါဘုရား'

'ဟောဒီခန္ဓာကိုယ်ကြီးကလည်း တစ်နေ့တခြား အရွယ်တွေ ကြီးလာပြီးတော့ အထိုင်အထမကောင်း နာမှုကျင်မှုတွေကလည်း တိုးပွားပြီးတော့ နှိပ်စက်နေတာ တခြားမမှတ်နဲ့ အမြစ်ပေါ်တယ်လို့ သတိပေးနေတာ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ခန္ဓာကိုင်းပင်ကြီး လဲကာနီးပြီပေါ့'

'မှန်လှပါဘုရား'

'လဲပြိုတော့မယ်'

'မှန်လှပါဘုရား'

'သားသမီးခန္ဓာလည်း ကမ်းနားသစ်ပင်'

'မှန်လှပါဘုရား'

'မိမိတို့ခန္ဓာလည်း ကမ်းနားသစ်ပင်ပါဘုရား'

'မှန်လှပါဘုရား'

'ဘယ်ဘက်ကိုကိုင်း?'

'အိုဘက်, နာဘက်, သေဘက်ကို ကိုင်းနေပါတယ်ဘုရား'

http://www.dhammadownload.com



'ခန္ဓာပင်ကြီး စိတ်မချရတာက . . အမြစ်ပေါ်နေပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် အမြစ်ပေါ်နေပြီဆိုရင် မြန်မြန်ဆန်ဆန် ကိုယ့်ကိုယ်ကို ကယ်မှရတော့မယ်'

'မှန်လှပါဘုရား'

'နှေးနေလို့ဖြစ်ပါ့မလား?'

'မဖြစ်ပါဘုရား'

'တပည့်တော်တို့ဘုရား နောက်နှစ်မှပဲ အရှင်ဘုရားပြန်လာမှပဲ နှလုံးသွင်းမယ် ဆိုလို့ရပါ့မလား?'

'မရပါဘုရား'

'ခုကော မလဲနိုင်ဘူးလား?'

'လဲနိုင်ပါတယ်ဘုရား'

'မြန်မြန်ဆန်ဆန်လုပ်ကြနော်'

'မှန်လှပါဘုရား'

'သာသနာ့အမွေကို ဘုရားရဲ့အဆုံးအမကို တည်ပြီးတော့မှ ကြိုးစားရင် ကိုယ်လုပ်ချင်တဲ့အလုပ် ဆက်လုပ်တန်ဖိုး ရှိပါသေးတယ်'

'မှန်လှပါဘုရား'

'လုပ်ချင်တဲ့အလုပ်ကို လုပ်ပြီးတော့မှ သာသနာ့အမွေ နောက်မှယူမယ်ဆိုရင် အချိန်မှီပါ့မလား?'

'မမှီပါဘုရား'

'ကမ်းနားပင်ကြီး ဘာဖြစ်တော့မယ် လဲတော့မယ်'

'လဲတော့မှာပါဘုရား'

'အဲဒါကို မသိတဲ့အခါကျတော့လည်း မိဘကလည်းပဲ အရွယ်လေးကြီးလာတော့ သြော်-ငါ့သား ငါ့သမီးလေးတွေက အခုချိန်ခါမှာ အားကောင်း

http://www.dhammadownload.com



ကောင်းနဲ့ဟော့. . . ငါတို့ကိုလုပ်ကျွေးနေလို့ သူ့တို့ကိုပဲ အားကိုးနေရတယ်၊ တချို့ သားသမီးတွေကလည်း မိဘကို အားကိုးနေရတော့ အပြန်ပြန် အလှန်လှန် အားကိုးမနေရဘူးလား?'

'အားကိုးနေရပါတယ်ဘုရား'

'သူ့ကြည့်တော့လည်း ကမ်းနားသစ်ပင်အမြစ်ပေါ်နေပြီ၊ ကိုယ့်ကြည့် တော့လည်း ကမ်းနားသစ်ပင် အမြစ်ပေါ်နေပြီ'

'မှန်လှပါဘုရား'

'ကဲ. . . အမြစ်ပေါ်နေတဲ့ ကမ်းနားသစ်ပင်နားသွားပြီး အားကိုးရမယ် လို့များဆွဲရင် ဒီကမ်းနားသစ်ပင်က ဆွဲလိုက်တဲ့အတွက်ကြောင့်မို့လို့ ဆွဲသူအား အပေါ်ကို လက်ကမ်းပြီးတော့ တင်မှာလား အဲဒီအပင်က ကိုယ့်ပေါ်ပိကျမှာ လား?'

'ကိုယ့်ပေါ်ကျမှာပါဘုရား'

'ဆွဲတာလည်း ကြည့်ဆွဲပေါ့'

'မှန်လှပါဘုရား'

'သားသမီးကိုဆွဲရင်လည်းပဲ ကမ်းနားသစ်ပင် ဆွဲနေတာ'

'မှန်လှပါဘုရား'

'မိဘကို အားကိုးပြီးတော့ ဆွဲနေရင်လည်းပဲ ကမ်းနားသစ်ပင်ကို ဆွဲနေတာ၊ အဲဒီ ကမ်းနားသစ်ပင်ကို ဆွဲတဲ့အတွက် အမြစ်ကိုပဲ ဆွဲဆွဲ အကိုင်းကိုပဲ လှမ်းဆွဲဆွဲ ဆွဲတဲ့ပုဂ္ဂိုလ်ပေါ် ပိဖို့သေချာတယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ကိုယ့်ကိုယ်ကို ပြန်သတိထားကြ'

'မှန်လှပါဘုရား'

'အခု ကိုယ်က တစ်နေ့တစ်နေ့ စားဝတ်နေရေး ဒီပြဿနာပြေလည် အောင်ဆိုပြီး တဏှာရေယာဉ်ကြောမှာ မျှောမလာဘူးလား?'

'မျှောလာပါတယ်ဘုရား'

http://www.dhammadownload.com



'မျောလာနေကြတာ ရေစီးကြောင်းထဲမှာ၊ မျောလာတဲ့ပုဂ္ဂိုလ်သည် ကမ်းနားသစ်ပင်ကို အားကိုးရာအနေနဲ့ ကမ်းနားကို ကပ်လည်းကပ်ရော ဖျတ်ဆို အမြစ်ကိုတွေ့ အမြစ်ဆွဲသည်၊ အကိုင်းတွေ့ရင် အကိုင်းလှမ်းဆွဲတယ်၊ ဘာကြောင့်လဲမေးတော့ ရေစီးထဲမှာ မျောနေတော့ ဒုက္ခမသက်သာဘူးဆိုပြီး ကမ်းနားမှာတွေ့တဲ့အပင်ကို အားကိုးရာအနေနဲ့ လှမ်းလည်းဆွဲလိုက်ကော ဟော. . . ကိုယ်က အားကိုးရတယ်ထင်ပြီး ဆွဲလည်း ဆွဲလိုက်ရော အဲဒီသစ်ပင်ကြီးက ဝုန်းကနဲ ကိုယ့်ပေါ်ပြိုကျလာတော့ ဝုန်းကနဲ ကိုယ့်ပေါ်မပိဘူးလား?'

'ပိပါတယ်ဘုရား'

'ရေစီးနှုန်းမှ မျောလာလို့ခံရတဲ့ ဒုက္ခက တစ်မျိုးနော်'

'မှန်လှပါဘုရား'

'အဆွဲမှားလို့ ကိုယ့်ပေါ် ပိကျပြန်တယ်ဆိုရင်ကော သက်သာသေးရဲ့လား?'

'မသက်သာပါဘုရား'

'အခုလည်း ဒီအတိုင်းပဲ'

'မှန်လှပါဘုရား'

'မိမိတို့က တဏှာမျောရာကို မျောပါလာကြတဲ့ သံသရာခရီးသည်တွေ'

'မှန်လှပါဘုရား'

'ဘယ်မှာမျောလာတာ?'

'တဏှာရေစီးကြောင်းမှာပါဘုရား'

**"တဏှာမျောရာ၊ မျောပါလာ၊ သံသရာခရီးသွားဖြစ်လေသည်"**

'မိမိတို့က သံသရာရေယဉ်ကြောမှာ မျောပြီးပါလာတဲ့ ခရီးသည်တွေပေါ့နော်၊ ဒုက္ခတွေရောက်နေကြတဲ့ မိမိတို့တစ်တွေ ကမ်းနားကိုရောက်တိုင်း ရောက်တိုင်းမှာ အားကိုးရာအနေနဲ့ အဲဒီအပင်တွေကို စွဲမိစွဲရာတော့ စွဲတော့မှာနော်၊ မစွဲမှီခင်လေးမှာလည်း ဘာတွေကို အားကိုးလည်းမေးတော့ . . . ကိုယ်ဖက်တွယ်ထားတဲ့ ဒိုက်ဖုတ်, ကိုယ်ဖက်တွယ်ထားတဲ့ သစ်ပင်, သစ်စ, သစ်တုံး

http://www.dhammadownload.com



ဒါလေးတွေက မျောတိုင်းမျောတိုင်းမှာ ဖက်တွယ်ရာအနေနဲ့တော့ ကိုယ်က အားမကိုးဘူးလား၊ ကမ်းနားကို မကပ်ခင်လေးသစ်ပင်ကို မစွဲခင်လေးမှာ ဖြစ်တတ်တဲ့သဘောပါ၊ အဲလိုဆိုရင် အဲ့ဒီလိုလေး ကိုယ်ကအာရုံလေးပြုပြုပြီး တော့မှ ဖြစ်ပေါ်နေတဲ့ အရာလေးတွေကို အားကိုးနေတဲ့ အခိုက်အတန့်လေးမှာ ဒီအပင်လေးကို မစွဲခင်လေး အားကိုးရာအနေနဲ့ လှမ်းပြီးတော့ အာရုံပြုလိုက်တဲ့ အခါမှာ -

"လူနတ်တောင်းတ၊ ကုသလ၊ ပြုကလူနတ်၊ ပေါ်မျှောမည်"

'အခု မိမိတို့တတွေသည် ကုသိုလ်တရားကို ဖက်တွယ်ပြီးတော့ တဏှာ ရေယဉ်ကြောထဲမှာ မျောလာတဲ့အတွက် ဟောဒီလူ့ဘဝမှာလာပြီးတော့ ပေါ် မျော မျောနေကြတယ်ပေါ့၊ အဲဒီပေါ်မျော မျောတဲ့အခိုက်မှာ ကုသိုလ်လေးကို အားကိုးဖက်တွယ်ထားတာ ဒီကုသိုလ်ကို အားကိုးဖက်တွယ်ထားတဲ့အတွက် လူ့ဘဝမှာ တဏှာရေယဉ်ကြောမျောနေရတဲ့ မိမိတို့အားလုံး သေသေချာချာ လေး နှလုံးသွင်းပြီး ကြည့်လိုက်တဲ့အခါကြတော့ ကိုယ့်သား ကိုယ့်သမီး ကိုယ့်ရဲ့ မိဘ အားကိုးရတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ အာရုံလေးပြုပြီးတော့လည်းပဲ အားကိုး ချင်တဲ့သဘောတွေ မရှိကြဘူးလား?'

'ရှိကြပါတယ်ဘုရား'

'အဲသလို အားကိုးချင်တဲ့သဘောတွေ ရှိတာကို ပြန်ပြီးတော့ သတိထား လိုက်တဲ့အခါမှာ မိမိတို့ရဲ့သန္တာန် ထင်ရှားရှိတဲ့တရား သေချာပြန်ပြီးတော့ အာရုံ ပြုပါ'

'မှန်လှပါဘုရား'

'အဲ့လိုအာရုံပြုတဲ့အခါမှာ မြင်နေတွေ့နေရတဲ့ အပိုင်းလေးတွေက ကုသိုလ်တရားကို အားကိုးတယ်လို့ ပြောတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ကုသိုလ်တရားကို အားကိုးတယ်လို့ပြောတဲ့အပိုင်းမှာ ကုသိုလ်က တကယ်တမ်းကြတော့ လူ့ဘဝကို ရောက်နေတဲ့ ပေါ်မျောကိုက ပြနေပါပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'လူ့ဘဝရောက်နေတဲ့ ပေါ်မျောက ကိုယ်က အဲဒီကုသိုလ်ထုတ်လေးကို အားကိုးထားတယ်၊ ကုသိုလ်ဒိုက်ဖုတ်လေးကို အားကိုးထားတယ်၊ ဒီကုသိုလ်လေးကို အားကိုးထားတဲ့အတွက်ကြောင့်မို့လို့ ကုသိုလ်ရှိတဲ့အတွက် ငါတို့တွေသည် ဒိုက်ဖုတ် ဗေဒါဖုတ်လေးတွေကို ဖက်တွယ်ပြီးတော့ မျောနေသလိုမျိုးပဲ အခုကုသိုလ်ကို ကိုယ်လည်းပဲ လူ့ဘဝမှာလာပြီးတော့ မျောနေတာ မျောနေတဲ့ လူ့ဘဝမှာ မိသားစုအချင်းချင်းကော မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'အဖေ အမေနဲ့ကော မတွေ့ရဘူးလား?'

'တွေ့ပါတယ်ဘုရား'

'အဲ့ဒီတွေ့ရတဲ့ အားကိုးစရာတွေကို အခုနပြောခဲ့ပါတယ်၊ ဘာလို့ပြော'

'ကမ်းနားသစ်ပင်လို့ ပြောပါတယ်ဘုရား'

'ကမ်းနားသစ်ပင်လို့ ပြောတယ်ပေါ့'

'မှန်လှပါဘုရား'

'ဒါဖြင့် ကမ်းနားသစ်ပင်လို့ ပြောတဲ့အတွက်ကြောင့်မို့လို အဲဒီအားကိုးစရာတွေကို အာရုံလေးပြုပြီးတော့ မျောလာသူက ဒါနကုသိုလ်တွေအပေါ်မှာလည်းပဲ အားကိုးရာအနေနဲ့ ပြုကောင်းပြုမှာပဲ'

'မှန်လှပါဘုရား'

'လောဘ၊ ဒေါသ၊ မောဟတွေများဖြစ်မယ်ဆိုရင်းတော့ ဒီပုဂ္ဂိုလ်ရဲ့ သန္တာန် သေချာကြည့်မယ်ဆိုရင် ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အကုသိုလ်နော်'

'မှန်ပါ့ဘုရား'

'ဒါဖြင့် အကုသိုလ်တွေရှိနေမယ်ဆိုရင်တော့ -

http://www.dhammadownload.com



**"အကုသလ၊ ပြုလေက၊ မြုပ်ရအပါယ်၊ လေးပါးဆီ"**

'မိမိတို့ရဲ့ အကုသိုလ်ပြုတယ်ဆိုရင် အကုသိုလ်က မြုပ်ဖို့သေချာနေတယ်'

'မှန်ပါ့ဘုရား'

'ဟောဒီသံသရာထဲမှာ ကျင်လည်နေရတဲ့ ပုဂ္ဂိုလ်တိုင်း မြုပ်လိုက်, မျော လိုက် မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ကုသိုလ်လုပ်ရင် မျောမယ်၊ အကုသိုလ်လုပ်ရင် မြုပ်မယ်'

'မှန်လှပါဘုရား'

'အဲဒီမြုပ်မျောဘဝနဲ့ နေနေရတဲ့အဖြစ်သည် သြော်. . . တကယ့်ကို အကျည်းတန်ပါလားလို့ မသိတဲ့အတွက်ကြောင့်မလို့ အချင်းချင်းဟာ မျောနေ တဲ့ဘဝ ဒိုက်ဖုတ် ဗေဒါဖုတ်လေးတွေကို အားကိုးရာအနေနဲ့ လာရင်းလာရင်းက နေပြီး ဒါကလည်း အားကိုးရာအနေနဲ့ မတွေ့ရတဲ့ အချိန်မှာတော့ ကမ်းနား ဘက် တဖြည်းဖြည်းကပ်လာတော့ အမြစ်ပေါ်နေတဲ့ အရာလေးတွေကို သွား ပြီးတော့ စွဲမိတဲ့အခါမျိုးမှာ အဲဒီစွဲမိတဲ့ ပုဂ္ဂိုလ်ပေါ်ကို မြုပ်ကြလာတဲ့အပင် သည် ပိရင် ဒုက္ခများလိမ့်မယ်ဆိုတာလေးကိုလည်းပဲ -

**"မျောလာသူကား၊ အားကိုးမှား၊ ကမ်းနားသစ်ပင်၊ စွဲကိုင်သည်"**

'မျောလာတဲ့ပုဂ္ဂိုလ်သည် ကိုယ့်ရဲ့ ဒိုက်ဖုတ် ဗေဒါဖုတ်လေးတွေကို အားကိုးရာအနေနဲ့ ဖက်တွယ်လို့ မရတဲ့အခါမှာ ကမ်းပေါ်ကို တက်ချင်တော့ ဘာကိုလှမ်းစွဲလည်းမေးရင် -

'ကမ်းနားသစ်ပင်ပါဘုရား'

'အဲ့ဒီကမ်းနားသစ်ပင်ကို စွဲကိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ဒုက္ခများ လိမ့်မယ်ဆိုတာကို အပင်ကြီးပိကြတဲ့အခါ လဲ့ပြိုလာတဲ့အခါမှာ အဲ့ဒီလှမ်းစွဲတဲ့ ပုဂ္ဂိုလ်ပေါ်ပိသွားရင် ဒုက္ခဆင်းရဲ သေချာပေါက်ကြုံနိုင်သလို အခု ဒါနကုသိုလ် တွေနဲ့ မျောလာတဲ့ပုဂ္ဂိုလ် တဏှာရေယဉ်ကြောထဲမှာ မျောလာတဲ့ မိမိတို့တတွေ ငါတို့အတွက် သားက အားကိုးရာ၊ သမီးက အားကိုးရာ၊ သားတွေသမီးတွေ

http://www.dhammadownload.com



ငယ်တော့လည်း အဖေ အမေက အားကိုးရာလို့ အပြန်အလှန်အားမကိုး ဘူးလား?'

'အားကိုးပါတယ်ဘုရား'

'အဲ့သလို အားကိုးအားကိုးနေတဲ့အတွက်ကြောင့် ဒါ ငါ့သားကွ၊ အားကိုး ထိုက်တဲ့ပုဂ္ဂိုလ် ဒါက ငါတို့အားကိုးရတဲ့ အဖေအမေကွ၊ ဒီလိုမျိုးလည်းပြန်ပြန်ပြီး တော့ မဖြစ်ကြဘူးလား?'

'ဖြစ်ကြပါတယ်ဘုရား'

'အဲ့သလို ပြောကြဆိုကြတဲ့ အပိုင်းတွေကို ပုံဖော်တဲ့နေရာမှာ သစ်ပင် တွေကို ကမ်းနားသစ်ပင်တွေကို ကိုယ်ကအားကိုးမှားလို့ စွဲကိုင်လိုက်တယ်-

**"စွဲကိုင်ဆိုတာ၊ ငါ့ဥစ္စာ၊ ငါငါပြောတာ၊ ဖြစ်လေသည်"**

'ကမ်းနားသစ်ပင်ကို စွဲကိုင်တယ်ဆိုတာ တခြားပြောတာမဟုတ်ဘူး၊ ကမ်းနားသစ်ပင်ကို စွဲကိုင်တဲ့ပုဂ္ဂိုလ် ဒုက္ခအကြီးအကျယ်ရောက်နိုင်ပုံများကို တရားသဘောနဲ့ ဝေဖန်ပြကြတဲ့အခါကြတော့ မိမိတို့တတွေက ဒါငါ့သားပဲ အားကိုးရာကွ၊ ဒါငါ့သမီးပဲ အားကိုးရာကွ၊ ဒါငါ့အဖေ ဒါငါ့အမေ ဒါကတော့ ငါတို့အားကိုးထိုက်တဲ့ ပုဂ္ဂိုလ်ကွ ဆိုပြီးတော့ အဲ့ဒီလို အားကိုးထိုက်တဲ့ပုဂ္ဂိုလ် တွေကို အာရုံလေးပြုပြုပြီးတော့ ငါ့သားပဲ၊ ငါ့သမီးပဲ၊ ငါ့အဖေပဲ၊ ငါ့အမေပဲ၊ ဒါငါပိုင်တာပဲ၊ ဒါငါ့ဥစ္စာပဲလို့ ပြောနေတဲ့ပုဂ္ဂိုလ်တွေကို ဘာလုပ်တာလဲမေးရင် စွဲနေတာ'

'ဘာလုပ်တာလဲ'

'စွဲနေတာပါဘုရား'

မျောလာတဲ့ ပုဂ္ဂိုလ်က သစ်ပင်ကို လှမ်းစွဲသလိုပဲ၊ ငါလို့ပြောနေတဲ့ပုဂ္ဂိုလ် ငါ့ဥစ္စာလို့ပြောတဲ့ပုဂ္ဂိုလ် ငါ့ဟာလို့ ပြောတဲ့ပုဂ္ဂိုလ် အရာရာပေါ်မှာပေါ့နော်'

'မှန်လှပါဘုရား'

'အဲ့သလို ပြောနေပြီဆိုရင် ဒီပုဂ္ဂိုလ် ဘာလုပ်လဲမေးရင်'

'စွဲနေတာပါဘုရား'

http://www.dhammadownload.com



'စွဲနေပြီ၊ အဲ့ဒီစွဲတဲ့ပုဂ္ဂိုလ်သည် အမှန်မြင်လား?'

'မမြင်ပါဘူးဘုရား'

'ငါလို့ပြောတဲ့အတွက်ကြောင့် ဒါသည် ငါ့အဖေ ငါ့အမေ ငါ့သား ဒိဋ္ဌိ မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ငါ့ဟာဆိုရင်လည်း ဒီအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာမလာဘူးလား?'

'လာပါတယ်ဘုရား'

'ငါ့ဥစ္စာဆိုရင်လည်း အဲဒီအပေါ်မှာ တစ်ခါတည်းပြန်ပြီး အာရုံပြုကြည့် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ပြောနေတဲ့အရာတွေသည် ဒိဋ္ဌိလည်းပါတယ်၊ တဏှာလည်းပါတယ်၊ မာနကလည်းမလွတ်ဘူး၊ ပပဉ္စတရားတွေ ဖြစ်နေတာကို စွဲကိုင်တယ်လို့ ခေါ်သည်'

'မှန်လှပါဘုရား'

'သားတွေ သမီးတွေ အားကိုးရာလို့ထင်ရတဲ့ ကမ်းနားက ပေါက်နေတဲ့ သစ်ပင်တွေ အမြစ်ပေါ်နေတာကို မသိတဲ့အတွက် အပြန်အလှန်စွဲနေကြတဲ့ အတွက်ကြောင့်မို့လို့ ဒိဋ္ဌိကောမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'တဏှာကောမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'မာနကောမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အဲ့ဒီလိုဖြစ်ပေါ်တဲ့ ပပဉ္စတရားတွေသည် သံသရာချဲ့တတ်တဲ့တရား'

'မှန်လှပါဘုရား'

'သံသရာချဲ့ပြီးဆိုရင် ဒီပုဂ္ဂိုလ်သည် အရှည်ကြီးသွားရတော့မယ်၊ ဟော. . . မြုပ်ရင်လည်း မြုပ်မယ်၊ မျောရင်လည်း မျောမယ် . . . မှန်ကော

http://www.dhammadownload.com



မှန်ရဲ့လား?'

'မှန်လှပါဘုရား'

'စွဲကိုင်မိတဲ့အတွက်ကြောင့်မို့ အဲ့ဒီစွဲကိုင်တဲ့ ပုဂ္ဂိုလ်သည် မြဲတဲ့တရားကို စွဲတာလား . . . မမြဲတဲ့တရားကို စွဲတာလား?'

'မမြဲတဲ့တရားကို စွဲတာပါဘုရား'

'အဲ့ဒီလို မမြဲတဲ့တရားကို စွဲပြီဆိုရင် အဲ့ဒီပုဂ္ဂိုလ်သည် ဒွေချာပြန်ကြည့် အပါယ် (၄) ပါးလည်း မြုပ်မှာပဲ သုဂတိဘုံလည်းပဲ မျောကြောင်း မျောမှာပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့် မျောလိုက်၊ မြုပ်လိုက် မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'မြုပ်လိုက်၊ မျောလိုက်နဲ့ နေရတာက မြုပ်တာ အပါယ်လေးပါး မျောတာက . . ?'

'သုဂတိဘုံပါဘုရား'

'မြုပ်တာက . . ?'

'အပါယ် (၄) ဘုံပါဘုရား'

'လတွေ လတွေမှာ စောင့်ကြတဲ့ အခိုက်အတန့်တွေမှာ ဩ . . ဒီမှာသိတာ ဥပုသ်ရက်ဆိုရင် လဆန်း (၈) ရက် လပြည့်၊ လကွယ် ဒီလောက်ပဲ သိကြတာပေါ့နော်'

'မှန်ပါဘုရား'

'အဲ့ဒါကို ဥပုသ်ရက်ကလေးသတ်မှတ်ပြီးတော့မှ လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်၊ လပြည့်၊ လကွယ်၊ လဆန်း (၁၄) ရက်၊ ဒါလေးတွေအပေါ်မှာ လကွယ် (၁၄) ရက်လေးတွေအပေါ်မှာ အာရုံပြုပြီးတော့မှ ဥပုသ်သီတင်း စောင့်ကြတာ၊ ဒါဥပုသ်နေ့ပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲ့ဒီလိုမျိုးစောင့်ကြတဲ့ မိမိတို့တစ်တွေ နတ်တွေရဲ့ သတ်မှတ်ထားတဲ့ ဥပုသ်ရက်တင်းလေးကိုလည်း သိစေချင်ပါတယ်'

'မှန်လှပါဘုရား'

'အဲ့ဒီလိုသိလိုက်တဲ့အခါကြတော့မှ ဪ-ဒီဥပုသ်နေ့ ဥပုသ်နေ့တွေကြရင် နတ်တွေသည် ဟောဒီ လူ့ပြည်ဌာနလူလောကကို ဆင်းပြီးတော့မှ စာရင်းတွေ ယူကြတယ်'

'မှန်ပါ့ဘုရား'

'ဘယ်အချိန်ယူတုန်း'

'ဥပုသ်နေ့ပါဘုရား'

'သူတို့မှာက ဘယ်နှစ်သီတင်းရှိလည်းမေးရင် (၈) သီတင်းရှိတယ်ဆို'

**" တစ်လရှစ်သီတင်း၊ နတ်များဆင်း၊ စာရင်းယူကြရှာ "**

'လောကမှာရှိနေကြတဲ့ သူတော်စင်များ ကမ်းနားသစ်ပင်ကိုလည်းမသိ၊ မျောလာတဲ့ ကိုယ့်ဒုက္ခကိုလည်း မမြင်တော့ အပြန်အလှန်လှမ်းပြီးတော့ လှမ်းပြီးတော့ စွဲနေကြပုဂ္ဂိုလ်တွေမှာ အကုသိုလ်တွေ သိပ်များကြတယ်'

'မှန်လှပါဘုရား'

'အဲ့ဒီများနေတဲ့ အကုသိုလ်တရားတွေသာ နေ့စဉ် နေ့စဉ်အားကောင်းပြီးတော့ ဥပုသ်သီတင်းကိုလည်း မစောင့်နိုင်လောက်အောင် အကုသိုလ်တွေဖြစ်နေရင် သတိပြုဖို့အတွက် နတ်တွေသည် အဲဒီအချိန်မှာ ဆင်း ဆင်းပြီးတော့မှ သူတော်စင်များကို စာရင်းယူသည် ဘယ်သူတွေက ဘယ်လို အကုသိုလ်တွေလုပ်နေတယ် ဘယ်သူတွေက ကုသိုလ်လုပ်နေတယ်ဆိုတာကို နတ်တွေက စာရင်းယူတာ တစ်လ ရှစ်သီတင်းမှာက လဆန်း(၅) ရက်ရယ်၊ လဆန်း(၈)ရက်ရယ်၊ လဆန်း (၁၄) ရက်ရယ်၊ လဆန်း (၁၅) ရက်ရယ်၊ လဆုတ် (၅) ရက်၊ လဆုတ် (၈) ရက်၊ လဆုတ် (၁၄) ရက်၊ လဆုတ် (၁၅) ရက် ဒါလဆုတ်ဘက်မှာက လေးသီတင်း လဆန်း (၄) သီတင်း၊ လဆုတ် (၄) သီတင်း ပေါင်းလိုက်ရင် (၈) သီတင်း အဲ့ဒီ (၈) သီတင်းတိုင်းမှာ လာပြီးတော့ နတ်တွေက ဆင်းပြီးတော့မှ စာရင်းယူတယ်၊ ဟိုးမြင့်မြတ်တဲ့ သုဓမ္မာနတ်သဘင်မှာလည်း တရားပွဲရှိတာနော်'

'မှန်ပါ့ဘုရား'

http://www.dhammadownload.com



'အဲ့ဒီတရားပွဲကြရင် ဟောဒီကဟော့. . . ပြုထားတဲ့ စာရင်းတွေ သူတို့ဆီရောက်တာပဲ'

'မှန်လှပါဘုရား'

'အဲ့ဒီစာရင်းတွေကို အဲ့ဒီက နတ်တွေက ဒီကိုဆင်းပြီးယူသလားဆိုရင်တော့ သူတို့က လူအနံ့ မခံနိုင်လို့ မဆင်းပါဘူးဟာ. . . မဆင်းရင်တော့ ပျော်စရာကြီးလို့မထင်ပါနဲ့ ကိုယ့်ရဲ့ကိုယ်စောင့်နတ်က စပြီးတော့ သတင်းပို့သွားတာ တစ်ဆင့်ထက်တစ်ဆင့် ကိုယ်စောင့်နတ်ကနေ အိမ်စောင့်နတ်, အိမ်စောင့်နတ်ကနေ ခြံစောင့်နတ် အဲ့ဒီလိုမျိုး အဲဒီလိုမျိုးလေးတွေနဲ့ ဆင့်ကဲ့ ဆင့်ကဲ့ သတင်းပို့သွားတဲ့ အတွက်ကြောင့်မို့လို့ ကိုယ့်အဖြစ်တွေကို အဲ့ဒီနတ်တွေက စာရင်းရှိတယ်'

'မှန်လှပါဘုရား'

'ကောင်းတဲ့ကုသိုလ်တွေလုပ်ထားပြီဆိုရင်တော့ နတ်ပြည်ဌာနက နတ်ရထားလေးလွှတ်ပြီးတော့ ကြိုပေးသည်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် မိမိတို့ ငရဲထိန်းနဲ့လိုက်မလား .. နတ်ရထားပေါ် တတ်မလား?'

'နတ်ရထားပေါ် တတ်ပါ့မယ်ဘုရား'

'စာရင်းကတော့ ကောက်သွားမှာပဲ'

'မှန်ပါ့ဘုရား'

'အခုတရားအားထုတ်နေတာ ဘာလုပ်တာလဲမေးရင် စာရင်းဖျက်နေတာ'

'မှန်လှပါ့ဘုရား'

'ဘာလုပ်တာလဲ'

'စာရင်းဖျက်နေတာပါဘုရား'

'တရားအားထုတ်တာက စာရင်းဖျက်နေတာ နေ့စဉ် နေ့စဉ်လုပ်ခဲ့တာက ဟောဒီမှာ စာရင်းလာ လာကောက်သွားတယ်၊ တစ်လ ရှစ်သီတင်း ရှစ်သီတင်း

http://www.dhammadownload.com



နဲ့ ကြုံတိုင်း ကြုံတိုင်း ကောက်သွားတာ၊ သူတို့ရဲ့ မှတ်တမ်းကြီးထဲမှာ ကိုယ့်အခြေအနေလေး ပြန်ကြည့်လိုက် ဖျက်စရာ မလိုအောင်ရှိတာလား . . ဖျက်ဖို့အတွက် အပြည့်လား . . . စဉ်းစားနော်'

'မှန်ပါ့ဘုရား'

'သူစီမှာက စာရင်း မရှိဘူးလား . . ရှိလား?'

'ရှိပါတယ်ဘုရား'

'အဲဒီစာရင်းအရကို ကိုယ်သေခါနီးကျရင် သူ့ရဲ့စာရင်းထဲရှိတဲ့ ပုဂ္ဂိုလ်တွေဟာ နတ်ပြည်ကိုသွားရမယ်ဆိုရင် နတ်ရထားတွေနဲ့ ကြိုပါတယ်'

'မှန်လှပါဘုရား'

'အပါယ် (၄) ဘုံသွားမယ့် ပုဂ္ဂိုလ်ကြတော့ ငရဲထိန်းတွေက ကြိုမှာ . . အဲ့ဒီတော့ ကိုယ့်မှာတော့ ဘာစာရင်းတွေ ပေးလိုက်ပြီဆိုတာသိလား?'

'မသိပါဘူးဘုရား'

'အခုတရားအားထုတ်နေတဲ့ ရက်ရှည်သည် ဘာလုပ်နေတာ?'

'စာရင်းဖျက်နေတာပါဘုရား'

'ဘာလုပ်နေတာ?'

'စာရင်းဖျက်နေတာပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ထင်ရှားရှိတဲ့တရားတွေကို အမှန်အတိုင်း ရုပ်ကို ရုပ်မှန်း၊ နာမ်ကို နာမ်မှန်းသိနေရင် အဲ့ဒီရုပ်နာမ်လေးတွေသည် အကိုင်အစွဲခံလား?'

'မခံပါဘူးဘုရား'

'ဖြစ်ပြီးရင် မပျက်ဘူးလား . . ပျက်လား?'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'တဖွဲဖွဲပျက်နေတဲ့အတွက် အကိုင်လည်းမခံဘူး. . . အဲ့ဒီအကိုင်မခံ အစွဲမခံတဲ့အရာကို ဩော်. . . ဒါကစွဲလို့မရ, ကိုင်လို့မရပါလားလို့ သိတဲ့ပုဂ္ဂိုလ်ကြတော့ စာရင်းကောင်းကောင်းဖျက်နိုင်တယ်'

'မှန်လှပါဘုရား'

'ကိုင်စရာ စွဲစရာလို့ထင်တဲ့ ပုဂ္ဂိုလ်ကြတော့ မျောလာတာကလည်း တဏှာရေယဉ်ကြော'

'မှန်ပါ့ဘုရား'

'အဲဒီပုဂ္ဂိုလ်သည် သေချာပါတယ်၊ အမြစ်ပေါ်တဲ့ သစ်ပင်ကြီးသွားစွဲတဲ့ အတွက်ကြောင့် ကိုယ့်ပေါ်ပိကြပြီး ဒုက္ခများမယ်'

'မှန်ပါ့ဘုရား'

'တခြားလား အစွဲမှားလို့လား?'

'အစွဲမှားလို့ပါဘုရား'

'ဒါဖြင့် မျောလာတဲ့ပုဂ္ဂိုလ် အစွဲမှားပြီ ဆိုရင်တော့ ဒုက္ခများမှာက ဟော့ . . . မြုပ်ဖို့လည်း သေချာတယ်နော်'

'မှန်လှပါ့ဘုရား'

'ကုသိုလ်ကောင်းမှုလေးလုပ်ပြီး ကျေနပ်နေမယ်ဆိုရင် မမျောဘူးလား?'

'မျောပါတယ်ဘုရား'

'ဒါကြောင့် -

**"မြုပ်ပါတစ်ခါ၊ မျောတစ်ခါ၊ အေးရှာနိဗ္ဗာန် မရောက်ပြီး"**

'မိမိတို့ နိဗ္ဗာန် မ,ရောက်နိုင်တဲ့အကြောင်းလေး အခုတော့ ပေါ်သွားပြီ၊ ဘာကြောင့်လဲမေးတော့ မြုပ်လိုက်, မျောလိုက်နဲ့ အချိန်တွေကုန်နေလို့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မြုပ်ရ မျောရတာသည် ဘာဖြစ်လို့လဲမေးတော့ ကမ်းနားသစ်ပင်ကို အစွဲမှားနေလို့'

'မှန်လှပါဘုရား'

'ကမ်းနားသစ်ပင်ဆိုတာ အားကိုးစရာ သားသမီးလို့ထင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေသည် ကမ်းနားသစ်ပင်တွေနော်'

'မှန်လှပါဘုရား'

'အားကိုးရာလို့ထင်ခဲ့တဲ့ မိဘ မောင်ဘွားတွေလည်း ကမ်းနားသစ်ပင်'

'မှန်ပါ့ဘုရား'

'အဲ့ဒီ အားကိုးမိတဲ့ ပုဂ္ဂိုလ်ကြတော့ မျောလာတဲ့ပုဂ္ဂိုလ် ဘယ်ရေယဉ်ကြောလည်းမေးတော့ တဏှာရေယဉ်ကြော သားသမီး, ဥစ္စာပစ္စည်း သူ့, မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'အဲဒီမျောတိုင်း မျောတိုင်းလေးပါလာတဲ့ အခိုက်အတန့်မှာ တွေ့လားကွတဲ့၊ ငါ့သားက သိပ်အားကိုးရတာ၊ ငါတို့ကိုများ ထားထားလိုက်တာ ကြည့်စမ်းပါအုံး လူချင်းတူ သူချင်းမျှမျှနဲ့ မပူမပင်ရအောင် နေလိုက်ရတယ်၊ ဒါမှငါ့သားကြီး၊ ဟော . . ဖြစ်ပြန်ပြီနော်'

'မှန်လှပါဘုရား'

'အဲ့ဒါဘာဖြစ်တာ အစွဲမှားတာ'

'မှန်ပါ့ဘုရား'

'ငါ့သားလို့ပြောရင် အစွဲမှားနေပြီ၊ ငါ့သမီးလို့ပြောရင် အစွဲမှားနေပြီ၊ ငါ့ဥစ္စာလို့ပြောရင် အစွဲမှားနေပြီ၊ ငါမှငါလို့ပြောနေတာ . . '

'အစွဲမှားနေလို့ပါဘုရား'

'အဲဒီအစွဲမှားတဲ့ ပုဂ္ဂိုလ်သည် မြုပ်ရလိမ့်မယ် မျောရလိမ့်မယ် မြုပ်မျောဒုက္ခ မရှိဘူးလား ရှိလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲ့ဒီမြုပ်ရတဲ့ဒုက္ခ, မျောရတဲ့ဒုက္ခ သံသရာထဲမှာ ကြောက်စရာကောင်းလောက်အောင် ရှည်ခဲ့ပြီလို့ သိစေချင်တဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ်းနားသစ်ပင်နဲ့ ဥပမာ မပေးဘူးလား?'

'ပေးပါတယ်ဘုရား'

'အခု ကိုယ့်အခြေအနေကို ကြည့်ကြည့်လိုက်တဲ့အခါမှာ ဘယ်လိုအခြေနေရှိလဲလို့မေးတော့ လဲပြိုတော့မယ့် အမြစ်ပေါ်နေတဲ့ အနေအထား'

'မှန်လှပါဘုရား'

'အားလုံးရဲ့ အနေအထားကြည့်လိုက်စမ်း ကမ်းနားမှာ ပေါက်နေပါတယ်သို့သော်လည်း ရေတွေတိုက်စားလို့ပါသွားတဲ့ မြေစိုင်၊ မြေခဲတောင် ကုတ်စရာမရှိလောက်အောင် အမြစ်တွေ တဖွားဖွား ပေါ်နေတဲ့ အနေအထား မရောက်နေဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'အချိန်တိုင်း အချိန်တိုင်းသည် လဲပြိုနိုင်တယ်'

'မှန်လှပါဘုရား'

'အခုလည်း အချိန်တိုင်း အချိန်တိုင်းကြည့် ခန္ဓာ ရုပ်နာမ်ကြီးက တဖွဲဖွဲပျက်နေတဲ့အတွက် အချိန်မရွေး မသေနိုင်ဘူးလား?'

'သေနိုင်ပါတယ်ဘုရား'

'လဲဖို့ ပြိုဖို့ အလွန်နီးနေပါပြီ'

'မှန်လှပါဘုရား'

'အဲ့ဒီလဲပြိုတဲ့ အခိုက်အတန့်လေးမှာ ကိုယ်က ကမ်းပေါ်ကို အရောက်မတက်နိုင်ရင် မြုပ်တော့မှာ'

'မှန်လှပါဘုရား'

'လဲပြိုမယ့် အနေအထားကလည်း ကမ်းနားသစ်ပင် အားကိုးရာ အနေနဲ့ကြည့်တော့ . . မရှိဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီတော့မျှောလာတဲ့ ပုဂ္ဂိုလ်သည် အားကိုးချင်ပါတယ်ဆိုရင် ကမ်းပေါ်မှာပေါက်တဲ့ ကမ်းနားသစ်ပင် မြဲလား?'

'မမြဲပါဘူးဘုရား'

'မိမိတို့ အားကိုးရတယ်ထင်တဲ့ သားတွေ, သမီးတွေ, မိဘ မောင်ဘွားတွေကော . . မြဲလား?'

'မမြဲပါဘူးဘုရား'

'တဖွဲဖွဲပျက်စီးတတ်တဲ့ သဘောသည် ဟောဒီလောကကြီးထဲမှာ ဘာတစ်ခုမျှ မမြဲတဲ့ သင်္ခါရ လောကကြီးနော်'

'မှန်ပါ့ဘုရား'

'အဲ့ဒီလောကကြီး တစ်ခုလုံးသည် မမြဲတဲ့ ဖြစ်ပြီးပျက်နေတဲ့အတွက်ကြောင့်မို့လို့ မမြဲတဲ့ တရားကို သွားစွဲမိတဲ့ ပုဂ္ဂိုလ်သည် သံသရာက တက်ခွင့်မရှိဘူးလို့ ဘုရားကဟောတယ်'

'မှန်ပါ့ဘုရား'

'အခု အိုခြင်း, နာခြင်း, သေခြင်း, ဟောဒီကမ်းနားသစ်ပင်နဲ့ အဖန်ဖန်အထပ်ထပ် ကြုံနေရတာသည် မြဲတဲ့လောကလား . . မမြဲတဲ့လောကလား?'

'မမြဲတဲ့လောကပါဘုရား'

'အချင်းချင်း မမြဲတာကို အားကိုးအနေနဲ့ ဖက်တွယ်ပြီးတော့ မှီမနေကြနဲ့ အချိန်ကုန်မနေကြနဲ့'

'မှန်လှပါဘုရား'

'မမြဲတာကို မမြဲမှန်းသိပြီဆိုရင် ဩော် . . . ဟိုတစ်ဖက်ကမ်းကို ကြည့်လိုက် နိဗ္ဗာန်တည်းဟူသော ကမ်းကြီးသည် မိမိတို့ရဲ့ ကမ်းနားသစ်ပင်တွေလည်း တစ်ပင်မှ မရှိတော့ဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကမ်းနားသစ်ပင်မှ မရှိတော့ဘူးဆိုရင် လဲတယ်, ပြိုတယ်ကော ရှိအုံးမလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် ဒီဘက်မှာကတော့ဖြစ်ပြီးရင် . . ?'

'ပျက်ပါတယ်ဘုရား'

'ဟိုဘက်ကမ်းပါးကတော့ ဖြစ်တာပျက်တာရှိလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် မဖြစ်ပျက်တာက . . ?'

'နိဗ္ဗာန်ပါဘုရား'

'မမြဲဘူးလား . . မြဲလား?'

'မြဲပါတယ်ဘုရား'

'ဒီဘက်က ဖြစ်နေ ပျက်နေတာက မြဲပါ့မလား?'

'မမြဲပါဘူးဘုရား'

'ဟော . . မမြဲတဲ့နေရာက မြဲတဲ့နေရာကို ရောက်အောင် တက်လှမ်းဖို့ လိုပြီနော်'

'မှန်ပါ့ဘုရား'

'အဲဒီလို ဆိုရင် သူတော်စင်များက မမြဲနေရာက မြဲတဲ့နေရာကိုသွားရင် ကိုယ်မျောနေတဲ့ ဟောဒီ တဏှာရေယဉ်ကြောကနေပြီးတော့မှ ကမ်းပေါ်ကို အရောက်တက်လှမ်းနိုင်ဖို့ မြဲတဲ့နေရာကို အရောက်တက်လှမ်းနိုင်ဖို့ ဟောဒီ ကမ်းကနေပြီးတော့ တဖက်ကမ်း တဖက်ကမ်းတွေပေါ်မှာ ကျကျနနနဲ့ ကပ်ပြီးတော့မှ ကောင်းစွာ ချမ်းချမ်းသာသာနဲ့ တတ်နိုင်ဖို့က မှီတွယ်ပြီးတော့ အမြစ်ပေါ်ပြီး လဲပြိုခါနီးဖြစ်တဲ့ အပင်တွေကို မစွဲမိဖို့ သတိထားပါ'

'မှန်ပါ့ဘုရား'

http://www.dhammadownload.com



'မစွဲမိဖို့ သတိထားဆိုတော့၊ ဟော့ဒီခန္ဓာကိုယ်ကြီးထဲမှာ ပြနေတဲ့ အရှုခံ တရားတွေကို ကိုယ့်သား, ကိုယ့်သမီး ပြတဲ့ခန္ဓာ, ကိုယ့်ခန္ဓာ ဘယ်ခန္ဓာပဲပြပြ သီးခြားသီးခြားပြီးတော့ကြည့်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာနဲ့ဘာ မြင်မယ်'

'ရုပ်နဲ့နာမ်မြင်မှာပါဘုရား'

'သားသမီး ခန္ဓာလည်း ဒီသဘောနော်၊ မိမိခန္ဓာမှာလည်း အသိရုပ်နာမ် ပဲရှိတယ်၊ ဒီရုပ်နာမ်သည် ဖြစ်ပြီးရင်ပျက်တဲ့ မမြဲတဲ့တရား'

'မှန်လှပါဘုရား'

'ကဲ. . . နိဗ္ဗာန်မှာကျတော့ ဒီရုပ်နာမ်ပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'ရုပ်နာမ်မှမပေါ်ရင် အဲဒီရုပ်နာမ် ဖြစ်ပျက်တွေကော ရှိမလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် ဖြစ်ခြင်း, ပျက်ခြင်း မရှိတော့ဘဲ မဖြစ်မပျက် မြဲတဲ့နေရာသည်'

'နိဗ္ဗာန်ပါဘုရား'

'ဟောဒီ ခန္ဓာတွေရှိရင် ဖြစ်ရင် ပျက်မယ်၊ သားသမီးခန္ဓာ ဖြစ်ရင်?'

'ပျက်မှာပါဘုရား'

'ဒါ့ဖြင့် ကိုယ့်ခန္ဓာလည်း ဖြစ်ပျက်, ခန္ဓာပွားတွေလည်း ဖြစ်ပျက်, မမြဲတဲ့ သဘောကို အမှီပြုပြီးတော့မှ မြဲတဲ့နိဗ္ဗာန်ကို အရောက်တက်လှမ်းချင်ရင် စွဲကိုင်ထားတဲ့ အရာတွေကို လွှတ်ရတော့မယ်'

'မှန်ပါဘုရား'

'ငါလို့ ကိုယ်ကနေပြီးတော့ မြင်တိုင်းမြင်တိုင်းမှာ သွားပြီးတော့ ဆွဲမိတဲ့ ပုဂ္ဂိုလ် ငါ့,မဟုတ်မှန်းသိရဲ့ပဲ'

'မှန်ပါဘုရား'

http://www.dhammadownload.com



'ငါမဟုတ်မှန်းသိရင် ဆွဲစရာလိုသေးလား?'

'မလိုပါဘူးဘုရား'

'ဒါဖြင့် မြင်တယ် မြင်တယ်ဆိုတာ ဘယ်သူမြင်တာ?'

'ခန္ဓာက မြင်တာပါဘုရား'

'ငါပါလား?'

'မပါပါဘူးဘုရား'

'ငါသား ငါသမီးပါလား?'

'မပါပါဘုရား'

'မပါဘူးဆိုရင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မလုပ်ရင် မစွဲတော့ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် မဆွဲကိုင်တဲ့ပုဂ္ဂိုလ်သည် မမြုပ်ရတော့ဘူး'

'မှန်လှပါဘုရား'

'ဆွဲကိုင်တဲ့ ပုဂ္ဂိုလ်သည် မြုပ်မယ်'

'မှန်လှပါဘုရား'

'ကမ်းနားသစ်ပင်ကိုလှမ်းပြီး အားကိုးရာအနေနဲ့ ဆွဲလိုက်တာနဲ့ ဒီသစ်ပင် ဝုန်းကနဲ ပြိုတော့မှာ'

'မှန်ပါဘုရား'

'ပြိုရင် ဆွဲမိတဲ့ပုဂ္ဂိုလ်ပေါ် တည့်တည့်ကျတာနဲ့ ပိပြီး ဒုက္ခများပြီ'

'မှန်ပါဘုရား'

'အခုလည်းပဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ သွားစွဲလိုက်ရင် ဒိဋ္ဌိအလေးဓါတ် ကြီးက အပါယ်ကို မမြုပ်ဘူးလား မြုပ်မလား?'

'မြုပ်မှာပါဘုရား'

http://www.dhammadownload.com



'အခုစွဲစရာ ငါရှိလားလို့ ကြည့်လိုက်တဲ့ အခါကြတော့ ရုပ်နာမ်ပေါ်တာ ငါမဟုတ်'

'မှန်ပါဘုရား'

'အဲဒီရုပ်နာမ်သည် ဖြစ်ပြီးပျက်နေတဲ့ အတွက်ကြောင့်မို့လို့ ငါလည်းမပါ၊ သူလည်းမပါ၊ ပုဂ္ဂိုလ်သတ္တဝါလည်းမပါ၊ မမြဲတဲ့တရားကို မြင်လိုက်တဲ့ ဉာဏ်သည် အစွဲကင်းသွားတယ်'

'မှန်ပါဘုရား'

'အဲ့ဒီ အစွဲကင်းတဲ့ ပုဂ္ဂိုလ် ဒိဋ္ဌိရှိသေးလား?'

'မရှိတော့ပါဘုရား'

'ဒိဋ္ဌိ မရှိရင် မမြုပ်ရတော့ပါ'

'မှန်ပါဘုရား'

'ဒါကြောင့် -

**"မဆွဲကိုင်က၊ မမြုပ်ရ၊ အေးစွာ နိဗ္ဗာန်ရောက်ပေမည်"**

'မိမိတို့ မစွဲကိုင်တော့ဘူးဆိုရင် အမှန်သိ ရုပ်နာမ်ကိုသိတဲ့အတွက် ရှေးဦးစွာ ဒိဋ္ဌိ မပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'မမြဲတာကို မြင်တော့လည်းပဲ သဿတတို့ ဥစ္ဆေဒတို့ မပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'အဲဒီသဘောတွေကို ကောင်းစွာ မြင်သိတဲ့ မိမိရဲ့ဉာဏ်မှာ စွဲစရာ မရှိတဲ့ အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ် ဘယ်တော့မှ မမြုပ်တော့ဘူး'

'မှန်ပါ့ဘုရား'

'တဆင့်ထက်တဆင့် မြင့်သထက်မြင့်ပြီး နိဗ္ဗာန်ကိုသာ ရောက်တော့မယ်လို့ ဘုရားက ဟောပေးလိုက်ပြီ'

'မှန်ပါ့ဘုရား'

http://www.dhammadownload.com



'အဲဒီလိုဆိုရင် ကိုယ်လုပ်တဲ့ အလုပ်ဟာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ချက် ချလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့် မမြဲတာက ခန္ဓာရှိတဲ့ဘက်ပေါ့နော်'

'မှန်ပါ့ဘုရား'

'မြဲတာက ခန္ဓာမရှိတဲ့ နိဗ္ဗာန် ခန္ဓာမရှိတဲ့ နိဗ္ဗာန်က'

'မြဲတာပါဘုရား'

'ခန္ဓာရှိတဲ့ ဒီဘက်ကမ်းက?'

'မမြဲတာပါဘုရား'

'မမြဲတဲ့ နေရာကနေ မြဲတဲ့နေရာကို မတက်ချင်ဘူးလား?'

'တက်ချင်ပါတယ်ဘုရား'

'အစွဲမမှားဖို့လည်း အခု ပြောနေပြီနော်'

'မှန်လှပါဘုရား'

'ဟော့ဒီ ခန္ဓာကိုယ်ကြီးကိုကော မိမိတို့ရှိနေတာက ကမ်းနားသစ်ပင် မမြဲဘူး ဖြစ်ပြီးပျက်နေတဲ့တရား ရုပ်နာမ်ပဲရှိတယ်ဆိုတာကို ငါကောင် သူကောင် ပုဂ္ဂိုလ်သတ္တဝါ ငါ့ဥစ္စာ သူ့ဥစ္စာ မလွတ်နိုင်အောင် ဘုရားရှင်က ပုံဖော်ပြီးတော့ မြင်လွယ်ထင်အောင် ပြောသွားတာကို သူတော်စင်များက ကြိုးစားနေတဲ့ အသိ ဉာဏ်ပေါ်မှာ အခြေခံထားပြီးတော့ လိုက်ကြည့်လိုက်တဲ့ အခါ မှာ အမှန်ကို မြင်ပြီဆိုရင် စွဲစရာ မလိုတော့ဘူး'

'မှန်ပါ့ဘုရား'

'အဲဒီ မလိုတဲ့ပုဂ္ဂိုလ်သည် ကိုယ့်သန္တာန်မှာ မြဲရာအမှန်ဆိုတဲ့ နိဗ္ဗာန်ကို ရောက်ချင်ရင်တော့ ဘာစီးရ?'

'မဂ်ဖောင်ပျံ စီးရပါမယ်ဘုရား'

http://www.dhammadownload.com



'ယနေ့ ဟော့ဒီ ရက်တစ်ရာစခန်းမှာ လာပြီးတော့ သူတော်စင်များ ကြိုးစားအားထုတ်တာသည် ကိုယ်စီးမဲ့ မဂ္ဂင်ဖောင်လာဖွဲ့နေတယ်လို့ မှတ်ပါ'

'မှန်ပါ့ဘုရား'

အဲဒီ မဂ္ဂင်ဖောင်ကြီး ပြီးသွားပြီဆိုရင်တော့ ဟိုဘက်ကမ်း အေးအေး ဆေးဆေးတက်လို့ရသွားပြီ'

'မှန်ပါ့ဘုရား'

'ဒီတော့ ကိုယ်စီးနေတဲ့ မဂ္ဂင်ဖောင်ကိုလည်းပဲ သတိထားကြည့်၊ ကိုယ့်မှာ အားကိုးရာအနေနဲ့ ကိုယ့်သား ကိုယ့်သမီးလေးတွေက ဩော်-အလုပ်ခွင်လေး တွေမှာ ကြိုးစားပြီးတော့ အခုအချိန်အခါမှာ ကိုယ့်ကို တရားဓမ္မတွေ အေးအေး ချမ်းချမ်း အားထုတ်နိုင်အောင် နှလုံးသွင်းနိုင်အောင် မပံ့ပိုးဘူးလား?'

'ပံ့ပိုးပါတယ်ဘုရား'

'အဲဒီ ပံ့ပိုးနေတဲ့ အချိန်အခါလေးမှာ တရားလေးနှလုံးသွင်းနေတဲ့ အတွက် မိမိတို့မှာ ဆွဲမိဆွဲရာအဖြစ်တွေက လွတ်ဖို့ကော မသေချာဘူးလား?'

'သေချာပါတယ်ဘုရား'

'ကဲ တရားလေးအားထုတ်ပြီးတော့ ကိုယ်က နှလုံးသွင်းနေတဲ့ အချိန်ခါ မှာ မစွဲဘူး၊ မေတ္တာတွေပို့ မေတ္တာတွေပွားတဲ့အခါမှာလည်းပဲ မစွဲဘူး၊ သီလ တရားတွေ စောင့်ထိန်းပြီးတော့ ကုသိုလ်ကို နှလုံးသွင်းနေတဲ့အခါမှာလည်း မစွဲဘူး၊ အစွဲတွေ မလွတ်နေဘူးလား?'

'လွတ်နေပါတယ်ဘုရား'

'အဲဒီအချိန် အခါမှာ ဩော်-ငါသည် အခုတရားကို အေးအေးချမ်းချမ်း အားထုတ်နေရတယ်၊ ငါ့သား ငါ့သမီးလေးက ငါ့ကို ပံ့ပိုးနေရတယ် သူတို့ခမျာ ဆင်းရဲလိုက်တာ ပင်ပန်းလိုက်တာ အဲဒီအပေါ်မှာ ကြောင့်ကြခဲ့ရင် စွဲပြီ . . . မစွဲဘူးလား?'

'စွဲပါတယ်ဘုရား'

'ဒီသား ဒီသမီးလေးတွေရှိလို့ ငါ့မှာ အားကိုးရာ ဖြစ်နေတာ သူတို့ ကျမ်းမာဖို့ အရေးကြီးတယ်ဆိုတော့ သူတို့ကို ငဲ့နေတာသည် ကိုယ့်ရဲ့သန္တာန်က

http://www.dhammadownload.com



ချစ်ခင်နှစ်သက်မှု အားကောင်းလို့ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'အဲဒီအချိန် ပြန်ကြည့်လိုက်ပါ၊ ဒီပုဂ္ဂိုလ်သည် တဏှာရေထဲ မျောနေပြီ'

'မှန်ပါ့ဘုရား'

'တဏှာရေထဲမျောပြီးတော့မှ ဆွဲရာဆွဲရာတွေကို မစွဲသင့်တာ လှမ်းဆွဲတဲ့အတွက် မြုပ်တော့မှာနော်'

'မှန်ပါ့ဘုရား'

'ကိုယ်ကကောင်းမှုကုသိုလ်ထုံးမွမ်းထားတဲ့အတွက် မျောမယ်ဆိုသော်လည်းပဲ ဖြစ်နိုင်သေးသည် သို့သော်လည်း မျောတာလဲ ခန္ဓာ (၅) ပါး ဒုက္ခသစ္စာ'

'မှန်လှပါဘုရား'

'မြုပ်တာလည်း ခန္ဓာ (၅) ပါး'

'ဒုက္ခသစ္စာပါဘုရား'

'ဘယ်ဒုက္ခမှ မသက်သာပါလားဆိုတာကို မစွဲအောင်လို့ ဘုရားက ဟောပေးတာ'

'မှန်လှပါဘုရား'

'အဲဒီတော့ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေတောင်မှ ဒီလိုစွဲတတ်တယ်ဆိုရင် တရားအားမထုတ် တရားမနာရင် နေ့တိုင်းစွဲနေမှာ'

'မှန်လှပါဘုရား'

'အဲဒီ စွဲတဲ့ပုဂ္ဂိုလ်သည် သားသမီးလေးတွေကို မြင်တိုင်းမြင်တိုင်းမှာ ကျေနပ်တဲ့တဏှာ၊ သားသမီးလေးတွေ သွားပြီးတော့ လုပ်ကိုင်နေရတာကို ပင်ပန်းတာကို မကြည့်ရက်တဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ရဲ့စိတ်ထဲမှာ မကောင်းဖြစ်တော့လည်းပဲ သောကတွေ မလာဘူးလား?'

'လာပါတယ်ဘုရား'

http://www.dhammadownload.com



'အချိန်မှန်မှန်မရောက်ရင်လည်းပဲ သောကတွေ မလာဘူးလား?'

'လာပါတယ်ဘုရား'

'ဪ အဲ့ဒါသည် ဘယ်သူ့ကို မှီပြီးဖြစ်တာလဲမေးတော့ ကိုယ်ချစ်တဲ့ သားသမီးပေါ်မှာ ဖြစ်တာနော်'

'မှန်ပါ့ဘုရား'

'အဲဒီ ကိုယ်အားကိုးတဲ့ ကိုယ်ချစ်တဲ့ သားသမီးဆိုတာက ဘာနဲ့တူ?'

'စွဲနေတာနဲ့တူပါတယ်ဘုရား'

'ကိုယ့်ရဲ့သားသမီးတွေကလည်း အဖေအမေက လုပ်ကိုင်ကျွေးနေတယ်၊ ဪ. . . ဒီအဖေတွေ အမေတွေ ငါတို့ကို လုပ်ကိုင်ကျွေးလို့ လူချင်းတူတူ သူချင်းမျှမျှ မျက်နှာငယ် အောက်တန်းကျတဲ့ဘဝနဲ့ မနေရတာ ဪ- အဖေ အမေတွေရဲ့ ကျေးဇူးပါလား၊ ဒီအဖေ အမေတွေရှိလိုလဲပဲ ဒီအဖေ အမေတွေ အချိန်မှန်ပြန်မလာဘူးဆိုရင်လည်းပဲ ကိုယ့်မှာက ပူပန်ရတယ်၊ ကြောင့်ကြရတယ်၊ အဖေ အမေ မျက်နှာမြင်ပြန်သော်လည်း ချစ်လို့မဆုံး ခင်လို့မဆုံး ဆိုတော့ သားသမီးတွေမှာလည်းပဲ အာရုံပြုပြီးတော့ အဖေ အမေနဲ့ ပတ်သက်ပြီး မပျော်ပြန်ဘူးလား?'

'ပျော်ပါတယ်ဘုရား'

'တခြားလား စွဲနေတာလား?'

'စွဲနေတာပါဘုရား'

'အပြန်အလှန် စွဲနေကြတာ'

'မှန်ပါ့ဘုရား'

'အဲ့ဒီအစွဲတွေကို ပြန်ကြည့်တဲ့အခါမှာ ကိုယ်ကမြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်းမှာ ကိုယ့်ကို လုပ်ကိုင်ကျွေးနေတဲ့ သားသမီးအာရုံ ပေါ် မပေါ်?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်အားကိုးနေရတဲ့ အဖေမိဘရဲ့ ပုံသဏ္ဍာန်တွေရော . . မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲ့ဒီအာရုံတွေသည်ပင် ပြန်ကြည့်လိုက်ပါ . . မြင်တဲ့ခဏသည် အဆင်းအာရုံ'

'မှန်ပါ့ဘုရား'

'ပြန်ပြီးတော့မှ မနောမှာ ကြိုးစားပြီး အာရုံဖော်လိုက်ရင် ဓမ္မာရုံ၊ အဲဒီအာရုံလေးကို ပြန်ပေါင်းဆက်လိုက်တော့ ငါလား, သူလား, ရုပ်နာမ်လား?'

'ရုပ်နာမ်ပါဘုရား'

'ရုပ်နာမ်ဆိုတာ အကြည့်ခံလား?'

'အကြည့်မခံပါဘူးဘုရား'

'ဖြစ်ပြီးရင်?'

'ပျက်ပါတယ်ဘုရား'

'အဲ့ဒီသဘောလေးကို ဟော့ဒီက ဉာဏ်လေးသာလိုက် အဲဒီဉာဏ်လေးလိုက်အောင်လည်းပဲ ယနေ့ သူတော်စင်များက ကြိုးစားနေတာ'

'မှန်ပါ့ဘုရား'

'ဒါဖြင့် ရုပ်ကိုရုပ်မှန်း နာမ်ကိုနာမ်မှန်း ပေါ်လာတဲ့ သဘောလေးကို သိသိ, သိသိနေတာက တခြားလား . . သတိလား?'

'သတိပါဘုရား'

'ဒါဖြင့် သတိတရားလည်း လိုတယ်ပေါ့နော် . . ဘာတရားလိုလဲ?'

'သတိတရားလိုပါတယ်ဘုရား'

'ပထမတုန်းက သတိလည်းမရှိ ဝီရိယ ပညာတွေ ကိုယ်မှာ မကိန်းတဲ့အတွက်ကြောင့်မို့လို့ ဒါဟာ အားကိုးရတဲ့ အဖေ, အမေ၊ ဒါက အားကိုးရတဲ့ သားသမီးဆိုပြီးတော့ မျှောချင်တိုင်း မျှောခဲ့တာ'

'မှန်ပါ့ဘုရား'

http://www.dhammadownload.com



'ဒါကြောင့်မို့လို့ မြုပ်မျောဘ၀က မလွတ်ဘူးနော်'

'မှန်လှပါဘုရား'

'အခုကိုယ်က မဂ္ဂင်ဖောင်ကို စွဲချင်တိုင်းစွဲခဲ့တာ ဖွဲ့နေတဲ့အတွက်ကြောင့် မို့လို့ အမှန်ကိုသိဖို့တော့ ကြိုးစားရမှာ'

'မှန်လှပါဘုရား'

'ဒီလိုကြိုးစားလိုက်တဲ့အခါကြတော့ ပေါ်လာတဲ့ အာရုံလေးတွေမှာ မြင်တဲ့အာရုံပဲဖြစ်ဖြစ် ပြန်တွေးတဲ့ အာရုံပဲဖြစ်ဖြစ် အဲ့ဒီအာရုံတွေသည် ရုပ်နဲ့နာမ် ပေါ်နေပါလားလို့ အောက်မေ့အမှတ်ရတဲ့ သတိလေးထိန်းရင် ငါစွဲတွေပြုတ် သွားပြီ'

'မှန်လှပါဘုရား'

'မပြုတ်နိုင်ဘူးလား?'

'ပြုတ်နိုင်ပါတယ်ဘုရား'

'အဲ့ဒီတရားလေးတွေကို ပြုတ်တဲ့ ပြုတ်တဲ့အပေါ်မှာ သညာသိပြုတ်နဲ့ အားကောင်းဖို့အတွက်က ပေါ်တဲ့နေရာလေးတွေ, ပေါ်တဲ့နေရာလေးတွေကို တွေးတိုင်း, တွေးတိုင်းလည်း မလွတ်အောင်၊ မြင်တိုင်း, မြင်တိုင်းလည်း မလွတ် အောင်၊ ကြားတိုင်း, ကြားတိုင်းလည်း မလွတ်အောင် ကိုယ့်ရဲ့ ဟော့ဒီ အောက် မေ့ အမှတ်ရတဲ့ သတိလေးမှာ လုံ့လလေးစိုက်ပြီးတော့မှ ရက်ရှည်ကြိုးစားခဲ့တဲ့ စွမ်းအားတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် ဝီရိယလေးလည်း ရှိတယ်ပေါ့'

'မှန်ပါ့ဘုရား'

'အဲလို ရှိနေတဲ့အတွက်ကြောင့်မို့လို့ အဲဒီ နဂိုတုံးက ပေါ်တဲ့အာရုံတွေ ပေါ်မှာ မငြိမ်သက်ပဲနဲ့ စိတ်တွေက ယောက်ယက်ခတ်ပြီးတော့မှ စွဲချင်ရာစွဲခဲ့တဲ့ အတွက် မြုပ်လုနီးခမန်းဖြစ်နေပြီး ကိုယ့်ပေါ်ကို ပိကြဖို့အတွက်လည်း သေချာ နေပြီး၊ သို့သော်လည်း အဲ့ဒီအချိန်အခါလေးမှာ ကိုယ်ကမသေနိုင်ခဲ့တဲ့အတွက် ကံကောင်းထောက်မပြီးတော့မှ တရားတွေနာ တရားတွေ အားထုတ်ခွင့်ရတော့

http://www.dhammadownload.com



ဟောဒီအာရုံလေး ပေါ်တိုင်း ပေါ်တိုင်းမှာ ဒါရုပ်တရားကွ ဒါနာမ်တရားကွလို့ သင်ပေးထားတဲ့အတိုင်း သတိလေးကလည်းရှိ, ပေါ်တဲ့နေရာကိုလည်းပဲ မလွတ်ရအောင် ဝီရိယကလည်းစိုက်တော့၊ အာရုံပေါ်မှာပဲ တည်တည်ငြိမ်ငြိမ် လေးနဲ့ နေလာနိုင်တဲ့ အနေအထားမျိုး မရသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'အဲဒီရသွားတဲ့ အခိုက်အတန့်လေးသည် ကျေးဇူးများသွားတာ'

'မှန်လှပါဘုရား'

'သတိရယ်, ဝီရိယရယ်, သမာဓိရယ် တနည်းပြောရင် . . သမ္မာသတိ, သမ္မာဝါယာမ, သမ္မာသမ္မာဓိ သုံးပါးသော ဖောင်လေးမပေါ်လာဘူးလား?'

'ပေါ်လာပါတယ်ဘုရား'

'မြရာအမှန် နိဗ္ဗာန်သို့ တက်လှမ်းဖို့အတွက် စတင်ပြီးတော့ အာရုံကို ပြတဲ့နေရာ သင်ပေးထားတဲ့ ရုပ်နာမ်အပေါ်မှာ အမှန်အရှိကို သိတဲ့အတွက် ကြောင့်မို့လို့ ဒိဋ္ဌိလည်းပဲ ကိုယ့်မှာ မဖြစ်သေးဘူးနော်'

'မှန်ပါ့ဘုရား'

'အားကိုးမှားတဲ့ အစွဲတွေလည်းပဲ ဝင်ခွင့်မရသေးဘူး'

'မှန်ပါ့ဘုရား'

'အဲဒီအချိန် ဘာပေါ်လည်းမေးတော့ ဟော-သမ္မာသတိလေး ကိုယ့်သန္တာန်ရှိနေပြီ၊ သမ္မာဝါယာမလေး ကိုယ့်သန္တာန်ရှိနေပြီ၊ သမ္မာသမာဓိလေး ကိုယ့်သန္တာန်ရှိနေပြီ၊ သမာဓိတည်နေတဲ့ အချိန်လေးသည် စိတ်မတည်ငြိမ် ဘူးလား?'

'တည်ငြိမ်ပါတယ်ဘုရား'

'စိတ်ကော မစင်ကြယ်ဘူးလား?'

'စင်ကြယ်ပါတယ်ဘုရား'

'အဲဒီအချိန်အခါမှာ သင်ပေးထားတဲ့ တရားလေးက ထပ်ပြီးတော့မှ ဖြည့်စွက်လိုက်တဲ့အခါမှာ ဒီပေါ်လာတဲ့ အာရုံလေးသည် မြင်ဆဲခဏလည်း မမြဲဘူးကွ ဖြစ်ပြီးပျက်တယ်၊ တွေးတဲ့ခဏမှာလည်း ဒီအာရုံလေးက မမြဲဘူး ဖြစ်ပြီးပျက်တယ် အဲဒီဖြစ်ပျက်ရဲ့ သဘောလေးကို မြင်နေတဲ့အသိလည်း

http://www.dhammadownload.com



မမြဲဘူးကွ ဖြစ်ပြီးပျက်တယ် အဲဒီလိုရုပ်တရားတွေရဲ့ဖြစ်ပျက် နာမ်တရားတွေရဲ့ ဖြစ်ပျက်ကို သင်ပေးထားတဲ့အတိုင်း တည်ငြိမ်တဲ့ သမာဓိနဲ့ စွမ်းအားတွေ ပြည့်ပြီးတော့ ဆက်လက်ကြိုးစားတဲ့အခါမှာ ဩော်-အရှိသဘောတွေရဲ့ ပျက်သွား ပျက်သွားတာကို မြင်အောင်ကြည့်နိုင်တဲ့အတွက် သမ္မာသက်ပွနဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် (၂) ပါး မဖြည့်လာဘူးလား?'

'ဖြည့်လာပါတယ်ဘုရား'

'ပြည့်တဲ့အခိုက်အတန့်လေးမှာ စွဲသေးလား?'

'မစွဲပါဘူးဘုရား'

'ပြည့်တဲ့အခိုက်အတန့်လေးမှာ စွဲစရာ မလိုတော့ဘူးနော်'

'မှန်လှပါဘုရား'

'ဒါဆိုရင် ဒိဋ္ဌိဆိုတဲ့ အလေးခတ်လည်း ကိုယ့်အပေါ်ကို မပိတော့ဘူး'

'မှန်ပါ့ဘုရား'

'အခုနတုန်းက ကမ်းနားသစ်ပင်တွေကိုလည်း အားကိုးရာအနေနဲ့ ကိုယ်က စွဲဖို့အတွက်က ကမ်းနားသစ်ပင်ဆိုတာ မြင်သွားပြီးနော်'

'မှန်ပါ့ဘုရား'

'အဲ့ဒီမြင်တဲ့အတွက်ကြောင့် ကိုယ်က မစွဲတော့ဘူး'

'မှန်ပါ့ဘုရား'

'မစွဲတာက တခြားလား၊ အရှိကို အရှိအတိုင်း မြင်လို့လား?'

'အရှိကို အရှိအတိုင်း မြင်လို့ပါဘုရား'

'ဒါဖြင့် အမြင်အာရုံ အကြားအာရုံမှ သိရတဲ့အသိ အတွေးအာရုံမှ သိရတဲ့ အသိတွေဟာ ရုပ်နာမ်ပေါ်တယ်လို့ သိတိုင်း, သိတိုင်း ဒိဋ္ဌိမပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'ကဲ . . ဖြစ်ပျက်ကို မြင်တဲ့အတွက် ဒီအပေါ်မှာ ခင်တဲ့တဏှာကော လာသေးလား?'

'မလာပါဘူးဘုရား'

http://www.dhammadownload.com



'တဏှာရေစီးကြောင်းကနေ လွတ်သွားပြီ'

'မှန်ပါ့ဘုရား'

'အဲဒါ ဘယ်ဖောင်ကစီးနေလို့လဲ?'

'မဂ္ဂင်ဖောင်ကစီးနေလို့ပါဘုရား'

'ဒါဖြင့် တဏှာရေယဉ်ကို ဖြတ်ကျော်နိုင်တာ မဂ္ဂင်ဖောင်'

'မှန်လှပါဘုရား'

'ဒိဋ္ဌိဆိုတဲ့ အလေးခေတ်ကြီး ကိုယ့်ပေါ်ပိမကျအောင် ဟော ကယ်နိုင်တာက မဂ္ဂင်ဖောင်'

'မှန်ပါ့ဘုရား'

'ဒါဖြင့် မဂ္ဂင်ဖောင်မဖွဲ့ထားဘူးလား?'

'ဖွဲ့ထားပါတယ်ဘုရား'

'ဘယ်နှစ်ပါးမဂ္ဂင်?'

'(၅) ပါး မဂ္ဂင်ပါဘုရား'

'(၅) ပါး မဂ္ဂင်ဖောင်လေး တစ်နေ့တခြားဖွဲ့လာတာ ယနေ့ အားကောင်းလာတာက (၉)ရက်ဆိုတော့ ဖောင်ကတော့ ပိုပြီးတော့ ခိုင်လာပြီပေါ့'

'မှန်လှပါဘုရား'

'ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်း ရှိတဲ့အတွက်ကြောင့်မို့ ဖောင်ပေါ်မှာ နေရတာကိုက ချမ်းသာလာတယ်'

'မှန်လှပါဘုရား'

'ဘယ်လို သနာပြီးတော့မှ ကိုယ့်ကိုတွန်းလှန် တွန်းလှန် ဟော. . . အရှိန်လေးရှိနေတဲ့အတွက်ကြောင့်မို့လို့ ဟောဒီဖောင်က မရပ်ဘူး'

'မှန်လှပါဘုရား'

'မရပ်တာက တဏှာပေါ်လည်း ဖြစ်ပျက်ရှုနိုင်တာကို ပြောသည်'

'မှန်ပါ့ဘုရား'

http://www.dhammadownload.com



'တဏှာပေါ်လည်း ဖြစ်ပျက်ရှုနိုင်တာသည် အဲဒီတဏှာရေယဉ်ကြော ပေါ်မှာ မဂ္ဂင်ဖောင်က ဖြတ်ကျော်သွားတာ'

'မှန်လှပါဘုရား'

'ဒါဆို ဟိုဘက်ကမ်း မနီးဘူးလား . . နီးပြီးလား?'

'နီးပါပြီဘုရား'

'အဲဒီလို နီးလာတော့ ကြိုးစား ကြိုးစားပြီးတော့ နှလုံးသွင်းလိုက်တဲ့အခါ မှာ ပေါ်ရာ ပေါ်ရာ အရှုခံလေးတွေကို ကောင်းစွာသတိထားပြီး ရှုလိုက်တော့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တွေကို ကောင်းစွာမြင်လည်းမြင်ရော စွဲတဲ့ထိုင်တဲ့ ဘဝ က လွတ်သွားပြီ'

'မှန်လှပါဘုရား'

'အစွဲ များသေးလား?'

'မများတော့ပါဘူးဘုရား'

'အမြစ်ပေါ်နေတဲ့ သဘောကော သတိမထားမိဘူးလား?'

'ထားမိပါတယ်ဘုရား'

'အဲဒီလိုနဲ့ ကြိုးစား ကြိုးစားလာတာ ကိုယ်ကလည်း အမြစ်ပေါ်နေပြီ ဩော်-ကိုယ်ကလည်း သူ့ကိုစွဲရင်, သူကလည်း ကိုယ့်ကိုစွဲရင်, မှားနေပါလား ဆိုတာသိတဲ့အတွက်ကြောင့် မလဲခင် မပြိုခင်လေးကို မဂ္ဂင်ဖောင်ပေါ် အမြန် တက်လိုက်တော့ လွတ်မသွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'အခုဘယ်နှစ်ပါးမဂ္ဂင် ( ၅ ) ပါး မဂ္ဂင်ကနေ ဖြစ်ပျက်တွေ အမြင်ဆုံး အောင် ကြည့်လိုက်နိုင်တဲ့ အခိုက်အတန့်လေးမှာ ကိုယ့်ရဲ့သန္တာန်မှာ သီလမဂ္ဂင် ( ၃ ) ပါး ထည့်ဖြည့်လိုက်'

'မှန်လှပါဘုရား'

'ဘာဖြည့်ရမှာ . . ?'

'သီလမဂ္ဂင် (၃) ပါး ထည့်ဖြည့်ရမှာပါဘုရား'

http://www.dhammadownload.com



'သီလမဂ္ဂင် (၃) ပါး ထည့်ဖြည့်လိုက်မယ်ဆိုရင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ'

'ဘယ်နှစ်ပါး?'

'(၃) ပါးပါဘုရား'

'ဒါဖြင့် ကိုယ်ရှုနေတဲ့ အရှုခံတရားက ရုပ်နာမ်ခန္ဓတွေ ဖြစ်ပျက် ကိုယ့်ခန္ဓာမှာပြတာ အဆုံးကိုမြင်လိုက်တဲ့ခဏမှာ ဗောဓိ (၅) ပါးနဲ့ ကြိုးစားလာလို့ စွမ်းအားမြင့်တဲ့ ပုဂ္ဂိုလ်တဏှာရေယဉ်ကြောကို တရိပ်ရိပ်နဲ့ ဖြတ်ကျော်သွားပြီး တော့မှ ဒိဋ္ဌိတွေကိုလည်း အမြစ်ပြတ် ဖြတ်လိုက်နိုင်အောင်လို့ ကြိုးစားလိုက်တဲ့ ခဏ ဖြစ်ပျက်အမြင်လည်း ဆုံးလည်းဆုံးရော ဒီဘက်ကမ်းက ရပ်သွားပြီပေါ့'

'မှန်လှပါဘုရား'

'အဲ့ဒီအချိန်ခါမှာ (၈) ပါး မဂ္ဂင်ဖောင်ကလည်း ကိုယ့်ရဲ့သန္တာန်မှာ တွဲပြီး တော့လည်း သိလည်းသိလိုက်ကော ဟော. . . တစ်ဖက်ကမ်းကို တက်လှမ်းလို့ ရသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီတက်လှမ်းလို့ရတဲ့ ပုဂ္ဂိုလ်သည် အဲဒီရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တွေ တွေ့သေးလား?'

'မတွေ့တော့ပါဘုရား'

'ရုပ်နာမ်ခန္ဓတွေကော ရှိသေးလား?'

'မရှိတော့ပါဘုရား'

'ဒါဖြင့် ရုပ်နာမ်ခန္ဓတွေလည်းမရှိ ခန္ဓာတွေလည်းမရှိ ဖြစ်ခြင်းပျက်ခြင်း တွေလည်း မရှိတဲ့အတွက် မဖြစ်မပျက်တဲ့နေရာပေါ် ရောက်သွားပြီ'

'မှန်လှပါဘုရား'

'မြဲတဲ့နိဗ္ဗာန်ကို မတွေ့ရဘူးလား?'

'တွေ့ရပါတယ်ဘုရား'

'အဲ့ဒါ ဘယ်နှစ်ပါးမဂ္ဂင်ဖောင်?'

'(၈) ပါး မဂ္ဂင်ဖောင်ပါဘုရား'

http://www.dhammadownload.com



"မြဲရာအမှန် မဂ်ဖောင်ပြန် အမြန်စီးမှ ကမ်းရောက်မည်"

ဆိုတဲ့အတိုင်း ကဲ. . . ဒီဖောင်စီးတော့ ကမ်းမရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒီလိုဆိုရင် ကိုယ့်အခြေအနေလေးကိုသိ ငါတို့တွေသည် တဏှာ ရေ ယဉ်ကြော မျောနေတဲ့ ဒုက္ခသည်တွေပါလား?'

'မှန်ပါ့ဘုရား'

'အသီးသီးသော အားကိုးရာလို့ထင်ခဲ့ရတဲ့ ပစ္စည်းဥစ္စာ အိုးအိမ်တိုက်တာ သားသမီး ရွှေ ငွေ ကျောက်သံပတ္တမြား မိဘ အပေါင်းအသင်း မိတ်ဆွေ အားလုံးသည် ကမ်းနားသစ်ပင်'

'မှန်လှပါဘုရား'

'ဒါဖြင့် ကမ်းနားသစ်ပင်ဆိုတာသည် စွဲစရာမဟုတ်တဲ့ ကြောက်စရာနော်'

'မှန်ပါ့ဘုရား'

'စွဲမိရင်စွဲတဲ့ ပုဂ္ဂိုလ်ပေါ် ပိမယ်'

'မှန်ပါ့ဘုရား'

'ဒုက္ခကောမပေးဘူးလား'

'ပေးပါတယ်ဘုရား'

'အဲ့ဒါတွေ အားလုံးဖြတ်ကျော်ပြီးတော့ နိဗ္ဗာန်တည်းဟူသော ပန်းတိုင်ကို လိုချင်ရင် ပြောလိုက်ပါပြီ၊ သူတော်စင်များ သတိထားပြီး ကြည့်ရမှာက တခြား လား ခန္ဓာပဲလား?'

'ခန္ဓာပါဘုရား'

'အဲ့ဒီခန္ဓာထဲမှာ ငါသူတစ်ပါး ပုဂ္ဂိုလ်သတ္တဝါဆိတ်သုန်းနေတဲ့ အရှိတရား ဘာနဲ့ဘာ?'

'ရုပ်နှင့်နာမ်ပါဘုရား'

'ကြည့်လိုက်စမ်းပါ သတိထားပြီးတော့ ရုပ်နာမ်သည် ဖြစ်ပြီးတည်တာ လား . . ပျက်တာလား?'

'ပျက်တာပါဘုရား'

http://www.dhammadownload.com



'ဖြစ်ပျက်ကိုမြင်ရင် မဂ္ဂင်ဘယ်နှစ်ပါး?'

'(၅) ပါးပါဘုရား'

'သမာဓိမဂ္ဂင် ဘယ်နှစ်ပါး?'

'(၃) ပါးပါဘုရား'

'ပြောကြည့်ပါ'

'သမ္မာသတိ, သမ္မာဝါယာမ, သမ္မာသမာဓိ ပါဘုရား'

'ဒါဖြင့် သမာဓိမဂ္ဂင် (၃) ပါးတည်တော့ ကိုယ့်ရဲ့သန္တာန်မှာ အရှိတရားလေးတွေကို ပေါ်တိုင်း, ပေါ်တိုင်း သတိထားလို့ မရဘူးလား?'

'ရပါတယ်ဘုရား'

'သတိထားလို့များ အဲဒီလို သမာဓိတည်တဲ့ အခိုက်အတန့်လေးမှာ ပြောလာတဲ့ အရှုခံသည် ဖြစ်ပြီး ပျက်နေပါလားလို့ မမြဲတာကို မြင်အောင်ကြည့်တော့ ပညာမဂ္ဂင် (၂) ပါးကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဒီအချိန်အခါမှာ မဂ္ဂင်ဘယ်နှစ်ပါး?'

'(၅) ပါးပါဘုရား'

'ဒီဖောင်ကြီး စီးတဲ့အတွက်ကြောင့်မို့လို ( ၉ ) ရက်တိုင်တိုင်မှာ အားကောင်းပါပြီ'

'မှန်လှပါဘုရား'

'ကြိုးစားလိုက်လို့များ ဖြစ်ပျက် အမြင်ဆုံးပြီဆိုရင်တော့ . . သီလမဂ္ဂင်ဘယ်နှစ်ပါး?'

'(၃) ပါးပါဘုရား'

'အဲ့ဒီ (၃) ပါးသည် ကိုယ့်ရဲ့သန္တာန်မှာ မြဲပြီးတော့ တည်တော့မှာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှေးရှေး ရှေးရှေးကို တက်လှမ်းမယ်ဆိုရင် (၈) ပါး မဂ္ဂင်နဲ့ချည်းပဲတက်လို့ မရဘူးလား?'

'ရပါတယ်ဘုရား'

'ယနေ့ (၅) ပါးက (၈)ပါးပြည့်ဖို့ ကြိုးစားနော်'

'မှန်လှပါဘုရား'

'အဲဒီပုဂ္ဂိုလ်သည် အစွဲမများတော့ပါဘူး'

'မှန်လှပါဘုရား'

'အစွဲမများရင် မြုပ်စရာလည်း မလိုတော့ဘူး၊ မျောစရာလည်း မလိုတော့ဘူး၊ မျောတာလည်း ဒုက္ခသစ္စာ, မြုပ်တာလည်း ဒုက္ခသစ္စာ, ကဲ. . . ဒုက္ခက မလွတ်ဘူးလား . . လွတ်သွားလား?'

'လွတ်သွားပါတယ်ဘုရား'

'ဒါဖြင့် လွတ်တဲ့အချိန်သည် မဂ္ဂင်ဘယ်နှစ်ပါး?'

'(၈) ပါးပါဘုရား'


'အေး . . (၈) ပါး မဂ္ဂင်ပြည့်စုံအောင် ကြိုးစားပြီးတော့ ကိုယ့်သန္တာန်မှာ အစွဲများနေတဲ့ ကမ်းနားသစ်ပင်သရုပ်ကို ကောင်းစွာသဘောပေါက်ပြီးတော့ လွတ်အောင်ကြိုးစားပါလို့ ဘုရားတိုက်တွန်းတဲ့အတိုင်းပဲ ကြိုးစားနိုင်တဲ့ သူတော်စင် သူတော်ကောင်းတွေဖြစ်ဖို့အတွက်ကို တိုက်တွန်းရင်းနဲ့ တရားပွဲကို အချိန်စေ့တဲ့အတွက် သာဓု (၃) ကြိမ်ခေါ် တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# နိဗ္ဗာန်ရမှ
# အရှုံးပျောက်မယ်

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# နိဗ္ဗာန်ရမှ အရှုံးပျောက်မယ် တရားတော်

သာသနာတော်နှစ် (၂၅၄၉) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၇)ခုနှစ်၊ ဝါခေါင်လပြည့် သက္ကရာဇ် (၂၀၀၅) ခု၊ ဩဂုတ်လ (၁၉) ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပဆဲဖြစ်သော တတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာရက်ရှည် ရက် (၁၀၀) စခန်းရဲ့ (၄၂) ရက်မြောက်နေ့ ညနေပိုင်းတရားအဖြစ် ဟောကြားအပ်သော **"နိဗ္ဗာန်ရမှ အရှုံးပျောက်မယ် တရားတော်"** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

( ---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် ယနေ့ သံသရာတစ်လျှောက်လုံးမှာ လည်နေကြရတဲ့ သတ္တဝါတွေအားလုံး အရိယာ မဖြစ်သမျှ "ပုထုဇ္ဇနော ဥမ္မတ္တကော" ဆိုတဲ့အတိုင်း အားလုံးဟာ တခြားလား အရူးတွေလား?'

'အရူးတွေပါဘုရား'

'ဒါဖြင့် ရူးရတဲ့ဘဝလောက်ဆိုးတာ ဪ-တကယ့်ကိုပဲ ကြောက်စရာ ကောင်းလောက်တဲ့ ဒီသဘောအဓိပ္ပာယ်တွေကို တစ်သံသရာနဲ့ တစ်နားရှင်း အောင်လို့ နာကြားခွင့်မရတဲ့အတွက်ကြောင့်မို့လို့ အရူးဘဝနဲ့ သောင်ခြာစိုင်းခဲ့ တာလည်းပဲ သံသရာမှာရှည်ခဲ့ပြီ၊ ဒါကြောင့်မို့လို့ ဒီအရူးဘဝက လွတ်မြောက် အောင်လို့ ယနေ့ သူတော်စင်များ ကောင်းစွာ ကြိုးစားကြတော့မယ်ဆိုရင် နိဗ္ဗာန်ကို မရသမျှတဲ့ နိဗ္ဗာန်ကို မမြင်သမျှ အရူးပျောက်ဖို့ ဘယ်တော့မှ မဖြစ်နိုင် ပါဘူးတဲ့'

'တင်ပါ့ဘုရား'

'ဒါဖြင့်ရင် မိမိတို့ရဲ့ အရူးဘဝပျောက်ဖို့က ဘာမြင်မှ?'

'နိဗ္ဗာန်မြင်မှပါဘုရား'

'နိဗ္ဗာန်ကိုမြင် နိဗ္ဗာန်ကိုရောက်နိုင်ဖို့အတွက်ကလည်းပဲ ဉာဏ်က ဘယ် နှစ်ဉာဏ်'

'နှစ်ဉာဏ်ပါဘုရား '

'ဘာဉာဏ်နဲ့ ဘာဉာဏ်'

'ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပါဘုရား '

'ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်၊ ဒါဖြင့် မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံ ပြုနိုင်တဲ့ အမြင်ဉာဏ်ဖြစ်တဲ့အတွက် ဒီမဂ်ဉာဏ်ကိုရဖို့ ရှေ့ပြေးဝိပဿနာဉာဏ် ကို မကိန်းရင်ကော ရနိုင်ပါ့မလား?'

'မရနိုင်ပါဘုရား'

'အရူးပျောက်ဖို့အရေးမှာ နိဗ္ဗာန်ရမှဆိုတော့ နိဗ္ဗာန်ကို ရနိုင်ဖို့က မဂ်ဉာဏ်ကိန်းမှ၊ မဂ်ဉာဏ်ကိန်းဖို့ကလည်း ရှေ့ပြေး ဝိပဿနာဉာဏ်က

http://www.dhammadownload.com



ကိုယ့်သန္တာန် တည်အုံးမှ၊ အဲတော့ ဝိပဿနာဉာဏ် တည်ဖို့ကလည်းပဲတဲ့ ဘာမြင်ရမလဲမေးတော့ ဖြစ်ပျက်မြင်ရမယ်၊ ဘာမြင်ရမလဲ?'

'ဖြစ်ပျက်မြင်ရမှာပါဘုရား'

'အဲဒီဖြစ်ပျက်ကို မြင်နိုင်ဖို့ဆိုပြီး အခု ဘာဝနာ(၄၀)ကို ထုတ်ပြီးတော့မှ ဖြစ်ပျက်တစ်လုံးကိုတဲ့ နည်းပေါင်း (၄၀)နဲ့ ပြန်ပြောင်းပြီးတော့မှ သူ့ရဲ့ အနှစ်သာရတွေကို ဖော်ထုတ်၊ ဖော်ထုတ်ပြီးတော့ ဖြစ်ပျက်တစ်လုံးရဲ့အမြင်ကို ပိုင်ပိုင်နိုင်နိုင် ကွက်ကွက်နဲ့ ဉာဏ်အမြင်ရောက်အောင်ဆိုပြီး ဘာဝနာ (၄၀) နဲ့ မဖော်ထုတ်မှာလား၊ ဖော်ထုတ်မှာလား?'

'ဖော်ထုတ်မှာပါဘုရား'

'ဘာမြင်ဖို့'

'ဖြစ်ပျက်မြင်ဖို့ပါဘုရား'

'ဩော်. . . ဖြစ်ပျက် တစ်လုံးကို မြင်ဖို့အတွက် ဘာဝနာ (၄၀)က မိမိတို့အတွက်ကို လုပ်ငန်းခွင်မှာ အကြီးအကျယ်ဆုံးသော အထောက်အကူ ဖြစ်လိမ့်မယ်ဆိုရင်လည်း လွဲစရာရှိသေးလား?'

'မရှိပါဘူးဘုရား'

'အဲဒီဘာဝနာ (၄၀) မှာ အနိစ္စလက္ခဏာ (၁၀) ပါးနော်'

'မှန်လှပါဘုရား'

'ဒုက္ခလက္ခဏာက (၂၅) ပါး၊ အနတ္တလက္ခဏာက (၅) ပါး၊ အနိစ္စလက္ခဏာ (၁၀)ပါးက ရှေးဦးစွာ ပြောထားပါတယ်၊ အနိစ္စဆိုတဲ့တရားမှာ မြဲခြင်းသဘော မရှိတာကိုလည်း သူ့လက္ခဏာက ပြလိမ့်မယ်'

'မှန်ပါ'

'အနတ္တဝါ ခိုင်မာခြင်းသဘောမရှိတဲ့သဘောကိုလည်း ပြလိမ့်မယ်'

'မိမိတို့ရဲ့သန္တာန်မှာရှိနေတဲ့တရားတွေကို တစ်ခုချင်း တစ်ခုချင်း သဘောပေါက်ပါစေ၊ ဟောဒီခန္ဓာကိုယ်ကြီးမှာ ဩော်. . . မမြဲချင်း သဘော

http://www.dhammadownload.com



ဟာလည်း အနိစ္စလက္ခဏာပါလား၊ ခိုင်မာခြင်းသဘော မရှိတာဟာလည်း အနိစ္စရဲ့ လက္ခဏာပါပဲ၊ မမှန်ဘူးလား မှန်လား?'

'မှန်ပါတယ်ဘုရား'

'အဲဒီအပေါ်မှာပဲတဲ့ ရွေ့လျားတတ်တဲ့ သဘောကိုလည်းပဲ မပြဘူးလား ပြလား?'

'ပြပါတယ်ဘုရား'

'ရွေ့လျားခြင်းသဘောကိုလည်း ပြောထားတယ်နော်၊ အဲဒီသဘောကိုလည်းပဲတဲ့ ဒါ အနိစ္စလက္ခဏာအနေနဲ့ ဇရာလို့ သုံးထားပါတယ်'

'မှန်ပါ'

'မရဏ သေဆုံးခြင်းဆိုတာကော မပြဘူးလား?'

'ပြပါတယ်ဘုရား'

'သေဆုံးခြင်းကိုလည်း ဘယ်လက္ခဏာထဲ ထည့်ထားတယ်?'

'အနိစ္စလက္ခဏာထဲ ထည့်ထားပါတယ်ဘုရား'

'အနိစ္စလက္ခဏာထဲ လောကမမွှာတဲ့ ပျက်စီးခြင်းသဘောရှိတယ်လို့လည်း မဟောထားဘူးလား?'

'ဟောထားပါတယ်ဘုရား'

'ပျက်စီးခြင်းသဘောကို တွေ့ရင်လည်း ဘယ်လက္ခဏာပြတာ'

'အနိစ္စလက္ခဏာ ပြပါတယ်ဘုရား'

'အနိစ္စလက္ခဏာကို ပြနေတာ၊ ဝိပရိဏာမမမွှာတဲ့ ဖောက်ပြန်ခြင်းသဘောရှိတယ်လို့ကော အနိစ္စလက္ခဏာက မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'ဒါဖြင့် ဖောက်ပြန်ပျက်စီးနေတဲ့ သဘောလေးတွေကို တွေ့တိုင်း တွေ့တိုင်းလည်းပဲ မိမိရဲ့သန္တာန်မှာ အနိစ္စကိုမြင်နေပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဒီသဘောလေးတွေကတဲ့ ဖောက်ပြန်လိုက် ပျက်စီးသွားလိုက်၊ ဩော် မွေးဖွားလာလိုက် သေသွားလိုက်၊ ဒီသဘောတွေကို ဘယ်လောက်ပဲ ဆိုင်းဘုတ်တွေနဲ့ အမျိုးမျိုး အလဲအလှယ်လုပ်ပြီးသုံးသုံး ဘယ်အကြောင်းကို ဟောတာလဲ မေးတော့ ဖြစ်ပျက်ကို ဟောနေတာ အနိစ္စကိုဟောနေတာ၊ အနိစ္စဆိုတာ ဖြစ်ပျက်ကို ပုံဖော်နေတာနော်'

'မှန်ပါဘုရား'

'အမျိုးမျိုးနဲ့ ပုံမဖော်ဘူးလား ပုံဖော်လား'

'ဖော်ပါတယ်ဘုရား'

'ဝိဘဝမွှာတဲ့ ဆုံးရှုံးခြင်းသဘောကို ကုန်၏လို့လည်းပဲ ဒီသဘော လည်းပဲ ဟောပြန်တယ်'

'မှန်ပါဘုရား'

'ဒါဖြင့်ရင် ဆုံးရှုံးခြင်းသဘော ရှိကုန်၏လို့လည်းပဲ ဒီသဘောလည်းပဲ ဟောပြန်တယ်'

'မှန်ပါဘုရား'

'ဒါဖြင့်ရင် ဆုံးရှုံးတဲ့သဘောကိုတဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ ပြလာတဲ့ ရုပ်နာမ်တွေအပေါ်မှာ အမှန်သိမြင်တဲ့ ကိုယ့်ရဲ့ နားလည်တဲ့စကားနဲ့ သုံးသွားတဲ့ သဘောလေးကို မြင်ရသိရရင်လည်းပဲ အနိစ္စကိုမြင်တယ်ဆိုရင် လွဲစရာများ ရှိသေးလား'

'မရှိပါဘူးဘုရား'

'ဒါဖြင့်ရင် အနိစ္စကိုမြင်ဖို့အတွက်က ဖြစ်ပျက်ကို ပိုင်မှနော် '

'မှန်လှပါဘုရား'

'အဲတော့ ဖြစ်ပျက်ကို ပိုင်ဖို့အတွက်ကို အနိစ္စလက္ခဏာမှာ ပြောသွားတာ၊ ဩော် (၁၀) ချက်တောင်မှလားဆိုတော့ မိမိတို့ရဲ့သန္တာန်မှာ သိတဆိုတဲ့ အဖန်ဖန်ပြုပြင်တဲ့သဘောလေးတွေဟာ ချုပ်ပြီးသွားရင် အစားထိုးမပြဘူးလား ပြလား?'

'ပြပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီတရားလေးဟာ တစ်ခါပေါ်တဲ့နေရာမှာ ချုပ်ပြီးရင် နောက်တစ်ခု အစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'အဲဒီလို စဉ်ဆက်မပြတ် ပြသွားတဲ့တရားလေးတွေကို ဩော်. . . အဖန်ဖန်ပြုပြင်တဲ့ သဘောပါလားလို့လည်းပဲ ဉာဏ်မှာ ထင်လာအုံးမယ်တဲ့၊ အဲလိုမြင်ရင် ဘာမြင်တာတုန်း'

'အနိစ္စမြင်တာပါဘုရား'

'အနိစ္စမြင်တာ၊ ဒါဖြင့် တစ်ခန္ဓာပျက်သွားလိုက် နောက်တစ်ခါအစား ထိုးလိုက် ဒါတွေကြည့်တော့လည်း ပျက်သွားလိုက်နဲ့ တခြားမြင်တာလား ဖြစ်ပျက်ပဲလား?'

'ဖြစ်ပျက်ပါဘုရား'

'ဩော်. . . သဘောလက္ခဏာလေးတွေ တွေ့တိုင်းတွေ့တိုင်းမှာ ဒါအနိစ္စပဲလို့ ဒါကို ပုံဖော်နေတာပါ၊ ဖရိုဖရဲပြိုကွဲခြင်း သဘောရှိပြန်နေတယ်၊ အဲတော့ ဒီတရားလေးကို ပုံဖော်သွားတာကလည်း ဟောဒီ ခန္ဓာကိုယ်မှာ အမြင်မှားလာပြီဆိုရင် ကဲ. . . နှမ်းအိုးကင်းထဲမှာ တဖြောက်ဖြောက်နဲ့ ပြန့်နေတဲ့ အရာမျိုးလေးတွေကို တရစပ်မြင်နေရတဲ့ တရားလေး တွေဟာတဲ့ ဟောဒီ ခန္ဓာကိုယ်ထဲမှာ တစ်ကိုယ်လုံး ပြိုပျက်နေတဲ့ သဘောမျိုးလေးတွေကို မပြဘူး လား၊ ပြလား?'

'ပြပါတယ်ဘုရား'

'ဖရိုဖရဲ ပြိုပျက်နေတဲ့ သဘောလေးတွေပဲ ထိတ်စရာ လန့်စရာ ကြောက်စရာအသွင်ကို ထင်လာအုံးမယ်တဲ့၊ ဒါသည်ပင် တခြားလား အနိစ္စပဲ လား?'

'အနိစ္စပါဘုရား'

'ဒီအနိစ္စတရားသည် ဘာကိုများ ဟောနေတာလဲမေးတော့ ဖြစ်ပျက် ကိုဟောနေတာပဲ၊ အဲတော့ အနိစ္စမှာကိုတဲ့ ဆယ်မျိုးနဲ့ ဝေဖန်ပြီးတော့ ပြသွားတယ်၊ ဒီတော့ ဖြစ်ပျက်ကိုမြင်ဖို့အတွက်က ဝိပဿနာဉာဏ်လိုတယ်၊

http://www.dhammadownload.com



ဝိပဿနာဉာဏ်ရမှလည်း မဂ်ဉာဏ်ကကိန်းမှာ၊ မဂ်ဉာဏ်ကိန်းမှလည်း နိဗ္ဗာန်ကရမှာ၊ နိဗ္ဗာန်ရရင် အရှုံးတော့ မပျောက်ဘူးလား?'

'ပျောက်ပါတယ်ဘုရား'

'ဒါဖြင့်ရင်တဲ့ အရှုံးပျောက်ချင်ရင် ဘာရရမှာ'

'နိဗ္ဗာန်ရရမှာပါဘုရား'

'နိဗ္ဗာန်ရချင်ရင် ဘယ်ဉာဏ် ရရမလဲ'

'မဂ်ဉာဏ်ရရမှာပါဘုရား'

'မဂ်ဉာဏ်ကိုရရင် ရှေ့ပြေး ဘာဉာဏ်လိုတုန်း?'

'ဝိပဿနာဉာဏ်လိုပါတယ်ဘုရား'

'ဝိပဿနာဉာဏ်ရဖို့က ဘာမြင်ရမှာတုန်း?'

'ဖြစ်ပျက်မြင်ရမှာပါဘုရား'

'ဖြစ်ပျက် မြင်ရမယ်၊ အဲတော့ ဖြစ်ပျက်ကို မြင်မှဆိုတော့ ဘယ်သူ့ ဖြစ်ပျက်လဲမေးတော့'

'ခန္ဓာ့ဖြစ်ပျက်ပါဘုရား'

'အေး ခန္ဓာရုပ်နာမ်ရဲ့ဖြစ်ပျက် ဒီရုပ်နာမ်တွေကိုတဲ့ မသိအောင်လို့ ပညတ်တွေက မကွယ်ထားဘူးလား'

'ကွယ်ထားပါတယ်ဘုရား '

'ဖြစ်ပျက်ကို မမြင်အောင်လည်းပဲ ပညတ်တွေ မကွယ်ထားဘူးလား?'

'ကွယ်ထားပါတယ်ဘုရား'

'ဒီဉာဏ်မှာ ပညတ် (၂) မျိုးနဲ့ကော မရှင်းခဲ့ဘူးလား'

'ရှင်းခဲ့ပါတယ် ဘုရား '

'ပညတ် (၂) မျိုးမှာ သဏ္ဌာနပညတ်ဆိုတဲ့ ငါကောင်သူကောင် ပုဂ္ဂိုလ် သတ္တဝါလို့ အထည်ပေါ်မှာ တည်နေတဲ့အမြင်တွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'သဏ္ဍာနပညတ် ကွယ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒါရုပ်တရား၊ ဒါနာမ်တရားလို့ သိမြင်နိုင်လောက်အောင်ကို ဉာဏ်ကမကိန်းတော့ဘူး၊ ရုပ်နာမ်တွေပျောက်ပြီးတော့ ပုံသဏ္ဍာန်အထည်တွေပေါ်မှာ တင်သွားတဲ့အတွက် သဏ္ဍာနပညတ်က ကိုယ့်ကိုလွှမ်းလိုက်တော့ ငါ, သူ, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါလို့ လုပ်တော့ သက္ကာယဒိဋ္ဌိ ပွားစီးရေး ဖြစ်မသွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'ဘယ်ပညတ်ပေါ်မှာ?'

'သဏ္ဍာနပညတ်ပေါ်မှာပါဘုရား'

'ကဲ ဒီတရားလေးတွေဟာ ရုပ်နာမ်အရှိပါလားလို့ အမှန်ကိုမသိအောင် သူက ကွယ်ကာလိုက်တယ်၊ ဒီကွယ်ကာတဲ့တရားလေးသည်ပင်တဲ့ ကဲ ပျက်စီးခြင်းမှာ မပြဘူးလား . . ပြလား?'

'ပြပါတယ်ဘုရား'

'အေး ဒီသဏ္ဍာန်ပညတ်ကနေ ရုပ်နာမ်အမြင်တွေကို ရလာပြီဆို ရုပ်တရားလေးတွေလည်း ဖြစ်လိုက်, ပျက်လိုက်၊ နာမ်တရားလေးတွေလည်း ဖြစ်လိုက်, ပျက်လိုက်နဲ့ ဖြစ်ပျက်ကို တွင်တွင်ဟောသော်လည်းပဲ ဖြစ်ပျက်ကို မမြင်အောင်လို့တဲ့ သဏ္ဍာနပညတ်က ကွယ်လိုက်ပြန်တယ်၊ ဘာပညတ်?'

'သဏ္ဍာနပညတ်ပါဘုရား'

'ဖြစ်ပျက်ကို ဘာကြောင့်မမြင်ပါလိမ့်?'

'သဏ္ဍာနပညတ်က ကွယ်ထားလို့ပါဘုရား'

'အဲ . . ပညတ်က လွှမ်းထားလို့ပဲ၊ မိမိတို့ရုပ်နာမ်ကို ဘာလို့မတွေ့လဲ မေးတော့ သဏ္ဍာနပညတ်ကြောင့်၊ ဘာပညတ်?'

'သဏ္ဍာနပညတ်ကြောင့်ပါဘုရား'

'အလွန်အရေးကြီးတယ်နော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'တရားကို ကြိုးစားအားထုတ်ပြီး နိဗ္ဗာန်ကိုအလိုရှိကြတဲ့ မည်သူမဆို ဒီသဘောတွေကိုမှ မပိုင်ဘူးဆိုရင်တဲ့ ဉာဏ်ဘယ်တော့မှ မကိန်းဘူးတဲ့၊ ဉာဏ် မကိန်းရင်လည်း ဉာဏ်နဲ့သွားရမယ့် နိဗ္ဗာန်လမ်းရောက်ပါ့မလား?'

'မရောက်ပါဘူးဘုရား'

'ဪ တရားသဘောကို ခုမှ စနာတဲ့ ပုဂ္ဂိုလ်များကတော့ အတော် ကို ကြိုးစားလိုက်ရမှာပဲ'

'မှန်လှပါဘုရား'

'ယဉ်ပါးပြီးသားပုဂ္ဂိုလ်၊ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီသဘော လေးကို ပြလိုက်တာနဲ့ ဪ. . . ငါတို့ ဒါကြောင့်များ ရုပ်နာမ်ပေါ်မှာ ဖြစ်ပျက်တွေကို တရစပ် မမြင်ရတာလဲ၊ ဟောဒီရုပ်နာမ်တွေကို ဘာကြောင့် များ သဲသဲကွဲကွဲ ပိုင်ပိုင်နိုင်နိုင်နဲ့ ခွဲခြားပြီး မမြင်နိုင်ရတာလဲဆိုတာကို ဒီပညတ် လေးတွေနဲ့ ခွဲခြားပြလိုက်တော့မှ ဪ. . . ဒါတွေပေါ် ငါတို့တင်လို့ပါလား ဆိုတဲ့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလို့ မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့် ပညတ်ပေါ်မှာ အမြင်များ၊ အထင်များနေရင်လည်းတဲ့ အရှိရုပ်နာမ်ကိုမမြင်၊ ဖြစ်ပျက်ကိုမတွေ့ပြန်တော့ ဘယ်တော့မှ အရှုံး မပျောက်နိုင်ပါ'

'မှန်ပါဘုရား'

'ပျောက်နိုင်ပါ့မလား'

'မပျောက်နိုင်ပါဘုရား'

'ဒါဖြင့် သဏ္ဌာနပညတ်ပေါ်မှာတင်နေကြတဲ့ မည်သူမဆို ပုဂ္ဂိုလ် သတ္တဝါ အထည်ကြီးပေါ်မှာ သွားအာရုံပြုနေတဲ့အတွက်ကြောင့်မို့လို့တဲ့ မပျောက်ပျက်တော့မယ့်အတိုင်းပဲ၊ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ပိုင်ဆိုင်ထားတဲ့ ဥစ္စာပစ္စည်း အိုးအိမ်တိုက်တာတွေအပေါ်မှာကို အခြေခံထားပြီး တော့မှ မပျောက်ပျက်တော့မယ့်အတိုင်းကိုပဲ အယူအစွဲတွေကကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'မှတ်သားမှုတွေကလည်း အားမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'သိတဲ့အသိကလည်း ဒီအပေါ်မှာပဲ အာရုံညွတ်ပြီး သိထားတဲ့အတွက်ကြောင့် ပြောင်းလဲလို့မရနိုင်ပြန်ဘူး၊ အဲဒီကျတော့တဲ့ ဟောဒီ ဖြစ်ပေါ်နေကြတဲ့ တရားတွေမှန်သမျှမှာ ဘယ်အရာများ ခိုင်မာတည်တံ့တာပါတုန်း?'

'မပါပါဘူးဘုရား'

'အိုးအိမ်တိုက်တာမှန်သမျှလည်းပဲ မပျက်စီးဘူးလား'

'ပျက်စီးပါတယ်ဘုရား'

'မိမိတို့ရဲ့ရရှိထားတဲ့ ဆွေမျိုးသားချင်း၊ အပေါင်းအဖော် မိတ်သင်္ဂဟတွေလည်းပဲတဲ့ မပျက်စီးဘူးလား?'

'ပျက်စီးပါတယ်ဘုရား'

'ကဲ တကယ့်ကို အတုမရှိပါဘူးဆိုတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် ပျက်စီးခြင်း ဆုံးရှုံးခြင်းမှာပဲ လမ်းမဆုံးခဲ့ဘူးလား?'

'ဆုံးခဲ့ပါတယ်ဘုရား'

'အတုမရှိတဲ့ ဘုရားရှင်လို ကိုယ်တော်မြတ်ကြီးတောင်မှ ဆုံးရှုံးပျက်စီးခြင်းမှာ လမ်းဆုံးရရင် တစ်ပါးတခြားသော ပုဂ္ဂိုလ်တွေဟာ ဘာမှပြောစရာမလိုလောက်အောင်ကို ဩော်-ပျက်စီးဆုံးရှုံးခြင်းနဲ့သာ ရင်ဆိုင်ရမှာပါလားလို့ ဒီသဘောလေးကိုကိန်းရင် အနိစ္စမြင်ဖို့ သေချာနေပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့်အနိစ္စဆိုတာ ပျက်စီးခြင်းကော မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ဆုံးရှုံးခြင်းကော မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'သေဆုံးခြင်းကော မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

http://www.dhammadownload.com



'အမျိုးမျိုး ပရိယာယ်တွေနဲ့ ဟောနေတာပဲ'

'မှန်ပါဘုရား'

'အဲဒီ ဟောနေတဲ့တရား လောကထဲမှာရှိနေကြတဲ့ အနိစ္စ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဟောဒီခန္ဓာကိုယ်ကြီးသည်တဲ့ မိမိတို့ ကြည့်လိုက်ပါတဲ့၊ အားလုံးသော အမှုန်အမွှားလေးတွေနဲ့ မဖွဲ့စည်းထားဘူးလား?'

'ဖွဲ့စည်းထားပါတယ်ဘုရား'

'တဖွဲဖွဲ တသဲသဲနဲ့ ဒီအမှုန်အမွှားလေးတွေကလည်း မပျက်စီးဘူးလား၊ ပျက်စီးလား?'

'ပျက်စီးပါတယ်ဘုရား?'

'ပျက်စီးလို့ဘာတုန်း အနိစ္စ၊ ပျက်စီးလို့ဘာလဲ?'

'အနိစ္စပါဘုရား'

'ဒါဖြင့် ဒီအနိစ္စ အမှုန်လေးတွေ အားကောင်းလာပြီးတော့ ဖွဲ့စည်းလာတော့ အစိုင်အခဲကော မတည်လာဘူးလား?'

'တည်လာပါတယ်ဘုရား'

'ပုံသဏ္ဌာန်နဲ့ကော မတည်လာဘူးလား?'

'တည်လာပါတယ်ဘုရား'

'ဒါဖြင့် ဒီပုံသဏ္ဌာန် ဒီအစိုင်အခဲသည်တဲ့ အနိစ္စ အမှုန်လေးတွေ စုဝေးနေတာဖြစ်လို့ အနိစ္စအစိုင်အခဲ အနိစ္စတဲ့၊ ပုံသဏ္ဌာန်ဆိုရင် လွဲစရာများ ရှိသေးလား?'

'မရှိပါဘူးဘုရား'

'ဒါဖြင့် အနိစ္စအစိုင်အခဲကြီး၊ အနိစ္စ ပုံသဏ္ဌာန်ကြီးကို ရထားကြတဲ့ မည်သူမဆိုတဲ့ နောက်ဆုံးကျတော့လည်း ဆုံးရှုံးပျက်စီး သေပွဲမဝင်ရဘူးလား?'

'ဝင်ရပါတယ်ဘုရား'

'ဝင်ကြရမှာချည်းပဲ'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အဲဒါကိုသာတဲ့ ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းတတ်ရင် တစ်ဦးနဲ့တစ်ဦး အခုလိုတွေ့ကြ ကြုံကြ ဆုံကြတဲ့အခါမျိုးမှာ ပြုံးပျော်နိုင်သလောက် ခွဲခွာသွားတော့လည်းပဲ ငိုပွဲဆင်ခြင်းကလွတ်နိုင်အောင် အနိစ္စကို မြင်ထားရင် ဖြေသာတဲ့သဘော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အနိစ္စကိုသာ မမြင်ဘူးဆိုရင် ဖြေမဆည်နိုင်အောင်လို့ ကိုယ့်ရဲ့ သဏ္ဍာန်မှာ အပူမီးတွေ မလောင်ဘူးလား လောင်မှာလား?'

'လောင်မှာပါဘုရား'

'အပူမီးတွေ လောင်နေသမျှ ဒီပုဂ္ဂိုလ်သည် တခြားလား ရှူးနေတာ လား?'

'ရှူးနေပါတယ်ဘုရား'

'မမြဲပါဘူးလို့ ပြောပါရက်သားနဲ့ မမြဲလို့ ခွဲခွာ ပျက်စီးသွားပြီပဲ၊ အဲဒီပေါ်မှာ ဘာများသွားပြီးတော့ သောကပရိဒေဝတွေ လောင်စရာ ရှိသလဲလို့ မေးတော့ အနိစ္စ မမြဲတာကို နိစ္စလို့ အမှတ်မှားနေလို့'

'မှန်ပါဘုရား'

'အနိစ္စ မမြဲတာကို နိစ္စလို့သိနေလို့ အနိစ္စမမြဲတာကို နိစ္စလို့ယူထားလို့၊ အဲတော့ မိမိတို့မှာတဲ့ မမြဲတဲ့အနိစ္စပေါ်မှာ နိစ္စသညာဝိပလ္လာသတွေ နိစ္စစိတ္တဝိပလ္လာသတွေ၊ နိစ္စဒိဋ္ဌိဝိပလ္လာသတွေဆိုတဲ့ အနိစ္စပေါ်မှာ ဝိပလ္လာသ (၃) ချက်က မရောက်နေဘူးလား?'

'ရောက်နေပါတယ်ဘုရား?'

'မှန်မှန် မှန်မှန် ဖောက်ဖောက်ပြန်ပြန်တွေ ယူထားမိတဲ့အတွက် ကြောင့်မို့လို့ အရှုံးလုံးလုံးဖြစ်ရတာနော်'

'မှန်ပါဘုရား'

'ဒါဖြင့် အနိစ္စပေါ်မှာ နိစ္စလို့ယူနေတယ် နိစ္စလို့ မှတ်နေတယ်၊ နိစ္စလို့ သိနေရင် ဒီပုဂ္ဂိုလ်သည် အကောင်းလား . . အရှုံးလား?'

'အရှုံးပါဘုရား'

http://www.dhammadownload.com



'ပုထုဇဉ်တွေမှန်သမျှ ဒီပုံသဏ္ဌာန်နဲ့ ဒီလိုပဲ သွားနေတာဖြစ်လို့ အရှုံးဘဝက လွတ်ကိုမလွတ်ပါဘူးတဲ့'

'မှန်ပါဘုရား'

'အဲတော့ အနိစ္စကို မိမိတို့က အနိစ္စလို့ မြင်ဖို့အရေးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'အနိစ္စလို့မြင်ချင်ရင် ခန္ဓာ့ရဲ့သဘောတွေကို အမှန်သိရမှာ၊ အဲဒါကို မသိရအောင် သဏ္ဌာနပညတ်ဆိုတဲ့ အကောင်အထည် ပုံသဏ္ဌာန်ကြီးက လွှမ်းထားပြီးတော့ တကယ်ထင်အောင် လုပ်ထားပြန်တယ်၊ ဖြစ်ပျက်ကို မမြင်အောင် သဏ္ဌာန် အဆင်းက တန်းပြထားပြန်တယ်၊ အဲဒီလို ပညတ်တွေပေါ်မှာမှ ထိုးထွင်းပြီး မြင်အောင်မကြည့်နိုင်ရင် ယနေ့ သူတော်စင်များသည် အရှုံးပျောက်ပါတော့မလား?'

'မပျောက်ပါဘူးဘုရား'

'အရှုံးက ဘယ်နှစ်မျိုး (၁၂) မျိုး၊ ဘယ်နှစ်မျိုးလဲ?'

'(၁၂)မျိုးပါဘုရား'

'မိမိတို့ အနိစ္စပေါ်မှာ (၃) ချက်ရှိသလို ဒုက္ခပေါ်မှာလည်း (၃) ချက် မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အနတ္တပေါ်မှာလည်း (၃) ချက်၊ အသုဘပေါ်မှာလည်း?'

' ၃ - ချက်ရှိပါတယ်ဘုရား'

'ဒါဖြင့် သုံးလေးလီ?'

'၁၂ - ပါဘုရား'

'အဲ တစ်ချက်တစ်ချက်မှာ (၃) ချက် (၃) ချက်စီဆိုတော့ ဩြော်-လေးမျိုးမှာ (၁၂) ချက် ဖြစ်နေတဲ့အတွက် ပုထုဇဉ်တွေရဲ့သန္တာန်မှာ အဲဒီအရှုံး (၁၂) မျိုးက အမြဲတမ်း လောင်မြိုက်ခံနေရတယ်တယ်၊ အနှောင့် အယှက်ခံနေရတယ်၊ အဲလို အရှုံးဘဝကိုရောက်နေကြတဲ့ပုဂ္ဂိုလ်တွေမှာ ဒိဋ္ဌိ ဖြစ် မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သင်္ချာနပည်တ်ပေါ် သွားတင်ကတည်းကိုက ငါ့သားလည်းပဲ လုပ်တာပဲ၊ ငါ့သမီးလည်း လုပ်တာပဲ၊ ငါ့ဇနီးမယား ငါ့ခင်ပွန်း လင်ယောကျ်ား ဒါမျိုးတွေကော မဖြစ်ကြဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အဲလိုဖြစ်ကြတဲ့အတွက်ကြောင့်မို့လို့ ပုံသင်္ချာန်အထည် သင်္ချာနပည်တ်ပေါ်မှာ သွားပြီးတင်လိုက်တော့အရှိ ရုပ်နာမ် ပျောက်မသွားဘူးလား?'

'ပျောက်သွားပါတယ်ဘုရား'

'ဩော် ပျက်စီးတတ်တဲ့အနိစ္စကို မမြင်တော့ဘူးနော်၊ အဲတော့ တစ်ဦးတစ်ယောက်က ဆုံးရှုံးပျက်စီးသွားပြီဆိုရင် ဖြေမဆည်နိုင်လောက်အောင် ရင်ထဲမှာတောက်လောင်ပြီးတော့ ပူဆွေးနေကြရတာသည် တခြားလား၊ အရှူးမီးဝိုင်းတာလား?'

'အရှူး မီးဝိုင်းတာပါဘုရား'

'ဩော် မိမိတို့ အရှူးမီးဝိုင်းတယ်၊ အရှူးမီးဝိုင်းတယ်ဆိုတာ ဩော် . . . အရူးတစ်ယောက်လာပြီဆိုရင် သူတော်စင်များက ဝိုင်းကြည့်နေကြတာ၊ အဲတော့ သူတစ်ပါးကို သွားကြည့်ပြီးတော့ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ ဟိုအရှူးမီးဝိုင်းသလို ကိုယ့်လည်းပဲ မီးမဝိုင်းဘူးလား?'

'ဝိုင်းပါတယ်ဘုရား'

'အရှူးမီးဝိုင်းတာ မြင်ဖူးလား?'

'မြင်ဖူးပါတယ်ဘုရား'

'မမြင်ဖူးရင် မှန်ထဲပြန်ကြည့်နော်၊ အရှူးမီးဝိုင်းတာ မမြင်ဖူးရင် ကိုယ့်ကိုယ်ကို မှန်ထဲပြန်ကြည့်လိုက်၊ အဲလို ပြန်ကြည့်လိုက်တဲ့အခါမှာ ပုထုဇဉ်တွေ မှန်သမျှ တခြားလား အရှူးတွေလား? '

'အရှူးတွေပါဘုရား'

'လိုချင်မှုတွေအားကြီးရင် လောဘမီးဝိုင်းနေပြီ၊ စိတ်ညစ်မှုတွေအားကြီးနေရင် ဒေါသမီးတွေဝိုင်းနေပြီ၊ ဒါဖြင့်ရင် အရှူးမီးဝိုင်းဆိုတာက မိမိတို့ ပုထုဇဉ်တွေမှာ (၁၁) မီး မလောင်ဘူးလား၊ လောင်လား?'

'လောင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်. . . ဒီမိုးတွေကို မငြိမ်းနိုင်တာလည်းပဲ ဘာဖြစ်လို့လဲမေးတော့ အနိစ္စ မမြင်သေးလို့'

'မှန်ပါ'

'ဘာမမြင်သေးလို့တုန်း?'

'အနိစ္စမမြင်သေးလို့ပါဘုရား'

'အရူး မပျောက်သေးတာလည်း ဘာမမြင်သေးလို့'

'အနိစ္စမမြင်သေးလို့ပါဘုရား'

ဩော်. . . အနိစ္စဆိုတာ တခြားပြောနေတာလား ဖြစ်ပျက် ပြောနေတာလား?'

'ဖြစ်ပျက်ပြောနေတာပါဘုရား'

'ဘယ်သူ့ဖြစ်ပျက်တုန်း?'

'ခန္ဓာ့ဖြစ်ပျက်ပါဘုရား'

'ရုပ်နာမ်ရဲ့ဖြစ်ပျက်၊ ခန္ဓာရဲ့ဖြစ်ပျက်၊ အဲတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နဲ့ ပြန်တွဲကြည့်ကြစို့ဆိုတော့ ယနေ့ ရရှိထားတဲ့တရားတွေ မှန်သမျှမှာ ဇာတိက မစဘူးလား?'

'စပါတယ်ဘုရား'

'ဇာတိကစတဲ့ သတ္တဝါတွေအားလုံးမှာတဲ့ ဇာတိအစသည် တခြားလား ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'ပြောကြည့်ရအောင်'

'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား'

'ပဋိစ္စသမုပ္ပါဒ်နည်းမှာပြတဲ့ အဲဒီခန္ဓာငါးပါးကိုပဲ အဘိဓမ္မာနည်းမှာ ပြတဲ့ ခန္ဓာငါးပါးနဲ့ ပြန်ပုံဖော်မယ်ဆိုရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဇာတိက စပြီဆိုရင် ခန္ဓာငါးပါး မရဘူးလား?'

'ရပါတယ်ဘုရား'

'ကဲ ခန္ဓာငါးပါးရရင် ရူပက္ခန္ဓာဆိုတာ တခြားလား ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ဝေဒနာက္ခန္ဓာဆိုတာက နာမ်တရား၊ သညာက္ခန္ဓာဆိုတာက . . ?'

'နာမ်တရားပါဘုရား'

'သင်္ခါရက္ခန္ဓာဆိုတာက . . ?'

'နာမ်တရားပါဘုရား'

'ဝိညာဏက္ခန္ဓာဆိုတာ?'

'နာမ်တရားပါဘုရား'

'ဒါဖြင့် ဒီရုပ်, ဒီနာမ် ခန္ဓာငါးပါးပေါ်မှာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး ယောက်ျား, မိန်းမ, မပါပုံလေးက ဟောဒီ ဖောက်ပြန်တဲ့အလုပ်လေးကို လုပ်တာက ရုပ်တရား၊ မိမိရဲ့ခန္ဓာကိုယ်မှာ ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ ကိုက်တယ်၊ ခဲတယ်၊ ညောင်းတယ်ဆိုတဲ့ သဘောတရားလေးတွေဟာ အမြဲအစဉ် မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အဲဒီပြနေတဲ့ ဖောက်ပြန်မှုလေးသည် ဘယ်သူ့အလုပ် လုပ်နေတာလဲ မေးတော့?'

'ရုပ်တရားအလုပ် လုပ်နေပါတယ်ဘုရား'

'အဲ-ရုပ်တရားက ရုပ်အလုပ်လုပ်နေတာ၊ ဒါဖြင့် ပူလာတယ်, အေးလာတယ်, နာလာတယ်, တောင့်လာတယ်, ညောင်းလာတယ်, ကိုက်လာတယ်, ကျင်လာတယ်ဆိုတာ ဒီခန္ဓာကိုယ်မှာ အမြဲ မပြဘူးလား ပြနေလား?'

'ပြနေပါတယ်ဘုရား'

'အဲဒီပြနေတဲ့ တရားလေးသည် ဘယ်သူက နှိပ်စက်နေတာတုန်း၊ ရုပ်တရားလေးက နှိပ်စက်နေတာ၊ ရုပ်တရားလေးက ပြနေတာ၊ ဒါဖြင့် ရုပ်

http://www.dhammadownload.com



တရားသည် သူ့အလုပ်သူ မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'သူဘာလုပ်လဲမေးတော့ ဖောက်ပြန်တဲ့အလုပ်လုပ်တယ်၊ ဒါဖြင့် ဖောက်ပြန်တတ်တဲ့သဘောသည် ရုပ်အလုပ်၊ အဲဒီရုပ်တရားလေးကို ရုပ်တရားလို့သိရင် ငါဟုတ်သေးလား?'

'မဟုတ်ပါဘူးဘုရား'

'သူဟုတ်သေးလား?'

'မဟုတ်ပါဘူးဘုရား'

'ပုဂ္ဂိုလ် သတ္တဝါ ဟုတ်သေးလား?'

'မဟုတ်ပါဘူးဘုရား'

'အခုတော့ ဒီရုပ်တရားကို ရုပ်တရားလို့မသိအောင် သဏ္ဌာနပညတ်က ကွယ်လိုက်တဲ့အတွက်ကြောင့် ငါ့ဒူးကြီးက နာလိုက်တာ၊ ငါ့ပေါင်ကြီးက ကိုက်လိုက်တာ၊ ငါ့ခေါင်းကြီးကမူးလိုက်တာနဲ့ အမျိုးမျိုး မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

ဒါဖြင့် ဖောက်ပြန်တတ်တဲ့သဘောသည် ဘယ်သူ့အလုပ်?'

'ရုပ်အလုပ်ပါဘုရား'

'အဲ ရုပ်တရားဆိုရင်တဲ့ ငါကော ပါလား?'

'မပါပါဘူးဘုရား'

'ပုဂ္ဂိုလ်သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

'ငါ့ခြေ၊ ငါ့လက်၊ ငါ့ခေါင်းပါလား?'

'မပါပါဘူးဘုရား'

'မပါတာကို မပါမှန်းသိဖို့အတွက်ကတဲ့ ဉာဏ်ရောက်ဖို့ အရေးကြီးတယ်နော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အရှိတရားကို မသိမမြင်အောင် ဘယ်ပညတ် ဖုံးထားတယ်'

'သဏ္ဌာနပညတ်ဖုံးထားပါတယ်ဘုရား'

'သဏ္ဌာနပညတ် ဖုံးထားတယ်၊ ဒါကြောင့်မို့ အထည်ပေါ်သွားတင်နေကြတာ၊ အခုတော့ ရုပ်တရားလေးက ဖောက်ပြန်တတ်တဲ့ သဘောလေးတွေ ဒါရုပ်အလုပ်ပဲ၊ ကဲ ခံစားတယ် အဲတော့ ဝမ်းသာတာလည်း ခံစားတာပဲ၊ ဝမ်းနည်းတယ်ဆိုတာလည်း ခံစားတာပဲ၊ အဲတော့ ဝမ်းသာတာက ငါ ဝမ်းသာတာ ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ဝမ်းနည်းတယ်ဆိုတာလည်း ငါဝမ်းနည်းတာဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အဲ. . . ဝမ်းသာတယ်ဆိုတာလည်း ခံစားတဲ့သဘောပဲ၊ ဝမ်းနည်းတယ်ဆိုတာလည်း ခံစားတဲ့သဘောပဲ၊ ဘယ်သူ့အလုပ်လဲမေးတော့ ဝေဒနာရဲ့အလုပ်၊ ဘယ်သူ့အလုပ်လဲ?'

'ဝေဒနာရဲ့အလုပ်ပါဘုရား'

'ဒါဖြင့် ဝေဒနာကလည်း ဝေဒနာအလုပ်လုပ်မှာပဲ၊ ခန္ဓာငါးပါးသည်တဲ့ သူ့တစ်ပါးချင်း တစ်ပါးချင်းရဲ့ အလုပ်လေးတွေဟာ ဆိုင်ရာဆိုင်ရာ မရှိဘူးလား၊ ရှိလား?'

'ရှိပါတယ်ဘုရား'

'ရုပ်သည် ဘယ်လိုအလုပ်လုပ်လဲ ဖောက်ပြန်တယ်?'

'ဖောက်ပြန်တဲ့အလုပ် လုပ်ပါတယ်ဘုရား'

'ဝေဒနာက?'

'ခံစားတဲ့အလုပ် လုပ်ပါတယ်ဘုရား'

'ကဲ-ခံစားတာက ငါကောင်သူကောင် ပုဂ္ဂိုလ်သတ္တဝါ ခံစားတာလား ဝေဒနာလား?'

'ဝေဒနာပါဘုရား'

http://www.dhammadownload.com



'နာတယ် ကျင်တယ် ဖောက်ပြန်တာက ပုဂ္ဂိုလ်သတ္တဝါ ဖောက်ပြန်တာလားတဲ့ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'အဲဒီလိုဆိုရင် ရုပ်ကို ရုပ်မှန်း၊ ဝေဒနာကို ဝေဒနာမှန်း သိလိုက်ပြီဆိုရင် သဏ္ဌာနပညတ် ကွယ်သွားပြီ'

'မှန်ပါဘုရား'

'အခုတော့ ရုပ်ကိုရုပ်မှန်း ဝေဒနာကို ဝေဒနာမှန်း မသိအောင်လို့ သဏ္ဌာနပညတ်က မိမိတို့ကို လွှဲထားတဲ့အတွက်ကြောင့်မို့လို့ အထည်ပေါ်တင်နေသမျှ အမြင်ဉာဏ်ဝိပဿနာ ဘယ်တော့မှ မကိန်းနိုင်ဘူးတဲ့'

'မှန်ပါဘုရား'

'အလွန်အရေးမကြီးဘူးလား ကြီးလား?'

'ကြီးပါတယ်ဘုရား'

'ဒါဖြင့် အနိစ္စတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် မြင်အောင်ရှုနိုင်ဖို့အတွက် ခန္ဓာ့အကြောင်းမှ သဘောမပေါက်ရင် ရပ့်မလား?'

'မရပါဘူးဘုရား'

'ဖြစ်ပျက် ဖြစ်ပျက်တော့ တွင်တွင်ဟောတာပဲ၊ ဒီဖြစ်ပျက်ကို နည်းပေါင်း (၄၀) နဲ့ အခု ဝေဖန်ဟောတော့ မယ်ဆိုတော့ အနှစ်သားကျကျကောင်းစွာ သိနိုင်ဖို့က ခန္ဓာဉာဏ်ရောက်တဲ့အလုပ်ကို ယနေ့ သူတော်စင်များလုပ်ပေမယ့် သဘောဉာဏ်မပိုင်ခဲ့ရင်လည်း အမြင်မှန်ပ့်မလား?'

'မမှန်ပါဘူးဘုရား'

'အခု အမြင်မှန်ဖို့အတွက် အထူးအရေးကြီးတာမို့လို့ ခန္ဓာ့အကြောင်းကို ပြန်ပြောနေရတာနော်'

'မှန်ပါဘုရား'

'ကဲ မှတ်သားတယ်ဆိုတာ ဘယ်သူ့အလုပ်တုန်း?'

'သညာရဲ့အလုပ်ပါဘုရား'

http://www.dhammadownload.com



'ငါ့အလုပ် ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အမေ့အလုပ် ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အဖေ့အလုပ်လား?'

'မဟုတ်ပါဘူးဘုရား'

'မှတ်သားတာ ဘယ်သူ့အလုပ်တုန်း?'

'သညာရဲ့ အလုပ်ပါဘုရား'

'ကဲ. . . သညာထဲမှာ အမေ အဖေပါလား?'

'မပါပါဘူးဘုရား'

'ငါ့သား ငါ့သမီးပါလား?'

'မပါပါဘူး ဘုရား'

'အဲ. . . သညာဆိုတာဟာလည်း သညာပဲ၊ ဒါဖြင့် သညာဆိုတဲ့ တရားလေးက မှတ်သားတဲ့အလုပ် သူ့အလုပ်လုပ်မှာပဲ၊ အဲ. . . ခံစားတာက ဝေဒနာက လုပ်မှာပဲ၊ ဖောက်ပြန်နေတဲ့ တရားလေးက ရုပ်က လုပ်မှာပဲ၊ သူ့အလုပ်သူမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလုပ်နေကြတဲ့ အလုပ်ပိုင်ရှင်တွေကို ကြည့်လိုက်တဲ့အခါမှာ ငါသူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား မိန်းမဆိုတာ သူတို့ကြားမှာ မပါပါဘူး ပါရဲ့လား?'

'မပါပါဘူးဘုရား'

'အဲဒါဆိုရင် သဏ္ဍာနပညတ်ကို ယနေ့ သူတော်စင်များကို ဖျောက်နေတယ်လို့မှတ်ပါ'

'မှန်လှပါဘုရား'

'တစ်နည်းပြောရင် သက္ကာယဒိဋ္ဌိ ပွားစီးရေးတွေကို နှိမ်နင်းနေတယ် ဆိုရင်ကော မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီရုပ်နာမ်တွေကို မသိတဲ့အတွက် အထည်ပေါ် တင်ရတယ်၊ သဏ္ဌာန ပညတ်တွေပေါ် သွားပြီး ငါကောင် သူကောင်ထင်ရတဲ့အတွက် သက္ကာယဒိဋ္ဌိ ပွားစီးမှုတွေသည် မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အဲ. . . သက္ကာယဒိဋ္ဌိ ပွားစီးမှုဖြစ်တဲ့အတွက် အရှုံးက မပျောက်၊ အရှုံးမပျောက်တဲ့အတွက် မီးကလည်း ဝိုင်းချင်တိုင်းဝိုင်းတော့ ကိုယ့်မှာ နေ့စဉ်နဲ့ အမျှတဲ့ ပူလောင်မှုတန်းလန်းနဲ့ ပြေးတယ်လွှားတယ်နဲ့ မငြိမ်းချမ်းလောက် အောင်ကို မဖြစ်ကြဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အဲဒါတွေဟာ ဘာဖြစ်လို့လဲမေးတော့ အမှန်ကို မသိလို့နော်'

'မှန်လှပါဘုရား'

'အဲတော့ အရှုံးဆိုတာလည်း တခြားလား အနိစ္စပဲလား?'

'အနိစ္စပါဘုရား'

'မိမိတို့ထင်နေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါ ငါကောင် သူကောင်တို့ ဟောဒီ နယ်ပယ်မှာ မြင်နေကြတဲ့အထည်ကြီးတွေကလည်း တခြားလား အနိစ္စပဲလား?'

'အနိစ္စပါဘုရား'

'အနိစ္စဆိုရင် မပျက်စီးဘူးလား၊ ပျက်စီးမှာလား?'

ပျက်စီးမှာပါဘုရား'

'အဲဒီ အနိစ္စပိုင်ရှင်ဖြစ်ကြတဲ့ ဟောဒီ အထည်ကြီးမှာ ရုပ်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဝေဒနာကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'သညာကော . . မပါဘူးလား?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



'အေး သူတို့တွေနဲ့ ဖွဲ့စည်းထားတဲ့ ဟောဒီ အနိစ္စကိုယ်ကြီးလည်းပဲ အနိစ္စရုပ်လေးပေါ့၊ အနိစ္စဝေဒနာလေးပဲ အနိစ္စသညာလေးပဲဆိုတော့ ရုပ်လည်း မမြဲဘူး၊ ဝေဒနာလည်း မမြဲဘူး၊ သညာလည်းပဲ'

'မမြဲပါဘူးဘုရား'

'ဘာမို့လို့တုန်း?'

'အနိစ္စမို့လို့ပါဘုရား'

'အနိစ္စမို့လို့ ဘာတဲ့တုန်း?'

'အနိစ္စမို့လို့ပါဘုရား'

'အနိစ္စဆိုရင် တဖွဲ့ဖွဲ့တသဲသဲနဲ့ဖြစ်ပြီး မပျက်ဘူးလား၊ ပျက်မှာလား?'

'ပျက်မှာပါဘုရား'

'ဟော. . . ဆုံးရှုံးပျက်စီးခြင်းနဲ့သာ အမြဲတမ်း ကြုံတွေ့နေရမှတော့ ဟောသူလည်း ဒီသဘောပဲ ငါလည်းဒီသဘောပဲ၊ အဲတော့ ဥစ္စာပစ္စည်းတွေ ဆုံးရှုံးပျက်စီးလည်းပဲ ပူလောင်မှုမလာတော့ဘူး၊ မိမိတို့တစ်ဦးနဲ့တစ်ဦးတဲ့ ခွဲခွာသွားလို့ ဆုံးရှုံးပျက်စီးသွားလည်းပဲ ပူလောင်မှုတွေ မလာတော့ဘူး၊ ပျက်စီးတတ်တဲ့သဘော မပျက်စီးဘူးလား၊ ပျက်စီးမှာလား?'

'ပျက်စီးမှာပါဘုရား'

'အဲဒီလိုနှလုံးသွင်းမှန်ဖို့အတွက်က ကိုယ့်ရဲ့သန္တာန်မှာ ခန္ဓာ့အကြောင်း ပေါ် ဉာဏ်ရှင်းရမှာ၊ အဲတော့ စေ့ဆော်တိုက်တွန်းတဲ့သဘောက ဘယ်သူ့ အလုပ်တုန်း?'

'သင်္ခါရရဲ့ အလုပ်ပါဘုရား'

'အေး. . . သင်္ခါရရဲ့အလုပ်ပဲ၊ သင်္ခါရက္ခန္ဓာဆိုတာ စေ့ဆော်မယ် ပြုပြင်မယ် သူ့သဘောက ဒါပဲ၊ ဒါဖြင့် သူ့သဘော သူ့အလုပ်သူလုပ်နေကြတဲ့ နေရာမှာ တစ်ခန္ဓာနဲ့တစ်ခန္ဓာ သွားပြီးတော့ အနှောက်အယှက်ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ခံစားတာကလည်း ဝေဒနာ့အလုပ်၊ မှတ်သားတာက သညာအလုပ်၊ စေ့ဆော်ပေးနေတာက'

'သင်္ခါရအလုပ်ပါဘုရား'

http://www.dhammadownload.com



'သင်္ခါရအလုပ် ပြော်. . . ဆုံးဖြတ်ချက်ချပြီးသိတာက . . ?'

'ဝိညာဉ်အလုပ်ပါဘုရား'

'ဝိညာဉ်ဆိုတဲ့ စိတ်အလုပ်၊ ဒါဖြင့် သူ့အလုပ်နဲ့သူ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သူ့တာဝန်ကိုယ်စီ သူယူနေကြတာ၊ အဲဒီလို သူ့တာဝန်နဲ့သူ လုပ်နေကြတဲ့ အလုပ်တွေအပေါ်မှာ အမြင်ဉာဏ်တွေကောင်းစွာ မကိန်းရအောင်လို့ အခုကြည့်စမ်းတဲ့ ရုပ်နာမ်အရှိတွေပျောက်ပြီးတော့မှ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ထင်မှားခဲ့တဲ့အရာကြီးက သဏ္ဌာနပညတ်ပေါ် တင်နေလို့ ပါလားဆိုတာကို ပညတ်နဲ့ ပုံဖော်ထားတယ်နော်'

'မှန်ပါဘုရား'

'အဲဒီပညတ်ကြီးပေါ်မှာ တင်နေသမျှ ရုပ်ကိုလည်း ရုပ်မှန်းမသိ၊ နာမ်ကိုလည်း နာမ်မှန်းမသိ၊ သိနိုင်ပါ့မလား?'

'မသိနိုင်ပါဘူးဘုရား'

'ဒါဖြင့် ဇာတိဆိုတဲ့ အစလေးကို ပြန်ကြည့်တော့ ပုဂ္ဂိုလ်သတ္တဝါလို့ ပြောပေမယ့် တခြားလား . . ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'အဲဒီခန္ဓာငါးပါးကို အကျဉ်းချုံးရင် ရုပ်နဲ့နာမ်၊ ဘာနဲ့ဘာတုန်း?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'နာမ်ခန္ဓာက ဘယ်နှစ်ပါး?'

'လေးပါးပါဘုရား'

'ရုပ်ခန္ဓာက?'

'တစ်ပါးပါဘုရား'

'အကျယ်ချဲ့ရင် ခန္ဓာငါးပါး အကျဉ်းချုံးတော့ ဘာနဲ့ဘာ?'

'ရုပ်နဲ့ နာမ်ပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ရုပ်နာမ်ပဲရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အဲတော့ ဇာတိကစရင် ရုပ်နာမ်ပဲရှိတယ် ဒီရုပ်နာမ်တွေသည်တဲ့ ကြည့်လိုက်ပါ ဇာတိပစ္စယာ'

'ဇရာမရဏာပါဘုရား'

'ဇရာမရဏာ ဒါဖြင့်ရင်တဲ့ ဇရာဆိုတဲ့ အိုခြင်းတရားလည်းပဲ ဟောဒီ ခန္ဓာမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဟောဒီ ဇရာဆိုတဲ့တရားသည် ဇာတိရတဲ့ခန္ဓာငါးပါးအပေါ်မှာ လွှမ်းခြုံထားတာက ရုပ်တရားလေးလည်းပဲ ဇရာရဲ့လက်တွင်းမှာ ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတာလည်း ဇရာရဲ့လက်တွင်းမှာ၊ စိတ်ဆိုတဲ့ ဝိညာဏ် လေးကလည်း ဇရာရဲ့လက်တွင်းမှာ၊ ဒါကြောင့်မို့လို့ အိုခြင်းတရားကို ရှောင်လွှဲ လို့ရလား?'

'မရပါဘူးဘုရား'

'အိုခြင်းတရားကို ရှောင်ကွင်းလို့ မရဘူး၊ အိုလာပြီဆိုရင် နုပျိုတဲ့ အရာတွေ ပျက်စီး မပျက်စီး?'

'ပျက်စီးပါတယ်ဘုရား'

'ဘာမို့လို့ ပျက်စီးတာတုန်း'

'အနိစ္စမို့လို့ ပျက်စီးတာပါဘုရား'

'အနိစ္စမို့လို့ ပျက်စီးတာ ဘာမို့လို့ပျက်စီးတာလဲ?'

'အနိစ္စမို့ ပျက်စီးတာပါဘုရား'

'ဒါဖြင့် ဇာတိဆိုတဲ့ တရားက ခန္ဓာငါးပါးကိုဖြစ်စေသည်၊ ဩော်. . . ခန္ဓာငါးပါးဆိုတဲ့ တရားဟာလည်း ရုပ်နဲ့ နာမ်ပဲရှိတယ်၊ ဒီရုပ်နာမ်တွေဟာ လည်းပဲ ကြည့်စမ်းတဲ့၊ တရွေ့ရွေ့နဲ့ နုပျိုရာကနေ အိုမင်းခြင်းဆိုတဲ့ ဇရာ တရားရဲ့လွှမ်းမိုးမှုအောက်ကို ရောက်လည်း ရောက်ကော နုပျိုတာတွေ ပျက်စီး သွားပြီ ဆုံးရှုံးသွားပြီ သေဆုံးသွားပြီဆိုတာ မရှင်းဘူးလား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com



'တခြားလား အနိစ္စလား'

'အနိစ္စပါဘုရား'

'ဒါဖြင့် ဇရာဆိုတဲ့ အိုခြင်းတရားကလည်းပဲ အိပ်ရာထက်မှာလဲခြင်းဆိုတဲ့ ဗျာဓိဆိုတဲ့တရားကိုလည်း ရှောင်လွှဲလို့ရလား?'

'မရပါဘူးဘုရား'

'ဒါဖြင့် အိုခြင်းတရား ဆုံးရှုံးပျက်စီးရင် ဗျာဓိဆိုတဲ့ နာခြင်းဒုက္ခကော မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဒါဖြင့်ရင် ဇရာဆိုတာလည်း တခြားလား အနိစ္စလား?'

'အနိစ္စပါဘုရား'

'အဲ. . . ဗျာဓိဆိုတဲ့ နာခြင်းဒုက္ခကနေပြီးတော့ မရဏဆိုတဲ့ သေခြင်းထိကော မရောက်ဘူးလား'

'ရောက်ပါတယ်ဘုရား'

'ဒါဖြင့်ရင် ဗျာဓိဆိုတဲ့တရားကလည်း နိစ္စလား၊အနိစ္စလား?'

'အနိစ္စပါဘုရား'

'မရဏဆိုတဲ့တရားကလည်း နိစ္စလား၊ အနိစ္စလား?'

'အနိစ္စပါဘုရား'

'အနိစ္စမို့လို့ မမြဲတာပေါ့၊ အဲဒီမမြဲတဲ့တရားတွေက ကြည့်စမ်းတဲ့ တစ်ခုချင်း တစ်ခုချင်း ကျေးဇူးပြုသွားတဲ့အတွက်ကြောင့်မို့လို့ ဟော်. . . ဇာတိကနေ ဇရာကို အစားထိုး၊ ဇရာကနေ ဗျာဓိကို အစားထိုး၊ ဗျာဓိကနေ မရဏကို အစားထိုးတဲ့အတွက် ရွေ့လျားခြင်း သဘောတွေကလည်းပဲတဲ့ ဒီလိုအသွင်ကိုမဆောင်နေဘူးလား?'

'ဆောင်နေပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါကို တစ်ခုနဲ့တစ်ခု အစားထိုးနေတဲ့သဘောလေးတွေကို ရွေ့လျား ခြင်းဆိုတဲ့ ဇရာနဲ့လည်းပဲ အနိစ္စလက္ခဏာပေါ်မှာ ဒါလေးတွေအပေါ်ကိုလည်း မြင်အောင်အာရုံပြုပြီး တစ်ချို့ကလည်း ပြောကြတယ်'

'မှန်ပါဘုရား'

'အဲဒါလေးတွေက ဘြော်. . တစ်ခုနဲ့တစ်ခု အစားထိုး၊ အစားထိုးလေး ကို သိနေတဲ့အသိလေးပေါ့နော်၊ တစ်နည်းပြောရင် သတိပဋ္ဌာန်ပေါ့၊ အဲဒီ သတိပဋ္ဌာန်လေးတွေပေါ်မှာ တစ်ခုပြီး တစ်ခု၊ တစ်ခုပြီးတစ်ခု သိနေတာကနေ ဒီတစ်ခုလေးဟာ ဟော့. . . ရှေ့တစ်ခုကအစားထိုးရော မြင်အုံးမလား?'

'မြင်ပါတယ်ဘုရား'

'ဒါဖြင့် ရွေ့လျားနေတဲ့သဘောကို မြင်လာခြင်းအားဖြင့် ဖြစ်ပျက်ကို မြင်ဖို့အတွက်ကလည်း အားကောင်း၊မကောင်း?'

'ကောင်းပါတယ်ဘုရား'

'ဒါ တခြားလား အနိစ္စလက္ခဏာတွေ ပြောနေတာလား'

'အနိစ္စလက္ခဏာ ပြောနေတာပါဘုရား'

'အဲတော့ မိမိတို့ရဲ့သန္တာန်မှာရှိနေတဲ့ ဟောဒီဇာတိဆိုတဲ့ သတ္တဝါ တွေရတဲ့ အစလေးကို ပြန်ကြည့်လိုက်ရင်

**"ဇာတိကစ ရုပ်နာမ်ရ၊ ငါး၀ ဤခန္ဓာ"**

'မိမိတို့မှာ ခန္ဓာဘယ်နှစ်ခု?'

'ငါးခုပါဘုရား'

'အဲဒီ ငါးခုသော ခန္ဓာတွေသည် ဘယ်က စ?'

'ဇာတိက စပါတယ်ဘုရား'

'ဒါဖြင့် ဇာတိက စတဲ့ ဟောဒီခန္ဓာငါးပါး ရုပ်နာမ်တရားသည် (၃၁) ဘုံ သတ္တဝါတွေအားလုံး မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'(၃၁) ဘုံ သတ္တဝါတွေအားလုံး ရရှိထားတဲ့ သဏ္ဌာနပညတ်အပေါ်မှာ တင်ပြီး ခေါ်ဝေါ်နေတဲ့တရားတွေဟာ တခြားလား၊ ခန္ဓာငါးပါးလား?'

'ခန္ဓာငါးပါးပါဘုရား'

'အဲဒီရုပ်နာမ်ခန္ဓာသည်တဲ့ အိုခြင်းတရား မပါဘူးလား?'

'ပါပါတယ်ဘုရား'

'နာခြင်းတရား မပါဘူးလား?'

'ပါပါတယ်ဘုရား'

'သေခြင်းတရား မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဘယ်သတ္တဝါ ရှောင်လို့ရလဲ?'

'မရပါဘူးဘုရား'

'(၃၁)ဘုံ သတ္တဝါတွေအားလုံးမှာ ခန္ဓာရုပ်နာမ်ကရတဲ့အတွက် အိုခြင်းလည်း ရှောင်လို့မရပါဘူး၊ နာခြင်းလည်းပဲ ရှောင်လို့မရပါဘူး၊ သေခြင်းလည်းပဲ ရှောင်လို့ မရပါဘူး၊ အဲ. . . ရှောင်လို့မရ ရတာသည် ဘာခန္ဓာမို့လို့'

'အနိစ္စခန္ဓာမို့လို့ပါဘုရား'

'နိစ္စခန္ဓာဆိုရင် မအိုချင်လည်းရတယ်၊ မနာချင်လည်းရတယ် မသေချင်လည်း?'

'သေရပါတယ်ဘုရား'

'နိစ္စခန္ဓာဆိုရင်ပေါ့နော်'

'မှန်ပါဘုရား'

'အခုတော့ နိစ္စလား . . အနိစ္စလား?'

'အနိစ္စပါဘုရား?'

'အနိစ္စခန္ဓာဆိုတော့ . . မအိုချင်တော့ရလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'မနာချင်တော့ကော?'

'မရပါဘူးဘုရား'

'မသေချင်တော့ကော?'

'မရပါဘူးဘုရား'

'ဒါဖြင့် ဒီခန္ဓာကိုယ်ရဲ့သဘောသည်တဲ့ အိုခြင်း, နာခြင်း, သေခြင်း တွေနဲ့ အဖန်ဖန် ပြုပြင်ပြီးတော့မှ နှိပ်စက်နေတဲ့သဘော ထင်ရှားနေတဲ့ အတွက်ကြောင့်မို့လို့ ဩော်. . . ဘာတစ်ခုမှ မနိုင်မြဲပါလားဆိုတာ ပေါ်လွင် လို့ တခြားလား အနိစ္စခန္ဓာလား?'

'အနိစ္စခန္ဓာပါဘုရား'

'ဒါကြောင့် -

**" အိုနာသေခြင်း၊ ကုန်ပျက်ခြင်း၊ ရှောင်ကွင်းမရပါ"**

'မိမိတို့ (၃၁) ဘုံထဲမှာ သင်္ချာနပညတ်ပေါ်မှာတင်ပြီး ငါ သူ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူနတ် ပြဟ္မာ အပါယ်လေးဘုံသားလို့ ခေါ်ဝေါ်သမုတ်ထားတဲ့အတွက်ကြောင့်မို့လို့ ဒီ. . . အိုနာသေခြင်းသည် တခြားလား၊ ကုန်ခြင်းပျက်ခြင်းပဲလား?'

'ကုန်ခြင်း ပျက်ခြင်းပါဘုရား'

'ဖြစ်ပြီးရင်?'

'ပျက်မှာပါဘုရား'

'မွေးပြီးရင်?'

'သေမှာပါဘုရား'

'သေဆုံးခြင်းကော . . မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ပျက်စီးခြင်းကော . . မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ဆုံးရှုံးခြင်းကော . . မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'မမြဲတာကော မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ဘာတွေပြောသွားတာတုန်း?'

'အနိစ္စပြောသွားပါတယ်ဘုရား'

'အနိစ္စကိုပြောနေတာ၊ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကို ကြည့်လိုက်စမ်းပါတဲ့ အားလုံးသည် တခြားလား အနိစ္စလား?'

'အနိစ္စပါဘုရား'

'ဒါသဘောပေါ်မှာမြင်အောင်လို့ ဉာဏ်ရောက်ဖို့အတွက် အထည် ပေါ်ကနေပြီး တရွေ့ရွေ့နဲ့ ကြည့်လိုက်စမ်းတဲ့၊ သဏ္ဌာနပညတ် ပုံသဏ္ဌာန် တွေပေါ်ကနေပြီးတော့ ယှူလာလိုက်တာ ဒီခန္ဓာ ရုပ်နာမ်တွေရဲ့ သွားခြင်း သူတို့ရဲ့အစဉ်ကိုကြည့် လိုက်တဲ့အခါမှာ ဇရာဗျာဓိ မရဏ၊ သြော်. . . အိုခြင်း၊ နာခြင်း၊ သေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း အဖန်ဖန် အထပ်ထပ်နဲ့ သတ္တဝါတွေမှာ ရှောင်ကွင်းလို့မရလောက်အောင်ကို ကုန်ခြင်း၊ ပျက်ခြင်း၊ မွေးခြင်း၊ သေခြင်းတွေနဲ့သာ ထုံမွှမ်းထားတဲ့အတွက်ကြောင့်မို့လို့ ဘယ်သူများ ရှောင်လို့ရသလဲ?'

'မရပါဘူးဘုရား'

'အဲဒီသဘောတွေကို မသိတဲ့ပုဂ္ဂိုလ်တွေကျတော့ သဏ္ဌာနပညတ် ပေါ်မှာတင်ပြီးတော့ ငိုပွဲဆင်လို့မဆုံးကြဘူးတဲ့'

'မှန်လှပါဘုရား'

'ပူလောင်မှုတွေကလည်း မကုန်နိုင်ဘူးတဲ့'

'မှန်ပါဘုရား'

'တစ်ခါတုန်းကလည်း ကြည့်လေ၊ ဥပရိမိဖုရားကြီးကို အလွန် ချစ်တဲ့ ရှင်ဘုရင်ကြီးက ဒီ. . . ဥပရိမိဖုရားကြီးလည်း သေလည်းသေသွားရော သဏ္ဌာနပညတ်ပေါ်မှာတင်ပြီးတော့မှ ငိုပွဲဆင်လို့ မဆုံးကြဘူးတဲ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပူလောင်မှုတွေကလည်း မကုန်နိုင်ဘူးတဲ့'

'မှန်ပါဘုရား'

'ဒီအလောင်းကောင်ကြီးသည် တခြားလား၊ သင်္ခါရပရမတ်လား?'

'သင်္ခါရပရမတ်ပါဘုရား'

'တကယ်တမ်းကျတော့တဲ့ ရုပ်တရားနော်'

'မှန်လှပါဘုရား'

'အဲဒီရုပ်တရားကတဲ့ နာမ်မမွေးလေး ချုပ်သွားလို့ ကြည့်စမ်း ကမ္မဇရုပ်တွေ၊ စိတ္တဇရုပ်တွေ၊ အာဟာရဇရုပ်တွေ ဥတုဇရုပ်ပဲ ကျန်တော့တာ၊ အဲဒီရုပ်လေးက တဖြည်းဖြည်းနဲ့ ကုန်ပျောက်၊ ကုန်ပျောက် မလာဘူးလား၊ လာမှာလား?'

'လာပါတယ်ဘုရား'

'သို့သော်လည်းပဲတဲ့ အဲဒီသေခြင်းတရားရဲ့ ပျက်စီးခြင်း အနိစ္စကို မြင်အောင် မကြည့်တတ်တဲ့ ဒီရှင်ဘုရင်ကြီးက ဒီအထည်ကြီးပေါ်မှာ ကြည့်ပြီးတော့မှ ဆီစိမ်ပြီးတော့ အလွမ်းဖြေနေတာ၊ မှန်ခေါင်းထဲထည့် ပြီးတော့ အလွမ်းမဖြေဘူးလား?'

'ဖြေပါတယ်ဘုရား'

'ဒီမိဖုရားကြီးကို သူစွန့်ရက်ရဲ့လား?'

'မစွန့်ရက်ပါဘူးဘုရား'

'အဲ. . . ဘယ်ပေါ်တင်နေတာတုန်း'

'သင်္ခါရပရမတ်ပေါ် တင်နေတာပါဘုရား'

'ဒီခန္ဓာကိုယ်က မပျက်စီးမှာလား ပျက်စီးမှာလား'

'ပျက်စီးမှာပါဘုရား'

'တခြားလား အနိစ္စလား'

'အနိစ္စပါဘုရား'

http://www.dhammadownload.com



'အနိစ္စဆိုတဲ့ သဘောကို ရှင်ဘုရင်ကြီးမသိဘူးနော်'

'မှန်လှပါဘုရား'

'မသိတဲ့အတွက်ကြောင့်မို့လို့ ကြည့်စမ်း နှစ်ရှည်လများကြာအောင် ဆိုပြီး ဆီစိမ်ပြီးတော့ မှန်ခေါင်းထဲထည့်ပြီး တစိမ့်စိမ့်ကြည့်နေရှာတယ်'

'မှန်လှပါဘုရား'

'အဲတော့ ကြည့်နေရှာတဲ့ ဒီဘုရင်ကြီးရဲ့ ဆင်းရဲဒုက္ခကို မရှုနိုင်တဲ့အခါ မှပဲ နောက်ဆုံးကျတော့ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတဲ့အခါကျတော့ ရှင်ဘုရင်ကြီးက သူ့မိဖုရားကြီး ဘယ်များရောက်သွားလဲမေးတယ်၊ အဲတော့ သူက ဒီအထည်ရုပ် ဘယ်လောက်လှလှ သေခြင်းဆိုတဲ့ မရဏ ပျက်စီးခြင်းပြ တယ်၊ ဆုံးရှုံးခြင်းပြတယ်၊ အနိစ္စကို ပြပင်ပြဋ္ဌာန်းသော်လည်း အနိစ္စကို မမြင်ဘဲ အထည်ကောင်ကြီးပေါ်မှာ တင်ပြီးတော့မှ ဩော်. . . ရှိသေးတယ် ရှိသေး တယ်လို့ ယူနေတာသည် အနိစ္စလို့ မြင်တာလား နိစ္စလို့မြင်တာလား?'

'နိစ္စလို့မြင်တာပါဘုရား'

'နိစ္စလို့မြင်ရင် ရူး . . မရူး?'

'ရူးပါတယ်ဘုရား'

'ရှင်ဘုရင်ကြီး ရူးနေတာနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် သူရူးတဲ့အတွက်ကြောင့်မို့လို့ အနိစ္စကို နိစ္စလို့ အမှတ်မမှား ဘူးလား?'

'မှားပါတယ်ဘုရား'

'အနိစ္စကိုနိစ္စလို့ သူမသိနေဘူးလား?'

'သိနေပါတယ်ဘုရား'

'အနိစ္စကို နိစ္စလို့ သူမယူထားဘူးလား?'

'ယူထားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲလိုယူထားတဲ့အတွက်ကြောင့်မို့လို့ တခြားလား ရှုးနေတာလား?'

'ရှုးနေတာပါဘုရား'

'အခု ရှင်နေရာကနေပြီးတော့ ရုပ်တွေနာမ်တွေကို ချုပ်ပျောက် ပျက်စီးသွားတဲ့အချိန်အခါမှာ ဟောဒီရုပ်ကောင်ကြီးက အထည်ပညတ် သဏ္ဌာန်တွေနဲ့ ကျန်နေခဲ့တာကို မိမိက မရဏာဆိုတဲ့သေဆုံးခြင်း အနိစ္စက ပြပင် ပြခြားသော်လည်း မြင်အောင်မကြည့်နိုင်တဲ့အတွက် ဉာဏ်မပေါ်တော့ အရှုးပျောက်သလား?'

'မပျောက်ပါဘူးဘုရား'

'အရှုးတိုးနေတာနော်၊ အဲတော့ သူ့မှာ ဒီအလောင်းကြီးကြည့်ပြီး သောကတွေ ဖြစ် မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

'ပရိဒေဝတွေတောက်မတောက်?'

'တောက်ပါတယ်ဘုရား'

'အေး. . . တိုင်းရေး ပြည်ရေးတောင် မလုပ်နိုင်လောက်အောင်ကို ရှုးချက် သန် မသန်?'

'သန်ပါတယ်ဘုရား'

'ဘာကြောင့်များ ဒီလောက်ရှုးနေပါလိမ့်'

'အနိစ္စမမြင်လို့ပါဘုရား'

'ဟောပေါ်သွားပြီ ပေါ်သွားပြီ အနိစ္စမမြင်လို့၊ ဒါဖြင့် ဒီခန္ဓာကိုယ် ကြီးသည် တခြားလား အနိစ္စလား?'

'အနိစ္စပါဘုရား'

'အနိစ္စကို မမြင်တဲ့အတွက် ရှုးချင်တိုင်းရှုးနေတာ၊ ကဲ သူ့မှာ ရှုးရကျိုး နပ်မနပ် တစ်ချက်ကြည့်လိုက်ပါ၊ အဲတော့ ဘုရားလည်း မေးလိုက်မယ်တဲ့၊ ဥပရိမိဖုရားကြီး ဘယ်များရောက်နေသလဲဆိုတော့ နောက်ချေးပိုးထိုးမ ဖြစ်နေ တယ်၊ ဒါဖြင့် လူ့ဘဝတုန်းကလည်း ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

http://www.dhammadownload.com



'ကဲ. . . တစ်ချိန်တုန်းကတော့ ရှင်ဘုရင်နဲ့ ကျကျနန မိဖုရားကြီး အဖြစ်နဲ့ စံနေရတဲ့ဘဝ၊ အခု နောက်ချေးပိုးထိုးဘဝဆိုတော့ ကဲ. . . အဆင့် မကွာသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

'ကွာသွားတယ်နော်၊ ဒါဖြင့် ပိုးထိုးဘဝနဲ့ မိဖုရားဘဝ ဘယ်ဟာ သဘောကျလဲ?'

'မိဖုရားဘဝ သဘောကျပါတယ်ဘုရား'

'မိဖုရားဘဝ သဘောကျတာပေါ့ ဆန့်ကျင်တာပေါ့၊ ဒါပေမယ့် ကျရာပျော်ဘဝပဲ ပျော်ကြတယ်၊ ဘယ်လိုတဲ့လဲ?'

'ကျရာပျော်ဘဝပဲ ပျော်ကြပါတယ်ဘုရား'

'ဒါဖြင့် နောက်ချေးပိုးထိုးဘဝမှာ ရှင်ဘုရင်ကြီးကနေပြီး အဲဒီလို မေးတဲ့အခါမှာ ဘုရားက နောက်ချေးပိုးထိုးမ ဖြစ်နေတယ်ဆိုတော့ သူမြင်ချင် တယ်ဆိုတော့ ခေါ်လိုက်ရတယ်၊ ဘုရားရဲ့တန်ခိုးတော်နဲ့ ခေါ်လိုက်တော့ နောက်ချေးပိုးထိုးမ ဥပရိမိဖုရားကြီး ထွက်လာပြီ၊ သူ့နောက်ကလည်းပဲ ပိုးထိုးဖိုကလည်း ပါလာပြီ၊ ဒါဖြင့် အဖော်ပါမပါလာဘူးလား?'

'ပါလာပါတယ်ဘုရား'

'လူ့ဘဝတုန်းက သူ့ရဲ့ခင်ပွန်းက ရှင်ဘုရင်၊ အခုကြည့်စမ်း ပိုးထိုးမ ဘဝကျတော့ ပိုးထိုးဖိုနဲ့ မရဘူးလား?'

'ရပါတယ်ဘုရား'

'ကဲ. . . အဲဒီမှာတင်ပဲ ဟောဒီ လူ့ပြည်တုန်းက ရှင်ဘုရင်ကြီးနဲ့ အခုဘဝမှာပေါင်းရတဲ့ ဒီပိုးထိုးဖိုနဲ့ ဘယ်သူ့ကိုချစ်သလဲလို့မေးတယ်'

'မှန်ပါဘုရား'

'မှတ်ထားနော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အဲတော့ ပိုးထိုးဖိုကို သူချစ်တယ်တဲ့၊ ရှင်ဘုရင်ကြီး ချစ်သေးလား?'

'မချစ်ပါဘူးဘုရား'

'ဟာ-မိမိကတော့ လွမ်းလို့ကို မဆုံးနိုင်ဘူး၊ ပူဆွေးလို့ကို မဆုံးနိုင်ဘူး၊ မျက်ရည်တွေ ပေါက်ပေါက်ကျလောက်အောင်ကို မဆုံးနိုင်ဘူး၊ မှန်ခေါင်းကြီးထဲထည့်ပြီး ကြည့်လိုက်စမ်း နိစ္စလား၊ အနိစ္စလား'

'အနိစ္စပါဘုရား'

'အနိစ္စကို အနိစ္စလို့ပြပေမယ့် သူမြင်လား'

'မမြင်ပါဘူးဘုရား'

'ကိုယ့်ခန္ဓာထဲကိုယ်က ဉာဏ်မရောက်၊ ဒါကြောင့်မို့လို့ ရှူးချက်က သန်ပြီးတော့ ဆီတောင်စိမ်ထားရတာ'

'မှန်လှပါဘုရား'

'ဟိုက ဥပရိမိဖုရားကြီးက တစ်ဘဝတစ်ခန္ဓာ မရဘူးလား?'

'ရပါတယ်ဘုရား'

'ဟောဒီမှာ မိဖုရား ဘဝကနေသေ ဒီဘက်မှာ ပိုးထိုးမ သွားဖြစ်နေတယ်၊ အဲတော့ ပိုးထိုးမဘဝမှာ သူမပျော်ဘူးလား?'

'ပျော်ပါတယ်ဘုရား'

'မိဖုရားဘဝကို သူအမှတ်ရသေးလား?'

'မရတော့ပါဘုရား'

'ကဲ. . . .ဒီတော့ သူကနှိုင်းယှဉ်ပြတယ်၊ ဟောဒီဘဝမှာ နေခဲ့တုန်းက ရှင်ဘုရင်ကြီးနဲ့ ဟောဒီ အခုဘဝမှာတွေ့ခဲ့ရတဲ့ ပိုးထိုးဖိုနဲ့ ဘယ်သူ့ချစ်လဲ ဆိုတော့ ပိုးထိုးဖိုကို ချစ်တယ်တဲ့'

'မှန်ပါဘုရား'

'တကယ်လို့ များကဲ့ အခုချိန်ခါမှာ ရှင်ဘုရင်ကြီးရဲ့ လည်ချောင်း သွေးကို ဖောက်ပြီးတော့များ သူ့လင်ယောကျ်ား အခု ပိုးထိုးဖိုလေးကိုများ ခြေဆေးပေးရမယ်ဆို ဆေးပေးချင်သေးတယ်တဲ့'

'မှန်ပါဘုရား'

http://www.dhammadownload.com



'ကဲ-ဘယ်လောက်တောင်လဲနော်'

'မှန်ပါဘုရား'

'ဒီမှာကတော့ လွမ်းလို့မဆုံးဘူး ပူဆွေးလို့မဆုံးဘူး၊ ဘယ်ပေါ်တင်နေတာ'

'သဏ္ဌာနပညတ်ပေါ် တင်နေတာပါဘုရား'

'သဏ္ဌာနပညတ်ကြီးပေါ် သွားတင်နေတာ၊ ဒါကြီးကကော မပျက်စီးဘူးလား ပျက်စီးလား?'

'ပျက်စီးပါတယ်ဘုရား'

'ဟော-ပျက်စီးတတ်တဲ့ အနိစ္စကို ပျက်စီးပါလားလို့ မသိတဲ့အတွက်ကြောင့်မို့လို့ ရှုံးချက်သန်နေတာဟာ ကြည့်စမ်းတဲ့၊ ဘုရားသာ သူ့ကို အဲဒီလိုမျိုး ကျကျနန လက်တွေ့သာမပြဘူးဆိုရင် ဒီဘုရင်ကြီး ရှုံးချက်သန်မသန်?'

'သန်ပါတယ်ဘုရား'

'မိမိတို့လည်းပဲ ဒီသဘောတွေကို မနာရရင် ရှုံးချက်က သန်မသန်?'

'သန်ပါတယ်ဘုရား'

'သန်အုံးမှာပဲနော်'

'မှန်လှပါဘုရား'

'ကဲ-တစ်ဦးတစ်ယောက်က ကိုယ့်ကိုခွဲခွာသွားပြီဆိုရင် ကိုယ်က ဟိုတစ်ယောက်ကတော့ ဟိုဘဝမှာ ပျော်နေပြီ၊ ကိုယ်ကတော့ ဒီမှာက လွမ်းတုန်းရှိသေးတယ် ဆွေးတုန်းရှိသေးတယ် ပူတုန်းရှိသေးတယ်၊ ဘာဖြစ်နေတာလဲမေးတော့ ရှုံးနေတာ၊ ပုထုဇ္ဇနော ဥမ္မတ္တကော ဘာတဲ့တုန်း?'

'ပုထုဇ္ဇနော ဥမ္မတ္တကောပါဘုရား'

'ဒါဖြင့်ရင် အရှုံးမပျောက်ချင်ဘူးလား?'

'ပျောက်ချင်ပါတယ်ဘုရား'

'အရှုံးပျောက်ချင်ရင် ဘာလုပ်ရမယ်၊ အနိစ္စမြင်အောင်ကြည့်ရမယ် ဘာတဲ့တုန်း?'

'အနိစ္စမြင်အောင် ကြည့်ရမှာပါဘုရား'

http://www.dhammadownload.com



'အနိစ္စမြင်ရင် ဝိပဿနာဉာဏ် ရ . . မရ?'

'ရပါတယ်ဘုရား'

'ဝိပဿနာ ဉာဏ်ရရင် မဂ်ဉာဏ်ကို တက် . . မတက်?'

'တက်ပါတယ်ဘုရား'

'တက်ရင် နိဗ္ဗာန်ရောက်မှာပဲ'

'မှန်ပါ'

'နိဗ္ဗာန်ရောက်ရင် အရှုံးပျောက်မယ်၊ အခုတော့ အနိစ္စခန္ဓာက အနိစ္စလို့ ပြောပင်ပြောငြားသော်လည်း ဘာကြောင့်များ မမြင်လဲမေးတော့လည်း မိမိတို့ရဲ့သန္တာန်မှာ ဩော် . . . သဉ္ဇာနပညတ် သဉ္ဇာနိပညတ်ဆိုတဲ့ ဒီပညတ် (၂) ပါးရဲ့လက်ချက်ပါလားဆိုတာ မပေါ်ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'ဩော်. . . ဒါလေးကို ဉပမာကြည့်ခြင်းအားဖြင့် မိမိတို့အတွက် သံဝေဂကော မဖြစ်သင့်ဘူးလား?'

'ဖြစ်သင့်ပါတယ်ဘုရား'

'ကိုယ့်ရဲ့ပိုင်ဆိုင်ထားတဲ့ ဉစ္စာပစ္စည်းတွေကို မနေ့ကပြောခဲ့ပါတယ်၊ ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေသည် ဒီဉစ္စာပစ္စည်း ကြီးပွားကြောင်းကိုသာ အားစိုက်ပြီး မလုပ်ဘူးလား?'

'လုပ်ပါတယ်ဘုရား'

'လူချမ်းသာကို မက်မောတယ်၊ နတ်ချမ်းသာကို မက်မောတယ်၊ ဗြဟ္မာချမ်းသာကို မက်မောတယ်၊ ချမ်းသာ (၃) ပါးကို သူမတူအောင် မက်မောပြီးတော့ကြိုးစားကြပါတယ်၊ ဘယ်သူတွေပါလိမ့် ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေ၊ ဘာတဲ့တုန်း?'

'ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေပါဘုရား'

'အဲ ဒိဋ္ဌိ ဘာကြောင့် ရှိသလဲမေးတော့ သဉ္ဇာနပညတ်ပေါ်တင်လို့ ဘာတဲ့တုန်း?'

'သဉ္ဇာနပညတ်ပေါ်တင်လို့ပါဘုရား'

http://www.dhammadownload.com



'ငါကောင် သူကောင် ပုဂ္ဂိုလ်သတ္တဝါလို့ မယူဘူးလား ယူလား?'

'ယူပါတယ်ဘုရား'

'ဘယ်ပေါ်တင်တာပါလိမ့်?'

'သဏ္ဌာနပညတ် ပေါ်တင်တာပါဘုရား'

'ရှိတာက ပုဂ္ဂိုလ်သတ္တဝါလား ရုပ်နာမ်လား?'

'ရုပ်နာမ်ပါဘုရား'

'ရုပ်နာမ်အရှိကို ပျောက်ကွယ်ပြီး မမြင်ရအောင် သဏ္ဌာနပညတ်က ဖုံးလွှမ်းလိုက်တဲ့အတွက်ကြောင့်မို့လို့ သက္ကာယဒိဋ္ဌိ ဖြစ် . . မဖြစ်?'

'ဖြစ်ပါတယ်ဘုရား'

'အဲဒီ သက္ကာယဒိဋ္ဌိကြောင့်လည်းပဲ ငါကြီးပွားချင်တယ်၊ ငါချမ်းသာချင်တယ်၊ ငါ့သား ချမ်းသာချင်တယ်၊ ငါ့သားတွေ ငါ့သမီးတွေ ငါ့ရဲ့ဇနီးမယားအိမ်ထောင်စုအားလုံး ပြေလည်ချင်တယ်ဆိုပြီး တစ်နေ့ထက်တစ်နေ့ ရုန်းကန်လှုပ်ရှားပြီး ကိုယ့်ကိုယ်ကိုများတဲ့ နှစ်နေလိုက်ကြတာ ကြီးပွားလာပြီ၊ ချမ်းသာလာပြီ၊ စည်းစိမ်ဥစ္စာတွေ ပြည့်စုံလာပြီ၊ ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ် ဥစ္စာပစ္စည်းတွေ တိုးတိုင်းတိုးတိုင်း ကြီးပွားတိုင်း ကြီးပွားတိုင်းမှာ ဒိဋ္ဌိက လျော့တာလား၊ တိုးလာတာလား?'

'တိုးလာတာပါဘုရား'

'ဒိဋ္ဌိကြောင့်လည်းပဲကြီးပွားအောင် မကြိုးစားဘူးလား?'

'ကြိုးစားပါတယ်ဘုရား'

ကိုယ့်တစ်ယောက်တည်းအတွက်မဟုတ်ဘူး၊ ငါ့သားအတွက်ကော ငါ့သမီး အတွက်ကော ငါ့ဇနီးမယားအတွက်ကော တစ်ငါထဲ မငါဘူး လား?'

'ပါပါတယ်ဘုရား'

'အားလုံးသော သဏ္ဌာနပညတ်ပေါ်မှာလည်း ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီးမယားနဲ့ အဲဒီလိုနဲ့ပဲ ကြိုးစားပြီးတော့ ကြီးပွားအောင် လုပ်နေကြသမျှ ဒီပုဂ္ဂိုလ်သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ ချမ်းသာ (၃) မျိုးကို အကြောင်းပြုပြီး ဒိဋ္ဌိတွေကကော ကြီးမကြီး?'

'ကြီးပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်. . . ဒိဋ္ဌိကြီးရင် အပါယ်တွင်းကို နက် မနက်?'

'နက်ပါတယ်ဘုရား'

'ဒါဖြင့် အပါယ်တွင်းနက်ရတာသည် ဘာကြီးလို့? '

'ဒိဋ္ဌိကြီးလို့ပါဘုရား'

'အဲ ဒိဋ္ဌိကြီးတော့လည်းချမ်းသာ (၃) မျိုး မက်မမက် ?'

'မက်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ပိုပြီးကြီးပွား၊ ပိုပြီး ချမ်းသာနေသမျှ ဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်ရဲ့ ကြီးပွားချမ်းသာခြင်းသည်တဲ့ အပါယ်တွင်း နက်သထက်နက်အောင် တူးနေတယ်၊ နက်ရှိုင်းစွာ ဝင်နေတယ်ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် အပါယ်တွင်းကို နက်နက်တူးပြီးတော့ ချမ်းသာတဲ့ပုဂ္ဂိုလ်မျိုးကို ဖြစ်ချင်သလား?'

'မဖြစ်ချင်ပါဘူးဘုရား'

'မဖြစ်ချင်ဘူးဆို မိမိတို့က ဝိပဿနာဉာဏ်ကနေ မဂ်ဉာဏ်ကိန်းဖို့အတွက် ရုပ်နာမ်ရဲ့အနိစ္စကို မြင်အောင်ကြည့် ပြီးတော့ ကြိုးစားနိုင်မယ်ဆိုရင် ဒိဋ္ဌိမပြုတ်နိုင်ဘူးလား?'

'ပြုတ်နိုင်ပါတယ်ဘုရား'

'အဲ. . . ဒိဋ္ဌိပြုတ်နိုင်ဖို့အတွက်ကို ယနေ့သူတော်စင်များကို ဩော်ဒီအထည်ပေါ်မှာတင်လို့ ငါတို့တွေသည် ဒိဋ္ဌိဖြစ်ရတယ်၊ ဒိဋ္ဌိဖြစ်လို့လည်းပဲ ဟောဒီအထည်တွေပေါ်မှာတင်ပြီးတော့ ကြီးပွားကြောင်းတွေ ချမ်းသာကြောင်းတွေကို ကြိုးစားလိုက်ကြတာ ဒိဋ္ဌိတွေ ဖြစ်ရင်းဖြစ်ရင်းနဲ့ နောက်ဆုံးတော့လည်း အနက်ရှိုင်းဆုံးသော အဝီစိတွင်းကို ကိုယ့်ကိုယ်ကိုတူးပြီးတော့ ယက်ဝင်နေသလိုဖြစ်နေပါလားလို့ အသိဉာဏ်လေးက တရားနာတဲ့အခါမှာ သံဝေဂလေး မပေါ်လာဘူးလား?'

'ပေါ်လာပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအချိန်အခါမှာ ကိုယ်က ကြိုးစားရမှာက အရှိတရားကို ပြန်မြင်အောင်ကြည့်ဖို့က ပုံသဏ္ဌာန် ကွယ်ပျောက်ပြီးတော့ အစဉ်တန်းနေတဲ့အမြင်တွေကို ခွာချနိုင်ဖို့ အရှိတရား ရုပ်နာမ်ပေါ်မှာ ဖြစ်တာပျက်တာ အနိစ္စလေးတွေကို မမြဲတဲ့သဘောလည်းပဲ ဉာဏ်ရောက်အောင်ကြည့်ရမယ်'

'မှန်ပါဘုရား'

'မိမိတို့အတွက်ကို ပျက်စီးတဲ့သဘောတွေကိုလည်း ဉာဏ်ရောက်အောင်ကြည့်ရမယ်၊ ရွေ့လျားတဲ့သဘောလေးတွေကိုလည်း ဉာဏ်ရောက်အောင်ကြည့်ရမယ်၊ သေဆုံးတတ်တဲ့သဘောတွေကိုလည်း ဉာဏ်ရောက်အောင်ကြည့်ရမယ်၊ အဖန်ဖန်ပြုပြင်တတ်တဲ့ သဘောကိုလည်း ဉာဏ်ရောက်အောင် ကြည့်ရမယ်ဆိုတော့ ဒီသဘောလေးတွေကို မြင်နိုင်ဖို့အတွက်က အရှိတရား ဘာကိုသိရမယ် ရုပ်နာမ်ကို သိရမယ်၊ ဒီရုပ်ကြည့်လိုက်လည်း ဖြစ်လိုက် ပျက်လိုက် အနိစ္စ၊ နာမ်ကြည့်လည်းပဲ ဖြစ်လိုက်ပျက်လိုက် အနိစ္စ၊ ဒါဖြင့် ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို တွင်တွင်မဟောထားဘူးလား?'

'ဟောထားပါတယ်ဘုရား'

'ဩော်. . . ဒီဖြစ်ပျက်တွေကို တွင်တွင်ဟောတာသည် ဘာမြင်စေချင်လို့ အနိစ္စ'

'အနိစ္စမြင်စေချင်လို့ပါဘုရား'

'ဘာမြင်စေချင်လို့ '

'အနိစ္စမြင်စေချင်လို့ပါဘုရား'

'အနိစ္စကိုမြင်ပြီဆိုရင် နိစ္စလို့ယူထားတဲ့အယူတွေ အမှတ်တွေ၊ အသိတွေ အားလုံး မပယ်ဘူးလား ?'

'ပယ်ပါတယ်ဘုရား'

'ကဲ ဒီတော့ မနေ့ကလည်း ပြောထားပါတယ်၊ သူတော်စင်များကို အနိစ္စနဲ့ပတ်သက်ပြီးတော့ ဩော်. . . ငါတို့စားတဲ့ သောက်တဲ့နေရာလေးမှာ သတိထားပါလို့ သင်ပေးလိုက်တဲ့အခါမှာ စတင်ပြီးတော့ ဟင်းလေးကို မိမိတို့က

http://www.dhammadownload.com



ခပ်တယ်၊ ခပ်ချင်တဲ့စိတ်နဲ့ ခပ်တဲ့ရုပ် ခပ်ပြီးတဲ့အခါမှာ ယူလာတယ်၊ ယူချင်တဲ့ စိတ်နဲ့ ယူတဲ့ရုပ် . . . ပြောလိုက်ပါ'

'ယူချင်တဲ့စိတ်နဲ့ ယူတဲ့ရုပ်ပါဘုရား'

'ယူပြီးတဲ့အခါမှာ ဆမ်းလိုက်တယ်၊ ဆမ်းချင်တဲ့စိတ်နဲ့ ဆမ်းတဲ့ရုပ်၊ ကဲ . . ဆမ်းပြီးတဲ့အခါမှာ ဒီထမင်းကို နယ်တယ်၊ နယ်ချင်တဲ့စိတ်နဲ့ နယ်တဲ့ရုပ်၊ ဒီအထိလေးပြောထားတယ်နော်'

'မှန်ပါဘုရား'

'အဲတော့ ဒီအစဉ်လေးကို ကြည့်လိုက်ပါတဲ့၊ အဲဒီလိုကြည့်လိုက်တဲ့ အခါမှာ ရုပ်ကလည်း ရုပ်အလုပ်လုပ်မှာပဲ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ နာမ်တရားကလည်း နာမ်အလုပ်လုပ်မှာပဲ၊ အဲဒီအလုပ် လုပ်တဲ့နေရာမှာ ငါကောင်, သူကောင်, ပုဂ္ဂိုလ်, သတ္တဝါဆိုတဲ့ သဏ္ဌာနပညတ်တွေအပေါ်မှာ အဘည်တွေ ကွယ်ပျောက်ပြီးတော့ အရှိတရားပေါ်မှာ ဉာဏ်ရောက်ဖို့ အတွက် ကို အခုကိုယ်က လှမ်းပြီးတော့ ဟင်းကိုခပ်မယ်ဆိုကတည်းကိုက ခပ်ချင်တဲ့ စိတ်က ဦးမဆောင်ဘူးလား?'

'ဦးဆောင်ပါတယ်ဘုရား'

'ခပ်ချင်တဲ့စိတ်လေး ဦးဆောင်လိုက်တဲ့အတွက် ခပ်တဲ့အမူအရာ လေး မလှုပ်ရှားဘူးလား?'

'လှုပ်ရှားပါတယ်ဘုရား'

'အဲဒီလို လှုပ်ရှားလိုက်တဲ့အခါမှာ ကွေးတယ်, ဆန့်တယ်ကော မလာ ဘူးလား?'

'လာပါတယ်ဘုရား'

'ဒါမှမဟုတ်ရင်လည်း ခပ်လိုက်တဲ့အခါမှာတဲ့ မိမိတို့ အဲဒီဟင်းလေးကို ခပ်ဖို့အတွက် ဇွန်းလေးကိုင်ထားတဲ့နေရာလေးမှာ သတိထားရင် ရုပ်ရဲ့ ထင်ရှား တဲ့ ဖောက်ပြန်မှုလေးဟာ အေးတယ်လည်း ပေါ်မှာပဲ'

'မှန်ပါဘုရား'

http://www.dhammadownload.com



'တင်းတယ်လည်း ပေါ်မှာပဲ၊ ဒါဖြင့်ရင် ခပ်ခိုက်လေးမှာ ခပ်ချင်တဲ့ စိတ်ကြောင့် ခပ်တော့မယ်ဆိုတာနဲ့ ကြည့်လိုက်နော်၊ ကိုယ့်ရဲ့သန္တာန်မှာ ရုပ်ထင်ရှားရင် ရုပ်ကို မြင်အောင်ကြည့်ဖို့၊ စိတ်ထင်ရှားရင် စိတ်ကိုမြင်အောင် ကြည့်ဖို့၊ ရုပ်နာမ်လေးအပေါ်မှာ အမြင်လေးရှင်းထားမယ်ဆိုရင် အထည်ပါပါ့မလား?'

'မပါပါဘူးဘုရား'

'အခုတော့ အထည်က ငါ့လက်နဲ့ ငါခပ်တာ ဘာဖြစ်သေးလဲ?'

'မှန်ပါဘုရား'

'ဟော ငါ့လက်နဲ့ငါခပ်တာ ဘာဖြစ်သေးလဲဆိုတော့ အပါယ်ကျမှာ'

'မှန်ပါဘုရား'

'မှန်ကောမှန်ရဲ့လား'

'မှန်ပါတယ်ဘုရား'

'ဘာမှတော့ မဖြစ်ဘူး၊ ဘာဖြစ်မှာလဲ?'

'အပါယ်ကျမှာပါဘုရား'

'ဒါဖြင့်ရင် ငါ့လက်နဲ့ငါခပ်တယ်ဆိုတာက သက္ကာယဒိဋ္ဌိဖုံးသွားတာ'

'မှန်ပါဘုရား'

'အခုခပ်လိုက်တဲ့ နေရာမှာ ငါ့လက်ဆိုတဲ့အရာတွေ ကွယ်ပျောက်ပြီးတော့ ခပ်ချင်တဲ့စိတ်လေးရယ် ခပ်တဲ့အမူအရာလေးရယ်၊ ဒါဖြင့်ရင် ခပ်ချင်တဲ့ စိတ်ဆိုတာလည်း အထည်ပါလား?'

'မပါပါဘူးဘုရား'

'မရှိဘူးလားမေးတော့?'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် တခြားတရားလား . . နာမ်တရားလား?'

'နာမ်တရားပါဘုရား?'

http://www.dhammadownload.com



'ကဲ ခပ်လိုက်တဲ့အမူအရာလေးမှာ မိမိက သွားပြီးတော့ ထိတွေ့တဲ့ အပိုင်းလေးတွေမှာ ဩော်. . အေးတယ်တို့ တင်းတယ်တို့ ပူတယ်တို့ ဒီသဘော လေးတွေပေါ်မှာ သတိထားပြီးကြည့်ရင်လည်း ရုပ်လှုပ်ရှားမှုလေး မသိရဘူး လား?'

'သိရပါတယ်ဘုရား'

'အဲဒီလိုဆိုရင်ငဲ့ ရုပ်အမူအရာ ထင်ရှားရင် ရုပ်ကိုကြည့်လိုက်၊ အဲလိုကြည့်လိုက်တဲ့အခါမှာ ငါတွေ သူတွေ ပုဂ္ဂိုလ် သတ္တဝါတွေပါသေးလား

'မပါပါဘူးဘုရား'

'ရုပ်တရားကို ရုပ်တရားလို့ သိလိုက်တဲ့အချိန်မှာတဲ့ သဘောပေါ်မှာ ဉာဏ်ရောက်လို့နော်'

'မှန်ပါဘုရား'

'အထည်ပါသေးလား?'

'မပါပါဘူးဘုရား'

'ပုံသဏ္ဍာန်ပါသေးလား?'

'မပါပါဘူးဘုရား'

'အဲ မပါဘူးဆိုရင် ဒီနေရာမှာ သဏ္ဍာနပညတ်ကြောင့် ဖြစ်ပေါ်လာ တဲ့ သက္ကာယဒိဋ္ဌိ ကွာမကွာ?'

'ကွာပါတယ်ဘုရား'

'ဩော်. . . ခပ်ချင်တဲ့ စိတ်ဆိုတဲ့ နာမ်တရား၊ ခပ်လိုက်တဲ့အမူအရာ ဆိုတဲ့ ရုပ်တရား ဒီနှစ်ခုပေါ်မှာ အမြင်ဉာဏ် ရှင်းလိုက်ရင် ခပ်တာသည် ဘယ်သူနဲ့ဘယ်သူ?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'ရုပ်နဲ့ နာမ်၊ ဒါဖြင့် ရုပ်နာမ်လို့သိလိုက်ကတည်းကိုက သဏ္ဍာနပညတ် ကွယ်သေးလား?'

'မကွယ်တော့ပါဘူးဘုရား'

http://www.dhammadownload.com



'အကွယ်မခံရတဲ့အတွက်တဲ့ သဏ္ဌာနပညတ် လွတ်သွားတော့ ယနေ့ သူတော်စင်များမှာ ဒိဋ္ဌိကော ပြုတ် မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

'ဘယ်လောက် ကျေးဇူးများလဲနော်'

'မှန်ပါဘုရား'

'ဒါဖြင့် သက္ကာယဒိဋ္ဌိကွာရတာသည် အရှိရုပ်နာမ်ပေါ်မှာ သဏ္ဌာန ပညတ်ကို ခွာလှန်ပြီး မြင်လိုက်တဲ့အမြင်'

'မှန်ပါဘုရား'

အဲလိုမြင်လိုက်တော့ ဩော်. . . ခပ်တဲ့အခါမှာ ရုပ်နာမ်ခပ်သလိုပဲ မိမိက ဆမ်းတယ်၊ အဲလိုဆမ်းလိုက်တဲ့ အခါမှာတဲ့ ဩော်. . . ယူတယ် ယူလာတဲ့အခါမှာ ယူချင်တာ၊ ယူချင်တာက နာမ်တရား၊ ယူလိုက်တဲ့ အမူအရာ က?'

'ရုပ်တရားပါဘုရား'

အဲလိုဆိုရင် လက်ထဲမှာပါလာတဲ့အရာလေးမှာ လေးရင်လည်းလေး မှာပဲ တင်းရင်လည်း တင်းမှာပဲ၊ အဲဒါက တခြားလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ဒါဖြင့် ရုပ်တရားလေးရဲ့သဘောလေးကို သိတိုင်း သိတိုင်းမှာတဲ့ လက်ဆိုတဲ့အထည်ပါမလား?'

'မပါပါဘူးဘုရား'

'ဒါဖြင့်ရင် ယူချင်တယ်ဆိုတဲ့စိတ်လေး ပေါ်တိုင်း ပေါ်တိုင်းမှာ ငါယူ တယ်ဆိုတာ လာအုံးမလား?'

'မလာပါဘူးဘုရား'

'ဒါဖြင့်ရင် သက္ကာယဒိဋ္ဌိ ကွာ . . မကွာ?'

'ကွာပါတယ်ဘုရား'

http://www.dhammadownload.com



'သဏ္ဌာနပညတ် လွတ် . . မလွတ်?'

'လွတ်ပါတယ်ဘုရား'

'ဟော မိမိတို့ ဒီရုပ်နာမ်ကို မတွေ့တာက သဏ္ဌာနပညတ်က ကွယ်ထားတာ၊ အဲတော့ သဏ္ဌာနပညတ်ကို လွတ်မြောက်ပြီးတော့ အရှိရုပ်နာမ်လေးကို သိလိုက်ရင် သက္ကာယဒိဋ္ဌိ မကွာသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

'ဒါဖြင့်ရင် ပထမဆုံးပညတ်တစ်ခုတော့ ခွာနေပြီနော်'

'မှန်ပါဘုရား'

'ပညတ်တစ်ခု ခွာလိုက်ခြင်းအားဖြင့် သက္ကာယဒိဋ္ဌိကော တွဲမကွာသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

'ကဲ. . . ဒီကနေပြီးတော့ မိမိက ခပ်ချင်တယ်၊ ဟောဒီမှာ ယူလာတယ်၊ အဲဒီကနေပြီးတော့ ဆမ်းလိုက်တယ်၊ ဒါဖြင့် ဆမ်းပြန်တော့လည်း ဆမ်းချင်တာက . . ?'

'နာမ်တရားပါဘုရား'

'ဆမ်းလိုက်တဲ့အမူအရာက . . ?'

'ရုပ်တရားပါဘုရား'

'အဲတော့ ဆမ်းလိုက်တယ်ဆိုရင် ဆမ်းချင်တဲ့စိတ်နဲ့ ဆမ်းတဲ့ရုပ်၊ အဲလိုဆိုတော့လည်းပဲ အမူအရာလေးတွေပေါ်မှာ သတိထားကြည့်လိုက်တဲ့ ပုဂ္ဂိုလ်မှ ရုပ်နာမ်လေးပေါ်မှာ အမြင်မရသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'အဲလို ရလိုက်တဲ့အခါမှာ ပုဂ္ဂိုလ်, သတ္တဝါ ဆိတ်သုဉ်းတဲ့ အမြင်လေးသည် ဘာဒိဋ္ဌိပြုတ်သွား?'

'သက္ကာယဒိဋ္ဌိ ပြုတ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်. . . သဏ္ဌာနပညတ်ဆိုတဲ့ အထည် ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့အမြင်တွေကို ခွာချနေတာနော် '

'မှန်ပါဘုရား'

'ဒီပညတ်ကိုမှ ရှေးဦးစွာ မခွာနိုင်ဘူးဆိုရင် အမြင်ဉာဏ်ရုပ် နာမ်ကို မတွေ့နိုင်သေးဘူး'

'မှန်ပါဘုရား'

'အရှိရုပ်နာမ်ကိုလည်း မသိနိုင်သေးဘူး၊ အခုတော့ပေါ့ စတင်ပြီး ခပ်ချင်တာရယ်, ယူချင်တာရယ် ဟောဒီမှာ ဆမ်းချင်တာရယ်ဆိုတဲ့ တရားတွေရဲ့ လှုပ်ရှားမှု အမူအရာလေးတွေနဲ့ တွဲတွဲ တွဲတွဲကြည့်လိုက်တော့ ဘယ်သူတွေများ လှုပ်ရှားနေတာ'

'ရုပ်နာမ်တွေ လှုပ်ရှားနေတာပါဘုရား'

'ရုပ်နာမ်တွေ လှုပ်ရှားတယ်ဆိုကတည်းကိုက ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ပါလား'

'မပါပါဘူးဘုရား'

'ဩော်. . . မပါဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီ မပါတဲ့သဘောလေးကို အမြင်ဉာဏ်လေးရှင်းရင် ဘာဒိဋ္ဌိပြုတ်'

'သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား'

'သက္ကာယဒိဋ္ဌိပြုတ်တယ်၊ အဲဒီကနေတစ်ဆင့်တက်ပြီးတော့မှ'

'နာမ်တရားပါဘုရား'

'ကဲ နယ်လိုက်တဲ့ အခါမှာတဲ့ လက်ထဲမှာထိတွေ့နေတဲ့ အမူအရာလေးတွေမှာ ကြည့်လိုက်တဲ့ အခါမှာ အေးတာလည်းပါမယ် ဓေးတာလည်းပါမယ် မာတာလည်းပါမယ် ကြမ်းတာလည်းပါမယ် အမျိုးမျိုး မတွေ့ရဘူးလား?'

'တွေ့ရပါတယ်ဘုရား'

http://www.dhammadownload.com



'မာတာတွေ့လည်း ဘာတရား?'

'ရုပ်တရားပါဘုရား'

'စေးတာတွေ့လည်း ဘာတရား?'

'ရုပ်တရားပါဘုရား'

'အေးတာတွေလည်း ဘာတရား?'

'ရုပ်တရားပါဘုရား'

'ပူတာတွေ့လည်း ဘာတရား?'

'ရုပ်တရားပါဘုရား'

'ဒါဖြင့် ရုပ်တရားကလည်း ရုပ်အလုပ်လုပ်တာကို မိမိက ပိုင်ပိုင်နိုင်နိုင် သိမယ်ဆိုရင် လက်ဆိုတဲ့အမူအရာ တွေ့အုံးမလား?'

'မတွေ့ပါဘူးဘုရား'

'ဩော် . . . သဏ္ဌာနပညတ် ပျောက်သွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီလို ပျောက်သွားခြင်းအားဖြင့် စားရင်းနဲ့ သူတော်စင်များ ဘာပြုတ်သွားပါလိမ့် '

'သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား'

'ဒါဖြင့်ရင် စားတဲ့အခိုက်အတန့်လေးမှာပဲ မိမိရဲ့ပြုပြင်နေတဲ့ အခွင့်လေးမှာကိုပဲ ဒိဋ္ဌိပြုတ်သွားပြီ'

'မှန်ပါဘုရား'

'ဒါဖြင့် သဏ္ဌာနပညတ်ကို ခွာလှန်ဖြီးတော့ အရှိရုပ်နာမ်ပေါ်မှာ အမှန်သိလေးကိန်းသွားတဲ့ သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ ယနေ့သူတော်စင်များက ဝိပဿနာအလုပ်ကို လုပ်ကြတော့မှာဆိုတော့ ဝိပဿနာဆိုတဲ့အလုပ်ကိုလုပ်ရင် ရုပ်နာမ်အပေါ်မှာ စတင်ကြည့်တဲ့အခါ ဉာဏ်သည် ဘာမြင်ရလဲမေးတော့ ဖြစ်ပျက်မြင်ရမယ်၊ ဘာမြင်ရမလဲ?'

'ဖြစ်ပျက် မြင်ရမှာပါဘုရား'

http://www.dhammadownload.com



'ဪ. . , အနိစ္စမြင်ရင် ဖြစ်ပျက်ကို မမြင်ဘူးလား'

'မြင်ပါတယ်ဘုရား'

'ဖြစ်ပျက်မြင်ရင် အနိစ္စကော မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'ဒါဖြင့် စတင်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ ဒီလက္ခဏာရေး (၃) ပါးပေါ်မှာ ဘာဝနာ (၄၀) နဲ့ ဝေဖန်မှာဆိုတော့ အနိစ္စအချက်လေးမှာ ကိုပဲ (၁၀) ချက်နဲ့ မိမိတို့နားလည်တဲ့ထဲကနေ ဪ. . . မြဲတယ် မမြဲဘူးပဲ နားလည် နားလည်၊ မခိုင်မာဘူးပဲ နားလည်, နားလည်၊ ဆုံးရှုံးတယ်ပဲ နားလည်, နားလည်၊ သေသွားတယ်ပဲ နားလည်, နားလည်၊ ပျက်စီးတယ်ပဲ နားလည်, နားလည်တဲ့၊ ဘယ်လိုပဲ နားလည်, နားလည် ဒါတွေဟာ တခြားလား၊ အနိစ္စသဘောတွေလား?'

'အနိစ္စသဘောတွေပါဘုရား'

'ကဲ. . . အနိစ္စသဘောတွေဆိုတော့ အခုပြန်ပြီး ကြည့်လိုက်ပါတဲ့၊ ခပ်ချင်တယ်ဆိုတဲ့ စိတ်လေးရယ်ခပ်တဲ့ အမူအရာ ရုပ်လေးရယ် ရုပ်နာမ်လေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပေါ်လာတယ်ဆိုတာတခြားလား ဖြစ်တာလား?'

'ဖြစ်တာပါဘုရား'

'ဒီရုပ်·ဒီနာမ်သည်တဲ့ အနိစ္စ ခန္ဓာမို့လို့ တည်တံ့မှာလား ပျက်စီးမှာလား?'

'ပျက်စီးမှာပါဘုရား'

'ပျက်စီးမှာနော်'

'မှန်ပါဘုရား'

'မိမိတို့ ကိုယ်စားတဲ့အခါလေးမှာ ပြန်အာရုံပြုလိုက်ပါ၊ ကိုယ်သည် အခုချိန်ခါမှာ ကိုယ်စိကိုယ်စီ ထမင်းဝိုင်းထဲရောက်နေတယ်လို့ နှလုံးသွင်းထား'

'မှန်ပါ'

http://www.dhammadownload.com



'အဲလိုနှလုံးသွင်းထားတဲ့အခါကျတော့ လှမ်းပြီးတော့ ကိုယ့်လက်လေး ကရောက်ပြီ ဟင်းလေးကို ခပ်လိုက်တယ်'

'မှန်ပါ'

'အဲလို ခပ်လိုက်တဲ့အခါမှာ အလိုလိုခပ်တာလား ရုပ်နာမ်လုပ်တာ လား?'

'ရုပ် နာမ်လုပ်တာပါဘုရား'

'ခပ်ချင်တာက . . နာမ်တရား၊ ခပ်လိုက်တဲ့ အမူအရာက . . '

'ရုပ်တရားပါဘုရား'

'ကဲ. . . ခပ်လိုက်ပြီ၊ အဲလိုခပ်ပြီးတဲ့အခါကျတော့ ဒီလက်လေးကို မိမိတို့က သဏ္ဌာနပညတ်ပေါ်တင်ကြည့်တော့ လက်၊ အဲဒီ လှုပ်ရှားနေတဲ့ အမူအရာလေးကို ပြန်ကြည့်လိုက်တဲ့အခါကျတော့ အဲဒီ ခပ်တဲ့အခိုက်လေးမှာ ပဲ ဒီရုပ် နာမ်လေးက သူ့သဘောသူဆောင်ပြီး သူ့အကြောင်းလည်းကုန်ရော ဟဲ့-နေပါဦးလို့ တားလို့ရလား?'

'မရပါဘူးဘုရား'

'ရရဲ့လား?'

'မရပါဘူးဘုရား'

'ဒါဖြင့်ရင် သူတို့ရဲ့သဘောသည် အိုနာသေဆိုတဲ့ တရားဟာ ဥပါဒ် ဋ္ဌီ ဘင်ဆိုတဲ့ ဒီ (၃) မျိုးပဲ၊ အဲတော့ ဖြစ်တည်ပျက်ဆိုတဲ့တရား ဘယ်ရုပ်နာမ် ရှောင်လို့ရလဲ?'

'မရပါဘူးဘုရား'

'ဘယ်သတ္တဝါရှောင်လို့ရလဲ?'

'မရပါဘူးဘုရား'

'ဩော်. . . ငါရှောင်ချင်ပါတယ်ဆိုပြီးတော့ ကောင်းကင်ပေါ်မှာ တက်ပုန်းတော့လည်း ရှောင်လို့ရလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'အိုခြင်းတရားက ဆက်အိုနေမှာပဲ နာခြင်းတရားက နာနေမှာပဲ သေခြင်းတရားက သေနေမှာပဲ၊ အခုလည်း ခန္ဓာမှာပြနေတဲ့ ဟောဒီခပ်ချင်တဲ့ရုပ်နာမ်လေးဟာလည်း ခပ်ခိုက်မှာပဲဖြစ်ပြီးတော့ . . . ?'

'ပျက်ပါတယ်ဘုရား'

'ဘာခန္ဓာ?'

'အနိစ္စခန္ဓာပါဘုရား'

'အနိစ္စခန္ဓာ အနိစ္စခန္ဓာက အနိစ္စပြပြီနော်'

'မှန်ပါဘုရား'

"ကဲ. . . ဟောဒီခပ်ချင်တဲ့စိတ်လေးရယ် ခပ်တဲ့အမူအရာရုပ်လေးရယ် ခပ်လိုက်တဲ့ အခိုက်မှာပဲ ချုပ်မချုပ်?'

'ချုပ်ပါတယ်ဘုရား'

'ချုပ်သွားပြီနော် ချုပ်သွားရင် မမြဲဘူးဆိုတာပေါ်သွားပြီ မခိုင်မာဘူးဆိုတာ ပေါ်သွားပြီ၊ မပေါ်ဘူးလား . . ပေါ်လား?'

'ပေါ်ပါတယ်ဘုရား'

'ဒါဖြင့်ရင်ဆုံးရှုံးသွားတယ်ဆိုတာကော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'သေသွားတယ်ဆိုတာကော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ကဲ. . . ဒီတရား လေးက ပျက်စီးဆုံးရှုံးသွားလို့ အနိစ္စပြသွားပြီ၊ အဲလိုပြသွားပြီးတဲ့အခါမှာတဲ့ မိမိရဲ့ခပ်ချင်တဲ့စိတ်နဲ့ရုပ်က ချုပ်ပင်ချုပ်ငြားသော်လည်း ယူချင်တဲ့စိတ်လေးက အစားထိုးလိုက်တော့ ဒီဟင်းလေးကို ကိုယ့်နေရာလေးရောက်အောင် ယူခွင့် ရ . . မရ?'

'ရပါတယ်ဘုရား'

'ဘယ်သူအစားထိုး?'

'ယူချင်တဲ့စိတ်က အစားထိုးပါတယ်ဘုရား'

http://www.dhammadownload.com



'ယူချင်တဲ့စိတ်လေးအစားထိုးတော့ ယူတဲ့အမူအရာလေးကော မလုပ်ရဘူးလား?'

'လုပ်ရပါတယ်ဘုရား'

'ဒါဖြင့် ယူချင်တဲ့စိတ်နဲ့ ယူတဲ့အမူအရာလေး စတင် အစားထိုး လိုက်ပြီ'

'မှန်ပါဘုရား'

'ဒီဘက်က ခပ်ချင်တဲ့ ရုပ်နာမ်ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'အနိစ္စခန္ဓာ ဘာပြောသွား အနိစ္စလို့ ပြောသွားပြီ ဖြစ်ပြီးတော့ ပျက်သွားတယ်၊ ကဲ ဖြစ်ပျက်ကို မြင်အောင်ရှုနိုင်ရင် ဖြစ်ပျက် မြင်မမြင်?'

'မြင်ပါတယ်ဘုရား'

'ဒါဆိုရင် အနိစ္စဆိုတဲ့တရားကို အနိစ္စလို့မြင်တာသည် နိစ္စလို့ အမှတ်မှားခဲ့တာ၊ နိစ္စလို့ အသိမှားခဲ့တာ၊ နိစ္စလို့ အယူမှားခဲ့တဲ့အချက်တွေ မပယ်လိုက်ဘူးလား?'

'ပယ်လိုက်ပါတယ်ဘုရား'

'ဒီနေရာမှာ အနိစ္စနဲ့ပတ်သက်ပြီးတော့ မိမိတို့ နိစ္စလို့ထင်ခဲ့တဲ့ အရှုး (၃) ချက် ပျောက်သွားတာပဲ'

'မှန်လှပါဘုရား'

'မပျောက်ဘူးလား ပျောက်သွားလား?'

'ပျောက်သွားပါတယ်ဘုရား'

'ဒါဖြင့်ရင် ဒီတရားလေးတွေအပေါ်မှာ အမှန်ဉာဏ်မရောက်ဘူး ဆိုရင်တော့ ကိုယ်ကျိုးနည်းတော့မှာပဲ'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အခုကြည့်နေ၁်၊ ယူချင်တဲ့စိတ်လေးကြောင့် ယူခွင့်ရပြီ၊ အဲလိုရတဲ့ အတွက်ကြောင့်မို့လို့လည်း ကိုယ့်နေရာလေးမှာ ဆမ်းခွင့်မရသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'ဒါဖြင့် ယူချင်တဲ့ စိတ်နဲ့ယူတဲ့ ရုပ်ကလည်း ယူခိုက်မှာပဲ ချုပ်ပျောက် ပျက်စီးသွားပြီ၊ မပျက်ဘူးလား ပျက်လား?'

'ပျက်ပါတယ်ဘုရား'

'ဒီဘက်က ဆမ်းချင်တဲ့စိတ်ထိ ပါလာလား?'

'မပါပါဘူးဘုရား'

'ဆမ်းတဲ့အမူအရာထိကို သူက လိုက်ပါလာသလား?'

'မပါပါဘူးဘုရား'

'ပေါ်တဲ့နေရာမှာပဲ'

'ပျောက်သွားပါတယ်ဘုရား'

'ဖြစ်တဲ့နေရာမှာပဲ'

'ပျက်သွားပါတယ်ဘုရား'

'ဒါဖြင့်ရင် မြဲလို့လား မမြဲလို့လား?'

'မမြဲလို့ပါဘုရား'

'ဘာတရားတုန်း?'

'အနိစ္စတရားပါဘုရား'

'ခန္ဓာကိုက ဘာခန္ဓာ?'

'အနိစ္စခန္ဓာပါဘုရား'

'ရုပ်တရားလည်း အနိစ္စ၊ နာမ်တရားလည်း အနိစ္စ၊ ဒါကြောင့်မို့လို့ အနိစ္စမို့လို့ မမြဲဘူးတဲ့'

'မှန်ပါဘုရား'

http://www.dhammadownload.com



'မမြဲတာကို မမြဲမှန်းသိရင် နိစ္စလို့ယူထားတဲ့အယူ၊ နိစ္စလို့ အမှတ်မှားတာ၊ နိစ္စလို့အသိမှားတဲ့အယူ ပျောက် မပျောက်?'

'ပျောက်ပါတယ်ဘုရား'

'ဟော. . . တစ်ချက်မြင်ရင် တစ်ချက်ပျောက်တယ် မှန်ရဲ့လား?'

' မှန်ပါတယ်ဘုရား'

'အခုယူလာတယ် ယူချင်တဲ့စိတ်နဲ့ ယူတဲ့ရုပ်လည်း ယူခိုက်မှာ ချုပ်တယ်လို့ သိရင် အရူးပျောက်၊ မပျောက်?'

'ပျောက်ပါတယ်ဘုရား'

'အဲ. . . မိမိတို့က ချုပ်တာကို မမြင်ဘဲနဲ့များ အငမ်းမရ ယူလာခဲ့မယ်ဆိုရင် ဒီအချိန်အခါမှာ ကိုယ့်ရဲ့သန္တာန်မှာ ဖြစ်ပျက် မြင်သေးလား?'

'မမြင်ပါဘူးဘုရား'

'အနိစ္စမြင်သေးလား?'

'မမြင်ပါဘူးဘုရား'

'ရုပ်နာမ်ကော မြင်သေးလား?'

'မမြင်ပါဘူးဘုရား'

'ဒိဋ္ဌိတန်းလန်းပေါ့'

'မှန်ပါဘုရား'

'ဒိဋ္ဌိတန်းလန်းဆိုရင် ဘယ်လိုပုဂ္ဂိုလ်စားလဲမေးတော့?'

'အရူးစားတာပါဘုရား'

'ဒါဖြင့်ရင် ထမင်းစားတဲ့အခါမှာလည်း အရူးပျောက်ပြီးတော့ စားတာနဲ့ အရူးစားတာနဲ့ မရှိဘူးလား၊ ရှိလား?'

'ရှိပါတယ်ဘုရား'

'ကဲ. . . မိမိတို့က ဘယ်လိုစား?'

'အရူးပျောက်အောင် စားပါတယ်ဘုရား'

http://www.dhammadownload.com



'အရှူးပျောက်အောင်ကုပြီးတော့စားတာ ဘယ်လိုစားတာ?'

'အရှူးပျောက်အောင် ကုပြီးတော့ စားတာပါဘုရား'

'ကဲ. . . မရှုမပွားထားတဲ့ ပုဂ္ဂိုလ်တွေက . .'

'အရှူးစားတာပါဘုရား'

'စားဖူးလား?'

'မစားဖူးပါဘူးဘုရား'

'မစားဖူးဘူးတဲ့ ရဟန္တာတောင်ဖြစ်နေပြီထင်တယ် အဲတော့ မရှုမပွားဘဲနဲ့ စားနေတဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ တခြားလား အရှူးပဲလား?'

'အရှူးပါဘုရား'

'မိမိတို့က တခြားလား ပုထုဇဉ်တွေလား?'

'ပုထုဇဉ်တွေပါဘုရား'

'ပုထုဇဉ်တွေဆိုတော့ ဘယ်စိတ်နိုင်ပါ့မလဲ၊ အဲတော့ သတိရတဲ့အချိန်လေး အရှူးပျောက်သွားတာ၊ ကျန်တဲ့အချိန်က အရှူးဝါး ဝါးလိုက်တာပဲ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'အရှူးယူ, ယူလိုက်တာပဲ၊ အရှူးဆမ်း, ဆမ်းလိုက်တာပဲ၊ အဲတော့ အရှူးပျောက်တဲ့အချိန်ရယ် ရူးတဲ့အချိန်ရယ် ဘယ်ဟာများ?'

'ရူးတဲ့အချိန်များပါတယ်ဘုရား'

'အဲ. . . အခု ( ၄၂ ) ရက်ဆိုတော့ တော်တော်လေး သက်သာပြီပေါ့နော်'

'သက်သာပါပြီဘုရား'

'မသက်သာဘူးလား သက်သာလား?'

'သက်သာပါတယ်ဘုရား'

http://www.dhammadownload.com



'သက်သာလာပြီ၊ တဖြည်းဖြည်းနဲ့သက်သာလာပြီ၊ အဲဒီကနေပြီး တော့မှ ဆမ်းချင်တဲ့စိတ် အစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'ဆမ်းတဲ့အမူအရာလေးကော အစားထိုးတာပဲ၊ အစားထိုးတဲ့အခါမှာ တခြားလား ရုပ်နဲ့နာမ်လား?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'ဒါဖြင့် ဒီရုပ်နာမ်လည်းပေါ်ရော ဒီဘက်က ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'မဖြစ်လို့လား?'

'ဖြစ်ပါတယ်ဘုရား'

'ဟောဖြစ်ပြီးတော့ မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'ဘာမို့လို့တုန်း?'

'အနိစ္စခန္ဓာမို့လို့ပါဘုရား'

'အနိစ္စဆိုတဲ့တရားက အနိစ္စပြောမှာချည်းပဲ'

'မှန်ပါ'

'မင်းငါ့ကိုမတွယ်နဲ့ မင်းငါ့ကိုမတွယ်နဲ့ ပြောနေမှာပဲ၊ အဲဒါကိုတွယ်တဲ့ ပုဂ္ဂိုလ်က ရှုံးလို့ပေါ့နော်'

'မှန်လှပါဘုရား'

'သူက မပြောဘူးလား . . . ငါ့မတွယ်နဲ့ ငါက ဖြစ်ပြီးပျက်မှာ မပြော ဘူးလား?'

'ပြောပါတယ်ဘုရား'

http://www.dhammadownload.com



'အဲ. . . မိမိတို့က မတွယ်ရရင် မနေနိုင်ဘူး မတွယ်ရရင်မနေနိုင်ဘူးနဲ့ လုပ်နေတာ'

'မှန်ပါဘုရား'

'ဘယ်ပေါ်တင်နေတာ?'

'ပညတ်ပေါ်တင်နေတာပါဘုရား'

'အဲ. . . သဏ္ဌာနပညတ်ပေါ်တင်နေလို့နော်၊ အခုတော့ သဏ္ဌာန ပညတ် ကိုခွာပြီး ဘာပဲရှိတုန်း ရုပ်နဲ့နာမ်၊ ဩော်. . . ယူချင်တော့လည်း ရုပ်နာမ်၊ ခပ်ချင်တော့လည်း ရုပ်နာမ်၊ ဆမ်းချင်တော့လည်း ရုပ်နာမ်၊ ဟောဒီ ယူချင်တဲ့ ရုပ်နာမ်သည် ဆမ်းချင်တဲ့နောက်ပါလား?'

'မပါပါဘူးဘုရား'

'ခပ်ချင်တဲ့ ရုပ်နာမ်သည် ဆမ်းချင်တဲ့နောက်ပါလား?'

'မပါပါဘူးဘုရား'

'ပေါ်တဲ့နေရာမှာ ပျောက်ခဲ့ပြီနော်'

'မှန်ပါဘုရား'

'သေခဲ့တာကြာခဲ့ပြီ'

'မှန်ပါဘုရား'

'ကိုယ်က လွမ်းလို့မဆုံးဘူး မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'အခု လွမ်းအုံးမှာလား?'

'မလွမ်းတော့ပါဘူးဘုရား'

'ဆွေးအုံးမှာလား?'

'မဆွေးတော့ပါဘူးဘုရား'

'မဆွေးတော့ဘူးပေါ့နော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အဲတော့ မဆွေးရင်လည်း ကောင်းတာပဲ၊ ပျက်စီးတဲ့သဘောကတော့ ပျက်စီးမှာချည်းပဲ'

'မှန်ပါဘုရား'

'ကဲ. . . ဒီကနေပြီးတော့ မနယ်ဘူးလား?'

'နယ်ပါတယ်ဘုရား'

'ဟောနယ်ချင်တာက . . . '

'နာမ်တရားပါဘုရား'

'နယ်နေတဲ့အမှုအရာက . . . '

'ရုပ်တရားပါဘုရား'

'ကဲ. . . အဲဒီလိုသာ အစားမထိုးရင် နယ်ခွင့်ရမလား?'

'မရပါဘူးဘုရား'

'ဆမ်းခွင့်ကောရမလား?'

'မရပါဘူးဘုရား'

'ပြန်ကြည့်နော်၊ မိမိတို့ဟောဒီမှာ ခပ်ချင်တဲ့ရုပ်နာမ်လေးပေါ်ပြီးတော့ ဒီဘက်မှာ ယူချင်တဲ့ ရုပ်နာမ်မပေါ်လာဘူးဆိုရင် ယူခွင့်တောင်မရတော့ဘူး မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ကဲ. . . ဆမ်းချင်တဲ့အထိကို အစားမထိုးရင်ကော ဆမ်းခွင့်ရပါ့မလား?'

'မရပါဘူး'

'ယူခွင့်တော့ပေးသားပဲ၊ ဆမ်းခွင့်မပေးရင်လည်း . . . '

'မရပါဘူးဘုရား'

'ဆမ်းခွင့်တော့ပေးတယ် နယ်ခွင့်မပေးရင်ကော . . . ?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'အခုနယ်ခွင့်ပေးလို့ ဒီလောက်ထိနေနေသေးတာနော်'

'မှန်လှပါဘုရား'

'အဲတော့ နယ်ပြီးသွားတဲ့အထိကို ဩော်. . . ဒါလည်းပဲ ရုပ်နာမ်၊ ရုပ်နာမ်ပဲရှိတယ် ပုဂ္ဂိုလ်သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

'ငါကောင် သူကောင်ပါလား?'

'မပါပါဘူးဘုရား'

'သက္ကာယဒိဋ္ဌိကော မကွာသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

'သက္ကာယဒိဋ္ဌိကွာရုံတင် မဟုတ်ပါဘူးတဲ့၊ ဟောဒီ ရုပ်နာမ်လေးတွေဟာ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ကော မပြသွားဘူးလား?'

'ပြသွားပါတယ်ဘုရား'

'ဒါကြောင့် ရုပ်တရားလည်းပဲ သတိထားရင် ဩော်. . . ရှေ့ရုပ်မမြဲ နောက်ရုပ်လည်းမမြဲစေတာ သိရမည်လို့ မနေ့က မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'စိတ်လေးတွေကလည်း ရှေ့စိတ် မမြဲ နောက်စိတ်လည်းမမြဲစေတာ သိရမည်ဆိုတဲ့အတိုင်း ဒီစိတ်လေးလည်း ပေါ်ပြီးတော့ချုပ် နောက်စိတ်ကို အစားထိုးတာလည်း ဒီစိတ်လည်းမြဲသလား?'

'မမြဲပါဘူးဘုရား'

'တခြားလား အနိစ္စလား?'

'အနိစ္စပါဘုရား

' ကဲ အဲဒီလိုနဲ့ မိမိကနေပြီးတော့မှ နယ်တဲ့အဆင့်ကိုရောက်ပြီ'

'မှန်ပါ'

http://www.dhammadownload.com



'ကဲ. . . နယ်ပြီးတော့ ဒီတိုင်းနေမှာလား?'

'မနေပါဘူးဘုရား'

'ပါးစပ်ထဲကို သွင်းလိုက်တဲ့အခါကျတော့ ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်၊ စပ်တယ် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဪ. . . ဒါလေးကို သိမသိ?'

'သိပါတယ်ဘုရား'

'ဟော. . . ချိုတာက ဘာတရား?'

'ရုပ်တရားပါဘုရား'

'ငန်တာက . . ?'

'ရုပ်တရားပါဘုရား'

'စပ်တာက . . ?'

'ရုပ်တရားပါဘုရား'

'သိတာက . . ?'

'နာမ်တရားပါဘုရား'

'ဟော. . . ဘယ်သူ ပေါ်ပြန်ပြီတုန်း?'

'ရုပ်နဲ့နာမ်ပေါ်ပါတယ်ဘုရား'

'ဟော. . . ရုပ်နာမ်ပဲ ပေါ်တာပဲနော်'

'မှန်ပါဘုရား'

'အဲဒါလေးကို မိမိကနေပြီးတော့၊ ဪ-ငုံထားတာလား၊ ဝါးတာလား?'

'ဝါးတာပါဘုရား'

'ဝါးပြီဝါးချင်တာက . . ?'

'နာမ်တရားပါဘုရား'

http://www.dhammadownload.com



'ဝါးနေတဲ့အမှုအရာက . . ?'

'ရုပ်တရားပါဘုရား'

'ဝါးချင်တာက နာမ်၊ ဝါးနေတဲ့ အမှုအရာကရုပ်တရား၊ ဒါဖြင့် မိမိရဲ့ သန္တာန်မှာ ပါးစပ်ထဲကို အာရုံလေးပြုစမ်း'

' မှန်ပါ'

'အာဟာရလေး တင်လိုက်ပြီဆိုတာနဲ့ ချိုတယ်, ချဉ်တယ်, ငန်တယ်, စပ်တယ် ပေါ်တာပဲနော်'

'မှန်ပါဘုရား'

'ဘာတရားတုန်း?'

'ရုပ်တရားပါဘုရား'

'ဟော. . . ဒါလေးကို သိနေတဲ့အသိကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ရုပ်ထင်ရှားရင် ရုပ်ကိုရှု နာမ်ထင်ရှားရင် နာမ်ကိုရှု ရုပ်နာမ်ကိုသိရင် သက္ကာယဒိဋ္ဌိ ကွာ . . မကွာ?'

'ကွာပါတယ်ဘုရား'

'ဟော. . . သဏ္ဍာနပညတ် ကွယ်သွားပြီနော်'

'မှန်ပါဘုရား'

'အဲဒီရုပ်နာမ်လေးတွေကိုတဲ့ ကိုယ်က အရသာလေးပေါ်မှာ သိပြီးတာနဲ့တဲ့ ဒီရုပ်၊ ဒီနာမ်လေးပေါ်မှာ အာရုံကမရှိတော့ ရှိသေးရဲ့လား?'

'မရှိတော့ပါဘူးဘုရား'

'ဖြစ်ပြီးတော့ ပျက်မပျက်?'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဘာလုပ်နေလဲ ဝါးပြီ၊ ဟော. . . ဝါးချင်တဲ့စိတ်ကြောင့် ဝါးတဲ့အမူအရာ ဒီအချိန်ခါမှာ စိတ်ကိုကိုယ်ကမြင်တဲ့အခါကျတော့ ဝါးတယ်၊ သွားလေးနှစ်ခုနဲ့ အာဟာရ လေးကို ဝါးလိုက်တယ်၊ ကဲ . . . ဖိဝါးလိုက်တဲ့အခါမှာ တစ်ဝါးဝါးလိုက်တော့ တစ်ရုပ်တစ်နာမ် မချုပ်သွားဘူးလား?'

'ချုပ်သွားပါတယ်ဘုရား'

'ဟော. . . ဒီတိုင်းပဲ နေတာလား နောက်ဆက်ဝါးတာလား?'

'ဆက်ဝါးပါတယ်ဘုရား'

'ပထမဝါးတဲ့ ရုပ်နာမ်ကလိုက်ပြီးတော့ ရွှေ့ပြီးတော့ လုပ်ပေးနေတာလား?'

'မဟုတ်ပါဘူးဘုရား'

'ဟော. . . ပထမဝါးတဲ့ ရုပ်နာမ်က ပထမချုပ်၊ ဒုတိယဝါးတဲ့ ရုပ်နာမ်က အစားထိုး၊ အဲဒီလိုတဲ့ အစားထိုး အစားထိုးသွားတဲ့အတွက် သူတော်စင်များက မိမိတို့ရဲ့ဝမ်းထဲကိုရောက်အောင် မျိုခွင့်ရတာ'

'မှန်ပါ'

'အဲဒီအချိန်အခါမှာ မိမိတို့က ဒီရုပ် ဒီနာမ်တွေရဲ့ စဉ်ဆက်မပျက် အစားထိုးတာကို မြင်အောင် မကြည့်နိုင်တာက သဏ္ဌာနပညတ်ဖုံးသွားတာ'

'မှန်ပါ'

'ဘာပညတ်?'

'သဏ္ဌာနပညတ်ပါဘုရား'

'ကဲ. . . တစ်ဝါးပြီးတစ်ဝါးလေးကို သတိထားရင် သူ့ဝါးလိုက် ပျောက်သွားလိုက်၊ သူ့ဝါးလိုက် ပျောက်သွားလိုက်ဆိုတော့ သညာသိ အစဉ်ကို ဖြတ်တောက်ပြီးတော့ ထိုးထွင်းတဲ့ဉာဏ်လေး ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'အဲဒါဆိုရင် သဿတဒိဋ္ဌိ ပြုတ် . . မပြုတ်?'

'ပြုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဖြစ်ပျက်ကော မြင် . . မမြင်?'

'မြင်ပါတယ်ဘုရား'

'ဟော. . . သူတော်စင်များကို ဘာသင်ပေးနေတာလဲမေးတော့ အနိစ္စသင်ပေးနေတာ၊ ဘာသင်ပေးနေတာလဲ?'

'အနိစ္စသင်ပေးတာပါဘုရား'

'တစ်နည်းပြောရင် ဖြစ်ပျက်ရုပ်ပုံပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီလို မြင်နေရပြီဆိုရင် စက္ကန့်မလပ် တရစပ် နှိပ်စက်ကြလို့ ဒီဖြစ်ပျက်ကို ဒုက္ခသစ္စာလို့ ဟော . . မဟော?'

'ဟောပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာတဲ့ အနိစ္စလို့သိခဲ့တဲ့ အရှုံးလေးတွေ ပျောက် မပျောက်?'

'ပျောက်ပါတယ်ဘုရား'

'နိစ္စလို့မှတ်ခဲ့တဲ့ အရှုံးလေးတွေပျောက် . . မပျောက်?'

'ပျောက်ပါတယ်ဘုရား'

'အနိစ္စလို့ယူခဲ့တဲ့ အရှုံးလေးတွေကော?'

'ပျောက်ပါတယ်ဘုရား'

'အဲဒီလို အရှုံးတွေပျောက်ပြီ ဆိုရင် သမုဒယသစ္စာ ပယ်လိုက်တာပဲ'

'မှန်ပါ'

'အဲလို ပယ်လိုက်ပြီဆိုရင် အနာဂတ်သံသရာမှာ ဒုက္ခငြိမ်းပြီး နိဗ္ဗာန်ကို အာရုံပြုတယ်တဲ့၊ မဂ်ဉာဏ်ကော မကိန်းနိုင်ဘူးလား?'

'ကိန်းနိုင်ပါတယ်ဘုရား'

'မြင်နေတဲ့ဉာဏ်က တခြားလား ဝိပဿနာဉာဏ်လား?'

'ဝိပဿနာဉာဏ်ပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ဒီဉာဏ်တွေ နှစ်ဉာဏ်သာ ပေါ်လိုက်စမ်းပါတဲ့ နိဗ္ဗာန်ကို မရနိုင်ဘူးလား?'

'ရနိုင်ပါတယ်ဘုရား'

'ဟော. . . နိဗ္ဗာန်ကိုရဖို့အတွက်ကို ဖြစ်ပျက်ကိုတော့ ပိုင်ပိုင်ရှုရမယ် နော်'

'မှန်ပါဘုရား'

'အဲဒီရှုပုံတွေကို အခုပြောတာလည်းပဲ အချိန်က အလွန်စေ့သွားတဲ့အတွက်ကြောင့်မို့လို့ ဆက်ပြီးဟောလို့ မရပြန်ဘူး၊ ဒါကြောင့်မို့လို့ နောက်ရက် နောက်ရက်တွေမှာလည်း ဆက်ပြီးတော့ အမြင်လေးတွေ စိပ်ပြီးတော့ ရှင်းအောင်လို့ ဆက်ဟောမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အချိန်စေ့တော့ သာဓု သုံးကြိမ်ခေါ်ပြီး တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



# ပုဂ္ဂိုလ်လည်းခင် နှလုံးသွင်းလည်း မှန်ပါစေ

(ပထမပိုင်း)

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ပုဂ္ဂိုလ်လည်းခင် နှလုံးသွင်းလည်းမှန်ပါစေ
## (ပထမပိုင်းတရားတော်)

'ယနေ့ မိမိတို့ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာတာ တရားတော်တွေ ကလည်းပဲ နေရာအသီးသီးက လာခဲ့ကြတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဟောကြားတဲ့ ပုဂ္ဂိုလ်များရဲ့ တရားအမျိုးမျိုးကိုလည်း နာခဲ့ကြရမှာ၊ အဲဒီလိုနာခဲ့ ကြတဲ့အလျောက် ကိုယ်နဲ့အပ်စပ်တဲ့ ကိုယ့်အသိတရားတွေကို ပွင့်စေတဲ့ ဟောကြားပေးတဲ့ တရားတော်တွေ နာခဲ့ရတဲ့အခါမှာ အဲဒီ ဟောတဲ့ပုဂ္ဂိုလ် အပေါ်မှာလည်းပဲ ခင်မင်တဲ့ အနေအထား၊ အားကိုးတဲ့ အနေအထား၊ ယုံကြည် တဲ့အနေအထား အားလုံးရဲ့သဏ္ဍာန်မှာ ဖြစ်ပေါ်နေတာတွေရော မရှိဘူးလား၊ ကိုယ်နဲ့အကြောင်းအကျိုးညီပြီဆိုရင် အဲဒီဟောကြားပေးတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ယုံကြည်သက်ဝင် ကြည်ညိုသဒ္ဓါ တရားတွေပွားပြီးတော့ ခင်မင်မှုတွေ ကိန်းတဲ့ အတွက်ကြောင့်မို့လို့ ကိုယ့်မှာလည်းပဲ အဲဒီဟောကြားတဲ့ တရားတွေကို နာလိုတဲ့ ဆန္ဒတွေလည်း ဖြစ်ကြပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နာတဲ့အခါမှာလည်း အဲဒီဟောတဲ့ပုဂ္ဂိုလ်က ဟောပြီဆိုရင် နှလုံးသွင်း မလွဲဘဲနဲ့ နှလုံးသွင်းမှန်စွာ နာလိုက်ရင် လွတ်လမ်းကျွတ်လမ်းကို လွယ်လင့်တကူနဲ့ ကောင်းစွာရရှိပါလားလို့ သဘောပေါက်ပြီးတော့ လေးလေးစားစား နှလုံးသွင်းမှန်စွာ ကိုယ်ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ ဟောကြားတဲ့ တရားတွေ အပေါ်မှာ အာရုံပြုပြီး နာတိုင်း နာတိုင်း အသိတရားလေးကို အချိန်တိုအတွင်းမှာ ကိန်းနိုင်ဘို့ သက်သေသာဓကတွေနဲ့ ပြသွားတဲ့ ဒီတရားတော်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ် ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့ ဟောကြားသွားတာလဲဆိုရင် -

'ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ သီတင်းသုံးတဲ့အခိုက် ဇောတိကာရုံ ကျောင်းတော်ကြီးမှာက မိထွေးတော်ဂေါတမီ အမှူးပြုတဲ့ ဘိက္ခုနီမ (၅၀၀) တို့က သီတင်းသုံးတယ်။ ဒီဘိက္ခုနီမ (၅၀၀) ဟာ တစ်နေ့ သူတို့ရဲ့တူညီတဲ့ အာသာဆန္ဒက ဘာဖြစ်လာလဲဆိုရင် ဘုရားရှင်ရဲ့သားတော် ရဟန်းတော်များ တပည့်တွေထဲကနေပြီးတော့မှ ဘိက္ခုနီမလေးတွေရဲ့ ရင်တွင်းဆန္ဒမှ ပေါက်ဖွားလာတာသည် အရှင်နန္ဒက ဟောတဲ့တရားကိုမှ နာလိုတယ်ဆိုတဲ့ အာသာက ပြင်းပြလာ၊ အဲဒီအတွက်ကြောင့်မို့လို့လည်း ဘယ်လိုမှ နေလို့မရတော့ ဘိက္ခုနီမတွေ အားလုံးစုဝေးပြီး သူတို့ရဲ့ ဦးစီးဦးဆောင်အုပ်ချုပ်နေတဲ့ မိထွေးတော်ဂေါတမီ ဘိက္ခုနီမကြီးထံမှာ သွားပြီးတော့ လျှောက်ထားကြတယ်။

'အရှင်မတဲ့ တပည့်တော်တို့ အရှင်နန္ဒက ဟောတဲ့ တရားတော်ကို နာကြားလိုပါတယ် ပင့်လျှောက်ပေးပါ၊ မိထွေးတော်ဂေါတမီကတော့ ဘုရားထံမှောက်မှာ ကျွတ်တမ်းဝင်ပြီးသားပါ၊ ဘိက္ခုနီမ (၅၀၀) ကတော့ ဘာအသိမှ မကိန်းသေးတဲ့အတွက် သူတို့ခမျာမှာ တရားနာလိုတဲ့ဆန္ဒတွေကို လျှောက်ထားတဲ့အခါ မိထွေးတော်ဂေါတမီက စဉ်းစားတယ်၊ သားတော်ဘုရားထံမှာ သွားရောက်ပြီးတော့ လျှောက်ထားတောင်းပန်ရမှာက အရှင်နန္ဒက ရဲ့တရားကို နာလိုပါတယ်လို့ သွားလျှောက်ရင်လည်း ပုဂ္ဂလမိဋ္ဌာန်ကျတဲ့အတွက် မသင့်တော်ပြန်ဘူး၊ သူတို့ရဲ့လိုအင်ဆန္ဒလည်းပြည့်အောင် ဘုရားထံမှာလည်းပဲ အပြစ်လွတ်တဲ့လျှောက်နည်းနဲ့ လျှောက်နိုင်အောင် ဘယ်လိုများလျှောက်ရရင် ကောင်းမလဲလို့ စဉ်းစားရင်းကနေ အတွေးပေါက်တာနဲ့ ဘိက္ခုနီမ (၅၀၀) ကို

http://www.dhammadownload.com



ဦးဆောင်ပြီးတော့ ဘုရားထံကို ရောက်အောင်ကြွသွားပြီးတော့မှ ရှိခိုးပြီးတော့ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား. . . တပည့်တော်တို့ ဘိက္ခုနီမတွေကို သနားသောအားဖြင့် အရှင်ဘုရားရဲ့ တပည့်သားတွေထဲကနေပြီး အလှည့်ကျ အလှည့်ကျ တရားဟော ကျွမ်းကျင်ကြတဲ့တပည့်တွေကို စေလွှတ်တော်မူပြီး ဟောကြားပေးပါဘုရားဆိုပြီးတော့မှ လျှောက်ထားတောင်းပန်လိုက်ပါတယ်'

'ဒီလိုလျှောက်ထားခြင်းအားဖြင့် တစ်နေ့မဟုတ် တစ်နေ့ ဘိက္ခုနီမလေးတွေ လိုလားတောင့်တတဲ့ အရှင်နန္ဒကသည် သေချာပေါက် ရောက်ပြီးတော့ ဟောလိမ့်မယ်ဆိုတာကိုလည်း တွေးမိတဲ့အတွက်ကြောင့်မို့လို့ ဘုရားထံမှာ ပုဂ္ဂလဓိဋ္ဌာန်အနေနဲ့ တစ်ပါးထဲကိုသွားပြီးတော့ တောင်းဆိုလျှောက်ထားတာ မဟုတ်ဘဲ အလှည့်ကျဟောရင်းနဲ့ တစ်နေ့ရောက်လာရင် ငါရဲ့တပည့်သားဘိက္ခုနီမလေးတွေရဲ့ဆန္ဒ ပြည့်မှာပဲဆိုပြီး လျှောက်ထားတော့ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပဲ သဘောတူ ဆိတ်ဆိတ်နေလိုက်တဲ့အတွက်ကြောင့်မို့လို့ လက်ခံပြီဆိုတာကိုသိတဲ့အခါမှာ ဘိက္ခုနီမ (၅၀၀)ဟာ မိထွေးတော်ဂေါတမီ ဦးဆောင်ပြီးတော့မှ ရှိခိုးပြီး ပြန်ပြီးတော့ ကိုယ့်ကျောင်းကိုယ် ပြန်လာကြ၊ ဘိက္ခုနီမတွေ ပြန်သွားတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကနေပြီး အရှင်အာနန္ဒာကို ခေါ်ပြီးတဲ့အခါမှာ ချစ်သားအာနန္ဒာ. . . ဘိက္ခုနီမ ကျောင်းတိုက်ကို အလှည့်ကျ အလှည့်ကျသွားရောက်ပြီး တရားဟောဖို့ ဓမ္မကထိကတွေကို ကျောင်းစဉ်လှည့်ပြီးတော့ ကျွမ်းကျင်စွာဟောကြားနိုင်တဲ့ ဓမ္မကထိကတွေ စာရင်းပြုစုပြီးတဲ့အခါမှာ အလှည့်ကျ စာရင်းပြုစုစေလွှတ်ပေးပါလို့ ရှင်အာနန္ဒာကို တာဝန်ပေးလိုက်တော့ ရှင်အာနန္ဒာက ကျောင်းစဉ်လှည့်ပြီး စာရင်းတွေပြုစု၊ ပြုစုပြီးတဲ့အခါကျရင် ဘယ်နေ့ ဘယ်ကိုယ်တော်ဆိုပြီး ဇယားကြီးဆွဲထား -

'ဥပမာအားဖြင့် ရှင်သာရိပုတ္တရာ အလှည့်ဆိုရင် ရှင်သာရိပုတ္တရာကိုယ်တော်ကြီးကိုယ်တိုင်က နံနက်စောစော သင်္ကန်းလေးရုံ ဆွမ်းခံကြွ၊ ဆွမ်းကိစ္စပြီးရင် သင်္ကန်းလေး သပ္ပါယ်ပြီးတော့မှ ဘိက္ခုနီမကျောင်းတိုက်ကိုသွား၊ ခင်းကျင်းထားတဲ့နေရာမှာ နေရာယူပြီးတာနဲ့ ဘိက္ခုနီမတွေကို တရားဟောပေးပါတယ်၊ တရားစစ်သူကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာရဲ့ တရားတော်တွေသည် အလွန်ကို ကောင်းမွန်လှသော်လည်း ဘိက္ခုနီမ (၅၀၁)ရဲ့ နှလုံးသားမှာကိန်းပြီး

http://www.dhammadownload.com



နေရာယူထားတာက . . နာလိုတဲ့ပုဂ္ဂိုလ်က ဘယ်သူပါလိမ့်?'

'ရှင်နန္ဒကပါဘုရား'

'ရှင်နန္ဒက ဟောတဲ့ တရားကိုသာ နာကြားလိုတဲ့ အာသာဆန္ဒပြင်းပြီး ပုဂ္ဂိုလ်ပေါ်မှာ စွဲနေတဲ့အတွက်ကြောင့်မို့လို့ ရှင်သာရိပုတ္တရာကြီးလို တရားစစ်သူရဲ့ အင်မတန် အဟောကောင်း အပြောကောင်းတဲ့ ဟောကြားနေတဲ့ ပုဂ္ဂိုလ်ရဲ့ တရားတွေကိုတောင် နာလို့ မရရှာတာသည် တခြားလား၊ နှလုံးသွင်း မှားတာလား?'

'နှလုံးသွင်း မှားတာပါဘုရား'

'နှလုံးသွင်းမှားတဲ့အတွက်ကြောင့်မို့လို့ တရားနာလို့မရဘူး'

'မှန်လှပါဘုရား'

'ဟောတဲ့ပုဂ္ဂိုလ်ကတော့ ဟောလိုက်တာ အစ, အလယ်, အဆုံး ကောင်းခြင်းသုံးဖြာနဲ့ ပြည့်စုံတဲ့တရားတွေ အဆီအနှစ်တွေ ခန္ဓာဉာဏ်ရောက်အောင်လို့ ဟောပေမယ့် နာကြားတဲ့ပုဂ္ဂိုလ်တွေရဲ့ ရင်ထဲမှာ ကိန်းနေတာက နာကြားလိုတာက တစ်ပါး၊ လာရောက်ဟောနေတာက တစ်ပါး နားနဲ့အသံတိုက်သာတိုက်တယ်၊ ဘာတစ်ခုမှ နှလုံးမသွင်းတဲ့အတွက်ကြောင့်မို့လို့ သိသင့်သိထိုက်တဲ့ တရားတွေ ဘာမှ ခန္ဓာမရောက်တော့ ခန္ဓာဉာဏ် မရောက်တဲ့အတွက် တရားကိန်းရဲ့လား?'

'မကိန်းပါဘူးဘုရား'

'ဘယ်လိုပဲ ရှင်မောဂ္ဂလန် လာဟောလိုက်၊ ရှင်အနုရုဒ္ဓါမထေရ်မြတ်တို့ လာဟောလိုက် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေလာပြီး တစ်ပါးပြီးတစ်ပါး လာဟောလည်း နာလိုတာကတစ်ပါး ဟောနေတာကတစ်ပါးဆိုတော့ ဘယ်လိုမှ တရားအသိ မကိန်းပါဘူး'

'မှန်လှပါဘုရား'

'ဒီလိုနဲ့အလှည့်တွေ အလှည့်တွေပြီးသွားတဲ့အခါမှာ ရှင်နန္ဒက အလှည့်ရောက်လာ အရှင်အာနန္ဒာက သွားပြီးတော့လျှောက်တယ်၊ အရှင်ဘုရား . . ယနေ့အရှင်ဘုရားသည် မနက်ဖန်အခါမှာ ဘိက္ခုနီမကျောင်းတိုက်ကို သွားရောက်ပြီးတော့ တရားချီးမြှောက်ဖို့ အလှည့်ကျပါတယ် အရှင်ဘုရား၊ ဒါကြောင့်

http://www.dhammadownload.com



မို့လို့ အရှင်ဘုရား သွားရောက်ချီးမြှောက် ဟောကြားပေးပါလို့ လျှောက်ထားတဲ့ အခါမှာ ရှင်နန္ဒက က ငါ့ရှင်အာနန္ဒာ ငါသည် မနက်ဖန်ခါကျရင် ဟိုး . . . ခပ်ဝေးဝေးကို ဆွမ်းခံကြွစရာရှိသေးတဲ့အတွက်ကြောင့်မို့လို့ ငါ့အစား တစ်ပါး ကျော်ပေးလိုက်စမ်းပါ။ အဲဒီတော့ အရှင်အာနန္ဒာက ရှင်နန္ဒကအစား တစ်ပါး ကျော်ပေးလိုက်ရတယ်၊ မျှော်လင့်နေတာက . . ရှင်နန္ဒက ဟောတဲ့တရားကို ဘိက္ခုနီမတွေက နာချင်တာ၊ အခုအလှည့်ရောက်သော်လည်း ရှင်နန္ဒက က မလာဘဲ ရှောင်လွှဲသွားတဲ့အတွက်ကြောင့်မို့လို့ နာချင်တဲ့တရား နာလို့ရသေးလား?'

'မရပါဘုရား'

'ဒီလိုနဲ့ တစ်ပါးပြီးတစ်ပါး ကျော်သွားပြန်ပြီ၊ ဟောသွားလိုက်တဲ့ တရား တွေကလည်း အကောင်းချည်းပဲ၊ သို့သော်လည်း ဘိက္ခုနီမတွေရဲ့ နားမှာ တရား နဲ့နား ကပ်တယ်လို့မရှိဘူး နှလုံးသွင်းလွဲနေတာက ဘယ်ပေါ်တင်နေတာ?'

'ပုဂ္ဂိုလ်ပေါ်တင်နေတာပါဘုရား'

'ရှင်နန္ဒကရဲ့တရားကိုပဲ နာချင်တယ်ဆိုတော့ ပုဂ္ဂိုလ်ပေါ်တင်နေတာ'

'မှန်လှပါဘုရား'

'အဲဒီ ပုဂ္ဂိုလ်ပေါ်တင်နေတဲ့အတွက်ကြောင့်မို့လို့ ဟောကြားတဲ့ တရား အကောင်းစားတွေကို တကယ့်ကို ပြောင်မြောက်ပြီး ဟောနိုင်တဲ့ ဓမ္မကထိက တွေချည်းပဲ ဟောသွားပေမယ့် နာကြားတဲ့ပရိသတ်ကတစ်ဦး တစ်ယောက်ရဲ့ တရားကိုသာ နာကြားလိုတဲ့အတွက် နှလုံးသွင်းမှားနေပြန်တော့ ဘယ်လောက် ကောင်းတဲ့တရားပဲဟောဟော အသိဉာဏ်မရောက်တော့ ဘာတစ်ခုမှ လွတ် လမ်း ကျွတ်လမ်း မဝင်ခဲ့ပါဘူး'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ပဲ ဒုတိယအကျော့ ပြန်ရောက်လာ၊ အရှင်အာနန္ဒာက သွားလျှောက်တယ် အရှင်ဘုရား . . . အရှင်ဘုရားရဲ့အလှည့် နက်ဖြန်ခါမှာ ဘိက္ခုနီမကျောင်းတိုက်မှာ တရားဟောဖို့ အလှည့်ကျပါတယ်ဘုရား၊ သွားရောက်ချီးမြှောက်တော်မူပါဘုရားလို့ လျှောက်ထားတဲ့အခါကျတော့ ငါ့ရှင် . . . အာနန္ဒာ၊ ငါသည် သက်နိုင်တွေပြုသွားလို့ ချုပ်စရာရှိသေးတဲ့အတွက်

http://www.dhammadownload.com



ငါ့အစား တစ်ပါးကျော်ပေးပါ၊ မျှော်နေတဲ့ ဘိက္ခုနီမလေးတွေခမျာမှာ ရှင်နန္ဒက ဆင်ခြေတွေပေးနေလို့ ရောက်မလာမှန်းမသိရှာပေမယ့် မျှော်တာကတော့ မမျှော်ဘူးလား . . မျှော်နေလား?'

'မျှော်နေပါတယ်ဘုရား'

'မျှော်တဲ့ကိုယ်တော်က အလှည့်မကျတာ မဟုတ်ဘူး၊ အလှည့်ကျရဲ့သားနဲ့ကို ရှောင်နေတာ'

'မှန်လှပါဘုရား'

'သူတို့ခမျာ မောတော့ မောနေပြီ၊ သို့သော်လည်းပဲ ဟောမယ့် ပုဂ္ဂိုလ်က သူ့အလှည့်ရောက်တိုင်း, ရောက်တိုင်း ဥပါယ်တံမျဉ်နဲ့ ရှောင်နေတယ်၊ ကျန်တဲ့ကိုယ်တော်တွေက အလှည့်ကျ, အလှည့်ကျ လာဟောတယ်၊ တရားတွေဟောလိုက်တာ ဒါပေမယ့် နာကြားရတဲ့ ဘိက္ခုနီမတွေမှာ အဲဒီလောက် အလှည့်ကျ လာဟောတဲ့ တရားတော်တွေကို နားမဆံ့အောင် နာရပေမယ့် နှလုံးသားထဲ တရားကိန်းလား?'

'မကိန်းပါဘူးဘုရား'

'ဘာဖြစ်လို့မကိန်း?'

'ပုဂ္ဂိုလ်ပေါ်တင်နေလို့ပါဘုရား'

'ပုဂ္ဂိုလ်ပေါ်တင် နှလုံးသွင်း မှားနေတဲ့အတွက် တရားမမြင်တော့ဘူးနော်'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ တတိယအလှည့်အကျော့ ပြန်ရောက်လာ အရှင်နန္ဒကကို သွားပြီးတော့ အရှင်ဘုရား . . . အရှင်ဘုရားရဲ့ အလှည့်ကျပါပြီ၊ နက်ဖန်ခါ အရှင်ဘုရား ဘိက္ခုနီမတွေကို သွားရောက် ချီးမြှောက်တရား ဟောပါဘုရား၊ ငါ့ရှင်အာနန္ဒာရေ့ . . ငါသပိတ်တွေကွာသွားလို့ သပိတ်ဖုတ်စရာ ရှိသေးတဲ့ အတွက် ငါ့အစား ကျော်ပေးပါအုံး . . ကြွလား?'

'မကြွပါဘူးဘုရား'

http://www.dhammadownload.com



'မျှော်နေတာကတစ်ပါး ကြွလာတာကတစ်ပါး၊ တရားနဲ့နား ကပ်တယ် မရှိတဲ့အတွက် ဘိက္ခုနီမလေးတွေ သနားစရာကောင်းလောက်အောင်ကို သူတို့ ခမျာ တရားတွေ နာပြီးတော့ ဘာအသိမှ မကိန်းရှာပါဘူး'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ်ပေါ်တင်တာကတစ်မျိုး၊ နှလုံးသွင်းမှန်အောင်လို့ မခံယူနိုင်တာ ကတစ်မျိုး၊ ဒါကြောင့် ဘယ်လောက်ကောင်းတဲ့တရားတွေကို ဟောပါစေ၊ ကိုယ်က အာရုံတွေက ဟိုရောက်, ဒီရောက် အတွေးတွေကများ တရားပေါ် မှာသာ စိုက်စိုက်စူးစူးနဲ့ မနာဘူးဆိုရင်တော့ အသိကိန်းပါ့မလား?'

'မကိန်းပါဘူးဘုရား'

'အခုလည်း ကိုယ်က တရားတွေကို နာတယ်၊ တရားခွေလေးတွေ ဝယ်ကြတယ်၊ အမျိုးမျိုးသောတရားတော်တွေကို ဓမ္မကထိက ပေါင်းစုံက ဟောကြားတယ်၊ အဲဒီတရားတွေကို ကိုယ့်အိမ် ကိုယ့်ရာမှာ နာကြပါတယ်၊ ကိုယ်ကြိုက်တဲ့ တရားတွေကိုလည်း နာကြပါတယ်၊ သို့သော်လည်း အခွေလေး ထည့်ဖွင့်ပြီးတဲ့ အခါကျတော့ ကိုယ်ကတစ်ဖက်ကလည်း လုပ်စရာလေးတွေ ရှိတော့ လုပ်ရင်းကိုင်ရင်းနဲ့ နာနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ် တရားပေါ်မှာ ရိုရို သေသေ လေးလေးစားစား နှလုံးသွင်းမှန်စွာနဲ့ နာတာဟုတ်သလား?'

'မဟုတ်ပါဘုရား'

'အဲဒီလို နာရင်လည်း တရားမရနိုင်ဘူးနော်'

'မှန်လှပါဘုရား'

'နှလုံးသွင်းမှန်ဖို့တော့ အရေးကြီးပါတယ်'

'မှန်လှပါဘုရား'

'ဒီလိုနဲ့ လှည့်သွား, လှည့်သွားလိုက်တာ စတုတ္ထအကြိမ်မြောက် ရောက် လာပြန်ပြီ၊ အဲဒီလိုရောက်လာတဲ့အခါကျတော့၊ အရှင်ဘုရားတဲ့ အရှင်ဘုရား အလှည့် ရောက်ပြန်ပါပြီ၊ ဒါကြောင့် နက်ဖြန်ခါမှာ အရှင်ဘုရား သွားရောက်ပြီး တော့ တရားဟောပေးပါ ပြောပြန်ပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သူ့မှာက ဟို. . . အဝေးသွား ဆွမ်းခံစရာရှိတာနဲ့၊ သင်္ကန်း ချုပ်စရာရှိသေးတာနဲ့၊ သပိတ်ကွဲလို့ မီးဖုတ်စရာရှိသေးတာနဲ့၊ ဆင်ခြေတွေက ပေးခဲ့ပြီ၊ အခုတစ်ခါထပ်ပြီးတော့ ငါ့ရှင်အာနန္ဒာရေ . . ငါ နက်ဖန် သင်္ကန်းဆိုးစရာရှိသေးလို့ အဲဒါကြောင့်မို့လို့ တစ်ပါးလှည့်ပေးပါအုံးလို့ဆိုတော့ ကြွသေးရဲ့လား?'

'မကြွပါဘူးဘုရား'

'ရှောင်နေ ရှောင်နေတယ်ဆိုတာ တရားမဟောချင်လို့ မဟုတ်ပါဘူး'

'မှန်လှပါဘုရား'

'အကြောင်းက ရှိခဲ့ပါတယ်၊ ဘာကြောင့်လဲမေးတော့ အတိတ်အကြောင်းက ရှိခဲ့တယ်၊ တစ်ခုသောဘဝမှာ သူတို့တွေသည် အကြောင်းအကျိုးရှိခဲ့တော့ . . သူက ရှင်ဘုရင်ဖြစ်ခဲ့တယ်၊ မိထွေးတော် ဂေါတမီက မိဖုရားခေါင်ကြီး ဖြစ်ခဲ့တယ်၊ အခု တရားနာကြားလိုတဲ့ ဆန္ဒပြင်းနေတဲ့ ဘိက္ခုနီမတွေက မောင်းမမိဿံတွေ ဖြစ်ခဲ့ဖူးတယ်၊ အဲဒါကြောင့်မို့လို့လည်း သူတို့တွေသည် ယခုအတိတ်မှာ ပြန်ဆုံတဲ့အခါကျတော့ အာသာဆန္ဒတွေက ပြင်းပြီးတော့ နာလိုတဲ့ စာတ်ခံလေးတွေ ပေါ်ရတာပါ'

'မှန်လှပါဘုရား'

'အခု ရှင်နန္ဒက က အဘိညာဉ်လည်း ရထားတဲ့ပုဂ္ဂိုလ်ဆိုတော့ သူက ဒါတွေ အကုန်လုံးကို သိနေတယ်၊ တချို့ ပုထုဇဉ်ရဟန်းတွေမှာလည်း အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကျတော့ အရှင်နန္ဒကရဲ့ဖြစ်ကြောင်းတွေကို သိထားတဲ့အတွက်ကြောင့်မို့လို့ သွားပြီးတော့များ တရားဟောမယ်ဆိုရင် အမျိုးမျိုးကဲ့ရဲ့သံတွေက ထွက်အုံးမှာ'

'မှန်လှပါဘုရား'

'ရှင်နန္ဒကတို့များ ကြည့်စမ်းပါအုံး၊ အတိတ်ဟောင်းက ကြင်ယာလောင်းတွေဆီမှာ ဝင်လား, ထွက်လားနဲ့ ကဲ့ရဲ့မယ့်အသံတွေကို ကြောက်လွန်းလို့ အခုလို ဥပါယ်တံမျဉ်နဲ့ ရှောင်ပြီးတော့မှ မကြွတာ ဖြစ်ပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီ အကြောင်းကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတော်မူမြင်တော်မူတော့ . . ရှင်နန္ဒက ဟောမှသာလျှင် ဘိက္ခုနီမ ( ၅၀၀ ) ကလည်း ကျွတ်တမ်းဝင်မှာဖြစ်တယ်၊ အဲဒါကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတဲ့အတွက် ရှင်အာနန္ဒာကိုခေါ်ပြီးတော့မှ ချစ်သားအာနန္ဒာ. . . နက်ဖန်ခါကျရင် ဘိက္ခုနီမတွေကို ဟောကြားဖို့အလှည့် ဘယ်သူ့အလှည့်လဲလို့ မေးတဲ့အခါကျတော့ . . . မှန်လှပါဘုရား ရှင်နန္ဒကရဲ့ အလှည့်ပါဘုရား ဒီကိုယ်တော်ကတော့ဘုရား သူ့အလှည့်ရောက်တိုင်း, ရောက်တိုင်း ဥပါယ်တံမျည်နဲ့ ရှောင်ရှောင်ပြီးတော့ မကြွဘူးဘုရား၊ ဒီလိုလျှောက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာ . . . ရှင်နန္ဒကကို သွားခေါ်ချေ၊ ရှင်နန္ဒက ရောက်လာပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက. . . ချစ်သားနန္ဒက နက်ဖန်ခါ ဘိက္ခုနီမကျောင်းတိုက်ကို သွားရောက်ပြီးတော့ သင်ကိုယ်တိုင် တရားချီးမြှောက်ရမယ်လို့ ဘုရားရှင်က မိန့်လိုက်တဲ့အခါမှာ - တပည့်တော်ဘုရား. . . ခပ်ဝေးဝေး ဆွမ်းခံကြွစရာရှိသေးလို့၊ သပိတ်ကွဲလို့ ဖုတ်စရာရှိသေးလို့၊ သင်္ကန်းချုပ်စရာ ရှိသေးလို့၊ သင်္ကန်းဆေးဆိုးစရာ ရှိသေးလို့၊ ဆင်ခြေပေးလို့ ရသေးလား?'

'မရပါဘုရား'

'ဘုရားရှင်ကိုယ်တိုင်က မိန့်လိုက်တာ'

'မှန်လှပါဘုရား'

'အဲဒီ စကားလေးကို ကြားတဲ့အခါမှာ . . ဘိက္ခုနီမကျောင်းကို အဲဒီသတင်းက ရောက်သွား၊ စောစီးစွာ ရောက်သွားတဲ့အခါ ဘိက္ခုနီမလေးတွေ ဝမ်းသာလိုက်တာ၊ သူတို့မျှော်လင့်နေတဲ့ ရှင်နန္ဒက က တရားလာဟောမယ်လို့ ကြားလည်းကြားရော အလွန်ဝမ်းသာသွားပြီ တောင့်တနေတဲ့ ဆန္ဒလေးကယနေ့ ပြည့်တော့မှာကိုး'

'မှန်လှပါဘုရား'

'အဲဒီလိုလေး ကြားလိုက်ရတဲ့အခါ၊ှာ သူတို့ရဲ့ အာသာဆန္ဒက ပိုပြင်းထန်လာပြီး ဆုံးဖြတ်ချက် ဆုံးဖြတ်ချက်လေးတွေ ကိုယ်စီကိုယ်စီ ချလာတာက

http://www.dhammadownload.com



ပထမအုပ်စုက ရှင်မတို့ . . ရှင်မတို့ . . ရှင်နန္ဒကများ လာပြီးတော့ တရားဟောမယ်လေ၊ အဲဒီတရားကိုများ နာလိုက်ရရင် တပည့်တော်မတို့ကတော့ သောတာပန်ကို တည်မှာလို့ သူတို့ရဲ့အာသာဆန္ဒကို ဖွင့်ချလိုက်တယ်'

'မှန်လှပါဘုရား'

'ဘယ်လိုတည်အောင်နာမှာ?'

'သောတာပန်တည်အောင် နာမှာပါဘုရား'

'ဒုတိယ အုပ်စုကျတော့လည်း ပြောလိုက်ပြန်တယ်၊ ရှင်မတို့ . . . ရှင်မတို့က သောတာပန်လောက်နဲ့ တင်းတိမ်နေတာကို ရှင်နန္ဒက တရားဟောတာကို နာများနာလိုက်ရရင် သကဒါဂါမ်ကို တည်မှာ၊ ဒုတိယအဖွဲ့ကျတော့ ပိုပြီးတော့ ဆန္ဒမပြင်းဘူးလား?'

'ပြင်းပါတယ်ဘုရား'

'တတိယအုပ်စုကျတော့ ရှင်မတို့က သောတာပန်၊ သကဒါဂါမ်လောက်နဲ့ပဲ ကျေနပ်နေကြ . . . ရှင်နန္ဒက ဟောမယ့်တရားကိုသာ နာလိုက်ရမယ်ဆိုရင် တပည့်တော်မတို့ကတော့ အနာဂါမ်ကို တည်အောင် နာမှာ . . ဘာတည်အောင်နာမှာ?'

'အနာဂါမ်တည်အောင်ပါဘုရား'

'နောက်ဆုံးအဖွဲ့ကျတော့လည်း ဩော် . . သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လောက်နဲ့ တင်းတိမ်နေကြ၊ ရှင်နန္ဒကရဲ့တရားကိုများ နာလိုက်ရမယ်ဆိုရင်တဲ့ လေးမဂ် လေးဖိုလ်ကျပြီး ရဟန္တာကိုတည်မှာ၊ ကဲ အာသာဆန္ဒတစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် မြင့်သထက်မြင့်ဘူးလား?'

'မြင့်ပါတယ်ဘုရား'

'တရားနာရပြီလား?'

'မနာရသေးပါဘူးဘုရား'

'လာမယ်လို့ကြားရုံပဲရှိသေးတယ် သူတို့ဆန္ဒတွေ ဩော် . . . ပြင်းထန်လိုက်ကြတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အားကောင်းနေတာက ဘယ်ပေါ်မှာနှလုံးသွင်းထား'

'ပုဂ္ဂိုလ်ပေါ်မှာပါဘုရား'

'အခု နှလုံးသွင်းတာက တရားကိုနှလုံးသွင်းမှ'

'မှန်လှပါဘုရား'

'သူတို့မျှော်လင့်တဲ့ပုဂ္ဂိုလ်က လာမယ်ဆိုတာ မသိထားဘူးလား?'

'သိထားပါတယ်ဘုရား'

'ပထမ လာဟောတုန်းကတော့ နာချင်တာက တစ်ပါး၊ ဟောနေတာက တစ်ပါး၊ ပုဂ္ဂိုလ်ပေါ်တင်ပြီး နှလုံးသွင်းလွဲတဲ့အတွက် တရားက မမြင်ဘူး၊ အခုတော့ သူတို့မျှော်လင့်တဲ့ပုဂ္ဂိုလ်လာမယ်ဆိုတာကို သိတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့အာသာဆန္ဒမှာ တရားပေါ်မှာ နှလုံးသွင်းပြီး ဘာရအောင်နာမယ်၊ ဘာသိအောင်နာမယ် ဖြစ်မလာဘူးလား?'

'ဖြစ်လာပါတယ်ဘုရား'

'တရားပေါ်မှာ လိုချင်တဲ့ အာသာဆန္ဒတွေ ပိုကြီးလာပြီ'

'မှန်လှပါဘုရား'

'ရှင်နန္ဒကကလည်း သူဟောရမှာကို ဘယ်လိုမှ ဆင်ခြေကပေးလို့မရ ရှောင်လွှဲလို့မရ ဘုရားရဲ့အမိန့်တော်ဆိုတော့ မနက်စောစော ဆွမ်းခံကြွ၊ ကြွပြီးတဲ့အခါမှာ ဆွမ်းကိစ္စတွေပြီးအောင် ဆောင်ရွက်ပြီးတော့ သက်န်းလေးသပ္ပါယ်ပြီး ဘိက္ခုနီမကျောင်းတိုက်ကိုကြွသွား၊ သူတို့တွေကလည်း အင်မတန်ကြည်ညိုကြပါတယ်၊ ဘိက္ခုနီမလေးတွေကလည်း ကြည်ညိုကြ ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်လန်းလန်းနဲ့ လိုအပ်တဲ့ ပြုဖွယ်ကိစ္စတွေကို ပြုပေးကြ၊ ခင်းကျင်းပေးထားတဲ့နေရာမှာ ရှင်နန္ဒက နေရာယူပြီးတဲ့အခါကျတော့မှ သူတို့နားလည်နိုင်တဲ့တရားတွေကို ဟောပေးလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပါ'

'မှန်လှပါဘုရား'

'ရှင်နန္ဒက ဘာတရားဟောမလဲဆိုရင် တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ဉာဏ်ရဲ့အကြိုက်ချင်းက မတူကြတဲ့အခါမှာ အကျဉ်းဟောရင်

http://www.dhammadownload.com



ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်တွေရှိသလို အကျယ်ဟောမှ ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်တွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ခန္ဓာငါးပါးပြဟောရင်လည်းပဲ သိနိုင်တဲ့ပုဂ္ဂိုလ်ရှိသလို၊ အာယတန (၁၂)ပါးကို ပုံဖော်ပြီးဟောရင်လည်းပဲ သိနိုင်မြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေရှိသလို၊ ဓာတ် (၁၈) ပါးကိုလည်း အကျယ်ချဲ့ဟောမှ သိနိုင်မြင်နိုင်တဲ့ပုဂ္ဂိုလ်တွေက ရှိတယ်တဲ့၊ ဒါကြောင့်မို့လို့လည်းပဲ အဲဒီ ဓာတ် (၁၈)ပါးကို အခြေခံထားပြီးတော့မှ ရှင်နန္ဒက ဟောပေးမှာပါ'

'မှန်လှပါဘုရား'

'သူက အဲဒီလို နေရာယူပြီးတဲ့ အခါမှာ နှုတ်ဆက်လိုက်တာက ချစ်နှမတို့ . . . အခု ငါပြောဟောမယ့် တရားတော်တွေကို နာကြားနေရတဲ့ သင်တို့တွေသည် နာကြားခိုက် နာကြားခိုက်မှာ ဟောပေးတဲ့တရားပေါ်မှာ နားမလည်ရင် နားမလည်ဘူးလို့ မေးကြပါ ဖြေကြပါ၊ နားလည်ရင်လည်း နားလည်တယ်လို့ဖြေကြ၊ မသိတာတွေရှိရင်လည်း မေးကြလို့ ရင်းရင်းနှီးနှီးလေး နှုတ်ဆက်လိုက်တယ်၊ အဲဒီကျတော့ သူတို့ရဲ့သန္တာန်မှာ အို. . . ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြစ်လိုက်ကြတာ၊ ရှေးရှေးကိုယ်တော်တွေတုန်းကတော့ လာရောက်ပြီးတော့ သူတို့အလှည့်ကျပြီဆိုရင် ဟောသာ ဟောသွားပြီး ပြန်သွားကြ၊ အခုလို ရင်းရင်းနှီးနှီး နှုတ်ဆက်ခြင်းမရှိတဲ့အခါကျတော့ သူတို့မျှော်လင့်တောင့်တနေတဲ့ကိုယ်တော်က နှုတ်ဆက်လိုက်တဲ့အတွက် ဝမ်းမြောက်ရွှင်လန်း ပီတိတရားတွေ မကိန်းဘူးလား ကိန်းသွားလား?'

'ကိန်းသွားပါတယ်ဘုရား'

'အဲဒါလေးကို အခြေခံထားပြီးတော့မှ ဓာတ် (၁၈) ပါးကို နှုတ်ဆက်ပြီး သူက ဟောမှာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မဟောခင်လေးမှာ သူတော်စင်များကို ဓာတ်(၁၈) ပါးရဲ့ အခြေခံလေးတွေကိုသိပြီး နှလုံးသွင်းတတ်အောင်လည်း ရှေ့ပိုင်းကနေပြီး သင်ပေးရင်တော့ အကောင်းဆုံးပါပဲ'

'မှန်လှပါဘုရား'

'ဓာတ် (၁၈) ပါးမှာ အခံဓာတ်ဆိုတဲ့ မိမိတို့ရဲ့သန္တာန်ရှိတဲ့ ဒွါရ (၆) ပါးကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အတိုက်ဓာတ်ဆိုတဲ့အပြင် အာယတန (၆) ပါးကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အပွင့်ဓာတ်ဆိုတဲ့ ဝိညာဏဓာတ် (၆) ပါးကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီနေရာလေးမှာ သတိထားပြီးကြည့်ရအောင်၊ အခံဓာတ်ဖြစ်တဲ့အတွင်း အာယတန(၆) ပါးသည် ကိုယ့်ရဲ့သန္တာန် အသီးသီးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခြောက်ပါးသော တရားအတွင်းမှာ ကိုယ့်သန္တာန်တည်ပြီး ရှိတာကို အခံဓာတ်(၆)ပါးလို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

' အဲဒီ အခံဓာတ် (၆)ပါးရှိရင် အပြင်မှာလည်းပဲ တိုက်နိုင်တဲ့ အတိုက်ဓာတ် (၆) ပါးကလည်း နေရာယူလာလိမ့်မယ်'

'မှန်လှပါဘုရား'

'အပြင်အာရုံ (၆)ပါးလို့လည်း ခေါ်တယ်၊ အတိုက်ဓာတ်(၆)ပါးက ဘာတွေလဲမေးရင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ ပြန်ပြောပါဦး'

'အဆင်း၊ အသံ၊အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာပါဘုရား'

'ဒီ (၆) ပါးသည် အတိုက်ဓာတ် (၆) ပါး၊ အခံဓာတ် (၆) ပါး ရှိရင်ဆုံတော့မှာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဆုံပြီဆိုတာနဲ့ အပွင့်ဓာတ် (၆) ပါးကလည်း လာမယ်'

'မှန်လှပါဘုရား'

'အပွင့်ဓာတ် (၆) ပါးဆိုတာက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတောကြံစည်စိတ် ပြောလိုက်ပါ'

'မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတောကြံစည်စိတ်ပါဘုရား'

'အခံဓာတ်က (၆) ပါး၊ အတိုက်ဓာတ်က (၆) ပါး၊ အပွင့်ဓာတ်က (၆) ပါးအားလုံးပေါင်းတော့ ဓာတ် (၁၈) ပါး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီ တရားလေးတွေကို တစ်ခုချင်း တစ်ခုချင်း အခြေခံထားပြီးတော့ မေးလိမ့်မယ်နော်'

'မှန်လှပါဘုရား'

'အတိုက်ဓာတ်(၆)ပါး၊ အခံဓာတ်(၆)ပါး၊ အပွင့်ဓာတ်(၆)ပါးလို့ ပြထားတဲ့တရားတွေမှာ ရှေးဦးစွာ နားလည်ရမှာက အခံဓာတ် (၆) ပါးရှိတဲ့ မိမိတို့ရဲ့သန္တာန်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ တရားလေးတွေကိုကြည့်ရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ရယ် ဘယ်နှစ်မျိုး'

'ငါးမျိုးပါဘုရား'

'အဲဒီ ငါးမျိုးသည် ရုပ်တရား'

'မှန်လှပါဘုရား'

'(၅) မျိုးက'

'ရုပ်တရားပါဘုရား'

'စိတ်ဆိုတဲ့ တရားက'

'နာမ်တရားပါဘုရား'

http://www.dhammadownload.com



'အခံဓါတ် (၆) ပါးကို အကျဉ်းချုံးတော့ ပုဂ္ဂိုလ်သတ္တဝါ အဖြစ်တွေလား၊ ရုပ်နာမ်တွေလား?'

'ရုပ်၊ နာမ်တွေပါဘုရား'

'ဒါလေးတစ်ချက် မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'အတိုက်ဓာတ် (၆) ပါးကရှိတယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ ဒီ (၅) မျိုးကရုပ်၊ ကြံတွေးစရာဆိုတဲ့တရားမှာက ရုပ်ကော နာမ်ကောရှိတယ်၊ ရုပ်ရုပ်ချင်းတွဲ၊ တွဲလိုက်ရင် ဒီဘက်က နာမ်နဲ့ပေါင်းတော့ ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဒါဆိုရင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာက ရုပ်၊ ကြံတွေးစရာကနာမ်၊ ရုပ်နဲ့ နာမ်၊ ငါကောင် သူကောင် ပုဂ္ဂိုလ် သတ္တဝါရှိတာလား၊ ရုပ်နာမ်နှစ်ပါးလား?'

'ရုပ်နာမ်နှစ်ပါးပါဘုရား'

'အခံဓာတ် (၆)ပါးလည်း ဘာနဲ့ဘာ?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'အတိုက်ဓာတ် (၆) ပါးလည်း'

'ရုပ်နဲ့ နာမ်ပါဘုရား'

'အပွင့်ဓာတ်(၆) ပါးကျတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာ ကောင်းစိတ်၊ တွေးတောကြံစည်စိတ်လို့ ဘယ်နှစ်ပါးရှိ?'

'ခြောက်ပါးရှိပါတယ်ဘုရား'

'အဲဒီ (၆) ပါးသောတရားသည် ရုပ်လား၊ နာမ်လား?'

'နာမ်ပါဘုရား'

http://www.dhammadownload.com



'နာမ်တရား နာမ်နာမ်ချင်းပေါင်း၊ ရုပ်ရုပ်ချင်းပေါင်းလိုက်ရင် ခေတ် (၁၈) ပါးသည် ပုဂ္ဂိုလ် သတ္တဝါအဖြစ် ပေါ်တာလား၊ ရုပ်နာမ်ပေါ်တာလား?'

'ရုပ်နာမ်ပေါ်တာပါဘုရား'

'ငါကောင် သူကောင် ပေါ်တာလား ရုပ်နာမ်ပေါ်တာလား?'

'ရုပ်နာမ်ပေါ်တာပါဘုရား'

'ဒါလေးကို အာရုံလေးပြုပြီးတော့မှ အမှန်ရှိတရား လေးကို ဉာဏ် သက်ဝင်သွားတော့ မိမိရဲ့သန္တာန်မှာ ဒိဋ္ဌိပြုတ်တဲ့အသိတစ်ခု ရသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီ ရုပ်နာမ်လေးတွေအပေါ်မှာ အာရုံလေးပြုပြီးတော့မှ ဒိဋ္ဌိပြုတ်တဲ့ အမြင်လေးတွေနဲ့ မေးသွားတဲ့ အမေးလေးတွေကိုကောင်းစွာ ဖြေနိုင်အောင်၊ နှလုံးသွင်းနိုင်အောင် ပြန်ပြီးတော့ သတိရဖို့အတွက်ကို သေချာလေးကြည့်ကြနော်'

'မှန်လှပါဘုရား'

'ကိုယ့်ရဲ့သန္တာန်မှာ မျက်စိအကြည်လေးတွေ မရှိကြဘူးလား?'

'ရှိပါတယ်ဘုရား'

'ကဲ-ရှိပြီ၊ အဲဒီရှိလိုက်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီ မျက်စိအကြည် လေးကို ပြထားတဲ့အရာ ကိုယ်စီကိုယ်စီမှာ မျက်စိအကြည်ရှိတဲ့အတွက်ကြောင့် မို့လို့ အခု အဆင်းဆိုတဲ့တရားလေးတစ်ခုကို မြင်ကြတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'မြင်ရင် ဝိညာဏစိတ် မြင်သိစိတ် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'မြင်သိစိတ်ပေါ်မယ်၊ အဲဒီလိုဆိုရင် ဟောဒီ မျက်စိအကြည်လေးက နေပြီးတော့ အဆင်းကိုဆုံလိုက်တဲ့အခါ မျက်စိအကြည်နဲ့ အဆင်းဆုံပြီ၊ ဆုံလိုက်တော့ ဘာစိတ်ပေါ်တယ်'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'မြင်စိတ်ပေါ်တယ်'

'မှန်လှပါဘုရား'

'မြင်စိတ်ပေါ်တယ်ဆိုတော့ ဟောဒီ မျက်စိအကြည်သည် ကိုယ်စီ ကိုယ်စီ ကိုယ်ရဲ့သန္တာန်မှာ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အခု မျက်လုံးနှစ်လုံး မပါကြဘူးလား?'

'ပါပါတယ်ဘုရား'

'အဲဒီမျက်လုံးအိမ်မှာရှိနေတဲ့ မျက်နက်ဝန်းရဲ့အလယ်တည့်တည့်မှာ သန်းဦးခေါင်းပမာဏရှိတဲ့ အရွယ်အစား အကြည်ဓာတ်လေးကိန်းနေတယ်'

'မှန်လှပါဘုရား'

'မျက်နက်ဝန်းရဲ့အလယ်လေးမှာနော် '

'မှန်လှပါဘုရား'

'သန်းဦးခေါင်း ပမာဏရှိတဲ့ အကြည်ဓာတ်လေးသည် အဲဒါကို မျက်စိအကြည်ရုပ်လို့မှတ်ထား'

'မှန်လှပါဘုရား'

'ဒါဆိုရင် မျက်စိအကြည်ရုပ်လို့ ကိုယ်က အာရုံလေးညွတ်ဖို့အတွက် ဘယ်နေရာမှာ အာရုံညွတ်ရမလဲမေးရင် မျက်နက်ဝန်းရဲ့အလယ်၊ မျက်နက်ဝန်းရဲ့အလယ်လေးမှာ အာရုံညွတ်ရင် အကြည်ဓာတ်လေးနဲ့ ဟောဒီ အဆင်းလေး ဆုံတိုင်း ဆုံတိုင်းမှာ ဖြစ်ပေါ်တဲ့တရားလေးကို ရိပ်ကနဲ ရိပ်ကနဲနဲ့ သဘောပေါက်အောင် တွေ့လိမ့်မယ် '

'မှန်လှပါဘုရား'

'ဟောဒီအဆင်းသည် မျက်စိအကြည်လေးမှာ မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'ဆုံတာကို သိချင်ရင် ဘယ်မှာကြည့်ရမယ်'

'မျက်နက်ဝန်းရဲ့အလယ်မှာပါဘုရား'

http://www.dhammadownload.com



'ပေါ်တဲ့နေရာမှာ ကြည့်ရမယ်'

'မှန်လှပါဘုရား'

'မျက်စိအကြည်ဓာတ်လေးမှာ အာရုံလေးညွတ်ရင် သူ့သဘော သိတော့မှာ'

'မှန်လှပါဘုရား'

'မျက်လုံးကြီးတစ်လုံးလုံးပေါ်မှာ လိုက်ကြည့်မနေနဲ့၊ အဲဒီပေါ်မှာ မျက်နက်ဝန်းရဲ့အလယ်မှာ အကြည်လေးရှိတယ်၊ အဲဒီအကြည်လေးမှာ အာရုံညွတ်မယ်ဆိုရင် သူ့သဘောကို သိလိမ့်မယ်၊ ဒါဆိုရင် မျက်စိ အကြည် ဆိုတာသည် ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရား၊ အဲဒီ ရုပ်တရားလေးက အခုလှမ်းပြီးတော့ အာရုံပြု လိုက်တယ်၊ ပြုလိုက်တဲ့အခါမှာ ဒါလေးကို မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'မြင်တယ် ဒီမြင်လိုက်တဲ့ ခဏလေးမှာ အရောင်လေးက ပေါ်လွင် နေတာက တခြားလား၊ အနီရောင်လေးလား?'

'အနီရောင်လေးပါဘုရား'

'အနီရောင်လေးနော်၊ ဒါဖြင့် ဒီအနီရောင်လေးကို ကြည့်လိုက်တယ် မြင်တယ်ပေါ့၊ ကဲ. . . ဒါကိုမမြင်တဲ့ပုဂ္ဂိုလ်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဒါလေးကို ပြထားတော့ တစ်ချို့မျက်လုံးမွဲနေတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အရှင်ဘုရားထိုင်နေပေမယ့် တပည့်တော်မမြင်ဘူးဘုရားတဲ့၊ တစ်ချို့ ရှိတယ်နော်'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မြင်တဲ့ပုဂ္ဂိုလ်တွေမှာ အကြည်ဓာတ်လေးကောင်းနေတယ်၊ မမြင်တဲ့ပုဂ္ဂိုလ်တွေမှာ အကြည်ဓာတ် ပျက်စီးနေတယ် မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် မျက်စိအကြည်ဓာတ်သည် မြဲလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'အာရုံပြုနော်'

'မှန်လှပါဘုရား'

'ဘိက္ခုနီမတွေကို သေချာမေးတော့မှာ အဲဒီလိုမေးတဲ့အခါမှာ ရှင်နန္ဒက မေးရင် ဘိက္ခုနီမတွေကလည်း ခန္ဓာဉာဏ်ရောက်ကို နှလုံးသွင်းပြီး ဖြေနိုင်အောင်လို့ကို သူတို့ ဖြေတဲ့အဖြေအတိုင်း သူတော်စင်များရအောင် အခုသင်ပေးတာပါ'

'မှန်လှပါဘုရား'

'မျက်စိရဲ့ မျက်နက်ဝန်းအလယ်မှာ အကြည်ဓာတ်ရှိတယ်၊ အဲဒီ အကြည်ဓာတ်သည် ခိုင်ခံ့တည်မြဲပြီး မရှိပါဘူး၊ ပျက်စီး ပျက်စီးနေပါတယ်'

'မှန်လှပါဘုရား'

'ဒါသည်ပင် မမြဲတဲ့အနိစ္စကို ပြောတယ်နော်'

'မှန်လှပါဘုရား'

'ချစ်နှမတို့. . . မျက်စိအကြည် စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်သည် မြဲလား၊ မမြဲဘူးလားလို့ မေးတဲ့အခါမှာ သူတို့က မမြဲပါဘုရားလို့ ဖြေလိုက်တယ်'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့ကိုလည်းပဲ မေးမှာပဲနော်၊ အရောင်လေးကို မြင်ပြီး အခုကြည့်လိုက်ပါ၊ ရှေ့ကမြင်ခဲ့တဲ့ အရောင်ရှိသေးလား?'

'မရှိပါဘုရား'

http://www.dhammadownload.com



'အရောင်တစ်ခု အစားမထိုးဘူးလား အစားထိုးလား?'

'အစားထိုးပါတယ်ဘုရား'

'ပထမရှေ့ပိုင်းက မြင်ခဲ့တဲ့အဆင်းလေးကို သိခဲ့တဲ့ သိစိတ်လည်းပဲ မရှိတော့ဘူး'

'မှန်လှပါဘုရား'

'မြင်ခဲ့တဲ့အဆင်းကလည်း မြဲလား?'

'မမြဲပါဘုရား'

'ဒီအာရုံလေးကိုပြတုန်းကတော့ သူ့ကိုမြင်တာ'

'မှန်လှပါဘုရား'

'ဟိုအာရုံလည်းရောက်ရော ဒီအာရုံရှိသေးလား?'

'မရှိပါဘုရား'

'မမြဲတဲ့သဘောလေးကို ပြနေပြီနော်'

'မှန်လှပါဘုရား'

'ဒီအဆင်းကလည်းပဲ ကိုယ်ရဲ့မျက်နက်ဝန်းအလယ်အကြည်ဓာတ်မှာ ရိပ်ကနဲပေါ်ပြီး ရိပ်ကနဲချုပ်တယ်၊ တစ်ခါထပ်ပြီးတော့ အဆင်းတစ်ခု အစား မထိုးဘူးလား?'

'အစားထိုးပါတယ်ဘုရား'

'အဲဒီအဆင်းတစ်ခု အစားထိုးမှုကို သိတဲ့အသိတစ်ခုက ပထမတုန်းက မြင်တဲ့အသိဟုတ်သလား?'

မဟုတ်ပါဘူးဘုရား'

'ဒုတိယအသိ'

'မှန်လှပါဘုရား'

'ပထမအသိကောမြဲလား?'

'မမြဲပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မြင်သိစိတ်လည်းမမြဲဘူး မျက်စိအကြည်လည်း'

'မမြဲပါဘုရား'

'အဆင်းလည်း'

'မမြဲပါဘုရား'

'ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'အဲဒီ မြဲတဲ့တရားတွေသည်ပင် ပျက်စီးနေတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ရဲ့ မျက်စိအကြည် ဓာတ်လေးသည်ပင် ပျက်စီး ပျက်စီးပြနေတဲ့အတွက် သုခလား၊ ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ချမ်းသာတာလား ဆင်းရဲတာလား?'

'ဆင်းရဲတာပါဘုရား'

'ပျက်စီးနေလို့ ဆင်းရဲတာ၊ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် မျက်စိအကြည်ဓာတ်သည် ပျက်တတ်လို့ဆင်းရဲတယ်၊ အဆင်းကလည်း ခိုင်မြဲတာလား ပျက်တာတား?'

'ပျက်တာပါဘုရား'

'ပျက်တတ်လို့အဆင်းသည်ပင် ဆင်းရဲတယ်၊ မြင်သိစိတ်လည်းပဲ မပျက်တတ်ဘူးလား?'

'ပျက်တတ်ပါတယ်ဘုရား'

'ပျက်တတ်လို့ '

'ဆင်းရဲပါတယ်ဘုရား'

'မမြဲတဲ့သဘောလည်း ရှင်းသွားပြီ၊ ဆင်းရဲတဲ့သဘောကလည်း ထင်သွားပြီ၊ အဲဒီမျက်စိအကြည်လေးကို ကိုယ်ကနေပြီးတော့ မှုန်သွားပြီ၊ မွဲသွားပြီ၊

http://www.dhammadownload.com



ဒီမွဲသွား မှုန်သွားတာကို မိမိက မနှစ်မြို့ပါဘူး၊ မနှစ်မြို့တဲ့အတွက်ကြောင့်လို့ မမွဲအောင် မမှုန်အောင်ကို ကိုယ်ရဲ့သန္တာန် ပျက်စီးနေတဲ့အရာကို ကိုယ်ရဲ့ စွမ်းအားနဲ့ ပြင်လို့ရလား?'

'မရပါဘုရား'

'ပြင်လို့မရတာကို ကြည့်ခြင်းအားဖြင့် ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘော ဘာတစ်ခုမှမပါ အကြောင်းရှိရင် ပြနေတဲ့တရား အကြောင်း ကုန်ရင် ပျက်စီးတာသည် အတ္တလား၊ အနတ္တလား?'

'အနတ္တပါဘုရား'

'ဒါဆိုရင် ပျက်စီးနေတဲ့ အကြည်ဓာတ်သည်လည်း အစိုးမရတဲ့ အနတ္တ မှန်ရဲ့လား?'

'မှန်လှပါဘုရား'

'ငါ့ကိုယ်လို့ကော ပြောလို့ရလား?'

'မရပါဘုရား'

'ငါ့ဥစ္စာလို့ကော ပြောလို့ရလား?'

'မရပါဘုရား'

'ငါလို့ကော စိုးပိုင်လို့ရလား?'

'မရပါဘုရား'

'မရတဲ့သဘောကို မျက်စိအကြည်ဓာတ်မှာလည်း ဉာဏ်ရောက်ပါစေ'

'မှန်လှပါဘုရား'

'အဆင်းလေး ပျက်နေ ပျက်နေတဲ့အတွက်ကြောင့်မို့လို့ အဲဒီအပေါ်မှာ သွားပြီးတော့မှ ဟောဒီ ပျက်စီးနေတဲ့တရားရဲ့ ဆင်းရဲမှုအပေါ်မှာ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောမပါတာကို ငါပိုင်၊ ငါဆိုင်၊ ငါ့ဥစ္စာ လုပ်လို့ရ လား?'

'မရပါဘုရား'

http://www.dhammadownload.com



'မရရင် အနတ္တမြင်တော့မယ်'

'မှန်လှပါဘုရား'

'မြင်သိ စိတ်လေးကလည်း အစွဲတောင်မှမခံဘူးနော်'

'မှန်လှပါဘုရား'

'ပျက်နေ ပျက်နေတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်အလို ကိုယ့်အကြိုက်၊ ကိုယ့်သဘော ဘာတစ်ခုမှမပါတော့ ဒါသည်ပင် ငါပိုင်၊ ငါဆိုင်လုပ်လို့ ရသလား?'

'မရပါဘုရား'

'မရတာသည်ပင် အတ္တလား အနတ္တလား?'

'အနတ္တပါဘုရား'

'ဒါလေးက ရှေ့ပိုင်းက ဘာကြောင့်ပြောနေသလဲမေးရင် ခန္ဓာဉာဏ်ရောက် ဖြေတတ်အောင်လို့'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့ သေချာနှလုံးသွင်းပြီး မှတ်ထားလိုက်ပါ၊ မျက်စိအကြည်ကိုမေးရင်လည်းပဲ ကိုယ်ရဲ့နှလုံးသား ကိန်းနေတဲ့စိတ်လေးက အဲဒီ မျက်စိအကြည်ရဲ့ မျက်နက်ဝန်းအလယ်မှာ အာရုံညွှတ်ပြီးတော့ ခန္ဓာရဲ့သဘောတွေပေါ်မှာ မမြဲပုံတွေ၊ ဆင်းရဲပုံတွေ၊ အစိုးမရပုံတွေကိုဖြေဖို့ အာရုံပြုပါ'

'မှန်လှပါဘုရား'

'အဆင်းလေးကို မေးပြီဆိုရင်လည်းပဲ ဒီလက္ခဏာ (၃) ချက်ကို မေးတဲ့အခါမှာ မျက်နက်ဝန်းရဲ့အလယ် မျက်စိအကြည်မှာပဲ အာရုံညွှတ်ပြီးတော့ ဖြေပါ'

'မှန်လှပါဘုရား'

'မြင်သိစိတ်လေးကလည်းပဲ မေးမယ်ဆိုရင် အဲဒီ မြင်သိစိတ်လေးရဲ့ သဘောလေးကို သိချင်ပါတယ်ဆိုရင်လည်း မိမိရဲ့သန္တာန်မှာ မြင်စိတ်သည် ဘယ်မှာပေါ်'

'မျက်စိမှာပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဆင်းနဲ့ မျက်စိအကြည်နဲ့ဆုံရင် မြင်စိတ်၊ မြင်စိတ်သည် မြင်ကာမျှမတ်တပ် မျက်လုံးမှာပေါ်တယ်၊ ဥပေက္ခာဝေဒနာ မပြောထားဘူးလား?'

'ပြောထားပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ဒီမြင်စိတ်လေးရဲ့သဘောကို မိမိတို့ကို မေးတော့မယ်ဆိုရင် မျက်နက်ဝန်းရဲ့အလယ် အကြည်ဓာတ်မှာ ကောင်းစွာ အသိလေးကိန်းပြီးတော့ ဖြေဖို့ကိုလည်း မမေ့နဲ့'

'မှန်လှပါဘုရား'

'ဒါလေးတွေကို သိတယ်၊ သိတဲ့ သိစိတ်လေးတွေကျရင်တော့ မနောမှာလာတင်မှာနော်'

'မှန်လှပါဘုရား'

'မြင်စိတ်လေးကို မေးတဲ့အခါကျရင် သူ့ရဲ့ပေါ်တတ်တဲ့တရားလေးတွေပေါ်မှာ အာရုံလေးညွတ်ပြီးတော့မှာ ဩော်. . . မျက်စိနဲ့အဆင်းဆုံရင် မြင်စိတ်ပေါ်တယ်၊ ဒီမြင်စိတ်လေးသည် မျက်လုံးမှာပေါ် မျက်လုံးမှာ ချုပ်သည်၊ ဥပေက္ခာဝေဒနာလို့ ဆိုမထားဘူးလား?'

'ဆိုထားပါတယ်ဘုရား'

'မြင်ကာမျှမတ်တပ် သဘောလေးတွေကို ဖြေတဲ့နေရာကျရင် မျက်စိအကြည်ဓာတ်လေးမှာ မျက်နက်ဝန်းရဲ့အလယ်မှာ ဒီအကြည်ဓာတ်လေးကိုအာရုံညွတ်ပြီးတော့ ဖြေနော်'

'မှန်လှပါဘုရား'

'နားကောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'နားလေးရှိတယ်၊ အဲဒီနားကိုလည်းပဲ မေးပါလိမ့်မယ်၊ ဒီလိုမေးတဲ့အခါကျရင် နားရဲ့အကြည်ဓာတ် အတွင်းပိုင်း အမွေးနုလေးတွေရှိတဲ့အရပ်ဟာ အကြည်ဓာတ်လေး ကိန်းနေပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နားရဲ့အတွင်းပိုင်းမှာနော်'

'မှန်လှပါဘုရား'

'နားကြီးကို အာရုံပြုရမှာမဟုတ်ဘူး၊ နားရဲ့အတွင်းပိုင်းကို ရောက်အောင် အာရုံညွှတ်၊ အဲဒီအာရုံညွှတ်လိုက်တဲ့အခါကျရင် ဒီနားအကြည်လေးနဲ့ ပြောတဲ့ ဟောတဲ့ အသံလေးတွေ တိုက်တိုင်း တိုက်တိုင်း ဘာစိတ်ပေါ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'အသံလေးနဲ့တိုက်ရင် ကြားစိတ်ပေါ်တယ် ဘာပေါ်လဲ'

'ကြားစိတ် ပေါ်ပါတယ်ဘုရား'

'နားအကြည်ဆိုတဲ့တရားလေးကလည်း ငါလား သူလား ရုပ်လား?'

'ရုပ်တရားပါဘုရား'

'အသံကလည်း'

'ရုပ်တရားပါဘုရား'

'ကြားသိစိတ်က '

'နာမ်ပါဘုရား'

'ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဒိဋ္ဌိပြုတ်တဲ့အမြင်လေး ကိုယ်စီ ကိုယ်စီကိန်းသလိုပဲ ဟောဒီ နားအကြည်လေးကိုမေးရင် နားရဲ့အတွင်းပိုင်း အမွေးနုရှိတဲ့တည်ရာ အရပ်လေးမှာ အကြည်ဓာတ်လေး နေရာယူထားတာဖြစ်တဲ့အတွက် အတွင်းကိုအာရုံညွှတ်'

'မှန်လှပါဘုရား'

'အဲဒီလို အာရုံညွှတ်တဲ့အခါ နားအကြည်သည်မြဲလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'နားလေးတွေလေးတာက သက်သေပြတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နားလေးတွေထိုင်းတာ နားလေးတွေပင်းတာ နားတွေမကြားတာကိုက သက်သေပြနေတယ်၊ ဒါကြောင့်မို့လို့ မမြဲတာကို ရမ်းအော်မယ့်အစား နားရဲ့အတွင်းရဲ့အကြည်ဓာတ်လေးကိန်းတဲ့နေရာမှာ ဉာဏ်လေးနဲ့ အာရုံလေးညွှတ်ပြီး ဖြေမယ်ဆိုရင် အာရုံတစ်ပါး စိတ်မသွားတဲ့ နှလုံးသွင်းမှန်မှုသည် အရှိနဲ့အသိကိုက်အောင်လို့ သတိထားနိုင်တဲ့ အဆင့်မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ရမ်းအော်ပြီးတော့ မဖြေနဲ့နော်'

'မှန်လှပါဘုရား'

'ခုနပြောခဲ့တဲ့ မျက်စိရယ်၊ အဆင်းရယ်၊ မြင်စိတ်ရယ် ဟော. . မျက်နက်ဝန်းရဲ့ အလယ်လေးမှာ အာရုံညွှတ် ပြောတော့မယ်၊ နားကလည်း အတွင်းကို အာရုံညွှတ်၊ အကြည်ဓာတ်လေးကိုမေးရင် အကြည်ဓာတ်လေးရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ ဒါကိုလည်း သတိထားနော်'

'မှန်လှပါဘုရား'

'နားအကြည်သည် မမြဲသလို မမြဲလို့ ပျက်စီးတဲ့နားရဲ့ အကြည်ဓာတ်ပျက်စီးမှုကြောင့် သုခလား ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ဒီမမြဲတဲ့တရားသည်ပင် ငါပိုင်, ငါဆိုင် လုပ်လို့ရသလား?'

'မရပါဘုရား'

'အစိုးမရတဲ့ အနတ္တ'

'မှန်လှပါဘုရား'

'ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

'အဲဒီလိုဆိုရင် အသံလေးကို အာရုံပြု၊ အသံလေးကို အာရုံပြုတဲ့အခါမှာ ဩော်. . . အသံလေးတွေ တစ်သံပြီးတစ်သံ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပေါ်လာတဲ့အသံလေးကို စွဲဖမ်းထားလို့ရသလား?'

'မရပါဘုရား'

'ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ပေါ်သွား ပေါ်သွားတဲ့ တစ်သံပြီးတစ်သံက မထင်ရှားဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ထင်ရှားတဲ့ ဒီအသံလေး ပျက်စီး၊ ပျက်စီး ပြနေတဲ့အတွက် မမြဲဘူးဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီလို အသံတရားသည် မြဲလား မမြဲဘူးလားမေးရင်'

'မမြဲပါဘုရား'

'အာရုံညွတ်ကြပါ၊ ဘယ်နေရာမှာ'

'နားရဲ့အတွင်းမှာပါဘုရား'

'ရမ်းမအော်နဲ့နော်'

'မှန်လှပါဘုရား'

'နှလုံးသွင်းမှန်ပြီး အာရုံညွတ်တတ်တဲ့ အလေ့အကျင့်လေးရမယ်ဆိုရင် သူတော်စင်များရဲ့သန္တာန်မှာ အသံလေးတွေရဲ့ ပျက်စီး၊ ပျက်စီးသွားတာကိုလည်း ရှင်းရှင်းလင်းလင်းမြင်ရဖို့ သေချာသွားပြီ '

'မှန်လှပါဘုရား'

'နားအကြည်မှာ အသံလေးကို လက်မခံဘူးလား?'

'လက်ခံပါတယ်ဘုရား'

'လက်ခံတဲ့နေရာမှာ မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီအသံလေးတွေသည်ပင် ပျက်သွား ပျက်သွားလို့ သုခလား, ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ချမ်းသာတာလား ဆင်းရဲတာလား?'

'ဆင်းရဲတာပါဘုရား'

'ပျက်သွားတဲ့အသံလေးကို ငါပိုင် ငါဆိုင်လုပ်လို့ရလား?'

'မရပါဘုရား'

'မရတဲ့အတွက်ကြောင့်မို့ အတ္တလား အနတ္တလား?'

'အနတ္တပါဘုရား'

'ဒါလေးကိုလည်း မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် ဩော်. . . နားအကြည်ကလည်း မမြဲဘူး၊ အသံကလည်း မမြဲဘူး၊ သူတို့နှစ်ခုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ဟောဒီ ကြားသိစိတ်ကျမှ ဆွဲထားချင်လို့ရမလား?'

'မရပါဘုရား'

'ကြားစိတ်လေးလည်း ဖြစ်ပြီးရင်ပျက်'

'ပျက်ပါတယ်ဘုရား'

'ဩော်. . . ပျက်နေတဲ့တရားမို့ သုခလား၊ ဒုက္ခလား?'

'ဒုက္ခပါဘုရား '

'ဩော်. . . ဒီကြားစိတ်လေးကို ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောအရ ဆွဲပိုင်ကိုင်ထားလို့ရလား?'

'မရပါဘုရား'

'ဒါသည်ပင်လျှင် အနိစ္စလည်း မြင်သွားပြီ၊ ဒုက္ခလည်းသိသွားပြီ အနတ္တလည်း ထင်သွားပြီ မှန်ကောမှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဟော. . . ကြားသိစိတ်လေးကိုလည်း နှလုံးသွင်းဖို့ မမေ့နဲ့'

'မှန်လှပါဘုရား'

'နားအကြည်ဓာတ်လေးမှာ အာရုံညွှတ်ပြီးတော့ နှလုံးသွင်းတတ်အောင်လည်း ကြိုးစား'

'မှန်လှပါဘုရား'

'ဒီကနေပြီးတော့ နှာခေါင်းကော မရှိဘူးလား?'

'ရှိပါကယ်ဘုရား'

'နှာခေါင်းလေးရှိပါတယ် အနံ့လေးနဲ့ဆုံပြန်ပြီ ဘာစိတ်ပေါ် '

'နံ့စိတ်ပေါ်ပါတယ်ဘုရား'

'နံ့စိတ်ပေါ်ပြန်ပြီ အဲဒီ နံ့စိတ်လေးသည် နှာခေါင်းအကြည်နဲ့ အနံ့က အကြောင်းပြုပြီး ဖြစ်ရတာ၊ နှာခေါင်းအကြည်က ရုပ်တရား၊ အနံ့ကရုပ်တရား၊ နံ့သိစိတ်က နာမ်တရား ဘာနဲ့ဘာပေါ်?'

'ရုပ်နဲ့ နာမ်ပေါ်ပါတယ်ဘုရား'

'ရုပ်နဲ့နာမ်ပေါ်တော့ ဒိဋ္ဌိပြုတ်တဲ့ အမြင်လေး ကိုယ့်သန္တာန် တည်သွားပြန်ပြီ'

'မှန်လှပါဘုရား'

'နှာခေါင်းအကြည်ဓာတ်လေး မမြဲပုံကို သိချင်ရင်လည်းပဲ မိမိတို့နှာခေါင်းကြီးကို မကြည့်နဲ့၊ နှာခေါင်းရဲ့အတွင်းမှာ ဆိတ်ခွာသဏ္ဌာန် အရပ်လေးမှာ အကြည်ဓာတ်ရှိသည်၊ အဲဒီနေရာလေး အာရုံညွှတ်'

'မှန်လှပါဘုရား'

'နှာခေါင်းရဲ့အတွင်းကို အာရုံညွှတ်ရင် တစ်ခါတလေ အနံ့ရှူလိုက်တာ ဘယ်လောက်မွှေးတဲ့အနံ့ဖြစ်ဖြစ် ဘယ်လောက်နံတဲ့ အနံ့ဖြစ်ဖြစ် အနံ့ကို မရလိုက်ဘူး၊ မကြုံဖူးလား ကြုံဖူးလား?'

'ကြုံဖူးပါတယ်ဘုရား'

http://www.dhammadownload.com



'အကြည်ဓာတ်လေးတွေ ပျက်စီးတတ်တာကို ပြောနေသည်'

'မှန်လှပါဘုရား'

'ဒါဖြင့် နှာခေါင်းအကြည်လည်း ရုပ်တရား မြဲလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ဒီ မမြဲတဲ့တရားသည်ပင် ပျက်စီးတတ်တဲ့ အကြည်ဓာတ်လေးကို ငါပိုင်၊ ငါဆိုင်၊ ငါ့ဥစ္စာလို့ လုပ်လို့ရလား?'

'မရပါဘုရား'

'အစိုးမရတဲ့ အနတ္တ၊ ဒီတစ်ချက်မှာလည်း ပေါ်သွားပြန်ပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် နှာခေါင်းအကြည်မှာ တိုက်တတ်တဲ့အနံ့၊ ဒီအနံ့ကလည်း ပဲ မိမိတို့မှာ မွှေးတဲ့အနံ့ကလည်းပဲ သူ့အကြောင်းရှိလို့ ဆက်ကာ ဆက်ကာ အစဉ်တန်း ပြနေပေမယ့် တကယ်တမ်းကျတော့ ဖြစ်ချုပ် ဖြစ်ချုပ် မပြဘူး လား?'

'ပြပါတယ်ဘုရား'

'ကိုယ်ကမသိတဲ့အတွက်ကြောင့်မို့ ဒီအနံ့လေးတွေ အကြောင်းရှိခိုက် မှာတော့ ရနေတယ်၊ အကြောင်းလည်းကုန်ရော ဒီအနံ့လေး ရှိသေးလား?'

'မရှိပါဘုရား'

'ဆွဲပိုင်သိမ်းယူထားလို့ကော ရသေးလား?'

'မရပါဘုရား'

'ဖြစ်ပြီးရင်ပျက်လို့ မြဲလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ကိုယ်ပိုင်ကိုယ်ဆိုင် လုပ်လို့မရတဲ့အတွက် အတ္တလား၊ အနတ္တလား?'

'အနတ္တပါဘုရား'

'ဒီသဘောသည်ပင် ပျက်စီးတတ်လို့ သုခလား ဒုက္ခလား?'

'ဒုက္ခပါဘုရား'

http://www.dhammadownload.com



'ဟော. . . အကြောင်းတရားလည်း မမြဲတာ ရှင်းသွားပြီ၊ ဆင်းရဲတဲ့ ဒုက္ခ ပေါ်သွားပြီ၊ အစိုးမရတဲ့အနတ္တတွေပေါ်မှတော့ သူ့အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားကျမှ မြဲချင်လို့ရမလား?'

'မရပါဘုရား'

'ချမ်းသာချင်လို့ဖြစ်ပါ့မလား?'

'မဖြစ်ပါဘုရား'

'ငါပိုင် ငါဆိုင်လုပ်ချင်လို့ ရပါ့မလား'

'မရပါဘုရား'

'ဒီလိုဆိုရင် ဒီနာမ်သိတဲ့စိတ်လေးသည်လည်းပဲ မိမိရဲ့သန္တာန် ဖြစ်ပေါ်လာတဲ့ ဒီတရား မမြဲတဲ့တရားပါလား,ဆင်းရဲတဲ့တရားပါလား, အစိုးမရတဲ့ တရားပါလားလို့ ဉာဏ်သက်ဝင်တဲ့အသိလေး ကိန်းမသွားဘူးလား?'

'ကိန်းသွားပါတယ်ဘုရား'

'ဩော်. . . (၆) ပါးပေါ်မှာ သူ့နေရာနဲ့သူ အာရုံညွှတ်တတ်အောင် သင်ပေးနေပါပြီ'

'မှန်လှပါဘုရား'

'မျက်စိအကြည်သည် မျက်နက်ဝန်းရဲ့အလယ်မှာ အာရုံညွှတ်ပါ၊ နားအကြည်ကိုမေးရင် နားရဲ့အတွင်းဘက်မှာ အာရုံညွှတ်ပါ၊ နှာခေါင်းအကြည် ကိုမေးရင် နှာခေါင်းရဲ့အတွင်းဘက်မှာ အာရုံညွှတ်ပါ၊ အနံ့တွေကိုမေးရင် ဘယ်မှာ အာရုံညွှတ်ရမယ်'

'နှာခေါင်းအကြည်မှာပါဘုရား'

'အသံကိုမေးရင်'

'နားအကြည်မှာပါဘုရား'

'ရမ်းတော့ မဖြေနဲ့နော်'

'မှန်လှပါဘုရား'

'သူ့နေရာနဲ့သူ အာရုံညွှတ်လိုက်ရင် အင်မတန်ကို နှလုံးသွင်းမှန်သွားတဲ့ အသိလေးဟာ တည်ငြိမ်အေးချမ်းပြီးတော့ ဖြေရတဲ့အခိုက်မှာကိုပဲ ခန္ဓာ

http://www.dhammadownload.com



ညဏ်ရောက် ဖြစ်သွားလိမ့်မယ်'

'မှန်လှပါဘုရား'

'ဒါဆိုရင် တရားအသိ မကိန်းဘူးလား ကိန်းမလား?'

'ကိန်းပါတယ်ဘုရား'

'ယနေ့ သူတော်စင်များ အစာအာဟာရတွေကို စားနေတဲ့နေရာမှာ အရသာလေးတွေကို လျှာပေါ်မတင်ဘူးလား?'

'တင်ပါတယ်ဘုရား'

'တင်လိုက် တဲ့ခဏမှာ စားစိတ်မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'စားစိတ်တွေ အလိုလိုပေါ်တာလား အကြောင်းကပြုပြင်လို့လား?'

'အကြောင်းကပြုပြင်လို့ပါဘုရား '

'လျှာအကြည်လေးက မိမိရဲ့သန္တာန်မှာ လျှာအပြားကြီးကို အာရုံမပြုနဲ့၊ အဲဒီလျှာရဲ့အလယ် ကြာဖတ်ပြားသဏ္ဌာန်မှာ အကြည်ဓာတ်ကိန်းတယ်၊ အဲဒီကိန်းတဲ့နေရာလေးကို အာရုံညွှတ်လိုက်ပါ။ လျှာရဲ့အလယ် အဲဒီနေရာလေး အာရုံညွှတ်ထား'

'မှန်လှပါဘုရား'

'တစ်ခါတလေကျရင် မိမိတို့ ချိုတဲ့အရသာ၊ ချဉ်တဲ့အရသာ၊ စပ်တဲ့အရသာတွေကို လျှာပေါ်တင်ပေမယ့် စပ်မှန်းလည်း မသိဘူး၊ ချိုမှန်းလည်း မသိဘူး၊ ချဉ်မှန်းလည်းမသိလောက်အောင်ကို လျှာထုံထူထူကြီးဖြစ်တာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလိုဖြစ်တာတွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ ဖျားနာတဲ့အခါ ပိုသိသာတယ်နော်'

'မှန်လှပါဘုရား'

'ဘာတွေပျက်စီးသွားတာ?'

'လျှာအကြည် ပျက်စီးသွားတာပါဘုရား'

http://www.dhammadownload.com



'ဩော်. . . လျှာအကြည် ပျက်စီးတာ ရှင်းတယ်၊ ဒါကြောင့်မို့လို့ လျှာကြီးကိုကြည့်ရင် မြဲသလိုထင်ရပေမယ့် အကြည်ဓာတ်ကျတော့ ပျက်စီး ပျက်စီးနေတာ မမြဲပါလား၊ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အကြည်ဓာတ်သည်မမြဲ ပျက်စီးတတ်လို့ဒုက္ခ၊ ဒါသည်ပင်လျှင် ကိုယ်ပိုင် ကိုယ်ဆိုင်လုပ်လို့မရတဲ့ အပျက်ခန္ဓာမို့လို့ အစိုးမရတဲ့ အနတ္တ'

'မှန်လှပါဘုရား'

'အရသာလေးကလည်း ချိုတယ် ချဉ်တယ်ပြနေတာ လျှာပေါ်တင် ခိုက်လေးပဲနော်'

'မှန်လှပါဘုရား'

'ကဲ. . . သူ့အကြောင်းလည်းကုန်ရော ရှိသေးလား'

'မရှိပါဘုရား'

'မမြဲတာ ပေါ်လွင်နေတယ်'

'မှန်လှပါဘုရား'

'အဲဒီ မမြဲတဲ့တရား ပျက်စီးနေလို့လည်းပဲ ဒုက္ခ၊ အဲဒီ ချိုတာလေးကို ဟော့ မပျောက်ပျက်အောင်လို့ ကိုယ်ကဆွဲထားလို့မရတာသည်ပင် အတ္တလား၊ အနတ္တလား?'

'အနတ္တပါဘုရား'

'အကြောင်းတရားမမြဲတာ ရှင်းသွားပြီ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့က လျှာအကြောင်းနဲ့ပတ်သက်ပြီးမေးရင် လျှာရဲ့ အလယ်မှာ အာရုံညွတ်ကြ'

'မှန်လှပါဘုရား'

'ရှင်းတယ်နော်'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဆိုရင် သူတို့ အကြောင်းခံပြီးဖြစ်တဲ့ စားသိစိတ်ကျမှ မြဲချင်လို့ရလား?'

'မရပါဘုရား'

'ချမ်းသာ ဖြစ်ချင်လို့ရလား?'

'မရပါဘုရား'

'ကိုယ့်အလို ကိုယ့်အကြိုက် လိုက်ပါ့မလား?'

'မလိုက်ပါဘုရား'

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်သွားပါပြီ'

'မှန်လှပါဘုရား'

'ကိုယ်အကြည်ကိုလည်းပဲ မေးပါလိမ့်မယ်၊ ကိုယ်အကြည်ကို မေးပြီဆိုရင် သူနဲ့တိုက်ဆိုင်တဲ့ ဖောဋ္ဌဗ္ဗရုပ်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ထိသိစိတ်ကော မလာဘူးလား?'

'လာပါတယ်ဘုရား'

'ယားနာကောင်းစိတ်လည်းပဲ လာမှာပဲ၊ အဲဒီလိုလာတဲ့အခါမှာ ကိုယ်အကြည်ရယ်၊ ဖောဋ္ဌဗ္ဗာရုပ်ရယ် ဒီဘက်က ယားနာကောင်းစိတ် သဘောရယ် ဒါပေါ်တော့မှာ'

'မှန်လှပါဘုရား'

'ကိုယ်အကြည်ကိုမေးတဲ့အခါမှာ မိမိတို့ကိုယ်ကို အာရုံပြုတဲ့အခါမှာ ဆံပင်တွေ၊ ခြေသည်းလက်သည်းတွေ၊ မွေးညင်းတွေ၊ အမာရွတ်တွေကို ...ထားလိုက်၊ ကျန်တဲ့တစ်ကိုယ်လုံးမှာ အကြည်ဓာတ်ရှိတယ်'

'မှန်လှပါဘုရား'

'အဲဒီ အကြည်ဓာတ်လေးရှိတဲ့နေရာမှာ တစ်ခုခုနဲ့ ပွတ်တိုက်သွားတယ်၊ ထိသွားတယ်၊ အမာရွတ်လေးပေါ်လာ၊ ဟော. . . အကြည်ဓာတ်လေး ပျက်စီးသွားပြီ၊ ဒီနေရာမှာ ထိမိ တိုးမိလို့လည်း ဟော ခုန အကြည်ဓာတ်

http://www.dhammadownload.com



ရှိသလို နာမှုကျင်မှုတွေမပေါ်၊ အကြည်ဓာတ်ရှိရင်တော့ နာမှုကျင်မှုတွေ ပေါ်တယ်နော်'

'မှန်လှပါဘုရား'

'ထိတွေ့မှု မသိဘူးလား၊ သိလား?'

'သိပါတယ်ဘုရား'

'အကြည်ဓာတ် ပျက်စီးသွားရင် မသိတော့ဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် တစ်ကိုယ်လုံး တစ်ကောင်လုံးမှာရှိတဲ့ အရာတွေသည် အကြည်ဓာတ်တွေ လွှမ်းနေပေမယ့် ဟော. . . ပျက်တတ် ပျက်တတ်တဲ့သဘောတွေကပြသွား၊ ပြသွားတာကလည်း ရှင်းတယ်နော်၊ ထိလို့ထိမှန်းမသိ ကိုင်လို့ကိုင်မှန်းမသိတာတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီ ကိုယ်မှာရှိတဲ့ အကြည်ဓာတ်လည်းမြဲလား?'

'မမြဲပါဘူးဘုရား'

'မမြဲလို့ ပျက်စီးတဲ့အတွက် သုခလား ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'အဲဒီတရားကိုပဲ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောနဲ့ ငါပိုင် ငါဆိုင် လုပ်လို့ ရသလား?'

'မရပါဘုရား'

'ဘာလို့ခေါ်'

'အနတ္တပါဘုရား'

'ကဲ. . . ဒီလိုဆိုရင် တွေ့ထိစရာ အရာလေးတွေက အကြောင်းတိုက်ဆိုင်လို့ တွေ့တိုင်းတွေ့တိုင်းလေးသာပြတာ၊ ဟော-တွေ့တဲ့ရုပ်လေးကလည်း တွေ့ပြီးရင် ချုပ်မသွားဘူးလား?'

'ချုပ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုင်လိုက်တဲ့အချိန်လေး၊ ထိတဲ့အချိန်လေးသာ ဖောဋ္ဌဗ္ဗရုပ်၊ ကဲ. . တပါးတခြားအာရုံလေးရောက်သွားပြီဆိုရင် ဒီအာရုံ ရှိသေးလား?'

'မရှိပါဘုရား'

'ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'အကြောင်းရှိရင်တော့ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါဖြင့် ကိုယ်က ကိုယ်ပေါ်မှာ အာရုံလေးညွှတ်ပြီး အကြည်ဓာတ် ထင်ရှားတဲ့နေရာ ထိတွေ့မှု ထင်ရှားတဲ့နေရာလေးကို အာရုံညွှတ်ရင် ဖောဋ္ဌဗ္ဗရုပ်ရဲ့ အရှုခံတရားကိုရော ရှုလို့မရဘူးလား?'

'ရပါတယ်ဘုရား'

'အဲ. . . သူလည်းမမြဲပါလား မမြဲတဲ့တရားလည်း ဆင်းရဲပါလား၊ ဆင်းရဲတဲ့တရား ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘော ဘာမှပိုင်ဆိုင်မှု မရှိပါလားဆိုတော့ အနတ္တလေးပေါ်သွားပြီ'

'မှန်လှပါဘုရား'

'ဒီနှစ်ခုအကြောင်းပြုဖြစ်ပေါ်လာတဲ့ ဟောဒီ ယားနာကောင်းစိတ် ကျမှ မြဲချင်လို့ ရမလား?'

'မရပါဘုရား'

'ချမ်းသာလုပ်ချင်လို့လည်းမရဘူး၊ ကိုယ်ပိုင်ကိုယ်ဆိုင် လုပ်ချင်လို့လည်း မရဘူး၊ ဒါကြောင့်မို့လို့ ဟောဒီ ယားနာကောင်းစိတ်သည်ပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကြီး (၃) ပါး ဟောမနေဘူးလား?'

'ဟောပါတယ်ဘုရား'

'တစ်ကိုယ်လုံး တစ်ကောင်လုံးမှာရှိတဲ့ ဒွါရ (၆) ပါး အခု (၅) ပါး ရှိသွားပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီတော့ ကြံတွေးစရာဆိုတဲ့ ဓမ္မာရုံရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မနောဆိုတဲ့စိတ်ကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တွေးတောစိတ်ကော မလာဘူးလား?'

'လာပါတယ်ဘုရား'

'အဲဒီလိုမေးပြီဆိုရင် ကိုယ့်စိတ်လေးအကဲခတ်ဖို့က မိမိရဲ့ ရင်ချိုင့် နှလုံးသားလေးမှာ အာရုံလေးစိုက်၊ အဲဒီနှလုံးသားလေးမှာ ပုန်းညက်စေ့ခန့် တွင်းလေး၊ ဒီတွင်းလေးထဲမှာက တစ်လက်ဆွမ်းမျှ သွေး၊ အဲဒီသွေးလေး တွေမှာ ပြန့်ပြီးတော့မှ ဟဒယဝတ္ထုရုပ်ကမှီတယ်၊ ဒီ ဟဒယဝတ္ထုရုပ်မှီတဲ့ နေရာမှာ စိတ်ကဖြစ်တာ၊ ဒါဆိုရင် မိမိတို့က အာရုံညွတ်လိုက်ပြီဆိုရင် အဲဒီ ပြန့်နေတဲ့ ဟဒယဝတ္ထု အကြည်ဓာတ်လေးတွေကရော မပျက်စီးဘူးလား?'

'ပျက်စီးပါတယ်ဘုရား'

'ပျက်စီး ပျက်စီးနေသလို ဟော-ကြံတွေးစရာဆိုတဲ့ ဓမ္မာရုံကလည်း ပဲ မြင်ခဲ့ဖူးတာတွေအာရုံပြုလိုက်၊ ကြားခဲ့ဖူးတဲ့ အာရုံရောက်တော့ ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'စားခဲ့ဖူးတဲ့အာရုံပြုတော့ ရှိသေးသလား'

'မရှိတော့ပါဘုရား'

'အာရုံ အာရုံလေးတွေကပြတဲ့ ဓမ္မာရုံလည်း မြဲလား?'

'မမြဲပါဘုရား'

'မနောကပြနေတဲ့ အကြည်ဓာတ်ကော မြဲသလား?'

'မမြဲပါဘုရား'

'မနောဘဝင် အကြည်ဓာတ် မမြဲဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီမမြဲလို့ သူတို့ ဖြစ်ပေါ်လာတဲ့စိတ်လေးတွေကို ကြည့်လိုက်တော့

http://www.dhammadownload.com



တွေးစိတ်၊ တွေးစိတ်လေးတွေသည် ဒီအာရုံပေါ်လိုက် ဒီတစ်တွေး တွေးလိုက် ဒီအာရုံချုပ်တော့ ဒီတွေးစိတ်လေး မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'သားအကြောင်း အာရုံပေးတယ် သားအကြောင်းတွေးတယ်၊ သမီးအကြောင်း အာရုံပေါ်တော့ သားအကြောင်း တွေးတဲ့ဟာ ရှိသေးရဲ့လား?'

'မရှိတော့ပါဘုရား'

'အာရုံကော မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'တွေးစိတ်ကော မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'ဒါကို ကြည့်ခြင်းအားဖြင့် မိမိရဲ့ ဟဒယဝတ္ထုရုပ်မှာရှိတဲ့ မနောဆိုတဲ့ စိတ်လေးကလည်းပဲ မမြဲဘူးနော်'

'မှန်လှပါဘုရား'

'ကြံတွေးစရာဆိုတဲ့ အာရုံကလည်းပဲ မမြဲဘူး'

'မမြဲတဲ့တရားသည်ပင်လျှင် သုခလား ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ကိုယ့်အလို ကိုယ့်အကြိုက်မလိုက်တဲ့အတွက် အတ္တလား အနတ္တလား?'

'အနတ္တပါဘုရား'

'အကြောင်းမှ အနိစ္စ ဒုက္ခ အနတ္တဆိုရင် ဟောဒီ. . . အကျိုးတရားဖြစ်တဲ့ တွေးတောစိတ်ကျမှ နိစ္စလုပ်ချင်လို့ မရဘူး၊ ဒုက္ခ အတ္တလုပ်ချင်လို့ မရဘူး အနတ္တ၊ အဲဒီလိုလေးမေးတဲ့အခါကျရင် မိမိတို့က မနောမှာအာရုံစိုက်'

'မှန်လှပါဘုရား'

'သူ့နေရာနဲ့သူ မပြောဘူးလား ပြောသွားလား?'

'ပြောသွားပါတယ်ဘုရား'

'အဲဒါလေးကို အာရုံလေးညွတ်ပြီးတော့ သတိထားမယ်ဆိုရင်

http://www.dhammadownload.com



သူတော်စင်များ မသိစရာအကြောင်း မရှိတော့ဘူး၊ အဲဒါကို ဓာတ် (၁၈) ပါးကို အခြေခံထားပြီး အမေးအဖြေ လုပ်ပါလိမ့်မယ်၊ ဘိက္ခုနီမလေးတွေက လည်း သူတို့ခန္ဓာ ဉာဏ်စိုက်ပြီးတော့မှ မျက်စိအကြည်နဲ့ ပတ်သက်တာကို မေးရင် အကြည်ဓာတ်လေးရဲ့တည်ရာ မျက်နက်ဝန်းရဲ့အလယ်မှာ အာရုံ ညွှတ်ပြီး ဖြေမယ်၊ နားနဲ့ပတ်သက်ပြီးမေးရင် နားရဲ့အကြည်ဓာတ် အတွင်း ဘက်မှာ အာရုံညွှတ်ပြီးဖြေမယ်၊ နှာခေါင်းအကြည်ဓာတ်ကိုမေးရင် လည်းပဲ နှာခေါင်းရဲ့အတွင်း လျှာမှာမေးရင်လည်း လျှာရဲ့အလယ်၊ ကိုယ်မှာမေးရင် လည်း အကြည်ဓာတ်တွေ ပျံ့နှံ့တည်တဲ့နေရာ ထင်ရှားတဲ့နေရာ၊ စိတ်ကို မေးရင်လည်းပဲ မိမိတို့ ရင်ချိုင့် ဟဒယဝတ္ထုတည်ရာနေရာလေးမှာ အာရုံလေး ညွှတ်ပြီး ဖြေမယ်ဆိုရင်တော့ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ အာရုံညွှတ်တတ် တဲ့ အသိလေးဟာ အစဉ်တစိုက်ရသွားရင် တည်ကြည်တဲ့ သမာဓိအောက် မှာ ထက်မြက်တဲ့ဉာဏ်က အရှိကိုအရှိအတိုင်း မမြင်နိုင်ဘူးလား?'

'မြင်နိုင်ပါတယ်ဘုရား'

'ဒါဆိုရင် နိဗ္ဗာန်ရောက်ဖို့ သေချာတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီလိုလေး ရှင်းပေးပြီးတော့ ဘိက္ခုနီမလေးတွေကို ရှင်နန္ဒက မေးပါတယ်၊ အဲဒီလိုမေးတဲ့အခါမှာ အမေးနဲ့အဖြေကိုက်အောင်လို့ မိမိတို့က လည်းပဲ အမေးအဖြေ လေးတွေကို အာရုံလေးညွှတ်ပြီး ဖြေနိုင်အောင်လို့ ချစ်နှမတို့တဲ့၊ ဟောဒီ စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်သည် မြဲသလား မမြဲဘူးလားလို့ မေးတဲ့အခါမှာ'

'မမြဲပါဘုရား'

'ဒီမမြဲတဲ့ စက္ခုပသာဒအကြည်ရုပ်သည်ပင် ဆင်းရဲသလား၊ ချမ်းသာ သလားလို့ မေးတဲ့အခါမှာ'

'ဆင်းရဲပါတယ်ဘုရား'

'ဒါကို ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာလို့ ရှုခြင်းငှာ သင့်ပါမလား မေးရင် '

'မသင့်ပါဘုရား'

http://www.dhammadownload.com



'ဒါလေးကို သူတို့က ဖြေသွားတာက ရမ်းဖြေတာလား ခန္ဓာဉာဏ်စိုက်လား?'

'ခန္ဓာဉာဏ်စိုက်ပါဘုရား'

'သူတော်စင်များကိုလည်း အာရုံညွတ်တတ်အောင်လို့ ရှေ့ပိုင်းကနေပြီးတော့ သူ့နေရာနဲ့သူ ဘယ်နေရာမှာ အာရုံညွတ်ရမယ်ဆိုတာ မပြောထားဘူးလား?'

'ပြောထားပါတယ်ဘုရား'

'ဒါကြောင့် ရှင်နန္ဒကနေမေးမယ်၊ ဘိက္ခုနီမတွေက ဖြေတယ်၊ အခုလည်းပဲ ဟောပေးတဲ့ပုဂ္ဂိုလ်က မေးသလို သူတော်စင်များက ဖြေတဲ့နေရာမှာ ရှင်နန္ဒနဲ့ ဘိက္ခုနီမတို့ အမေးအဖြေလုပ်တဲ့ အာရုံလေးပြုပြီးတော့ ခန္ဓာမှာ ဉာဏ်စိုက်ပြီး ဖြေမယ်ဆိုရင်တော့ ငြိမ်းအေးသောသဘောဟာ ချက်ချင်းလက်ငင်းကော မရဘူးလား?'

'ရပါတယ်ဘုရား'

'အဲဒီတော့ အမေးအဖြေလေးစပြီးတော့ မေးမှာဖြစ်တဲ့အတွက် အာရုံတစ်ပါး စိတ်မသွားဘဲနဲ့ တရားပေါ်မှာ လေးစားမှုလေးရအောင် လက်အုပ်လေး ချီပြီးတော့ ဖြေကြပေါ့နော်'

'မှန်လှပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ စက္ခုပသာဒခေါ်တဲ့ မျက်စိအကြည်ရုပ်သည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား '

'ထိုမမြဲတဲ့ မျက်စိ အကြည်ရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့မျက်စိအကြည်ရုပ်ကို ဤဟာ ငါ့မျက်စိ အကြည်ရုပ်၊ ဤမျက်စိအကြည်ရုပ်သည် ငါ၊ ဤ မျက်စိအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

http://www.dhammadownload.com



'အို. . . ယောဂီအပေါင်း သူတော်ကောင်းတို့၊ သောတပသာဒ ခေါ်တဲ့ နားအကြည်ရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ နားအကြည်ရုပ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ နားအကြည်ရုပ်ကို ဤဟာ ငါ့နားအကြည်ရုပ်၊ ဤနား အကြည်ရုပ်သည် ငါ၊ ဤနားအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဃာနပသာဒခေါ်တဲ့ နှာခေါင်းအကြည်ရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ နှာခေါင်းအကြည်ရုပ်သည် ဆင်းရဲသလား၊ ချမ်းသာ သလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ နှာခေါင်းအကြည်ရုပ်ကို ဤဟာ ငါ့နှာခေါင်း အကြည်ရုပ်၊ ဤနှာခေါင်းအကြည်ရုပ်သည် ငါ၊ ဤနှာခေါင်းအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဇိဝှါပသာဒခေါ်တဲ့ လျှာအကြည်ရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ လျှာအကြည်ရုပ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ လျှာအကြည်ရုပ်ကို ဤဟာ ငါ့လျှာအကြည်ရုပ်၊ ဤလျှာ အကြည်ရုပ်သည် ငါ၊ ဤလျှာအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်း

http://www.dhammadownload.com



ငှာ သင့်ပါမည်လား'

'မသင့်ပါဘုရား'

'အို. . . ယောဂီအပေါင်း သူတော်ကောင်းတို့၊ ကာယပသာဒခေါ်တဲ့ ကိုယ်အကြည်ရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ ကိုယ်အကြည်ရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ ကိုယ်အကြည်ရုပ်ကို ဤဟာ ငါ့ကိုယ်အကြည်ရုပ်၊ ဤ ကိုယ်အကြည်ရုပ်သည် ငါ၊ ဤကိုယ်အကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား ?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ မနောခေါ်တဲ့ စိတ်လေးသည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့စိတ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့စိတ်ကို ဤဟာ ငါ့စိတ်၊ ဤစိတ်သည်ငါ၊ ဤစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'ပထမဆုံးအနေနဲ့ ဒွါရ (၆) ပါးကို မေးပါတယ်၊ အဲဒီ ဒွါရ (၆)ပါးကိုမေးပြီးတဲ့ အခါမှာ သူနဲ့အာရုံပြုပြီး တိုက်ဆိုင်၊ တိုက်ဆိုင်တဲ့ အာရုံ (၆) ပါးကို ဆက်ပြီးတော့ မေးပါသည်၊ အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ရူပါရုံခေါ်တဲ့ အဆင်းရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ အဆင်းရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

http://www.dhammadownload.com



'ထိုမမြဲ ဆင်းရဲတဲ့ အဆင်းရုပ်ကို ဤဟာငါ့အဆင်းရုပ်၊ ဤအဆင်းရုပ်ငါ၊ ဤအဆင်းရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . ယောဂီအပေါင်း သူတော်ကောင်းတို့၊ သဒ္ဒါရုံခေါ်တဲ့ အသံရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ အသံရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အသံရုပ်ကို ဤဟာ ငါ့အသံရုပ်၊ ဤအသံရုပ်သည် ငါ၊ ဤအသံရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဂန္ဓာရုံခေါ်တဲ့ အနံ့ရုပ်သည် မြဲသလားမမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့အနံ့ရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အနံ့ရုပ်ကို ဤဟာ ငါ့အနံ့ရုပ်၊ ဤအနံ့ရုပ်သည် ငါ၊ ဤအနံ့ရုပ်သည် ငါ့ကိုယ် ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ရသာရုံခေါ်တဲ့ အရသာရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ အရသာ ရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အရသာရုပ်ကို ဤဟာ ငါ့အရသာရုပ်၊ ဤအရ

http://www.dhammadownload.com



သာရုပ်သည် ငါ၊ ဤအရသာရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ တွေ့ထိရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ တွေ့ထိရုပ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ တွေ့ထိရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့ ဓမ္မာရုံခေါ်တဲ့ ကြံတွေးစရာသည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ ကြံတွေးစရာသည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'


'ထိုမမြဲ ဆင်းရဲတဲ့ ကြံတွေးစရာကို ဤဟာ ငါ့ကြံတွေးစရာ၊ ဤကြံတွေးစရာသည် ငါ၊ ဤကြံတွေးစရာသည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အဲဒီလို အာရုံ (၆) ပါးကိုလည်း မေးပါတယ်၊ ဒွါရ (၆) ပါးကိုမေးတယ်၊ အာရုံ (၆) ပါးကို မေးတယ်၊ မိမိတို့က ပေါ်ရာနေရာလေးတွေမှာ အာရုံညွှတ်ပြီး ဖြေသလိုပဲ ဝိညာဏစာတ် (၆) ပါးကိုလည်း ပြပြီးမေးပါအုံးမယ်၊ အဲဒီလိုမေးတဲ့အခါကျရင်လည်းပဲ မိမိတို့က အာရုံညွှတ်ရမယ့်နေရာလေးတွေကိုလည်း သိထားပြီးပြီ၊ ဒီကနေတစ်ဆင့်တက်ပြီး ဥပမာ ဥပမေယျတွေနဲ့လည်း ဟောကြားအုံးမှာဆိုတော့ အချိန်ကလည်းပဲ အခုစေ့သွားပြီ ဖြစ်တဲ့အတွက် သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



# ပုဂ္ဂိုလ်လည်းခင် နှလုံးသွင်းလည်း မှန်ပါစေ

( ဒုတိယပိုင်း )

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ပုဂ္ဂိုလ်လည်းခင် နှလုံးသွင်းလည်းမှန်ပါစေ

## ( ဒုတိယပိုင်းတရားတော် )

မနေ့က သင်ပေးခဲ့တဲ့ ခန္ဓာဉာဏ်ရောက် ရှင်နန္ဒက ကလည်းပဲ တရားတွေ ဟောပေးတယ်၊ ဘိက္ခုနီမ (၅၀၀) ကလည်း သူတို့လိုလားတောင့်တတဲ့ ရှင်နန္ဒက လာရောက် ဟောကြားလိုက်တဲ့အခါမှာ ခန္ဓာဉာဏ်စိုက်ပြီးတော့မှ အမေးအဖြေနဲ့ မနာဘူးလား?'

'နာပါတယ်ဘုရား'

'အမေးအဖြေနဲ့နာတဲ့ နေရာမှာ ဓာတ် (၁၈) ပါးကို အခြေခံထားပြီးတော့ ရှေးဦးစွာ အခံဓာတ် (၆) ပါးကိုမေးတော့ မျက်စိအကြည်လေးရဲ့ သဘောကိုလည်း မေးတိုင်း မေးတိုင်းမှာ မျက်နက်ဝန်းရဲ့ အလယ်တည့်တည့် အကြည်ဓာတ်လေးရှိတဲ့နေရာ သန်းဦးခေါင်းပမာဏရှိတဲ့ အလယ်မှာ ရှိနေတဲ့ အဲဒီအာရုံကိုလည်းမရောက် တည်ငြိမ်တဲ့အသိဟာ အရှိအပေါ်မှာ သဘောအမှန်ကိုများ ကိန်းကိန်းပြီး ဖြေနိုင်မယ်ဆိုရင် တရားနာရင်း တရားဟောရင်းနဲ့ တရားပွဲရဲ့အဆုံးမှာ သောတာပန်တွေတည်ကြ သကဒါဂါမ်တွေတည်ကြတယ်ဆိုတ.ာ ဘယ်ပေါ် ဉာဏ်ရောက်လို့'

'ခန္ဓာပေါ် ဉာဏ်ရောက်လို့ပါဘုရား'

http://www.dhammadownload.com



'မေးတိုင်းမေးတိုင်းကို မဖြေဘူးလား၊ မေးတော့ ဖြေပါတယ်၊ သို့သော် ဘယ်နေရာမှာ အာရုံညွှတ်ပြီး နှလုံးသွင်းရမယ်၊ ဘယ်အသိ ဘယ်လိုပေါ်ပြီး တော့ ဘယ်လိုနေရာမှာကိန်းရင် အဲဒီနေရာကို အာရုံညွှတ်ရင် သူ့သဘော အတိုင်းကို မြင်ရပါလားဆိုတာကို သေချာသဘောမပေါက်တော့ အမေးနဲ့ လိုက်လျောညီအောင်လို့ ဖြေသာဖြေခဲ့ရတယ် ခန္ဓာဉာဏ် မရောက်တော့လည်း အမှန်အရှိကို သိခွင့်ကြုံသလား?'

'မကြုံပါဘူးဘုရား'

'အခုလို သေသေချာချာ ရေရေရာရာ နှလုံးသွင်းဖို့အတွက် ဖြေတိုင်း ဖြေတိုင်းမှာ ကိုယ်ကိုယ်တိုင်က တည်ငြိမ်အေးချမ်းမှုကို စတင်မရဘူးလား?'

'ရပါတယ်ဘုရား'

'ယောက်ယက်ခတ်တဲ့ အတွေးတွေကော ဝင်သေးလား?'

'မဝင်ပါဘုရား'

'ဟိုအာရုံရောက် ဒီအာရုံရောက်ဆိုတဲ့ ရောက်ဖို့လမ်း အခွင့်ကော ပေါ်မလား?'

'မပေါ်ပါဘုရား '

'ဒါသည်ပင် တရားနာနေတဲ့အခိုက်အတန့်မှာ နားကတရားနာ ဉာဏ် က ခန္ဓာလှည့်ဆိုတဲ့ သဘောကော မရှင်းသွားဘူးလား?'

'ရှင်းသွားပါတယ်ဘုရား '

'ဒါလေးတွေ အာရုံစိုက်ဖို့ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ရှေးဦးစွာ အဲဒီလိုအာရုံ (၆) ပါးကိုမေး၊ အခံဓာတ် (၆) ပါးဆိုတဲ့ မိမိတို့ ဒွါရ (၆) ပါးကိုမေးမယ်၊ အတိုက်ဓာတ်ဆိုတဲ့ အာရုံ (၆) ပါးကိုလည်း မေးတယ်၊ ဒီလိုမေးခဲ့ မေးခဲ့တဲ့ အတွက်ကြောင့်မို့လို့ ဉာဏ်ရောက်အောင် ဖြေတဲ့နေရာမှာ မျက်စိအကြည်ကိုမေးလို့ မျက်စိရဲ့ မျက်နက်ဝန်းရဲ့အလယ် အကြည်ဓာတ် လေးကို အာရုံညွှတ်သလို အဆင်းကိုမေးရင်လည်းပဲ မျက်နက်ဝန်းရဲ့အလယ်

http://www.dhammadownload.com



အကြည်ဓာတ်လေးမှာ အာရုံညွတ်ပြီး ဖြေရင်လည်းပဲ အရှိန့်အသိကို တန်ဖိုးရှိရှိ ကိုယ့်ရဲ့သဏ္ဍာန်မှာ အချိန်တိုင်း အချိန်တိုင်းကို နှလုံးသွင်းပြီး အသုံးချသွားလို့ တည်ငြိမ်အေးချမ်းတဲ့ ချမ်းသာမှုကို နာကြားခိုက် နှလုံးသွင်းခိုက်မှာ မည်သူမဆို မရနိုင်ဘူးလား?'

'ရနိုင်ပါတယ်ဘုရား '

'ဒါလေးကို မမေ့နဲ့နော်'

'မှန်လှပါဘုရား '

'အဲဒီတော့ ပြန်ပြီးတော့မှ အမေးအဖြေလေးကို ပြန်လည်ပြီး နှလုံးသွင်းလည်း မိမိတို့သဏ္ဍာန်မှာ အရှိန်လေးရအောင် တည်ငြိမ်အေးချမ်းတဲ့ တရားနာမှုကိုလည်း ပြန်လည်ပြီးတော့ ကောင်းစွာတည်အောင်လို့ ဓာတ် (၁၈) ပါးမှာ ရှေးဦးစွာမေးခဲ့တဲ့ အခံဓာတ် (၆) ပါး၊ မိမိတို့သဏ္ဍာန်ရှိနေတဲ့ ဒွါရ (၆) ပါး၊ ဒါလေးကို ပြန်အာရုံပြုပြီးတော့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံလေးတွေကို အသိကပ်ပြီးတော့ အမေးအဖြေလေး လုပ်ကြရအောင်၊ အားလုံး လက်အုပ်ချီပြီးတော့မှ ပေါ်ရာနေရာလေးတွေမှာ အာရုံညွတ်ရင်း အဖြေလေးတွေကို ပေးနိုင်အောင် နှလုံးသွင်းမလွဲကြပါစေနဲ့'

'မှန်လှပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ စက္ခုပသာဒ ခေါ်တဲ့ မျက်စိအကြည်ရုပ်သည် မြဲသလား, မမြဲဘူးလား ?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ မျက်စိအကြည်ရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား '

'ထိုမမြဲ ဆင်းရဲတဲ့ မျက်စိအကြည်ရုပ်ကို ဤဟာ ငါ့မျက်စိ အကြည်ရုပ်၊ ဤမျက်စိအကြည်ရုပ်သည် ငါ၊ ဤ မျက်စိအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

http://www.dhammadownload.com



'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သောတပသာဒခေါ်တဲ့ နားအကြည်ရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ နားအကြည်ရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား '

'ထိုမမြဲ ဆင်းရဲတဲ့ နားအကြည်ရုပ်ကို ဤဟာ ငါ့နားအကြည်ရုပ်၊ ဤနားအကြည်ရုပ်သည် ငါ၊ ဤနားအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဃာနပသာဒခေါ်တဲ့ နှာခေါင်းအကြည်ရုပ်သည် မြဲသလား, မမြဲဘူးလား ?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ နှာခေါင်းအကြည်ရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ နှာခေါင်းအကြည်ရုပ်ကို ဤဟာ ငါ့နှာခေါင်းအကြည်ရုပ်၊ ဤနှာခေါင်းအကြည်ရုပ်သည် ငါ၊ ဤနှာခေါင်း အကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဇိဝှါပသာဒခေါ်တဲ့ လျှာအကြည်ရုပ်သည် မြဲသလား, မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ လျှာအကြည်ရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

http://www.dhammadownload.com



'ထိုမမြဲ ဆင်းရဲတဲ့ လျှာအကြည်ရုပ်ကို ဤဟာ ငါ့လျှာအကြည် ရုပ်၊ ဤလျှာအကြည်ရုပ်သည် ငါ၊ ဤလျှာအကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ကာယပသာဒ ခေါ်တဲ့ ကိုယ်အကြည်ရုပ်သည် မြဲသလား, မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ ကိုယ်အကြည်ရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ ကိုယ်အကြည် ရုပ်ကို ဤဟာ ငါ့ကိုယ်အကြည်ရုပ်၊ ဤကိုယ်အကြည်ရုပ်သည်ငါ၊ ဤကိုယ်အကြည်ရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ထိုမနော ခေါ်တဲ့ စိတ်သည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့စိတ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့စိတ်ကို ဤဟာ ငါ့စိတ်၊ ဤစိတ်သည် ငါ၊ ဤစိတ် သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အခုလို ဒွါရ (၆) ပါး တည်ရာဌာနလေးမှာ သူ့နေရာနဲ့သူ အာရုံလေး စိုက်ပြီးတော့ အမေးအဖြေလေးတွေအပေါ်မှာ မမြဲတဲ့ အနိစ္စတွေ၊ ဆင်းရဲတဲ့ ဒုက္ခတွေ အစိုးမရတဲ့ အနတ္တတွေကို ခန္ဓာဉာဏ်စိုက်ပြီးတော့ ဖြေကြား

http://www.dhammadownload.com



နေသလိုပဲ ဒီဒွါရ (၆) ပါးမှာ နေရာယူပြီး လာလာပေါ်တဲ့ အတိုက်ဓာတ် (၆)ပါး တည်းဟူသော အဆင်းအပေါ်မှာလည်းပဲ မမြဲပုံတွေ ဆင်းရဲပုံတွေ အစိုးမရ ပုံတွေ အသံပေါ်မှာလည်းပဲ တစ်သံပြီးတစ်သံ အခုပြောနေတာလေးကို အာရုံစိုက်လိုက်ရင် ပေါ်လာတဲ့အသံလေးတွေဟာ တဖွဲဖွဲနဲ့ ပျောက်ပျက် နေတဲ့ မမြဲပုံထင်ရှားတာ ဒီအသံလေးတွေကို ပြန်ကြည့်လိုက်တော့လည်း တဖွဲဖွဲ ပျက်နေတဲ့အတွက်ကြောင့်မို့လို့ ဒုက္ခ တယ်ကြီးပါလားဆိုတဲ့ ဆင်းရဲတွေ ပေါ်မှာ ဉာဏ်ရောက်တာ အဲဒီပေါ်နေတဲ့အသံလေးတွေသည်ပင် တဖျတ်ဖျတ် ချုပ်ပျောက်နေလို့ ဒီအသံထဲမှာလည်းပဲ အသံဆိုတဲ့ ရုပ်တရားသာရှိတယ်၊ ငါလည်းမဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့အတွက် ငါ့အလို ငါ့အကြိုက် သူ့အလို သူ့အကြိုက် ပုဂ္ဂိုလ် သတ္တဝါအကြိုက် ဘာမှရှာမတွေ့ လောက်အောင်ကို ရှင်းနေတဲ့အသိ ကိုယ့်သန္တာန်မှာတည်ပြီးတော့မှ အဆင်း ကိုမေးရင် မျက်နက်ဝန်းရဲ့အလယ်၊ အသံကိုမေးရင် နားရဲ့အတွင်းဘက်အလယ် အမွေးနုလေးတွေရှိတဲ့အရပ်လေးမှာ အာရုံညွှတ်ပြီးဖြေဖို့ကိုလည်း မမေ့ပါနဲ့'

'နှာခေါင်းနဲ့ပတ်သက်လို့ အနံ့ကိုမေးရင်လည်း နှာခေါင်းရဲ့အတွင်းပိုင်း ဆိတ်ခွာသဏ္ဌာန် အတွင်းပိုင်းရဲ့ အကြည်ဓာတ်လေးရှိတဲ့နေရာမှာ နှလုံးသွင်းပြီး ဖြေနိုင်အောင်လည်းပဲ အာရုံပြုပါ၊ အရသာကိုမေးတဲ့အခါမှာ လျှာရဲ့အလယ် ကြာဖတ်ပြားသဏ္ဌာန် အကြည်ဓာတ်လေးရှိတဲ့ နေရာမှာလည်း နှလုံးသွင်းဖို့ မမေ့ပါနဲ့၊ ဖောဋ္ဌဗ္ဗာနဲ့ပတ်သက်ပြီး မေးလာတဲ့အခါမှာလည်း တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ အမာရွတ်တွေက လွဲပြီးတော့ ကျန်တဲ့တစ်ကိုယ်လုံးမှာ အကြည်ဓာတ်လေးတွေက ပြန့်နှံ့နေပြီး တည်တာကို ထင်ရှားတဲ့နေရာမှာ အာရုံညွှတ်ရင်းနဲ့ ဖြေဖို့ကိုလည်း နှလုံးသွင်း မှန်ကြပါ၊ ကြံတွေးစရာ အာရုံတွေကလည်းပဲ မနောအကြည်မှာ လာတိုက် တိုင်း တိုက်တိုင်း ဒီကြံတွေးစရာလေးတွေရဲ့သဘောကို မိမိရဲ့စိတ်မှာ ရင့်ချိုင့် ဟဒယဝတ္ထုရဲ့တည်ရာနေရာလေးကို အာရုံညွှတ်ပြီးတော့မှ သူ့နေရာနဲ့သူ ဖြေတတ်အောင်လည်း နှလုံးသွင်းရင်းနဲ့ အမေးအဖြေလေးစပါမယ်'

'အို. . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ရှုပါရုံခေါ်တဲ့ အဆင်းရုပ်သည် မြဲသလား, မမြဲဘူးလား?'

'မမြဲပါဘုရား'

http://www.dhammadownload.com



'ထိုမမြဲတဲ့ အဆင်းရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား ?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အဆင်းရုပ်ကို ဤဟာငါ့အဆင်းရုပ် ဤအဆင်းရုပ်သည်ငါ ဤအဆင်းရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို့ . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ သဒ္ဒါရုံ ခေါ်တဲ့ အသံရုပ်သည် မြဲသလား, မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့အသံရုပ်သည် ဆင်းရဲသလား, ချမ်းသာသလား ?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အသံရုပ်ကို ဤဟာငါ့အသံရုပ်၊ ဤအသံရုပ်သည်ငါ၊ ဤအသံရုပ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား ?'

'မသင့်ပါဘုရား'

'အို့ . . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဂန္ဓာရုံ ခေါ်တဲ့ အနံ့ရုပ်သည် မြဲသလား မမြဲဘူလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ အနံ့ရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အနံ့ရုပ်ကို ဤဟာငါ့အနံ့ရုပ်၊ ဤအနံ့ရုပ်သည်ငါ၊ ဤအနံ့ရုပ်သည် ငါ့ကိုယ်ဟူ၍ရှုခြင်းငှာ ဿင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို့ . . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ရသာရုံ ခေါ်တဲ့ အရသာရုပ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

http://www.dhammadownload.com



'ထိုမမြဲတဲ့ အရသာရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ အရသာရုပ်ကို ဤဟာငါ့အရသာရုပ်၊ ဤအရသာရုပ်သည်ငါ၊ ဤအရသာရုပ်သည် ငါ့ကိုယ်ဟူ၍ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ တွေ့ထိရုပ်သည် မြဲသလားမမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ တွေ့ထိရုပ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ တွေ့ထိရုပ်ကို ဤဟာငါ့တွေ့ထိရုပ်၊ ဤတွေ့ထိရုပ်သည်ငါ၊ ဤတွေ့ထိရုပ်သည် ငါ့ကိုယ်ဟူ၍ရှုခြင်းငှာ သင့်ပါမည်လား ?'

'မသင့်ပါဘုရား'

'တရားနာ သူတော်စင်တွေက အခုလို ရှင်နန္ဒက ကမေးလို့ ဘိက္ခုနီမလေးတွေက ခန္ဓာဉာဏ်စိုက်ပြီးဖြေသလိုပဲ မိမိတို့အားလုံးကလည်းပဲ ခန္ဓာဉာဏ်စိုက်ပြီး ဖြေကြတော့ မျက်စိအကြည်လေးရဲ့ မှုန်သွား မွဲသွားတာတွေကလည်းပဲ ထင်ရှားတာသည် မမြဲတာ မပေါ်လွင်ဘူးလား?'

'ပေါ်လွင်ပါတယ်ဘုရား'

'မမြဲမှုပေါ်လွင်တယ်နော်'

'မှန်လှပါဘုရား'

'မျက်စိအကြည်ဓာတ်လေးတွေ မှုန်သွားတာ မွဲသွားတာ မမြင်ရတော့တာကိုက ပျက်စီးမှုထင်ရှားလို့ မမြဲပါလားဆိုတာ ပေါ်သလိုပဲ ပျက်နေ ပျက်နေလို့လည်း ဒုက္ခကော မထင်ရှားဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ မျက်စိအကြည်ဓာတ်လေးသည် ရုပ်တရားဖြစ်တဲ့အတွက် ငါဟုတ်သလား?'

'မဟုတ်ပါဘုရား'

'ငါမဟုတ်တဲ့အတွက် ငါ့ဥစ္စာလိုကော လုပ်လို့ရလား?'

'မရပါဘုရား'

'ငါလို့ကောပြောလို့ရလား?'

'မရပါဘုရား'

'ဒီတစ်ချက်ပေါ်မှာ ကောင်းစွာဉာဏ်ရှင်းနေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီလိုပဲတဲ့ မိမိတို့ရဲ့သန္တာန်မှာ အဲဒီမျက်စိအကြည်နဲ့ဆုံမယ့်အဆင်း ဒီအဆင်းလေးကလည်းပဲ အမြဲတမ်း တည်တံ့ပြီးတော့ ပြနေတာမဟုတ်၊ တရိပ်ရိပ်နဲ့ တဖွဲဖွဲပျက်စီးနေတာ အဆင်းလေးတွေ ပြောင်းလဲသွားတာ၊ ဒါကို ကြည့်ခြင်းအားဖြင့် မမြဲပါလားဆိုတဲ့ ထင်ရှားတဲ့အဆင်းကိုလည်း သူတော်စင်များ နားလည်သဘောပေါက်ဖို့ လွယ်ပါတယ်'

'မှန်လှပါဘုရား'

'ဒီအဆင်းလေးတွေ ပျက်စီးနေလို့လည်း တစ်မျိုးတဖုံ ပြောင်းလဲသွားလို့လည်းဆင်းရဲတယ်ဆိုတာ ပေါ်လွင်ပါတယ် '

'မှန်လှပါဘုရား'

'ဒီအဆင်းသည်ပင် ရုပ်တရား ငါမဟုတ်တဲ့အတွက်ကြောင့်မို့လည်းပဲ ငါ့ကိုယ်လည်း မဟုတ်၊ ငါ့ဟာလည်းမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဘူးဆိုတာ လည်းပဲ သဘောရှင်းပါတယ်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မျက်စိအကြည်ကိုပဲ အာရုံပြုပြု အဆင်းကိုပဲ အာရုံပြုပြု နားအကြည်ကို ကြည့်ပြန်တော့လည်း နားအကြည်လေးဟာလည်းပဲ နားလေး

http://www.dhammadownload.com



တွေ လေးလာတာ၊ ပင်းလာတာ၊ ထိုင်းလာတာကလည်း မမြဲပုံ မထင်ရှား ဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

'အဲဒီလို ပင်းလာ ထိုင်းလာ ပျက်စီးတဲ့သဘောကိုက သုခလား ဒုက္ခ လား?'

'ဒုက္ခပါဘုရား'

'ဒီအကြည်ဓာတ်လေး ပျက်စီးနေတာကိုက ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောမပါတာကို ငါမဟုတ်တာ ထင်ရှားနေတယ်'

'မှန်လှပါဘုရား'

'ငါ့ကိုယ်လို့ ပြောလို့ရလား?'

'မရပါဘုရား'

'ငါ့ဟာလို့ကော ဆိုလို့ရလား?'

'မရပါဘုရား'

'ငါ့ဥစ္စာလို့ကော သတ်မှတ်လို့ရလား?'

'မရပါဘုရား'

'ဒီသဘောလည်း ရှင်းတာပဲ'

'မှန်လှပါဘုရား'

'အသံကိုကြည့်ပြန်ရင်လည်း အသံလေးတွေ တစ်သံပြီးတစ်သံ ပျောက်ပျက်တာက ထင်ရှားပေါ်လွင်တော့ မမြဲတာလည်း ငြင်းစရာမလိုဘူး'

'မှန်လှပါဘုရား '

'ဟောဒီအသံလေးတွေသည် တဖွဲဖွဲ ပျက်စီးနေလို့လည်းပဲ သုခ မဟုတ်တဲ့ ဒုက္ခက ပေါ်လွင်နေတယ်၊ ပျက်စီးတတ်လို့ ဒုက္ခဆိုတဲ့ ဆင်းရဲမှု မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီအသံလေးတွေ ပျက်စီးနေတာကိုက ငါမပါပုံ ထင်ရှားတဲ့အတွက် ကြောင့်မို့လို့ ငါ့ကိုယ်လည်းမဟုတ် ငါ့ဥစ္စာလည်းမဟုတ် ငါလည်းလုပ်လို့ မရဘူး၊ အဲဒီအတွက် ဖြေတဲ့နေရာမှာလည်း ဉာဏ်ရောက်အောင်လို့ အသိကိန်းပြီး ဖြေနိုင်တာလည်းပဲ ဉာဏ်ရှင်းပါတယ်'

'မှန်လှပါဘုရား'

'အခု မျက်စိနဲ့အဆင်းနဲ့ဆုံမယ် ဘာစိတ်ပေါ်မယ်'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

'နားနဲ့ အသံနဲ့တိုက်မယ် ဘာစိတ်ပေါ်မယ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'မျက်စိအကြည်တို့ နားအကြည်တို့ ပျက်တာ မမြဲတာ ဒါကတော့ ရှင်းတယ်၊ အသံတွေ အဆင်းတွေလည်းပဲ မမြဲတာ ပျက်တာ ရှင်းပါတယ်၊ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောမပါတဲ့ အနတ္တလည်း ပေါ်လွင်ပါ တယ်၊ ကဲ ဟောဒီ မြင်စိတ်လေးကျတော့ သူလည်းပဲ ဖြစ်ပြီးရင် ပျက်ပါတယ် မြဲလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ခုနလို နားအကြည်တွေ ပျက်စီးပုံလောက် ထင်ရှားလားမေးတော့ လည်း မထင်ရှားဘူးနော်'

'မှန်လှပါဘုရား'

'ဘာကြောင့်လဲမေးတော့ နားအကြည် ပျက်စီးတယ်ဆိုတာကိုက ပင်းလာတာလေးတွေ ကြည့်ခြင်းအားဖြင့် လေးလာတာလေးတွေ ကြည့်ခြင်း အားဖြင့် မကြားတဲ့သဘောကို ဆောင်ခြင်းအားဖြင့် မမြဲပါလား ထင်ရှား နေတယ်'

'မှန်လှပါဘုရား'

'ပျက်စီးလို့ ဒုက္ခလို့ ထင်ရှားနေတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု သူတို့ကိုအကြောင်းပြုပြီး ဖြစ်လာတဲ့ ဟောဒီမြင်စိတ်လေးက မမြဲပါဘူးကွာဆိုတော့ ခုနလို မထင်ရှားတော့ အသိရခက်နေတယ်နော်'

'မှန်လှပါဘုရား'

'ကြားစိတ်လည်း ဒီသဘောပါပဲ'

'မှန်လှပါဘုရား'

'နံစိတ်တွေလည်း ဒီသဘောပါပဲ'

'မှန်လှပါဘုရား'

'အဲဒီတော့ ဟောဒီ စိတ်လေးတွေ ပျက်သွား ပျက်သွားတယ်ကွာ မမြဲပါဘူး၊ မမြဲတဲ့တရားလေးကို ပြောလိုက်တယ်၊ အဲဒီ မမြဲတဲ့တရားသည်ပင် ဆင်းရဲတဲ့ဒုက္ခလို့ ဆိုလိုက်ပြန်တယ်၊ အဲဒီမြင်စိတ်သည်ပင် ကြားစိတ်သည်ပင် ငါ့အလို ငါ့အကြိုက် ငါ့သဘောမပါဘူးကွာ၊ ဒါကြောင့် အနတ္တလို့ ထပ်ဆင့်ပြီးတော့ မဆိုဘူးလား?'

'ဆိုပါတယ်ဘုရား'

'အဲဒီဆိုတဲ့ ဟောဒီ မြင်စိတ် ကြားစိတ်အပေါ်မှာကျတော့ အနိစ္စလို့မြင်ပုံ ဒုက္ခလို့မြင်ပုံ အနတ္တလို့မြင်ပုံကျတော့ ခုနပြောသလို ဉာဏ်ရောက်တဲ့ အသိ ထိုးထိုးထွင်းထွင်း ကိန်းဖို့က မလွယ်ပြန်ဘူးနော်'

'မှန်လှပါဘုရား'

'မြင်စိတ်သည် မျက်လုံးမှာပေါ်တယ် ကြားစိတ်သည် နားမှာပေါ်တယ်လို့ ဆိုမထားဘူးလား?'

'ဆိုထားပါတယ်ဘုရား'

'မြင်ကာမျှမတ်တပ် မြင်စိတ်လေး မျက်လုံးမှာပေါ်တယ်၊ ကြားကာမျှမတ်တပ် ကြားစိတ်လေး နားမှာပေါ်တယ်၊ မျက်စိအကြည် နားအကြည်တွေက ချုပ်ပျောက်ပျက်စီးတာ မမြဲတာ ဆင်းရဲတာက ဩော်. . . ပေါ်လွင်လှတယ် သိသာထင်ရှားတယ် သဘောပေါက်လွယ်တယ်၊ ဟောဒီ ပေါ်လာတဲ့ မြင်စိတ်လေးတွေ ကြားစိတ်လေးတွေကျတော့ တဖွဲဖွဲနဲ့ ပျက်စီးပြီးတော့

http://www.dhammadownload.com



ဒုက္ခပေးနေတဲ့ ဆင်းရဲမှု၊ ကိုယ့်အလို ကိုယ့်အကြိုက်မလိုက်တဲ့ အနတ္တ ၊ ဒါတွေကို ပေါ်လွင်ဖို့ကျတော့ ခုနလို သဘောပေါက်ဖို့ နက်နက်ရှိုင်းရှိုင်း မလွယ်ပြန်ဘူး'

'မှန်လှပါဘုရား'

'အဲဒီလို မလွယ်တဲ့အတွက်ကြောင့်မို့လို့ သဘောရှင်းအောင်လို့ ရှင်နန္ဒကတို့ နာမည်ကြီးတယ်ဆိုတာ တခြားကြောင့်မဟုတ်ဘူး၊ တရားဟောတဲ့နေရာမှာ ခန္ဓာဉာဏ်ရောက် ဟောပေးတဲ့နေရာမှာ မြင်လွယ်ထင်လွယ်အောင်လို့ ဥပမာတွေနဲ့ပေးပြီးတော့ ဟောပြလို့လည်း သူ့မှာ နာမည်ကြီးခဲ့တာ'

'မှန်လှပါဘုရား'

'ရှင်နန္ဒကတို့ နာမည်ကြီးတဲ့နေရာမှာ ဥပမာတွေနဲ့ပေးပြီးတော့မှ ခန္ဓာဉာဏ်ရောက်ကို ကွက်ကွက်ကွင်းကွင်းမြင်အောင်လို့ ပုံဖော်ပေးတာ'

'မှန်လှပါဘုရား'

'အခု မျက်စိအကြည်တွေ အဆင်းတွေ ပျက်လွယ်တယ်ဆိုတာကိုတော့ ယုံမှားသံသယမရှိပေမယ့် ဟောဒီမြင်စိတ်လေး ပျက်တာကိုကျတော့ သဘောမပေါက်မှာစိုးလို့'

'မှန်လှပါဘုရား'

'နားအကြည်တွေ အသံတွေ ပျက်လွယ်တယ်ဆိုတာ ထင်ရှားပေမယ့် ကြားစိတ်လေးကျတော့ မိမိတို့ရဲ့သန္တာန်မှာ ပိုင်ပိုင်နိုင်နိုင်နဲ့ သဘောကိန်းပြီးတော့ မြင်လွယ်ထင်လွယ်ဖို့ကျတော့ တန်းပြလို့ မမြင်နိုင်တော့ ဥပမာနဲ့ပြောရတာ'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ဥပမာနဲ့ ပေါ်လွင်အောင်ပြောဆိုတော့ ရှင်နန္ဒက က ဥပမာလေးပေးပြီးတော့မှ ပြပါတယ်၊ ဘာဥပမာပေးသွားလဲဆိုတော့ ဆီမီး ဥပမာပေးလိုက်တယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘာဥပမာ'

'ဆီမီးဥပမာပါဘုရား'

'ဆီမီးဥပမာပေးလိုက်တယ်၊ ဆီမီးခွက်တစ်ခွက်မှာတော့ ဆီလည်းရှိတယ်၊ မီးစာလည်းရှိတယ်၊ အဲဒီမီးစာလေးရှိတဲ့အတွက်ကြောင့်မို့လို့ ဆီနဲ့ မီးစာလေး တွဲလိုက်တာနဲ့ ဒီဘက်မှာ မီးလေးထွန်းလိုက်တာနဲ့ တောက်သွားတယ်၊ ဒါဖြင့် ဆီနဲ့မီးစာ မီးတောက် ဆီရယ်၊ မီးစာရယ် မီးတောက်ရယ် ဒီမီးတောက်လေး ပေါ်လည်းပေါ်ရော အမှောင်ပျောက်ပြီးတော့ အလင်းပေါ် လာတယ်၊ ဥပမာပေးလိုက်ပြီ'

'မှန်လှပါဘုရား'

'ဆီရယ် မီးစာရယ် မီးတောက်ရယ် အလင်းရောင်ရယ်၊ ဘယ်နှစ်မျိုး'

'လေးမျိုးပါဘုရား'

'လေးမျိုး၊ အမှောင်ခွင်းပြီး အလင်းရောက်လာတာသည် ဟောဒီ အလင်းဖြစ်ရတာသည် ဘယ်သူ့ကြောင့်?'

'မီးတောက်ကြောင့်ပါဘုရား'

'ဘယ်သူ့ကြောင့်လဲ'

'မီးတောက်ကြောင့်ပါဘုရား'

'မီးသာမတောက်ရင် အလင်းမပေါ်ဘူး'

'မှန်လှပါဘုရား'

'အလင်းပေါ်ရခြင်းသည် ဘယ်သူ့ကြောင့်'

'မီးတောက်ကြောင့်ပါဘုရား'

'မီးတောက်ကအကြောင်း အလင်းရောင်က အကျိုး၊ မီးတောက်က'

'အကြောင်းပါဘုရား'

'အလင်းရောင်က'

'အကျိုးပါဘုရား'

http://www.dhammadownload.com



'အကြောင်းကြောင့်ဘာဖြစ်'

'အကျိုးဖြစ်ပါဘုရား'

'ပဋိစ္စသမုပ္ပါဒ်သဘောတရားအရ အကြောင်းအကျိုးပဲ ရှိတယ်နော်'

'မှန်လှပါဘုရား'

'အခု အလင်းရောင်ရတယ် အလင်းရောင်ရတယ်ဆိုတာ အမှောင်ပျောက်တာ၊ ဩော်. . . မိမိတို့ဟော့ အမှောင်ပျောက်ပြီးတော့ အလင်းလေးဆောင်တာဟာ မီးတောက်ကြောင့်ပါလား'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် မီးတောက်ကအကြောင်း အလင်းရောင်က'

'အကျိုးပါဘုရား'

'ဒီမီးတောက်ကလည်း အလိုလိုတောက်လား'

'မတောက်ပါဘုရား'

'မီးတောက်တောက်အောင်လို့ ဘယ်သူတွေကပံ့ပိုး?'

'ဆီနဲ့မီးစာပါဘုရား'

'ဆီနဲ့မီးစာကိုအကြောင်းပြုပြီး မီးတောက်တောက်တာ၊ မီးတောက်ကို အကြောင်းပြုပြီး အလင်းရောင်ပေါ်တယ်၊ ဒါဖြင့် အလင်းရောင်ကအကျိုး မီးတောက်ကအကြောင်း၊ ဟောဒီ မီးတောက်တောက်ရခြင်းကို အကြောင်းရှာလိုက်တော့ ဆီနဲ့မီးစာကအကြောင်း၊ မီးတောက်ကအကျိုး၊ ဘာကြောင့်ဘာဖြစ်'

'အကြောင်းကြောင့်အကျိုးဖြစ်ပါတယ်ဘုရား '

'အကြောင်းကြောင့် အကျိုးဖြစ်၊ ရုပ်ကြောင့် နာမ်ဖြစ်သလို နာမ်ကြောင့်ကော ရုပ်မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အခုလည်းပဲ ဆီနဲ့မီးစာအကြောင်းပြုပြီး မီးတောက် တောက်တယ်'

'မှန်လှပါဘုရား'

'မီးတောက်ကိုအကြောင်းပြုပြီးတော့ ဆီလည်းခန်းလာတယ်၊ မီးစာလည်းကုန်လာတယ် မဖြစ်ဘူးလား ဖြစ်လား?'

'ဖြစ်ပါတယ်ဘုရား'

'မီးစာကလည်း လောင်တိုင်း လောင်တိုင်းမှာ တည်မြဲတာလား၊ ကုန်နေတာလား?'

'ကုန်နေတာပါဘုရား '

'မီးစာသည် မြဲသလား?'

'မမြဲပါဘုရား'

'မြင်လွယ် ထင်လွယ်တယ်နော်'

'မှန်လှပါဘုရား'

'ဆီကလည်း မမြဲပါဘူး ခန်းတတ်သည်၊ မီးစာကလည်းကုန်တတ်တဲ့ အတွက် မမြဲဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် ဆီကလည်း ခန်းလာပြီ မီးစာကလည်း ကုန်လာပြီ၊ ဟော ဆီလည်းခန်း မီးစာလည်းကုန်ရော မီးတောက်ရှိသေးလား?'

'မရှိပါဘုရား'

'မီးတောက်'

'မရှိတော့ပါဘုရား'

'ဒါလေးကို သဘောပေါက်ဖို့အတွက်က ဒီမီးတောက်သည် ဘယ်သူ့အကြောင်းခံ'

'ဆီနဲ့မီးစာ အကြောင်းခံပါတယ်ဘုရား'

http://www.dhammadownload.com



'ဆီနဲ့မီးစာကို အကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ အကျိုးတရား'

'မှန်လှပါဘုရား'

'ဟောဒီ အကျိုးတရားသည် အကြောင်းရှိမှပေါ်တာ၊ မျက်စိအကြည်နဲ့ အလင်းဆုံရင် ဘယ်သူပေါ်မလဲ?'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

'မြင်စိတ်ပေါ်မယ်၊ နားအကြည်နဲ့ အသံနဲ့တိုက်ရင်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'ဒါဖြင့် မြင်စိတ်ရဲ့အကြောင်းသည် မျက်စိအကြည်နဲ့အဆင်း၊ ကြားစိတ်ရဲ့အကြောင်းသည် နားအကြည်နဲ့အသံ အကြောင်းအကျိုးလေးတွေ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အခု ဆီကခန်းသွားပြီ မီးစာကကုန်သွားပြီ၊ အကြောင်းတရား ချုပ်သွားပြီပေါ့'

'မှန်လှပါဘုရား'

'အကြောင်းတရား ချုပ်သွားတဲ့အတွက် သူ့မှီဖြစ်ပါတယ်ဆိုတဲ့ ဒီမီးတောက်ကျမှ မြဲချင်လို့ရသလား?'

'မရပါဘုရား'

'အကြောင်းမမြဲလို့'

'အကျိုးမမြဲပါဘုရား'

'ဒါလေးရှင်းဖို့ အရေးကြီးတယ်'

'မှန်လှပါဘုရား'

မိမိတို့ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ တရားတွေကို အခုလို ဥပမာပေးမှ ပေါ်လွင်မှာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဟောဒီ မီးတောက်ကြီးလည်းပဲ အကြောင်းမမြဲလို့ အကျိုးချုပ်မှ တော့ ဒီမီးတောက်ကိုအကြောင်းပြုပြီးဖြစ်တဲ့ အလင်းရောင်ကျမှ ဆက်လင်း ချင်လို့ ရပ့ါမလား?'

'မရပါဘုရား'

'အလင်းရောင်လည်း ချုပ်မချုပ်'

'ချုပ်ပါတယ်ဘုရား'

'ဘာမမြဲလို့'

'အကြောင်းမမြဲလို့ပါဘုရား '

'အကြောင်းမမြဲလို့ အကျိုးမမြဲတာ၊ အကြောင်းရှိရင် အကျိုးမပေါ်ဘူး လား?'

'ပေါ်ပါတယ်ဘုရား'

'အကြောင်းချုပ်ရင် အကျိုးက နေလို့ရပ့ါမလား?'

'မရပါဘုရား'

'ဩော်. . . မမြဲတဲ့တရား ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အနိစ္စမပေါ်ဘူးလား၊ ပေါ်သွားလား ?'

'ပေါ်သွားပါတယ်ဘုရား'

'ဒါဖြင့် ပျက်သွား ပျက်သွားတဲ့အတွက် ဘာတစ်ခုမှ အသုံးမကျ၊ အသုံးမကျတဲ့အတွက် သုခလား၊ ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ဒုက္ခသစ္စာမှာ အသုံးမကျတဲ့သဘောတွေကို မှန်လွန်းလို့ ဒါကို ဒုက္ခ သစ္စာလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီတရားလေးတွေမှာ ကြည့်လိုက်တဲ့အခါကျတော့ မမြဲပါဘူးဆိုတဲ့ အကြောင်းတရားမှာလည်းပဲ ဆီရယ် မီးစာရယ်က ပြနေတယ်၊ ဒီထဲမှာတော့ ငါပါလား?'

'မပါပါဘုရား'

'ဖြစ်ပေါ်လာတဲ့ မီးတောက်ကကော ငါဟုတ်သလား?'

'မဟုတ်ပါဘုရား'

'ဖြစ်ပေါ်လာတဲ့ အလင်းရောင်ကျတော့လည်း ငါပိုင် ငါဆိုင်လုပ်လို့ ရသလား?'

'မရပါဘုရား'

'ဒါကိုကြည့်ခြင်းအားဖြင့် အနတ္တလည်း ပေါ်လွင်ပါတယ်'

'မှန်လှပါဘုရား'

'ရှင်းရဲ့လား?'

'ရှင်းပါတယ်ဘုရား'

'အဲဒီလို ဥပမာလေး ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ ဩော်. . . အကြောင်းမမြဲလို့ အကျိုးမမြဲပါလားဆိုတဲ့ တစ်ချက်ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'အခုလည်း မိမိတို့ရဲ့သန္တာန်မှာ မျက်စိအကြည်နဲ့ အဆင်းလေး ဆုံလိုက်တာနဲ့ မြင်စိတ်ပေါ်တာပဲ'

'မှန်လှပါဘုရား'

'ဟောဒီ အဆင်းဆိုတဲ့တရားကလည်း တရိပ်ရိပ်နဲ့မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

'မျက်စိအကြည်ကလည်း ချို့ယွင်းဖောက်ပြန်ပြီးတော့ မပျက်စီးဘူး လား?'

'ပျက်စီးပါတယ်ဘုရား'

http://www.dhammadownload.com



'အကြောင်းတရားမြဲလား?'

'မမြဲပါဘုရား'

'ဒီအကြောင်းနှစ်ခုကိုမှီပြီး ဖြစ်လာတဲ့ မမြဲတရားပေါ်မှာ မှီဖြစ်လာတဲ့ ဟောဒီအကျိုးတရား မြင်စိတ်ကျမှ မြဲချင်လို့ မရဘူးနော်'

' မှန်လှပါဘုရား'

'ဒါကြောင့် စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်သည် မြဲရဲ့လား?'

'မမြဲပါဘုရား'

'တစ်ချက်ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'မမြဲ ပျက်စီးတဲ့ ဟောဒီ မြင်သိစိတ်သည်ပင် သုခလား၊ ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ဒီအတိုင်းကို ဉာဏ်ရောက်သွားတယ်နော်'

'မှန်လှပါဘုရား'

'ဘိက္ခုနီမလေးတွေ ဉာဏ်ရောက်တယ် ဉာဏ်ရောက်တယ်ဆိုတာ ဘာကြောင့်လဲမေးတော့ ခန္ဓာဉာဏ်စိုက်ပြီးတော့ အသိကပ်နေလို့'

'မှန်လှပါဘုရား'

'ဒီသဘောလေးတွေကို မပေါ်လွင်မှာစိုးလို့ ရှင်နန္ဒက ကနေပြီး ဥပမာလေးပေးပြီး ဟောလိုက်တဲ့အခါကျတော့ ပိုမပေါ်ဘူးလား ပေါ်သွားလား?'

'ပေါ်သွားပါတယ်ဘုရား'

'မြင်စိတ်ဘာကြောင့်ချုပ်သလဲမေးတော့ အကြောင်းမမြဲလို့ '

'မှန်လှပါဘုရား'

'ကြားစိတ် ဘာကြောင့်ချုပ်သလဲမေးရင်'

'အကြောင်း မမြဲလို့ပါဘုရား'

http://www.dhammadownload.com



'ပျက်စီးတတ်တဲ့ မမြဲတဲ့အကြောင်းကိုမှီပြီးဖြစ်တဲ့ အကျိုးတရားကျမှ မြဲချင်လို့မရ၊ အဲဒီ မမြဲတဲ့တရားသည်ပင် ပျက်ပျက် ပျက်ပျက်နေတဲ့အတွက် ဘာတစ်ခုအသုံးကျ'

'အသုံးမကျပါဘုရား'

'အသုံးမကျတဲ့ ဆင်းရဲခြင်းတရားသည် တခြားသစ္စာလား၊ ဒုက္ခသစ္စာလား?'

'ဒုက္ခသစ္စာပါဘုရား '

'ဒါကြောင့် သုခလား၊ ဒုက္ခလား?'

'ဒုက္ခပါဘုရား'

'ဟော စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်လေး ဒုက္ခမြင်သွားပြီနော်'

'မှန်လှပါဘုရား'

'ဟောဒီ မြင်သိစိတ်လေးသည် မြင်တာက မြင်စိတ်က မြင်တာ'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ် သတ္တဝါ မြင်တာပါလား'

'မပါပါဘုရား'

'ငါကောင် သူကောင် မြင်တာပါလား'

'မပါပါဘုရား'

'မြင်တာဘယ်သူပါလိမ့်'

'မြင်စိတ်ပါဘုရား'

'ဒီလိုသိတဲ့အတွက် ငါကောဟုတ်သလား?'

'မဟုတ်ပါဘုရား'

'ငါ့ကိုယ်လို့ကော ဆိုလို့ရသလား?'

'မရပါဘုရား'

http://www.dhammadownload.com



'ငါ့ဥစ္စာလို့ကော ပြောလို့ရသလား?'

'မရပါဘုရား'

'ဒါကိုကြည့်ခြင်းအားဖြင့် အစိုးမရတဲ့ အနတ္တ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'မှန်ကောမှန်ရဲ့လား?'

'မှန်လှပါဘုရား'

'ရှင်နန္ဒကတို့ ဟောပေးတဲ့နေရာမှာ အဲဒီလိုမျိုး ဥပမာပေးပြီးတော့ ပေါ်လွင်အောင် ဉာဏ်ရောက်တဲ့အသိလေးနဲ့ကိန်းအောင် ပြောပေးတဲ့အတွက် ကြောင့်မို့လို့ ခန္ဓာကော ဉာဏ်မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒီလို ဥပမာလေးပေးလို့ တစ်ချို့တစ်ဝက်က နားလည်ပေမယ့် တစ်ချို့က နားမလည်နိုင်သေးဘူး'

'မှန်လှပါဘုရား'

'အဲဒီလို နားမလည်နိုင်သေးတဲ့ပုဂ္ဂိုလ်အတွက်ကို ဥပမာလေး တစ်မျိုး ထပ်ပြီးပေးလိုက်တာက သစ်ပင် ဥပမာပေးပြန်တယ်'

'မှန်လှပါဘုရား'

'ဘာဥပမာ?'

'သစ်ပင်ဥပမာပါဘုရား'

'သစ်ပင်ဥပမာပေးလိုက်တာက သစ်ပင်တစ်ပင်မှာ အမြစ်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အမြစ်ရှိတယ်၊ အဲဒီအမြစ်ရှိတဲ့ ဒီအပင်မှာ ပင်စည်ကောမပါဘူးလား?'

'ပါပါတယ်ဘုရား'

'အကိုင်း အခက်အရွက်ကော မပါဘူးလား?'

'ပါပါတယ်ဘုရား'

http://www.dhammadownload.com



'အကိုင်း·အခက် အရွက်လည်းပါတယ်၊ ဟောဒီ ပင်စည်ကြီး ကြီးထွား ရတာသည် အမြစ်ကိုမှီတယ်'

'မှန်လှပါဘုရား'

'ဘယ်သူ့ကိုမှီ'

'အမြစ်ကို မှီပါတယ်ဘုရား'

'အမြစ်ကအကြောင်း ပင်စည်က'

'အကျိုးပါဘုရား'

'ဟောဒီပင်စည်ကြီးကိုမှီပြီး အကိုင်း အခက် အရွက် အလက်သည် ဘယ်သူ့မှီဖြစ်'

'ပင်စည်မှီဖြစ်ပါတယ်ဘုရား'

'ပင်စည်သည် ဘယ်သူ့ကိုမှီပြီး ကြီးထွား?'

'အမြစ်ကိုမှီပြီး ကြီးထွားပါတယ်ဘုရား '

'အကြောင်းအကျိုး၊ ဒါသည် တခြားလား ပဋိစ္စသမုပ္ပါဒ်လား ?'

'ပဋိစ္စသမုပ္ပါဒ်ပါဘုရား'

'အဲဒီလိုလေးနဲ့ ဟောဒီပင်စည်ကြီးကလည်းရှိ၊ သူ့ကိုမှီပြီး အကိုင်း အခက်ကလည်းဖြစ်၊ ဒါကြောင့်မို့လို့ ဟောဒီ ပင်စည် အကိုင်းအခက်ကို မှီပြီး တော့မှ ဘာပေါ်ရမလဲမေးရင် အရိပ်ဘာပေါ်ရမလဲ'

'အရိပ်ပါဘုရား'

'ဒါဖြင့် အရိပ်သည် အလိုလိုပေါ်လား?'

'မပေါ်ပါဘုရား'

'အရိပ်ကို ပေါ်စေသတည်းဆိုလို့ ပေါ်တာလား?'

'မဟုတ်ပါဘုရား'

'အရိပ်ပေါ်ရခြင်းရဲ့အကြောင်းကိုကြည့်ရင် ဘယ်သူနဲ့ဘယ်သူ၊ ပင်စည် နဲ့ အကိုင်း, အခက်, အရွက်, အလက်၊ ဒါဖြင့် အကိုင်း အခက် ပင်စည်ကို

http://www.dhammadownload.com



အကြောင်းပြုပြီး အရိပ်ထွက်တယ်၊ အရိပ်ကအကျိုး၊ ဟောဒီပင်စည် အကိုင်း အခက်ကအကြောင်း၊ ဒါဖြင့် အကိုင်း အခက်ကလည်းပဲ အလိုလိုပေါ်တာလား၊ ပင်စည်ကြောင့်လား?'

'ပင်စည်ကြောင့်ပါဘုရား'

'ပင်စည်ကြီး ကြီးရကာသည် ဘယ်သူ့ကြောင့်'

'အမြစ်ကြောင့်ပါဘုရား'

'အမြစ်သည်အကြောင်း ပင်စည်သည်အကျိုး၊ ဒီနေရာမှာ အကိုင်း အခက်, အရွက်, အလက် ကြည့်လိုက်တဲ့အခါမှာ ပင်စည်ကအကြောင်း၊ အကိုင်း, အခက်, အရွက်, အလက်က အကျိုး၊ အရိပ်နဲ့ကြည့်လိုက်တဲ့အခါ ကျတော့မှ အကိုင်း, အခက် ,အရွက်, အလက်, ပင်စည်သည်အကြောင်း၊ အရိပ်က အကျိုး၊ တစ်ဦးတစ်ယောက်ရဲ့ ပယောဂ ဘာတစ်ခုမှမပါဘူး၊ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါလည်း ဝင်နှောက်ယှက်လို့မရဘူး၊ အကြောင်းမမြဲလို့'

'အကျိုးမမြဲပါဘုရား'

'ဒီသဘောလေး ပိုင်ပါစေနော်'

'မှန်လှပါဘုရား'

'အကြောင်းမမြဲလို့'

'အကျိုးမမြဲပါဘုရား'

'အမြစ်ကမှမမြဲရင် ပင်စည်လည်းပဲ အမြဲပါဘူး၊ ပင်စည်ကမှ မမြဲဘူး ဆိုရင် သူ့မှီဖြစ်တဲ့ အကိုင်း, အခက်, အရွက်, အလက်ကျမှ ဆက်လက် ရှင်သန်ချင်လို့ ရပါ့မလား?'

'မရပါဘုရား'

'ဘာမမြဲလို့ မမြဲတာ'

'အကြောင်းမမြဲလို့ အကျိုးမမြဲတာပါဘုရား'

http://www.dhammadownload.com



'အကြောင်းမမြဲလို့ အကျိုးမမြဲတာ'

'မှန်လှပါဘုရား'

'ဟောဒီ. . . ပင်စည်, အကိုင်း, အခက်, အရွက်, အလက်မှ မမြဲပါဘူး ဆိုမှတော့ သူ့မှီဖြစ်တဲ့ အရိပ်ကျမှ မြဲချင်လို့ရမလား?'

'မရပါဘုရား'

'ပျက်စီးတတ်တဲ့သဘောတွေ မထင်ရှားဘူးလား၊ ထင်ရှားလား?'

'ထင်ရှားပါတယ်ဘုရား'

'အမြစ်ကလည်း မမြဲလို့ အနိစ္စ၊ ပင်စည်ကလည်း မမြဲတော့ အနိစ္စ၊ အကိုင်း, အခက်, အရွက်, အလက်ကလည်း မမြဲတော့'

'အနိစ္စပါဘုရား'

'ဟောဒီ. . . အရိပ်ကလည်း မမြဲတော့'

'အနိစ္စပါဘုရား '

'အားလုံးကြည့်လိုက်စမ်းပါ ဘာပဲရှိ'

'အနိစ္စပဲရှိပါတယ်ဘုရား'

'မမြဲတဲ့ တရားပဲရှိတယ်'

'မှန်လှပါဘုရား'

'အနိစ္စတရားပဲရှိတယ်၊ အဲဒီမမြဲတဲ့ အနိစ္စ တရားသည်ပင် ပျက်နေ ပျက်နေတဲ့အတွက်ကြောင့်မို့လို့ ဒုက္ခ၊ သာယာစရာ များပါသလား?'

'မပါပါဘုရား'

'ပျက်နေမှတော့ သာယာစရာတစ်ခုမှမရှိ သာယာစရာရှိတယ်ဆိုတာ က သုခအမြင်အာရုံပြုနိုင်မှ၊ သာယာဖွယ်ကင်းနေမှ တော့ သုခဟုတ်သေး လား?'

'မဟုတ်ပါဘုရား'

http://www.dhammadownload.com



'ပျက်စီးတတ်လို့ ဒုက္ခသစ္စာ'

'မှန်လှပါဘုရား'

'အဲဒီတရားတွေမှာတင် ပြန်ကြည့်လိုက်တော့ ငါဆိုတာ ဘယ်နေရာမှ ရှာမတွေ့ဘူး'

'မှန်လှပါဘုရား'

'ရှာမတွေ့တဲ့အတွက် ငါ့ဥစ္စာ လုပ်လို့ရလား?'

'မရပါဘုရား'

'ငါ့ကိုယ်လို့ကော ပြောလို့ရလား?'

'မရပါဘုရား'

'ငါလို့ကော သတ်မှတ်ချက်လုပ်လို့ရလား?'

'မရပါဘုရား'

'အဲဒါကိုက ငါမပိုင် ငါမဆိုင် ငါမပါတဲ့အတွက်ကြောင့်မို့လို့ အတ္တ ကင်းသွားတယ်'

'မှန်လှပါဘုရား'

'အတ္တကင်းရင် ဘယ်သူပေါ်မယ်'

'အနတ္တပေါ်ပါတယ်ဘုရား'

'အနိစ္စလို့လည်း ဒီတရားက ပြောသွားပြီ'

'မှန်လှပါဘုရား'

'ဒုက္ခလို့လည်း ပေါ်လွင်အောင်ပြသွားပြီ၊ အနတ္တလို့လည်း ရှင်းမနေ ဘူးလား?'

'ရှင်းပါတယ်ဘုရား'

'အဲဒီတရားလေးတွေကို ဩော် . . . အကြောင်းမဖြလို့ အကျိုးမဖြ ပါလား ဆိုတာလေးကို ဒီလိုသစ်ပင်လေးနဲ့ ဥပမာပေးသလိုပဲ မိမိတို့ရဲ့သန္တာန်

http://www.dhammadownload.com



မှာ မြင်ရခဲ့ပါတယ်ဆိုတဲ့ ကြားစိတ်လေးကိုကြည့်လိုက်ရင် ဪ. . . အသံနဲ့ နားလေး မတိုက်ဘူးလား?'

'တိုက်ပါတယ်ဘုရား'

'ဘာစိတ်လေးပေါ်'

'ကြားစိတ်လေး ပေါ်ပါတယ်ဘုရား'

'ကြားစိတ်လေးပေါ်တယ်၊ ဘယ်သူက ကြားတာလဲ'

'ကြားစိတ်က ကြားတာပါဘုရား'

'ကြားစိတ်ကြားတယ်ဆိုကတည်းကိုက ငါပါလား?'

'မပါပါဘုရား '

'ငါ့ကိုယ် ငါ့ဟာမဟုတ်ဘူးဆိုတာ ရှင်းနေတယ်နော်'

'မှန်လှပါဘုရား'

'ဟောဒီ. . . ကြားစိတ်လေးသည် ဘယ်သူ့မှီဖြစ်၊ နား အကြည်နဲ့အသံ ပြောလိုက်ပါ'

'နားအကြည်နဲ့အသံပါဘုရား'

'နားအကြည်ကလည်း ပျက်စီးတတ်တဲ့သဘော၊ ဟောဒီအသံက လည်းပဲ တဖွဲဖွဲ ပျက်စီးနေတဲ့သဘော ပီပြင်အောင် မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ပြနေ ပြနေတဲ့ ဟောဒီနားအကြည် ပြနေ ပြနေတဲ့အသံ မမြဲပုံလေး ထင်ရှားတာမို့လို့ အကြောင်းတရားသည် မြဲကိုမမြဲဘူး၊ အကြောင်းတရား မမြဲတဲ့အတွက် မမြဲတဲ့အကြောင်းကို မှီဖြစ်တဲ့ ဟောဒီကြားစိတ် အကျိုးတရား ကျမှ ခိုင်ခံ့တည်မြဲချင်လို့မရဘူး'

'မှန်လှပါဘုရား'

'အကြောင်းမမြဲလို့'

'အကျိုးမမြဲပါဘုရား'

http://www.dhammadownload.com



'ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ ဝိညာဏ်ဆိုတဲ့ သူတော်စင်များကို မြင်စိတ်တွေ၊ ကြားစိတ်တွေ၊ နံစိတ်တွေ၊ စားစိတ်တွေ မေးတော့မှာ'

'မှန်လှပါဘုရား'

'ဒီလိုမေးတဲ့အခါကျရင် ဩော်. . . မမြဘူး မမြဘူး ဖြေနေတာသည် နား အကြည်လေးမှာ ကြားစိတ်ကိုမေးတဲ့အခါမှာ မမြဘူးလို့ ဖြေတာသည် ဘာ ကြောင့်လဲမေးရင် အကြောင်းမမြလို့'

'မှန်လှပါဘုရား'

'ဒါလေးကိုသာ ဉာဏ်ရောက်မယ်ဆိုရင် မမြမှုအပေါ်ကို ဉာဏ် မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ကြားစိတ်က မြဲသလားမေးရင် မမြဲပါဘုရားလို့ အလိုက်သင့်လေး အသံကောင်းနဲ့ ဟစ်နေလို့တော့မရ၊ ဘာကြောင့်မမြဲတာလဲဆိုတာကို အခု ပီပြင်အောင် ပြောသွားတာက သစ်ပင်ဥပမာကလည်း ပေါ်လွင်တယ်'

'မှန်လှပါဘုရား'

'ဆီမီးဥပမာကလည်း ငြင်းစရာအကြောင်းမရှိဘူး၊ ဘာမမြဲလို့'

'အကြောင်းမမြဲလို့ပါဘုရား'

'နားအကြည်ကောမြဲလား?'

'မမြဲပါဘုရား'

'အသံကကော မြဲလား?'

'မမြဲပါဘုရား'

'တဖွဲဖွဲနဲ့ အသံလေးတွေပေါ် ပျောက်နေတာက မရှင်းဘူးလား?'

'ရှင်းပါတယ်ဘုရား'

http://www.dhammadownload.com



'သူမှမမြဲဘဲနဲ့တော့ ကြားစိတ်မှမြဲချင်လို့ရမလား?'

'မရပါဘုရား'

'အကြောင်းမမြဲလို့'

'အကျိုးမမြဲပါဘုရား'

'ဒါဖြင့် ဓာတ် (၁၈) ပါးကို သူတော်စင်များကို အမေးအဖြေလုပ်တဲ့နေရာမှာ အခံဓာတ် (၆) ပါးကိုလည်း မေးခဲ့ပြီးပြီ၊ ဉာဏ်ရောက်အောင် ကိုယ်က နှလုံးသွင်းပြီး ဖြေတယ်၊ အတိုက်ဓာတ် (၆) ပါးကိုလည်း မေးခဲ့ပြီးပြီ၊ ဉာဏ်ရောက်အောင်လို့ သူ့နေရာနဲ့သူ နှလုံးသွင်းပြီး ဖြေခဲ့တယ်၊ အဲဒီလိုဖြေခဲ့တဲ့ အပိုင်းလေးတွေမှာ ဉာဏ်ရောက်အောင် ပြောတဲ့နေရာမှာလည်းပဲ ရှင်းလွယ် မြင်လွယ်လို့ သိလွယ်တဲ့အတွက် ဖြေတဲ့နေရာမှာလည်းပဲ အမှားအယွင်းမရှိခဲ့ဘူးပေါ့၊ အခု စက္ခုဝိညာဏ်၊ သောတဝိညာဏ် အစရှိတဲ့ ဝိညာဏဓာတ် (၆) ပါး၊ အပွင့်ဓာတ် (၆) ပါးကို မေးတဲ့အခါကျတော့ ဒီတရားလေးတွေအပေါ်မှာ မမြဲပါလားဆိုတာကို အခု ပေါ်လွင်အောင်ပြောလိုက်တော့ ဘာမမြဲလို့ မမြဲတာ'

'အကြောင်းမမြဲလို့ အကျိုးမမြဲတာပါဘုရား'

'မြင်စိတ်ဆိုတဲ့ တရားလေးဟာ မျက်လုံးမှာပေါ်တယ်၊ မြင်ကာမျှ မြင်သိစိတ်ကျတော့ သိတဲ့စိတ်လေးသည် ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ကဲ. . . ဒါလေးကို အာရုံညွတ်ပြီးတော့မှ မိမိတို့ရဲ့သဏ္ဌာန်မှာ စိတ်ကိုလည်းပဲ အာရုံတစ်ပါး စိတ်မသွားဘဲနဲ့ညွတ်ပြီးတော့မှ ဒီစိတ်လေးတွေရဲ့ သဘောထားအမှန်လေးကိုပဲ ကောင်းစွာ ဉာဏ်ရောက်အောင်လို့ ဟဒယဝတ္ထု ရင်ချိုင့်လေးမှာ နှလုံးသွင်းပြီးတော့မှ အလေးအနက်နဲ့ နာကြားရင်း အသိတရားလေး ကိန်းပြီးတော့မှ တည်ငြိမ်စွာနဲ့ ဉာဏ်ရောက်တဲ့အဖြေလေးကို ပေးနိုင်မယ်ဆိုရင် ယနေ့ တန်ဖိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါကြောင့် အလေးအနက် လေးလေးစားစားနဲ့ အမေးအဖြေလေး လုပ်လိုက်ကြရအောင်'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ စက္ခုဝိညာဏ် ခေါ်တဲ့ မြင်သိစိတ်သည် မြဲသလား မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ မြင်သိစိတ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ မြင်သိစိတ်ကို ဤဟာ ငါ့မြင်သိစိတ် ဤမြင်သိစိတ် သည်ငါ၊ ဤမြင်သိစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား ?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သောတ ဝိညာဏ်ခေါ်တဲ့ ကြားသိစိတ်သည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ကြားသိစိတ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲဆင်းရဲတဲ့ကြားသိစိတ်ကို ဤဟာငါ့ကြားသိစိတ်၊ ဤကြားသိ စိတ်သည်ငါ၊ ဤကြားသိစိတ်သည်ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဃာန ဝိညာဏ်ခေါ်တဲ့ နံသိစိတ်သည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ နံသိစိတ်သည် ဆင်းရဲသလား ချမ်းသာသလား ?'

'ဆင်းရဲပါတယ်ဘုရား '

http://www.dhammadownload.com



'ထိုမမြဲ ဆင်းရဲတဲ့ နံသိစိတ်ကို ဤဟာ ငါ့နံသိစိတ်၊ ဤနံသိစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဇိဝှါ ဝိညာဏ်ခေါ်တဲ့ စားသိစိတ်သည် မြဲသလား၊ မမြဲဘူးလား ?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့စားသိစိတ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ စားသိစိတ်ကို ဤဟာငါ့စားသိစိတ်၊ ဤစားသိစိတ်သည်ငါ၊ ဤစားသိစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ကာယ ဝိညာဏ်ခေါ်တဲ့ ထိသိစိတ်သည်မြဲသလား၊ မမြဲဘူးလား ?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ ထိသိစိတ်သည် ဆင်းရဲသလား ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

'ထိုမမြဲ ဆင်းရဲတဲ့ ထိသိစိတ်ကို ဤဟာငါ့ထိသိစိတ်၊ ဤထိသိစိတ်သည်ငါ၊ ဤထိသိစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အို. . . တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ မနော ဝိညာဏ်ခေါ်တဲ့ ကြံသိစိတ်သည် မြဲသလား၊ မမြဲဘူးလား?'

'မမြဲပါဘုရား'

'ထိုမမြဲတဲ့ ကြံသိစိတ်သည် ဆင်းရဲသလား၊ ချမ်းသာသလား?'

'ဆင်းရဲပါတယ်ဘုရား'

http://www.dhammadownload.com



'ထိုမမြဲ ဆင်းရဲတဲ့ ကြံသိစိတ်ကို ဤဟာငါ့ကြံသိစိတ်၊ ဤကြံသိ စိတ်သည်ငါ၊ ဤကြံသိစိတ်သည် ငါ့ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လား?'

'မသင့်ပါဘုရား'

'အဲဒီလို ရှင်နန္ဒက က ဘိက္ခုနီမ (၅၀၀) ကို ခန္ဓာညဏ်ရောက်ပြီး တော့မှ အခံဓာတ် (၆) ပါး၊ အတိုက်ဓာတ် (၆) ပါး၊ အပွင့်ဓာတ် (၆) ပါး ပေါ်ရာ အရှုခံတရားတွေရဲ့ ရုပ်နာမ်ဓမ္မတွေအပေါ်မှာ မမြဲတဲ့အနိစ္စ၊ ဆင်းရဲ တဲ့ဒုက္ခ၊ အစိုးမရတဲ့အနတ္တ တစ်ခုချင်းကို ခန္ဓာညဏ်ရောက်အောင် ဥပမာ ဥပမေယျတွေနဲ့ ပုံဆောင်ပြီး ဟောပေးသွားလို့ အမေးအဖြေလေး ပြီးဆုံးသွားတဲ့ အချိန်အခါမှာ ဘိက္ခုနီမတွေ သောတာပန်တွေဖြစ်ကြ၊ သကဒါဂါမ်တွေဖြစ်ကြ၊ အနာဂါမ်တွေ ဖြစ်ကြဆိုတော့ ကျေးဇူးမများဘူးလား?'

'များပါတယ်ဘုရား'

'သူတို့ရဲ့ အာသာဆန္ဒတွေဟာ အလုံးစုံပြီးမြောက်အောင်တော့ မပြည့်စုံသေးပါဘူး'

'မှန်လှပါဘုရား'

'ရှင်နန္ဒက ကလည်း ခန္ဓာညဏ်ရောက်ဟောတယ်၊ တရားပွဲလေး ပြီးလို့ သူလည်း ပြန်ကြွသွားပြီ၊ ညရောက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးထံကို မိထွေးတော်ဂေါတမီ ဦးဆောင်ပြီးတော့မှ ဘိက္ခုနီမ (၅၀၀) တို့ ဘုရားထံကို အဖူးမြော်ဝင်ကြ၊ အဖူးမြော်ဝင်ပြီးတော့ သွားရောက်ပြီး ရိုသေစွာ ရှိခိုးတဲ့ အချိန်အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက. . . ချစ်သမီးတို့ ယနေ့ညသည် ဘယ်နှစ်ရက်နေ့မြောက်လဲလို့ မေးတယ်၊ အဲဒီလိုမေးတဲ့အခါ ကျတော့ မှန်လှပါဘုရား ယနေ့ညဟာ လဆန်း (၁၄) ရက်နေ့ညပါဘုရား၊ လဆန်း ဘယ်နှစ်ရက်နေ့?'

'(၁၄)ရက်နေ့ပါဘုရား'

'လဆန်း (၁၄) ရက်နေ့ညပါဘုရားဆိုတော့ လမင်းကြီးသည် ပြည့်ပြည့် ဝဝရှိပြီလား?'

'မရှိသေးပါဘုရား'

http://www.dhammadownload.com



'လပြည့်နေ့လို ပြည့်ပြည့်ဝဝ မဖြစ်သေးဘူးပေါ့'

'မှန်လှပါဘုရား'

'အခုလည်းပဲ ငါတို့တွေသည် ရှင်နန္ဒကရဲ့တရားတွေကို နာရရင် သောတာပန်တည်အောင်နာမယ်၊ သကဒါဂါမ်တည်အောင်နာမယ်၊ အနာဂါမ် တည်အောင်နာမယ်၊ ရဟန္တာဖြစ်အောင် နာမယ်လို့ အဲဒီလို အာသာဆန္ဒတွေ ပြင်းထန်ခဲ့ပေမယ့် သူတို့ရဲ့ အာသာဆန္ဒတွေဟာ အလုံးစုံမပြည့်သေးဘူး'

'မှန်လှပါဘုရား'

'လဆန်း (၁၄) ရက်နဲ့တူတဲ့လသည် မပြည့်သလို သူတို့ရဲ့ အာသာဆန္ဒ လည်း မပြည့်သေးဘူး၊ အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ် ကြီးက သိတော်မူ မြင်တော်မူလို့ ဘိက္ခုနီမတွေ ရှိခိုးဦးချပြီးလို့ ပြန်သွားတဲ့အခါမှာ ရှင်အာနန္ဒာ ကို. . . ချစ်သားအာနန္ဒာ ရှင်နန္ဒကကို သွားခေါ်စမ်း၊ ရှင်နန္ဒက ကြွလာပြီး ချစ်သားနန္ဒက သင့်နှမ ဘိက္ခုနီမတွေကို သင်ကိုယ်တိုင် နက်ဖြန်မှာ သွားပြီး တော့ တရားဟောအုံး၊ ဒုတိယအကြိမ် ပြန်ဟောမခိုင်းဘူးလား?'

'ခိုင်းပါတယ်ဘုရား'

'သူတို့ရဲ့အာသာဆန္ဒ မပြည့်သေးလို့ လပြည့်ဝန်းကြီးလို ပြည့်ပြည့်ဝဝ လပြည့်နေ့လိုမျိုးမရှိသေးလို့ အာသာဆန္ဒတွေ မပြည့်သေးတဲ့အတွက်ကြောင့် မို့လို့ ထပ်ဖြည့်ပြီးဟောဖို့ ရှင်နန္ဒကကို စေလွှတ်တာ '

'မှန်လှပါဘုရား'

'ဘိက္ခုနီမတွေကလည်း နာချင်တာက ဘယ်သူ့တရား'

'ရှင်နန္ဒကတရားပါဘုရား'

'သူတို့ မျှော်လင့်စောင့်စားနေတဲ့ ရှင်နန္ဒက လာတဲ့အချိန်အခါမှာ ပုဂ္ဂိုလ်ပေါ်မှာလည်း သူတို့မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ပုဂ္ဂိုလ်ပေါ် ခင်လို့ ပုဂ္ဂိုလ်ကိုမြင်တွေ့ရတဲ့အခါမှာ ဝမ်းမြောက်ကြည်နူး အာရုံတွေပြုပြီးတော့မှ ကုသိုလ်စိတ်လေးတွေကလည်းတိုးပွား၊ ဒီကြားထဲမှာ

http://www.dhammadownload.com



ရှင်နန္ဒကက ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်တော့ ဝမ်းမြောက်လို့မဆုံးအောင်ကို ထပ်လောင်းပြီးတော့ ကုသိုလ်စိတ်တွေဖြစ်လာပြန်၊ တစ်ခါ ဟောကြားတဲ့ တရား ပေါ်မှာလည်း အနည်းငယ်လေးမှ နှလုံးသွင်းမလွဲဘဲ ခန္ဓာဉာဏ်ရောက်ပြီး နှလုံးသွင်းမှန်စွာ နာလိုက်တဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးများသွားတာက အရိယာဖြစ်တဲ့စခန်း မဝင်သွားဘူးလား?'

'ဝင်သွားပါတယ်ဘုရား '

'တရားနာ တရားအားထုတ်လိုက်တာဟာ တရားပွဲမှာနော်'

'မှန်လှပါဘုရား'

'နားကတရားနာ'

'ဉာဏ်ကခန္ဓာလှည့်ပါဘုရား'

'သဘောကောပေါက်ရဲ့လား?'

'သဘောပေါက်ပါတယ်ဘုရား'

'တရားတော့ လာနာလိုက်တာ၊ ဉာဏ်က ခန္ဓာကိုမရောက်ဘူးဆိုရင် ဒီပုဂ္ဂိုလ်သည် ဟောတဲ့တရားကိုလည်း စုံစိအောင်နားမလည် ဉာဏ်ထွင်းတဲ့ ခန္ဓာအရှိကိုလည်း မသိဆိုရင် နှစ်မျိုးလုံးရှုံးသွားတယ်'

'မှန်လှပါဘုရား'

'နားက တရားနာတာက ဘာတွေ ဟောလဲ၊ ဘယ်လိုဥပမာတွေက ဘယ်လိုပုံဖော်သလဲ၊ ဟော. . . ခန္ဓာကိုဉာဏ်လှည့်တဲ့အခါမှာ ဒါနဲ့ တစ်ထပ် တည်းကျအောင် လှည့်ရမှာ'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် လုပ်ငန်းခွင်မှာလည်းပဲ ကိစ္စပြီးတယ်၊ နာကြားမှုမှာ လည်း ပြီးမြောက်တော့ တရားနာရင်း သောတာပန်ဖြစ်တာ သကဒါဂါမ် ဖြစ်တာ အနာဂါမ်ဖြစ်တာ ရဟန္တာဖြစ်တာ ဒါကြောင့်ပါလားဆိုတာ သိသွား ပြီပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီကျတော့ နောက်နေ့မှာလည်းပဲ ရှင်နန္ဒက က သူဟောရမယ် ဆိုတော့ ဆွမ်းခံကို ခပ်စောစောကြွ၊ သင်္ကန်းလေးတွေသပ္ပါယ်ပြီးတဲ့အခါကျမှ ဘိက္ခုနီမ ကျောင်းတိုက်ကိုသွား၊ သွားပြီးတဲ့အခါမှာ ခင်းကျင်းထားတဲ့နေရာ လေးမှာ နေရာယူပြီးတဲ့အခါကျတော့ တခြားတပါး တရားကို မဟောပါဘူး၊ ဒီဓာတ် (၈) ပါးအပေါ်မှာပဲ အခြေခံထားပြီးတော့မှ ပထမဟောတဲ့တရားကိုပဲ ပြန်ဟောတာ'

'မှန်လှပါဘုရား'

'မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ် ဒီ (၆) မျိုး ကိုယ်ရဲ့သန္တာန်အတွင်းမှာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီတရားတွေ ပြဟောတာနော်'

'မှန်လှပါဘုရား'

'ဒီတရား (၆) ပါးနဲ့ ဆုံနိုင်တဲ့အပြင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဒီအာရုံ (၆) ပါးကိုလည်း မလွတ်ပါဘူး'

'မှန်လှပါဘုရား'

'သူတို့နှစ်ခုအကြောင်းဆုံပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏဓာတ် (၆) ပါး လည်း မပေါ်ဘူးလား ?'

'ပေါ်ပါတယ်ဘုရား'

'မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတော ကြံစည်စိတ်၊ ဒီစိတ် (၆) မျိုးကလည်းပဲ နေရာယူတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီတရားကိုလည်း ပုံဖော်ပြီးတော့ မေးတာပါပဲ၊ အဲဒီမေးတဲ့ နေရာမှာ ပထမတုန်းက အမေးအဖြေက ဒီတရားတွေရဲ့အပေါ်မှာ နှလုံးသွင်းပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး (၃)ပါးကို တင်ပြီးတော့ပြခဲ့တယ်၊ အဲဒီပြခဲ့ပြီးတော့မှ အခုအခါ ဒီခန္ဓာအကြောင်းကိုပဲ ဉာဏ်သွင်းပြီးတော့မှ မျက်စိနဲ့ အဆင်းလေး ဆုံလိုက်တဲ့အခါမှာ အပွင့်ဓာတ်အနေနဲ့ပေါ်ပုံ၊ ဘာစိတ်လေး ပေါ်ပါလိမ့် '

'မြင်စိတ် ပေါ်ပါတယ်ဘုရား'

'ဒါဆိုရင် ဒွါရ (၆) ပါး၊ အာရုံ (၆) ပါး၊ အပွင့်ဓာတ် (၆) ပါး၊ ဒီ (၆) မျိုးမှာ တစ်မျိုးကို ဉာဏ်ရောက်အောင်ပြမယ်ဆိုရင် ကျန်တာတွေကိုတော့ ထိုးတွင်းသိဖို့မလွယ်ဘူးလား?'

'လွယ်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် နားအကြည်နဲ့ အသံတိုက်ရင် ဘာစိတ်ပေါ်မယ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'ကဲ. . . ကိုယ့်မှာ နားအကြည်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပြောပြောသမျှ ပေါ်လာတဲ့ အသံလေးတွေနဲ့ကော မတိုက်ဘူးလား?'

'တိုက်ပါတယ်ဘုရား'

'ဘာစိတ်ပေါ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'ကြားစိတ်ပေါ်တာ၊ အပြင်မှာလည်းပဲ နားအကြည်နဲ့အသံနဲ့တိုက်ရင် ဘာစိတ်ပေါ်မယ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'ကြားစိတ်ပေါ်မှာပဲ၊ မိမိတို့မိသားစုတွေနေတဲ့အခါမှာလည်း ကြားစိတ်ပေါ်မှာပဲ၊ အဲဒီပေါ်တဲ့ကြားစိတ်လေးကို အကြောင်းပြုပြီးတော့မှ ဩော်. .

http://www.dhammadownload.com



တရားလေးနာလိုက်ရတာ ကောင်းလိုက်တာ၊ ဒီပေါ်မှာ အာရုံလေးပြုပြီးတော့မှ နှစ်သက်မှုကော မဖြစ်နိုင်ဘူးလား?'

'ဖြစ်နိုင်ပါတယ်ဘုရား '

'ဒါတရားနာတဲ့အပေါ်မှာလည်း ဖြစ်တတ်တယ်နော်'

'မှန်လှပါဘုရား'

'အသံအပေါ်မှာလည်း ဖြစ်တတ်တယ်၊ ဒါတွေအားလုံးကို ပြန်ပြီးတော့မှ အသိတရားလေးတွေကိန်းအောင်လို့ ဟောဒီ တွယ်တာတတ်တဲ့တဏှာသည် ကြောက်စရာကောင်းလောက်အောင် သံသရာကိုရှည်စေတဲ့ တရားဆိုရင် လွဲစရာများရှိသေးလား?'

'မရှိပါဘုရား'

'တရားနာရင်းနဲ့ ဖြတ်ရမှာနော်'

'မှန်လှပါဘုရား'

'အဲဒါလေးပေါ်မှာ အာရုံပြုပြီး သာယာသဘောကျသွားရင် ဘယ်သူလာမယ်'

'တဏှာလာပါတယ်ဘုရား'

'ဒါက တရားနာရင်းလည်း ဖြစ်တတ်တာကိုး'

'မှန်လှပါဘုရား '

'ပြင်ပမှာ တရားမနာ၊ တရားအားမထုတ်ဘူးဆိုရင် သားနဲ့သမီးနဲ့ခေါ်ပြောနေကြတဲ့ အသံတွေဟာ လျှံနေအောင် ကြားရတယ်'

'မှန်လှပါဘုရား'

'နားအကြည်နဲ့ခေါ်တဲ့အသံတွေ တိုက်တိုင်း တိုက်တိုင်း ကြားတယ်၊ ကြားတိုင်း ကြားတိုင်းမှာ အလိုကျရင် လောဘ၊ အလိုမကျရင် ဒေါသ အလိုမကျရင်'

'ဒေါသပါဘုရား'

http://www.dhammadownload.com



'အလိုကျရင်'

'လောဘပါဘုရား'

'ဒါလာနေတာပဲ'

'မှန်လှပါဘုရား'

'အဲဒီလိုလာနေတဲ့အတွက်ကြောင့်မို့ ဟောဒီ အလိုမကျတဲ့ ဒေါသ ဖြစ်ရတာလည်းပဲ မိမိမှာက ကိုယ့်ခန္ဓာသော်လည်းကောင်း၊ ကိုယ့်ဥစ္စာပစ္စည်း သော်လည်းကောင်း၊ ကိုယ့်သားသမီးပေါ်မှာလည်းကောင်း၊ တွယ်တာတဲ့ တဏှာက အရင်းခံတာပဲ'

'မှန်လှပါဘုရား'

'မိမိတို့မှာ ချစ်ခြင်း၊ မုန်းခြင်းဆိုတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား '

'ဟောဒီ မုန်းရတာသည်လည်းပဲ ချစ်ခင်မှုကို စခဲ့တာပါ မှန်ရဲ့လား?'

'မှန်ပါတယ်ဘုရား '

'အဲဒီ ချစ်တယ်ဆိုတာကလည်း ပြန်ကြည့်လိုက်တဲ့အခါကျတော့ အဲဒီအာရုံတွေပေါ်မှာ တွယ်တာနေတဲ့ ခင်မင်မှုတွေကနေပြီး ဩော်. . အစပျိုး လိုက်ပြီးတော့ ဒီတဏှာကို ခွာမချနိုင်တဲ့အတွက်ကြောင့်မို့လို့ ကိုယ့်သန္တာန် နေရာယူထားပါလား?'

'မှန်လှပါဘုရား'

'ကြားလိုက်ရင်လည်း လာမှာပဲ'

'မှန်လှပါဘုရား'

'မြင်လိုက်ရင်လည်း'

'လာမှာပါဘုရား'

'အဲဒီလို လာတိုင်း လာတိုင်းမှာ ဒီတဏှာကို မိမိက မပယ်နိုင်ရင် တဏှာက ကြီးထွားလာရင် ဥပါဒါန် မကူးဘူးလား?'

'ကူးပါတယ်ဘုရား'

http://www.dhammadownload.com



'ဥပါဒါန်ကို မထိန်းသိမ်း မစောင့်ရှောက်နိုင်ရန် ဒီပုဂ္ဂိုလ်သည် ကံကော မပြောက်ဘူးလား?'

'ပြောက်ပါတယ်ဘုရား'

'ကံလည်းပြောက်မှာပဲ'

'အဲဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာဖြစ်ပေါ်နေတဲ့တရားတွေကို သေချာ အာရုံပြုပြီး မကြည့်နိုင်ဘူးဆိုရင် ကြားလိုက်တဲ့ခဏမှာကို မဖြစ်ဘူးလား ဖြစ်လား?'

'ဖြစ်ပါတယ်ဘုရား'

'စားလိုက်တဲ့ခဏမှာလည်း အရသာနဲ့လျှာ တိုက်လိုက်စမ်းပါ၊ စားစိတ် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ကောင်းလိုက်တာဆိုရင် သွားပြီနော်၊ ကောင်းလိုက်တာဆိုတာနဲ့ ကြိုက် တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် လာအုံးမှာပဲ'

'မှန်လှပါဘုရား'

'အဲဒီလိုကျတော့ မိမိတို့က အဲဒီတရားတွေရဲ့ ချုပ်နှောင်မှုအောက်ကို ရောက်သွားပြီ'

'မှန်လှပါဘုရား'

'ဒီသဘောလေးတွေကို ပယ်နိုင်ဖို့အရေးကို ရှင်နန္ဒက က ဟောဒီခန္ဓာ မှာ မြင်သမျှ၊ ကြားသမျှအာရုံတွေပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပြောထား ပေမယ့် ဒါတွေအပေါ်မှာ အာရုံပြုပြီးတော့ပဲ ပြတ်အောင် မဖြတ်နိုင်တဲ့ပုဂ္ဂိုလ်၊ မြင်အောင်ကို ဆုံးခန်းတိုင်အောင် မကြည့်တဲ့ပုဂ္ဂိုလ် တဏှာလာအုံးမှာပဲ'

'မှန်လှပါဘုရား'

'တဏှာလာရင် ဥပါဒါန်ကံကြောင့် သံသရာထဲမှာ ဇာတိရလို့ မဆုံးတဲ့ အတွက် ဒုက္ခတွေခံရအုံးမယ်ပေ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီဒုက္ခတွေကို သိမ်းဖို့အတွက်ကို ဘယ်သူဖြတ်ရမှာ'

'တဏှာဖြတ်ရမှာပါဘုရား'

'တဏှာကိုဖြတ်ရမှာ၊ တဏှာကိုဖြတ်နိုင်ဖို့ အတွက်ကတော့ ဘယ်လိုဖြတ်ရမယ်ဆိုတာလေးကို ဒီအတိုင်းပြောနေပြန်တော့လည်း မမြင်တဲ့အတွက်ကြောင့် မြင်လွယ်၊ ထင်လွယ်အောင်ဆို ဘာနဲ့ဥပမာပေးရလဲမေးရင် ချစ်နှမတို့တဲ့ သေချာအာရုံပြုကြ၊ ဟောဒီခန္ဓာမှာ မြင်တိုင်း မြင်တိုင်း ဖြစ်ပေါ်နေတဲ့တဏှာတွယ်ကပ်တတ်တယ်'

'မှန်လှပါဘုရား'

'အဲဒီတွယ်ကပ်နေတဲ့တဏှာကို သူတော်စင်များက ဩော်. . . တဆက်တည်းလို့ ထင်နေကြသည်၊ ဒီတဏှာကို ခွာမရဘူးထင်နေကြတာ'

'မှန်လှပါဘုရား'

'အဲဒီတဏှာသည် ဘာနဲ့အလားသဏ္ဍာန်တူလဲဆိုရင် ဥပမာလေးပေးမယ်၊ အင်မတန် နွားသတ်ကျွမ်းကျင်တဲ့ နွားသတ်သမားကြီးသော်လည်းကောင်း၊ နွားသတ်သမားရဲ့သားသော်လည်းကောင်း၊ သူတို့တွေသည် နွားကိုသတ်တယ်၊ နွားကိုသတ်ပြီးတဲ့အခါကျတော့ အဲဒီနွားက သားရည်လေးကိုလိုချင်တဲ့အခါ ပုံမပျက်အောင်လို့ပေါ့ အဲဒီသားရည်လေးကို ဓားဦးလေးနဲ့ရှေးဦးစွာ စတင်ကော်လိုက်တယ်၊ ကော်ပြီးတဲ့အခါကျတော့ သားရည်ကိုလည်းမပျက်ချင်ဘူး၊ အသားကိုလည်းပဲမပျက်ချင်ဘူး၊ ဒါကြောင့်မို့လို့ သားရည်ကိုလည်း မပျက်အောင်၊ အသားကိုလည်း မပျက်အောင် ဒီသားရည်နဲ့ အသားကပ်နေလောက်အောင်ကို ဘယ်သူကမျှား မြွေးယှက်ထားလဲမေးရင် ကြောသေး ကြောမ၊ ပြောလိုက်ပါ'

'ကြောသေး ကြောမပါဘုရား'

'နွားအရည်နဲ့အသားကို ကပ်နေအောင်လို့ဘယ်သူက ဆက်သွယ်'

'ကြောသေး ကြောမက ဆက်သွယ်ထားပါတယ်ဘုရား'

http://www.dhammadownload.com



'အခုလည်းပဲ ဘဝတစ်ခုမှာ ခန္ဓာတွေရလို့မဆုံးအောင်လို့ မြင်လိုက်တဲ့ ခဏမှာ ဘယ်သူကလာကပ်'

'တဏှာလာကပ်ပါတယ်ဘုရား'

'တဏှာက လာကပ်ထားတာ၊ တဏှာက ကပ်လိုက်ပြီဆိုတာနဲ့ အဲဒီတဏှာသည် မခွာနိုင်ရင် ဥပါဒါန် ကံသွားပြီ'

'မှန်လှပါဘုရား'

'သွားလိုက်တာနဲ့ ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

'ဒုက္ခတွေသိမ်းမှာလား ရအုံးမှာလား?'

'ရအုံးမှာပါဘုရား'

'ဟော. . . ကပ်တတ်တဲ့တဏှာ မခွာနိုင်ရင် ဒုက္ခများတော့မှာ'

'မှန်လှပါဘုရား'

'အခုလည်းပဲ ဒီအရည်ကိုလိုချင်ပါတယ်၊ မိမိက အရည်လိုချင်တယ်၊ အသားကိုလည်း မပျက်ချင်ဘူး၊ ဒါကြောင့်မို့လို့ ဒီအရည်လေးကို ဓားဦးလေးနဲ့ ရှေးဦးစွာခွာပြီးတော့ ကပ်နေပါတယ်ဆိုတဲ့အကြောလေးတွေကို ဓားထိပ်က ထက်လှစွာသော ဓားဦးလေးနဲ့ဖြတ်တောက် ဖြတ်တောက်ပြီးတော့မှ သွားလိုက်တာ အကြောလေးတွေ ပြတ်မသွားဘူးလား?'

'ပြတ်သွားပါတယ်ဘုရား'

'အကြောလေးတွေ ပြတ်တဲ့နေရာတိုင်း နေရာတိုင်းမှာ အရည်လေး ကွာမသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

'အသားကော ထိခိုက်လား?'

'မထိခိုက်ပါဘုရား'

http://www.dhammadownload.com



'အသားကိုလည်း မပျက်ချင်ဘူး၊ သားရည်ကိုလည်း မပျက်ချင်တော့ သူတို့နှစ်ခု တွဲကပ်နေတဲ့ အရာလေးရဲ့အကြောလေးကိုဖြတ်လိုက် ဖြတ်လိုက်တာ အကြောလေး ပြတ်သွားတိုင်း ပြတ်သွားတိုင်း သားရည်လေး ကွာသွားတာပဲ'

'မှန်လှပါဘုရား'

'အဲဒီလိုနဲ့ ဖြတ်တောက်လိုက်တာ တစ်ကိုယ်လုံးမှာရှိနေတဲ့ တွယ်ကပ်နေတဲ့အကြောတွေလည်း ပြတ်သွားရော သားရည်ကတခြား၊ အသားကတခြား ဖြစ်မသွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'န္ဓားဟူသော အမှတ်သညာရှိသေးလား?'

'မရှိပါဘုရား'

'မရှိတော့ဘူး၊ အဲဒီ န္ဓားဟူသော အမှတ်သညာက ဒီအသားနဲ့ သားရည်ကို မှေးယှက်နေတဲ့ ကြောသေး၊ ကြောမလေးက ဆက်သွယ်နေလို့'

'မှန်လှပါဘုရား'

'အဲဒီဆက်သွယ်မှုလေးကို ဖြတ်တောက်လိုက်တော့ သားရည်ကတခြား၊ အသားကတခြားဆိုတော့ န္ဓားဟူသော အမှတ်သညာ မရှိတော့ဘူး'

'မှန်လှပါဘုရား'

'အခုလည်းပဲ တဏှာဆိုတဲ့ ဟောဒီ ကြောသေး ကြောမနဲ့တူတဲ့ အရာက ကပ်ကပ် ကပ်ကပ်ထားတယ်ဆိုတာ မိမိရဲ့သန္တာန်မှာ အသံလေးတစ်ခု ပေါ်ပြီ၊ နားအကြည်က လက်မခံဘူးလား?'

'လက်ခံပါတယ်ဘုရား'

'မကြားကြဘူးလား'

'ကြားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ ကြားလိုက်တဲ့အခါမှာ ဒါ သားလေးရဲ့အသံ မြေးလေးရဲ့အသံ မြစ်လေးရဲ့အသံ ငါရဲ့ခင်မင်လှတဲ့ပုဂ္ဂိုလ်ရဲ့အသံ ဒီလိုထင်လိုက်တာကိုး'

'မှန်လှပါဘုရား'

'အဲဒီလို ထင်လိုက်တဲ့အတွက်ကြောင့်မို့လို့ အဲဒီပုဂ္ဂိုလ်သည် အသံပေါ်မှာ ဉာဏ်ရောက်သလား?'

'မရောက်တော့ပါဘုရား'

'အဲဒီအသံကို ငါသွားလုပ်တယ်၊ သူသွားလုပ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါ သွားလုပ်တယ်၊ ယောကျ်ား မိန်းမသွားလုပ်လိုက်တယ်၊ အဲဒီ သွားလုပ်မိတဲ့ အတွက်ကြောင့်မို့လို့ ဒီဘက်မှာ လာပြီးတော့ တဏှာအကြောတွေက မြေးယှက်တော့ ခွာမရတော့ဘူး'

'မှန်လှပါဘုရား'

'အဲဒီတဏှာကိုဖြတ်လိုက်နိုင်တဲ့ အချိန်သည် အရည်ကတခြား'

'အသားကတခြားပါဘုရား'

'နွားဟူသော အမှတ်သညာရှိသေးလား?'

'မရှိပါဘုရား'

'အခုလည်းပဲ ကြောသေးကြောမနဲ့တူတဲ့တဏှာ၊ ဒီတဏှာ ပြတ်ရတော့မှာ'

'မှန်လှပါဘုရား'

'အဲဒီတဏှာကို ဖြတ်ဖို့အတွက် နွားရဲ့ သားရည်နဲ့အသား တွယ်ကပ်နေတဲ့ အကြောသေး ကြောမကို ဘာနဲ့ဖြတ်'

'ဓားနဲ့ဖြတ်ရမှာပါဘုရား'

'သံဓားနဲ့ဖြတ်တာနော်'

'မှန်လှပါဘုရား'

'ဘာဓားနဲ့ဖြတ်'

'သံဓားနဲ့ဖြတ်ရမှာပါဘုရား'

http://www.dhammadownload.com



'အခုမိမိတို့ ဟောဒီခန္ဓာကိုယ်မှာ မြေးယှက်နေတဲ့ ကြောသေး ကြောမနဲ့ တူတဲ့ တဏှာ၊ အဲဒီတဏှာကိုကျတော့ ညဏ်စားနဲ့ ဖြတ်မယ်ဟေ့'

'မှန်လှပါဘုရား'

'ဘာနဲ့ဖြတ်ရမှာ'

'ညဏ်စားနဲ့ဖြတ်ရမှာပါဘုရား'

'ညဏ်စားနဲ့ဖြတ်မယ်ဆိုရင် သင်ထားတဲ့ ကိုယ်ရဲ့ခန္ဓာ အရှိလေးကို ကြည့် ဟောဒီပေါ်လာတဲ့အသံ အသံလေးတွေသည် တစ်ဦးတစ်ယောက်ရဲ့ အသံလား?'

'မဟုတ်ပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါရဲ့အသံလား?'

'မဟုတ်ပါဘုရား'

'ယောက်ျား မိန်းမရဲ့အသံလား?'

'မဟုတ်ပါဘုရား'

'အသံတော့မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အခု ဘုန်းကြီးကဟောနေတယ်လို့ ပညတ်နယ်ပယ်ကတော့ မပြော ဘူးလား?'

'ပြောပါတယ်ဘုရား'

'ဒီအသံဟာ ဘုန်းကြီးအသံလို့ မပြောဘူးလား?'

'ပြာပါတယ်ဘုရား'

'ပညတ်နယ်ပယ်က ပြောနေတာနော်'

'မှန်လှပါဘုရား'

'ဘုန်းကြီးအသံဆိုတော့ ကိုယ်ကြည်ညိုရင်ခင်တော့မယ် မှန်ရဲ့လား?'

'မှန်ပါဘုရား'

http://www.dhammadownload.com



'ဒီကြောသေးကြောမနဲ့တူတဲ့ ဟောဒီတဏှာဆိုတဲ့ မြွေးယှက်ထားတဲ့အရာကို ဉာဏ်ဓားနဲ့ဖြတ်ရမယ် '

'မှန်လှပါဘုရား'

'အဲဒီတော့ ဖြတ်ရမယ်ဆိုတော့ အခုပေါ်နေတဲ့ အသံလေးတွေသည် ဩော်. . . စိတ်အကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားအသံပါလား?'

'မှန်လှပါဘုရား'

'အခုပေါ်တဲ့အသံသည် ဘုန်းကြီးအသံလား စိတ်ကြောင့်ဖြစ်တဲ့အသံလား?'

'စိတ်ကြောင့်ဖြစ်တဲ့အသံပါဘုရား'

'စိတ်ကအကြောင်း'

'အသံက အကျိုးပါဘုရား'

'စိတ်ကအကြောင်း'

'အသံကအကျိုးပါဘုရား'

'ဒါဖြင့် အကြောင်းနဲ့အကျိုးမှာ ဘယ်ဟာ တရားရှုမယ်'

'အကျိုးမှာရှုရမှာပါဘုရား'

'အကျိုးကိုတရားရှုမယ်ဆိုတော့ အခုအသံလေး မထင်ရှားဘူးလား?'

'ထင်ရှားပါတယ်ဘုရား'

'အဲဒီအသံထဲမှာ ဘုန်းကြီးပါလား?'

'မပါပါဘုရား'

'ဘုန်းကြီး မပါတဲ့အတွက် အသံသည် ရုပ်တရားပါလားလို့ သေချာသိသွားပြီ'

'မှန်လှပါဘုရား'

'ဘုန်းကြီးပါရင် ပုဂ္ဂိုလ်ပေါ်တင်လို့ ခင်တော့မှာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု ဘုန်းကြီး ရှာတွေ့လား?'

'မတွေ့ပါဘုရား'

'အသံသည် ဘာတရား'

'ရုပ်တရားပါဘုရား'

'ဟော. . . ရုပ်တရားလို့ သိလိုက်တဲ့အတွက်ကြောင့်မို့လို့ အရှိန့်အသိ ကိုက်သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီအသံလေးကို လက်ခံတဲ့မိမိရဲ့သန္တာန် နားအကြည်မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ကြားတဲ့နေရာမှာ ငါ့နားကကြားတာလား၊ ကြားစိတ်လား?'

'ကြားစိတ်ပါဘုရား'

'ကြားတာက ကြားစိတ်၊ အဲဒါ နားကို ငါ့နားလုပ်ပြနတယ်'

'မှန်လှပါဘုရား'

'နားအကြည်လေးမှာကြည့်လိုက် ရုပ်တရားနေရာယူတယ်၊ ငါပါလား?'

'မပါပါဘုရား'

'ကြားသိစိတ်မှာလည်း ငါပါလား?'

'မပါပါဘုရား'

'မပါတဲ့ငါလေးကို ငါသွားသွင်းတဲ့အတွက် ကိုယ်ကျိုးနည်းကုန်တာ'

'မှန်လှပါဘုရား'

'အခုတော့ နားအကြည်ဓာတ်လေးကလည်း ဘာတရား'

'ရုပ်တရားပါဘုရား'

'ပေါ်လာတဲ့အသံကလည်း'

'ရုပ်တရားပါဘုရား'

http://www.dhammadownload.com



'ငါလည်းမပါဘူး၊ သူလည်းမပါဘူး၊ ပုဂ္ဂိုလ်သတ္တဝါလည်းမပါဘူး၊ သားလည်းမပါဘူး၊ သမီးလည်း မပါဘူး၊ မိန်းမလည်းမပါဘူး၊ ယောကျာ်းလည်း မပါတော့ အဲဒီအာရုံတွေ နောက်မှာ တွယ်ကပ်နေတဲ့ ကြောသေးကြောမနဲ့တူတဲ့ တဏှာ ဉာဏ်ကဝင်ဖြတ်လိုက်တယ်'

'မှန်လှပါဘုရား'

'ဖြတ်လိုက်တဲ့အတွက် တဏှာဆိုတဲ့အကြောလေး ပြတ်မနေဘူးလား?'

'ပြတ်နေပါတယ်ဘုရား'

'အဲဒီ ပြတ်နေတာကဟော့ ဟောဒီ အရှိလေးကို သိသွားတဲ့ အတွက် ကြောင့်မို့လို့ ပုဂ္ဂိုလ်,သတ္တဝါ ရှိသလား?'

'မရှိပါဘုရား'

'ဘာတရားလေးအကြောင်း ပြသလဲမေးတော့ ရုပ်တရား၊ ကြားတာက နာမ်တရား၊ ရုပ်နဲ့နာမ်လေး ပေါ်မပေါ်'

'ပေါ်ပါတယ်ဘုရား'

'ပေါ်လာတဲ့အသံရုပ်ကလည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ဟောဒီအသံလေးတွေကို အာရုံပြုတုန်းကတော့ အသံက ထင်ရှားလို့ အကျိုး အနေနဲ့ရှုတဲ့အခါမှာ အသံကဖြစ်ပျက်'

'ရှုတဲ့ဉာဏ်က မဂ်ပါဘုရား'

'အသံက ဖြစ်ပျက်'

'ရှုတဲ့ဉာဏ်ကမဂ်'

'ဘာတွေပြတ်သွား'

'တဏှာပြတ်သွားပါတယ်ဘုရား'

'တဏှာ ကြောသေးကြောမ ပြတ်နေတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'လက်ဆက်လို့ရသေးလား?'

'မရပါဘုရား'

'ဒီကြောသေး ကြောမမှ ပြတ်ပြီဆိုရင် တဏှာကို ပြတ်အောင် ဖြတ်နိုင်ရင် ဥပါဒါန် ပြတ်မပြတ်'

'ပြတ်ပါတယ်ဘုရား'

'ကံကော ပြတ်မပြတ်'

'ပြတ်ပါတယ်ဘုရား'

'အဖိုးတန်သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီလိုပြတ်အောင် ဖြတ်နိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ရဲ့ သွားရာလမ်းသည် နိဗ္ဗာန်ပဲရှိတော့တယ်'

'မှန်လှပါဘုရား'

'ဒုက္ခတွေက မလွတ်ဘူးလား၊ လွတ်လား?'

'လွတ်ပါတယ်ဘုရား'

'တဏှာကုန်အောင် ဖြတ်ပေးနေတာနော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ ကြောသေးကြောမနဲ့တူတဲ့ ဟောဒီတဏှာကို ဉာဏ်ဓားနဲ့ ဖြတ်သလို နွားရဲ့သားရည်နဲ့အသားကို မှေးယှက်ထားတဲ့ အကြောကျတော့ ဘာဓားနဲ့ဖြတ်ခဲ့'

'သံဓားနဲ့ဖြတ်ပါတယ်ဘုရား'

'ဥပမာနဲ့ ဥပမေယျနော်'

'မှန်လှပါဘုရား'

'သံဓားနေရာမှာ ဉာဏ်ဓားလေးသွင်းလိုက်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အရည်နဲ့အသားကြားမှာ ဟောဒီမှာဟော့ နားအကြည်နဲ့ အသံကြားစိတ်၊ ဒါလေးတွေကို သူ့နေရာနဲ့သူပိုင်းခြားပြီး ပြလိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ်ပေါ်မြင်ရင် တဏှာလာတော့မယ်'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ် ဆိတ်သုဉ်းနေတဲ့အမြင်က ရုပ်နဲ့နာမ်ပဲရှိတယ်'

'မှန်လှပါဘုရား'

'ရုပ်ထင်ရှားရင် ရုပ်ကိုရှုလိုက်၊ အသံရုပ်ကထင်ရှားရင် အသံရုပ်ကိုရှု၊ ကြားစိတ်က ထင်ရှားရင် ကြားစိတ်ကိုရှု၊ ဘယ်ရုပ် ဘယ်နာမ်ပဲပေါ်ပေါ် ဖြစ်ပြီးတည်မှာလား ပျက်မှာလား?'

'ပျက်မှာပါဘုရား'

'အသံရုပ်ကလည်း ဖြစ်ပျက်ဘာသစ္စာ'

'ဒုက္ခသစ္စာပါ ဘုရား'

'ကြားသိစိတ်လည်း ဖြစ်ပျက်ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'အသံရုပ်၊ ကြားသိစိတ်လို့ သိလိုက်တဲ့အချိန်အခါမှာ ဒိဋ္ဌိပြုတ် မပြုတ်'

'ပြုတ်ပါတယ်ဘုရား '

'အသံရုပ် ဖြစ်ပျက် ကြားသိစိတ် ဖြစ်ပျက်ကို ကောင်းစွာသိလိုက်တဲ့ အတွက်ကြောင့်မို့လို့ မမြဲပါလားသိလိုက်တော့ သဿတဒိဋ္ဌိ ပြုတ်မပြုတ် '

'ပြုတ်ပါတယ်ဘုရား '

'ဖြစ်ပေါ်လာတဲ့ ကြားသိစိတ်သည် အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား?'

'အကြောင်းကြောင့်ဖြစ်တာပါဘုရား'

'အကြောင်းအကျိုး ဆက်သွယ်ပုံလေးကို ဉာဏ်ရောက်သွားတော့ လည်းပဲ မိမိရဲ့သန္တာန်မှာ ဥစ္ဆေဒဒိဋ္ဌိကော ကွာမသွားဘူးလား?'

'ကွာသွားပါတယ်ဘုရား'

http://www.dhammadownload.com



'အကြောင်းအကျိုးပဲရှိတာကို သိတဲ့အတွက် သံသယဝိစိကိစ္ဆာကော သေမသေ'

'သေပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဉာဏ်ကိန်းသွားပြီ'

'မှန်လှပါဘုရား'

'ဟော. . . ဉာဏ်စားလေး ထက်မထက်'

'ထက်ပါတယ်ဘုရား'

'တစ်ချက်ရှုတိုင်း တစ်ချက်ရှုတိုင်း ကြောသေး ကြောမတွေ ထောက်ကနဲ ထောက်ကနဲ ပြတ်နေသည်'

'မှန်လှပါဘုရား'

'ကဲ-မပြတ်ဘူးလား၊ ပြတ်လား'

'ပြတ်ပါတယ်ဘုရား'

'အဲဒီ ပြတ်တဲ့အတွက်ကြောင့်မို့လို့ တဏှာဝင်နိုင်သေးလား?'

'မဝင်နိုင်တော့ပါဘုရား'

'ကဲ-တဏှာမဝင်နိုင်ရင် ဘယ်သစ္စာသေ'

'သမုဒယသစ္စာသေပါတယ်ဘုရား'

'သမုဒယသစ္စာသေတာ အလိုလိုသေတာလား၊ ဉာဏ်ပေါ်လို့လား'

'ဉာဏ်ပေါ်လို့ပါဘုရား'

'ဉာဏ်ပေါ်တာကလည်း ပုဂ္ဂိုလ်သတ္တဝါမြင်လို့လား၊ ခန္ဓာမြင်လို့လား?'

'ခန္ဓာမြင်လို့ပါဘုရား'

'ကဲ-မြင်တဲ့ခန္ဓာ ဖြစ်ပြီးပျက်တာ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဟောဒီ မြင်လိုက်တဲ့ဉာဏ်က'

'မဂ္ဂသစ္စာပါဘုရား'

http://www.dhammadownload.com



'ကဲ-တဏှာလေး ပြတ်မသွားဘူးလား'

'ပြတ်သွားပါတယ်ဘုရား'

'ကြောသေး ကြောမနဲ့တူတဲ့ တဏှာပြတ်သွားတာက'

'သမုဒယသစ္စာသေတာပါဘုရား'

'အဲဒီတော့ ခန္ဓာဇာတ်မသိမ်းဘူးလား?'

'သိမ်းပါတယ်ဘုရား'

'ဇာတ်သိမ်းတာက တခြားလား နိဗ္ဗာန်လား?'

'နိဗ္ဗာန်ပါဘုရား'

'သစ္စာနဲ့ပြောရင်'

'နိရောဓသစ္စာပါဘုရား'

'ဒီတရားလည်း ဟောလိုက်ရော အဲဒီ ဘိက္ခုနီမလေးတွေ သူတို့ရဲ့ အာသာဆန္ဒတွေ ပြည့်သွားလိုက်ကြတာ ရဟန္တာဖြစ်ချင်တဲ့ပုဂ္ဂိုလ်တွေ ရဟန္တာတွေ တည်ကုန်ကြပြီ၊ ကျေးဇူးများမသွားဘူးလား?'

'များသွားပါတယ်ဘုရား'

'ကဲ-တရားပွဲပြီးဆုံးလို့ ပြန်ကြွသွားပြီ၊ ဘိက္ခုနီမတွေ ညနေရောက်တဲ့ အခါကျတော့ မိထွေးတော်ဂေါတမီ ဦးဆောင်ပြီးတော့ ဘုရားရှင်ထံကို သွားရောက်ရှိခိုးတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက. . . ချစ်သမီးတို့ ယနေ့ညသည် ဘယ်နှစ်ရယ်နေ့ညလဲ၊ မှန်လှပါဘုရား လဆန်း (၁၅) ရက်နေ့ လပြည့်ညပါဘုရား၊ ဘာညတဲ့လဲ'

'လပြည့်ညပါဘုရား'

'လပြည့်ညဆိုတော့ လကြီး ပြည့်ပြည့်ဝဝ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'သူတို့ရဲ့အာသာဆန္ဒတွေလည်း ပြည့်မသွားဘူးလား?'

'ပြည့်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပုဂ္ဂိုလ်ကိုလည်း ခင်လိုက်တယ်၊ နှလုံးသွင်းလည်း'

'မှန်လိုက်ပါတယ်ဘုရား'

'ပုဂ္ဂိုလ်ခင်လို့ ပုဂ္ဂိုလ်ပေါ်မှာ နှစ်သက်တဲ့အတွက်ကြောင့်မို့လို့ သူသည် အဲဒီတရားလေးကို နာကြားလိုတဲ့ဆန္ဒကိန်းလာတော့ ဟော-တရားနာရင်း နာရင်းနဲ့ နှလုံးသွင်းလည်းမှန်ရော သောတာပန်ဖြစ်၊ သကဒါဂါမ်ဖြစ်၊ အနာဂါမ် ဖြစ်၊ ရဟန္တာဖြစ်ဆိုတော့ သံသရာက မလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

'သံသရာက လွတ်တာသည် ပုဂ္ဂိုလ်လည်းခင်တယ်၊ နှလုံးသွင်းလည်း မှန်သွားလို့ ပြောလိုက်ပါ'

'ပုဂ္ဂိုလ်လည်း ခင်တယ်၊ နှလုံးသွင်းလည်းမှန်သွားလို့ပါဘုရား'

'ဒါကြောင့် ပုဂ္ဂိုလ်လည်းခင်ပါ၊ နှလုံးသွင်းလည်း မှန်ကြပါလို့ တိုက်တွန်း ရင်းပဲ အချိန်စေ့တဲ့အတွက် သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ် လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# နိဂုံးပတ္ထနာ

- သာသနသာစ လောကဿ၊ ဝုဍ္ဎိဘာဝတု သဗ္ဗဒါ၊
  သာသနမ္ပိစ လောကဥ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

- သာသနံ ကပ္ပေ လောကေစ၊ စိရံ ဇော တေတု သဗ္ဗဒါ၊
  သဗ္ဗေ ဣဒံ လဘိတွာန၊ ပမောဒါဟောန္တု သဗ္ဗဒါ။

- ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကမ္ဘာလောက၊ တကွလူသား၊
  နတ်များဖြဟ္မာ၊ သတ္တဝါ၊ ချမ်းသာတိုးတက်ပါစေသတည်း။

- ဒေဝါသိကြား၊ ဗြဟ္မာများတို့၊ လူသားကမ္ဘာ၊ သာသနာကို၊
  ဗျာပါဘေးကင်း၊ ထွန်းပြောင်လင်း၊ ဆောင်နှင်းစောင့်ရှောက်ပါစေသတည်း။

- မြတ်သာသနာ၊ ဤကမ္ဘာနှင့်၊ ဒေဝါလူနတ်၊ အရပ်ရပ်၌၊ မပြတ်စည်ဖြာ၊
  ခွန့်ရှည်ကြာ၊ ပမာနေလ ထွန်းစေသတည်း။

- ဤသို့ပြုရ၊ မြတ်ပုညကို၊ အမျှဝေလို၊ များလူဗိုလ်နှင့်၊
  ထိုထိုသတ္တာ၊ မင်းယမပါ၊ ရကြပါစေ၊ အမျှဝေ၏၊
  သဗ္ဗေသတ္တာ၊ အမျှရ၍၊ သုခလန်းဖြာ၊ သာသနာ၊
  မကွာစောင့်ရှောက်နိုင်စေသတည်း။

http://www.dhammadownload.com

# "အရင်းအနှီးမပျောက်စေနဲ့"

ကုသိုလ်အရင်းအနှီးရှိလို့
လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျန်မှကျန်သေးရဲ့လား ?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ။
နိစ္စကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊

